မိုးစပါး နှင့် နွေစပါးအကြောင်း သိကောင်းစရာ

နှင့်

အခြားဆောင်းပါးများ

ဆင်းသိဟ

မိုးစပါး နှင့် နွေစပါးအကြောင်း သိကောင်းစရာ
နှင့်
အခြားဆောင်းပါးများ

ဆင်းသီဟ

မိုးစပါး၊ နွေစပါး အကြောင်းသိကောင်းစရာ
နှင့်
အခြားဆောင်းပါးများ

ဆင်းသီဟ

စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ်
[၄၀၀၄၉၄၀၄၁၁]
စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ်
[၄၀၀၅၅၈၀၅၁၁]

●

မျက်နှာဖုံး
ကျော်ကျော်

- - -

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၅၀၀)

- - -

ထုတ်ဝေခြင်း
ဇွန်၊ ၂၀၁၁

●

ဦးမျိုးညွန့် (၇၁၄)၊ စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောကပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံး နှင့် အတွင်းစာသားများ ပုံနှိပ်သည်။

၆၃၃·၁၈

ဆင်းသီဟ

မိုးစပါး နှင့် နွေစပါး အကြောင်းသိကောင်းစရာ နှင့် အခြားဆောင်းပါးများ

/ ဆင်းသီဟ။ - ရန်ကုန်။

စာပေလောက စာပေ၊ ၂၀၁၀။

၁၆၉ - စာ၊ ၁၃·၃၄ x ၂၀·၃၆ စင်တီ

(၁) မိုးစပါး နှင့် နွေစပါး အကြောင်းသိကောင်းစရာ နှင့် အခြားဆောင်းပါးများ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
(က)	**စပါးမျိုး**	
၁။	မိုးစပါးနှင့် နွေစပါးအကြောင်းသိကောင်းစရာ	၁
၂။	တစ်ဧကအထွက်နှုန်းမြင့်မားသည့် စပါးမျိုးများအစားထိုးစိုက်ပျိုးရေး	၄
၃။	ခေတ်သစ်စပါး ရာကျော်-၁ (အိုင်အာ-၈) မှ သည်	၆
၄။	မြစိမ်းရောင် စပါးတစ်ခေတ် ဆန်းသစ်စေခဲ့သည်	၈
၅။	မျိုးကောင်းမျိုးသန့်ကိုစိုက်ပျိုး စပါးအထွက်နှင့် ဝင်ငွေတိုး	၁၀
၆။	ဒေသရေမြေနှင့် ကိုက်ညီသည့် နွေစပါးမျိုးကောင်းကို ရွေးချယ်စိုက်ပျိုး	၁၃
၇။	မျှော်လင့်အားထား အထွက်ကောင်းတောင်ပေါ်စပါး	၁၇
၈။	ကိုယ်အားကိုယ်ကိုး၍ မျိုးသန့်ပွားများ ကိုယ့်မျိုးကိုယ်ထားနည်း	၂၀
(ခ)	**စိုက်ချိန်**	
၉။	သီးနှံစိုက်စွမ်းအား မြင့်မားရေး မိုးစပါးစိုက်ချိန်မှန်ကိုရွေး	၂၆
၁၀။	နွေစပါးအထွက်တိုးရေး စိုက်ချိန်မှန်ကိုရွေး	၃၀
(ဂ)	**စိုက်ပျိုးနည်းစနစ်**	
၁၁။	နွေစပါးအထွက်နှုန်းမြင့်မားရေး စိုက်ပျိုးနည်းစနစ်မှန်ကိုရွေး	၃၄
၁၂။	စပါးတိုက်ရိုက်မျိုးစေ့ချ အခြောက်စိုက်နည်း	၃၉
၁၃။	အစိုတမန်းပြင် နွေစပါးတိုက်ရိုက်မျိုးစေ့ချစိုက်နည်းစနစ်	၄၂
(ဃ)	**ပျိုးသက်**	
၁၄။	ဆင်းသွယ်လတ်စပါးမျိုးနှင့် ပျိုးသက်အကြီးဆုံးထားရှိ စိုက်ပျိုးနိုင်မှု	၄၆
(င)	**ကောက်ကွက်**	
၁၅။	မျှော်မှန်းသည့် ပန်းတိုင်စပါးအထွက် ကောက်ကွက်မှန်သည့် သော့ချက်	၄၈
(စ)	**မြေဩဇာ**	
၁၆။	စပါးစိုက်ပျိုးရာတွင် မြေဩဇာကို အကျိုးရှိစွာသုံးစွဲပါ	၅၂
(ဆ)	**စပါးပေါင်းမြက်**	
၁၇။	စပါးစိုက်ခင်းပေါင်းနှိမ်နင်းနည်း	၅၇
၁၈။	စပါးအတွက် ဘက်စုံပေါင်းမြက်ကာကွယ်နှိမ်နင်းနည်းစနစ်	၆၀
၁၉။	နွေစပါးအထွက်နှုန်းမကျဆင်းရေး ပေါင်းမြက်ကာကွယ်နှိမ်နင်းပေး	၆၂
၂၀။	နွေစပါးစိုက်ပျိုးရာတွင် ပေါင်းမြက်အဟန့်အတားနည်းလမ်းစုံဖြင့် ဖယ်ရှား	၆၅

(ဇ) ရိတ်သိမ်းချိန်

၂၁။ စပါးမျိုးအလိုက် အထွက်စွမ်းရည်အပြည့်အဝရရှိရေး ရိတ်သိမ်းချိန်မှန်၍ ခြွေလှေ့နည်းစနစ်မှန်စေလို ၇၀

(ဈ) စပါးအထွက်တိုးရေး

၂၂။ စပါးပန်းတိုင်အထွက်နှုန်းရရှိရေး ပြုပြင်ဆောင်ရွက်ရန် နည်းစနစ်များ ၇၄

၂၃။ စပါးပင်သဘာဝ ကြီးထွားမှုကာလကိုမူတည် တိုးမြှင့်အထွက်စွမ်းရည် ၈၀

၂၄။ နွေစပါးအထွက်တိုးရေး လိုက်နာဆောင်ရွက်ရန် နည်းစနစ်များ ၈၄

(ည) သီးနှံပုံစံ

၂၅။ စပါးအခြေခံ သီးထပ်သီးနှံပုံစံ ၈၇

၂၆။ မိုးနည်းဒေသအတွက် နှစ်သီးစားသီးထပ်သီးနှံပုံစံ ၉၀

၂၇။ မိုးဦးမိုးနှောင်းယာသီးနှံ မြေလပ်မထားအကျိုးများ ၉၄

၂၈။ ပြည်ပပို့ကုန်ပဲမျိုးစုံ သီးထပ်စိုက်ပျိုးမြေဆီလွှာဖွံ့ဖြိုး ၉၉

၂၉။ ပြည်တွင်းစားသုံးဆီဖူလုံရေး ၁၀၃

၃၀။ ဆီထွက်နေကြာ စိုက်ပျိုးပါ ၁၀၉

(ဋ) ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ

၃၁။ ခရမ်းချဉ်နှင့် ငြုပ်စိုက်ခင်း လိုအပ်သည့်အာဟာရ မြေသြဇာထည့်သွင်း ၁၁၃

၃၂။ ပြုစုစောင့်ရှောက်နည်းစနစ်မှန် သရက်သီးအရည်အသွေးကောင်းစေရန် ၁၁၆

(ဌ) ဗီဇပြုပြင်သီးနှံ

၃၃။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပထမဦးဆုံးဗီဇပြုပြင်စပါးမျိုး ၁၁၈

၃၄။ ဗီဇပြုပြင်သီးနှံများအပေါ် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ လေ့လာဆန်းစစ်မှု ၁၁၉

(ဍ) ရွှေရတုမှတ်စု

၃၅။ ကြုံတွေ့ခဲ့ရသမျှ စိုက်ပျိုးရေးဘဝ ၁၂၀

အမှာစာ

စာရေးသူ၏ ဝန်ထမ်းလုပ်သက် ၄၁ နှစ်အတွင်း ဖြတ်သန်းခဲ့သော လုပ်ငန်းအတွေ့အကြုံများ၊ ၂၇ နှစ်တာ ဆောင်ရွက်ခဲ့သည့် စိုက်ပျိုးရေးသုတေသနရလဒ်များကို အခြေခံ၍ ရေးသားခဲ့သော ဆောင်းပါးများကိုစုစည်း၍ စာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေလိုက်ပါသည်။

ဤစာအုပ်တွင်ပါရှိသော ဆောင်းပါးများမှာ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှစတင်၍ ဒို့ကျေးရွာဂျာနယ်တွင် ရေးသားဖော်ပြခဲ့သော ဆောင်းပါးများ၊ ယခင်က လယ်ယာစီးပွားသတင်းတွင် ရေးသားဖော်ပြခဲ့သော ဆောင်းပါးများနှင့် အခြားဆောင်းပါးများ စုစုပေါင်းဆောင်းပါး ၃၅ ပုဒ်ပါဝင်ပါသည်။

ဆောင်းပါးများသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံး အထွက်ကောင်းစပါးမျိုး ရာကျော်-၁ စိုက်ပျိုးရေးအတွေ့အကြုံမှသည် မျက်မှောက်ကာလတွင် စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စပါးမျိုး၊ စိုက်ချိန်၊ စိုက်ပျိုးနည်းစနစ်၊ ပျိုးသက်၊ ကောက်ကွက်၊ မြေသြဇာ၊ စပါးပေါင်းမြက်နှိမ်နင်းနည်း၊ ရိတ်သိမ်းချိန်စသည့် စိုက်ပျိုးရေးဆောင်းပါးများဖြစ်သည်။

စပါးကို မြန်မာနိုင်ငံတစ်ဝှမ်း ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး၌ စိုက်ပျိုးလျှက်ရှိရာ တစ်ဧကစပါးအထွက်နှုန်းမြင့်မားရေးအတွက် ရေ၊ မြေ ရာသီဥတုအခြေအနေနှင့် ကိုက်ညီသည့် စိုက်ပျိုးနည်းစနစ်ကို ကျင့်သုံးဆောင်ရွက်ရန်လိုအပ်သည်။ လယ်မြေတွင် စပါးတစ်သီးသာမက အခြားသီးနှံများကိုပါ နှစ်သီးသုံးသီးစိုက်ပျိုးလျှက်ရှိရာ သီးနှံစိုက်စွမ်းအားမြင့်မားရေးအတွက် စပါးအခြေခံသီးနှံပုံစံချမှတ်စိုက်ပျိုးမှု မှန်ကန်ရန်လိုအပ်သည်။

ဤစာအုပ်တွင် ဖော်ပြထားသော စာရေးသူ၏ ဆောင်းပါးများသည် စာဖတ်ပရိသတ်များအတွက် စပါးစိုက်ပျိုးနည်းစနစ်နှင့် စပါးအခြေခံသီးနှံပုံစံဆိုင်ရာ အခြေခံဗဟုသုတများ ရရှိစေမည်ဟု ယုံကြည်မိပါသည်။

ဆင်းသီဟ

မိုးစပါးနှင့်နွေစပါးအကြောင်းသိကောင်းစရာ

မြန်မာနိုင်ငံ၌ ယခင်ကမိုးစပါးကိုသာ စိုက်ပျိုးလေ့ရှိသော်လည်း ၁၉၉၂-၉၃ ခုနှစ်မှစ၍ နွေစပါးကို ကျယ်ကျယ်ပြန့်ပြန့် စိုက်လာသည်။ မိုးစပါးနှင့် နွေစပါးခြားနားမှုများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းမှုများရှိလာခြင်းကြောင့် "မိုးစပါးနှင့်နွေစပါးအကြောင်းသိကောင်းစရာ" ဆောင်းပါးကိုရေးသားရခြင်းဖြစ်ပါသည်။

နွေစပါးစိုက်ပျိုးရေးစတင်သည်မှ ယနေ့ထိ စာရေးသူ၏ သုတေသနပြုလုပ်ခဲ့သည့် အတွေ့အကြုံများ၊ ဖိလစ်ပိုင်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနမှရရှိသည့် သုတေသနရလဒ်များ သတင်းအချက်အလက်များကို အခြေခံ၍ စာဖတ်ပရိတ်သတ်များ ဖတ်ရှုလေ့လာနိုင်ကြစေရန် ရေးသားတင်ပြလိုက်ရပါသည်။

မိုးစပါးနှင့် နွေစပါး ဘယ်ဟာအထွက်ပိုသလဲ

မိုးစပါးနှင့် နွေစပါးကိုနှိုင်းယှဉ်လျှင် နွေစပါးကပိုထွက်သည်။ အထွက်ပိုရသည့် အဓိက အကြောင်းရင်းမှာ မိုးရာသီထက် နွေရာသီတွင် မိုးတိမ်ကင်းစင်သည်။ စပါးပင်အတွက် နေရောင်ခြည်စွမ်းအင်ပိုမိုရရှိသည်။ အပင်များသည် နေရောင်ခြည်စွမ်းအင်ဖြင့် အပင်အတွက် အစာချက်လုပ်ကာ ကြီးထွားဖွံ့ဖြိုးပွင့်သီးရသည်။ နွေစပါးစိုက်သည့် နွေရာသီတွင် မိုးတိမ်ကင်းစင်သဖြင့် နေရောင်ခြည်ပိုမိုရရှိကာ စပါးပိုထွက်ရခြင်းဖြစ်ပါသည်။

လယ်သမားများသည် တစ်သီးစားမှနှစ်သီးစား၊ သုံးသီးစားစိုက်ပျိုးရေးစနစ်ကို ကျင့်သုံးနေပြီဖြစ်ပါသည်။ နွေစပါးပြီးရင် မိုးစပါးကိုစိုက်လိုသည်။ သို့မဟုတ် မိုးဦးယာသီးနှံတစ်မျိုးမျိုးကို မိုးစပါးမတိုင်မီစိုက်လိုကြသည်။ ထို့ကြောင့် နွေစပါးစိုက်ရင် သက်တမ်းရှည်မှာလား၊ တိုမှာလား၊ မိုးစပါးလိုဘဲလားသိလိုကြသည်။ ယေဘူယျအားဖြင့် နွေစပါးသည် မိုးစပါးထက်သက်တမ်းပိုရှည်ပါသည်။ အကြောင်းရင်းမှာ နွေစပါးသည်နိမ့်သောအပူချိန်တွင် ပင်ပိုင်းကြီးထွားမှုကို စတင်ရခြင်း၊ ဖြတ်သန်းရခြင်းကြောင့်ပင်ဖြစ်သည်။ သို့ဖြစ်ပါ၍ သက်တမ်းအလယ်အလတ်ရှိသော သို့မဟုတ် အသက်ကြီးသော စပါးမျိုးများစိုက်ပျိုးခြင်းမပြုသင့်ပါ။ မူရင်းသက်တမ်းထက် နွေရာသီတွင်စိုက်ပျိုး ၍ ပိုမိုအသက်ရှည်ရခြင်းကြောင့် ရိတ်သိမ်းချိန် မိုးလှိုင်ချိန်နှင့်ကြုံတွေ့ရကာ ထိခိုက်ပျက်စီး လေလွင့်ဆုံးရှုံးနိုင်ပါသည်။

နွေရာသီမှာ ဘယ်စပါးမျိုးကိုစိုက်ရမှာလဲ

ဤနေရာတွင်အသိပေးလိုသည်မှာ စပါးမျိုးအုပ်စုကြီးနှစ်စုအကြောင်းဖြစ်ပါသည်။ ဒေသစပါး သို့မဟုတ် ရာသီစပါး သို့မဟုတ် ပန်းပွင့်ရက်ပုံသေရှိသောစပါးမျိုးများက အုပ်စုတစ်ခုဖြစ်ပါသည်။ ဤအုပ်စုဝင်စပါးမျိုးများသည် အလင်းရောင်တုံ့ပြန်မှုရှိသော စပါးမျိုးများဖြစ်ကြပြီး မိုးရာသီတွင်သာဖြစ်ထွန်းပါသည်။ (ဥပမာ - အင်းမရဲဘော်၊ နှံကား၊ လုံးသွယ်မွှေး)

အထွက်ကောင်းစပါး သို့မဟုတ် ခေတ်သစ်စပါးမျိုးတို့သည် အခြားအုပ်စုတစ်ခုဖြစ်ပြီး အလင်းရောင်တုံ့ပြန်မှုမရှိကြပေ။ သက်တမ်းအလိုက် သီးပွင့်ရင့်မှည့်ကြသည်။ မျိုးစေ့မြေချစတင်ပျိုးထောင်စိုက်ပျိုးသည်မှ စပါးမျိုးအလိုက် အသက်ရက်စေ့လျှင် ရိတ်သိမ်းနိုင်ပါသည်။ မိုးရာသီတွင်စိုက်နိုင်သကဲ့သို့ နွေရာသီတွင်လည်း စိုက်ပျိုးနိုင်သည်။ နွေစပါးမျိုးဟူ၍ သီးသန့်မရှိပေ။ မိုးစပါးမျိုးကို နွေရာသီတွင်စိုက်လိုက နွေစပါးမျိုးအဖြစ် အသုံးပြုနိုင်ပါသည်။

နွေရာသီတွင် အများစုစိုက်ပျိုးသည့် အထွက်ကောင်းစပါးမျိုးများမှာ မြန်မာနိုင်ငံအောက်ပိုင်းတွင် သီးထပ်ရင်နှင့် အလယ်ပိုင်းတွင် ရွှေသွယ်ရင်စပါးမျိုးတို့ဖြစ်သည်။ သီးထပ်ရင်နှင့် ရွှေသွယ်ရင်စပါးနှစ်မျိုးလုံးသည် သက်တမ်းတိုစပါးမျိုးများဖြစ်သည်။ ယခုအခါ အထွက်ကောင်း စပါးသက်လျှင်မျိုးသစ်များဖြစ်သော ရေဆင်းလုံးသွယ်၊ ဆင်းနွယ်ရင်၊ ရတနာတိုးစပါးမျိုးများကို စတင်စိုက်ပျိုးလာကြပြီဖြစ်သည်။ သို့သော် သက်လတ်အထွက်ကောင်း စပါးမျိုး

တစ်မျိုးဖြစ်သော မနောသုခစပါးမျိုးကိုလည်း မိုးရာသီသာမက နွေရာသီတွင်လည်း စိုက်ပျိုးနေဆဲဖြစ်ပါသည်။

စပါးစိုက်ပျိုးရာတွင် ပျိုးထောင်ကောက်စိုက်သည့်စနစ်ကို ကျင့်သုံးသကဲ့သို့ တိုက်ရိုက်မျိုးစေ့ချစိုက်နည်းစနစ်ကိုလည်း ဆောင်ရွက်လာကြသည်။

မိုးရာသီနှင့်နွေရာသီတို့တွင်စိုက်ပျိုးနိုင်သည့် အထွက်ကောင်းစပါး

နွေစပါးစိုက်ရင် ဘယ်စိုက်နည်းစနစ်နဲ့စိုက်ရမှာလဲ

နွေစပါးစိုက်နည်းစနစ်များဟုဆိုလျှင် စိုက်ပျိုးမည့်ဒေသတွင် သွင်းရေရရှိ နိုင်မှုအခြေအနေနှင့် လွယ်ကူမှု၊ ခက်ခဲမှု၊ မြေဆီလွှာ၏ ရေထိန်းထားနိုင်မှု၊ စိုက်ပျိုးသူ၏ ကုန်ကျစရိတ်ကျခံနိုင်မှု၊ စိုက်ပျိုးမည့် မြေဧရိယာပမာဏ တပိုင်တနိုင် သို့မဟုတ် ဧရိယာအကျယ်အဝန်းများပြားမှုတို့အပေါ် မူတည်ပြီး စဉ်းစားရန်ဖြစ်သည်။

နွေစပါးစိုက်ပျိုးရာတွင် ဧရာဝတီတိုင်းကဲ့သို့ မြေဧရိယာပိုင်ဆိုင်မှုများသော ဒေသများ၌ တိုက်ရိုက်မျိုးစေ့ချကြဲပက်စိုက်ပျိုးလေ့ရှိသည်။ မုတ်သုံမိုးစတင်ကျရောက်သည့် ဒေသဖြစ်၍ မိုးဦးမကျမီရိတ်သိမ်းလိုခြင်းကြောင့်လည်း မြန်ဆန်သည့်ကြဲပက်စနစ်ကို ကျင့်သုံးခြင်းဖြစ်ဟန်တူသည်။ မြေဧရိယာများသော်လည်း ရင်းနှီးမှုလျှော့ချ၍ ကုန်ကျစရိတ်သက်သာစေလိုခြင်းသည် အကြောင်း တစ်ချက်ပါဝင်နိုင်သည်။

မန္တလေးတိုင်းဒေသကြီး မကွေးတိုင်းဒေသကြီးတို့၌ နွေစပါးကိုနည်းလမ်းနှစ်မျိုးလုံး ကျင့်သုံးစိုက်ပျိုးကြောင်း တွေ့ရှိရပါသည်။ နေပြည်တော်၊ ပျဉ်းမနား၊ လယ်ဝေးဒေသတို့၌ မိုးစပါး-မတ်ပဲ-နွေစပါးသုံးသီးစား ပုံစံကိုဆောင်ရွက်ကြသည့် လယ်သမားများက မတ်ပဲရိတ်သိမ်းအပြီး မြန်မြန်ဆန်ဆန် နွေစပါးကို စိုက်လိုသဖြင့် တိုက်ရိုက်မျိုးစေ့ချစိုက်ကြသည်။ အချို့က ကြဲပက်သည်။ အချို့က မျိုးစေ့ချကရိယာ ဖြင့်ဆွဲ၍ မျိုးစေ့ချကြသည်။ အချို့ကမူ ကြိုးတန်းဆွဲလက်ဖြူးချ စိုက်ပျိုးကြသည်။ တိုက်ရိုက်မျိုး စေ့ချစိုက်ပျိုးခြင်းဖြင့် ဆည်ရေရရှိမှုကို ချွေတာရာလည်းရောက်သည်။ သို့သော် ရေနေရေထိုင်ကောင်း၍ ရေရရှိမှုလွယ်ကူသောဒေသများတွင်မူ ပျိုးထောင်ကောက်စိုက်စနစ်ကိုကျင့်သုံးကြသည်။ ပျိုးထောင်ကောက်စိုက်စနစ်နှင့် တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးသည့်စနစ်တို့သည် စနစ်အလိုက် ပြုစုဂရုစိုက်ဆောင်ရွက်မှုမှန်ကန်ပါက စပါးအထွက်ရရှိနိုင်မှု ကွာခြားခြင်းမရှိကြောင်း သုတေသနရလဒ် များက ဖော်ပြကြပါသည်။

စပါးသီးနှံတွင်ပိုးမွှားရောဂါကျရောက်မှု၊ ပေါင်းမြက်ပင်များပေါက်ရောက်မှုစသည့် အဖျက် အဆီးများရှိပါသည်။ ပိုးမွှားရောဂါနှင့် ပေါင်းမြက်တို့သည် စပါးအထွက်လျှော့နည်းစေသော အဟန့်အတားများဖြစ်ပါသည်။

မိုးစပါးနှင့်နွေစပါးကွာခြားမှု

ပိုးမွှားရောဂါကျရောက်မှုသည် သဘာဝပတ်ဝန်းကျင်ရာသီဥတုနှင့် ဆက်စပ် ပါသည်။ စပါးတွင်ကျရောက်တတ်သော ဘက်တီးရီးယားရွက်ခြောက်ရောဂါသည် မိုးရာသီတွင် ပို၍ဆိုးရွားသည်။ နွေစပါးတွင်မူ ဘက်တီးရီးယားရွက်စင်းရောဂါ ကျရောက်လေ့ရှိသည်။

စပါးခင်း၌ပေါက်ရောက်သော ပေါင်းမြက်ကို အုပ်စုသုံးစုခွဲခြားနိုင်သည်။ ၄င်းတို့မှာ မြက်မျိုးနွယ်ဝင်အုပ်စု၊ မြက်မုံညင်းနွယ်ဝင်အုပ်စုနှင့် ရွက်ပြားမျိုးနွယ်ဝင်အုပ်စုတို့ဖြစ်သည်။ မိုးစပါးတွင် ရွက်ပြားမျိုးနွယ်ဝင်အုပ်စု ပေါင်းမြက်များပိုမိုပေါက်ရောက်လေ့ရှိသည်။နွေစပါးတွင်မူ မြက်မုံညင်း နွယ်ဝင်အုပ်စုနှင့် မြက်မျိုးနွယ်ဝင်အုပ်စု ပေါင်းမြက်များမိုမိုပေါက်ရောက်သည်။ ဤသည်မှာ မိုးရာသီတွင် ပျိုးထောင်ကောက်စိုက်စနစ်ဖြင့် စပါးစိုက်ပြီး၊ နွေရာသီတွင် တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် စပါးစိုက်ခြင်းကြောင့်လည်း ဖြစ်သည်။ ပျိုးထောင်ကောက်စိုက်စနစ်ဖြင့်စိုက်သည့် မိုးစပါးလယ်မြေများတွင် မိုးရေရရှိသိုလှောင်ထားသည်။ ပေါင်းမြက်အများစုသည် ရေအောက်တွင် အပင်ပေါက် ရောက်ဖြစ်ထွန်းမှုမရှိချေ။ နွေစပါးတွင် တိုက်ရိုက်မျိုးစေ့ချစနစ်ကို ကျင့်သုံးခြင်း၊ သွင်းရေအားကိုးရ ခြင်းကြောင့် စပါးစိုက်လယ်မြေများ၌ ရေပြတ်လပ်မှုများကို ကြုံတွေ့ရသည်။ ၄င်းပြင် တိုက်ရိုက်မျိုး စေ့ချစနစ်ဖြစ်၍ ပေါင်းမြက်ပင်များသည် စပါးပင်နှင့်အတူတစ်ပြိုင်တည်းပေါက်ရောက်ကြီးထွားခွင့် ရရှိသည်။ ထို့ကြောင့် နွေစပါးတွင် ပေါင်းမြက်ပေါက်ရောက် ဖျက်ဆီးမှုပိုမိုသည်ကို တွေ့မြင်နိုင်မည် ဖြစ်ပါသည်။

မြေဩဇာကိုဘယ်လိုသုံးစွဲရမလဲ

စပါးအထွက်တိုးရေးအတွက် မြေဩဇာကို မှန်မှန်ကန်ကန်စနစ်တကျသုံးစွဲရန် လိုအပ်ပါသည်။ မြေဩဇာသုံးစွဲရေးနှင့်ပတ်သက်၍ မိုးစပါးနှင့်နွေစပါးခွဲခြားသိလိုသည်များကို မေးမြန်းလာသူ များအတွက် ရှင်းလင်းဖော်ပြလိုပါ သည်။ မြေဩဇာဆိုသည်မှာ စပါးပင်ကလိုအပ်သည့် အာဟာရဓာတ်များပါဝင်သော သဘာဝမြေဩဇာနှင့် ဓါတ်မြေဩဇာနှစ်မျိုးလုံးကို ဆိုလိုပါသည်။ သဘာဝ မြေဩဇာကိုသုံးစွဲခြင်းဖြင့် စေးသောမြေကိုဖွယ်စေ၍ ဖွယ်သောမြေကိုစေးစေသည်။ စပါးပင်မှ လိုအပ်သည့် ဓာတ်သတ္တုအာဟာရဓာတ်တို့မှာမူ အနည်းငယ်မျှသာ ပါဝင်လေ့ရှိသည်။

ဓါတ်မြေဩဇာကို သုံးစွဲခြင်းဖြင့် စပါးပင်ရှင်သန်ကြီးထွားရေး၊ ပွင့်သီးရေးတို့အတွက် လုပ်ငန်းအဝဝကို အစဉ်လည်ပတ်နေစေရန်လိုအပ်သည့် နိုက်ထရိုဂျင်၊ ဖော့စ်ဖားရပ်၊ ပိုတက်စီယမ် ဓာတ်များကို ရရှိစေသည်။ ၄င်းအဓိကအာဟာရဓာတ်များကို တခုခြင်း သို့မဟုတ် အမျိုးမျိုးတွဲဖက်၍ ဓါတ်မြေဩဇာအမျိုးမျိုး ထုတ်လုပ်ရောင်းချကြသည်။ မိုးရာသီတွင် စပါးပင်အချင်းချင်း လောင်းရိပ်ထိုးခြင်းကြောင့် အရွက်အတွင်း အစာချက်လုပ်နိုင်မှုနည်းသည်။ စပါးပင်များက ထည့်ပေးသမျှ ဓါတ်မြေဩဇာကို ပြည့်ပြည့်ဝဝအသုံးမပြုနိုင်ချေ။ ထို့ကြောင့်မိုးရာသီတွင် ဓါတ်မြေဩဇာများကို နည်းနည်းချင်းသာ ကျွေးသင့်သည်။

နွေရာသီတွင် စပါးပင်သည် ရွက်ဖားမထိုးသည့်အပြင် အရွက်တို၍ ထောင်သည်။ လောင်းရိပ်မမိ၍ အလင်းရောင်ပိုရသည်။ နေရောင်ခြည်ကိုပိုရ၍ အစာချက်လုပ်မှုပိုမိုစေသည် နွေစပါးတွင် နိုက်ထရိုဂျင်ဓါတ်မြေဩဇာထည့်ခြင်းကြောင့် ရသည့်အကျိုးအမြတ်သည် မိုးစပါးထက် ပို၍ကောင်းစေသည်။ နွေစပါးတွင် နိုက်ထရိုဂျင်ဓာတ်မြေဩဇာ ပိုမိုထည့်သွင်းပေးခြင်းဖြင့် စပါး အထွက် သိသိသာသာ တိုးတက်လာစေမည်ဖြစ်ပါသည်။

ထို့ကြောင့် မိုးစပါးနှင့် နွေစပါးတို့၏ သဘောသဘာဝကွဲပြားခြားနားမှုများ တူညီမှုများကို သိရှိခြင်းဖြင့် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်၍ နွေစပါးအထွက်တိုးရေး ကြိုးစားဆောင်ရွက်နိုင်ပါစေဟု ဆန္ဒပြုမိပါသည်။

ဒို့ကျေးရွာဂျာနယ်၊ အတွဲ(၇)၊ အမှတ်(၆)၊ ၂၀၁၀ ပြည့်နှစ်၊ မတ်လ(၁၅)ရက်၊ တနင်္လာနေ့

တစ်ဧကအထွက်နှုန်းမြင့်မားသည့် စပါးမျိုးများ အစားထိုးစိုက်ပျိုးရေး

စိုက်ဧရိယာတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးစေရန်ဆောင်ရွက်ခြင်း နည်းလမ်းများသည် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးအတွက် ဆောင်ရွက်ရသည့် နည်းလမ်းနှစ်သွယ်ဖြစ်သည်။ စပါးတစ်ဧကအထွက်နှုန်းတိုးစေရန်အတွက် အထွက်စွမ်းရည်နည်းသည့် ပြည်တွင်းဒေသစပါးမျိုးများအစား အထွက်ကောင်းစပါးမျိုးများကို ၁၉၆၈ ခုနှစ်မှစတင်၍ တိုးချဲ့စိုက်ပျိုးလာခဲ့ကြရာ ယခုအခါ စုစုပေါင်းစပါးစိုက်ဧရိယာ၏ ၇၁ ရာခိုင်နှုန်းထိ အစားထိုးနိုင်ပြီဖြစ်သည်။ ဆက်လက်၍ လက်ရှိအထွက်ကောင်းစပါးမျိုးများနေရာတွင် တစ်ဧကအထွက်နှုန်းမြင့်မားသည့် စပ်မျိုးစပါး (Hybrid Rice) များဖြင့် အစားထိုးစိုက်ပျိုးသွားနိုင်မည်ဆိုပါက မြန်မာနိုင်ငံ၏ စပါးစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၉၇-၉၈ ခုနှစ်၊ နွေရာသီမှစတင်၍ စပ်မျိုးစပါးများကို တင်သွင်းစိုက်ပျိုးခဲ့ကြသည်။ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် စီးမားကုမ္ပဏီနှင့် ရှောင်ဖန်းကုမ္ပဏီတို့မှ စပ်မျိုးစပါးမျိုးများကို ဧက ၂၅၀၀ ကျော်ထိ စိုက်ပျိုးခဲ့ပြီး ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ဧက ၅၀၀၀ ကျော်စိုက်ပျိုးခဲ့သည်။

တစ်ဧကအထွက်နှုန်း တိုးမြင့်စေရန်အတွက် လက်ရှိမျိုးများနေရာတွင် အထွက်နှုန်းစွမ်းရည်ကောင်းသောမျိုးသစ်မျိုးများကို အစားထိုးစိုက်ပျိုးသွားရမည်ဖြစ်သော်လည်း ဒေသရေမြေအခြေအနေကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ စိုက်ပျိုးရေးတွင် ပုံသေကားကျဆောင်ရွက်၍ မရနိုင်ပါ။ အခြားနေရာဒေသတွင် တစ်ဧကတင်း ၁၀၀ ထွက်သည့်မျိုးကို မိမိဒေသတွင် ရယူစိုက်ပျိုးခြင်းဖြင့် တစ်ဧကတင်း ၁၀၀ ထွက်မည်ဟု မျှော်လင့်၍မရနိုင်ပါ။ ဒေသတွင် ရယူစိုက်ပျိုးခြင်း

ဖြင့် တစ်ဧကတင်း ၁၀၀ ထွက်မည်ဟုမျှော်လင့်၍ မရနိုင်ပါ။ ဒေသတစ်ခုနှင့်တစ်ခု ရေရရှိမှု အပူချိန်၊ လတ္တီတွဒ်၊ လော်ဂျီတွဒ်၊ ပင်လယ်ရေမျက်နှာပြင်အမြင့်၊ မြေအမျိုးအစားစသည်တို့ တူညီနိုင်ခြင်းမရှိချေ။ ဒေသတစ်ခုတည်းမှာပင် ရေမြေအခြေနေမတူညီနိုင်ပါ။ တောင်သူတစ်ဦးတည်း ပိုင်ဆိုင်သည့် စိုက်ပျိုးမြေတစ်ခုတွင်လည်း မြေဆီလွှာအဆင့်အတန်း၊ ရေနေရေထိုင် ကွဲပြားခြားနားနိုင်ပါသည်။ ထို့ကြောင့် သင့်တော်သည့် လယ်မြေတွင် သင့်တော်သည့်မျိုးကို စိုက်ပျိုး ရပါသည်။ လယ်မြေအားလုံးတွင် မျိုးတစ်မျိုးတည်းစိုက်ပျိုးခြင်းဖြင့် မျှော်မှန်းသည့်အထွက်ကို ရရှိနိုင်မည်မဟုတ်ပါ။

မြန်မာနိုင်ငံတွင် အထွက်ကောင်းမျိုးများစွာကို စိုက်ပျိုးလျက်ရှိကြရာ၊ မနောသုခနှင့် ရွှေဝါထွန်းစပါးမျိုးစိုက်ဧရိယာသည် အများဆုံးဖြစ်သည်။ သို့သော်လည်း ၄င်းမျိုးများချည်း တစ်ပြည်လုံးစိုက်ပျိုး၍ မဖြစ်နိုင်ပါ။ ထို့ကြောင့် ကျော်ဇေယျ၊ ဆင်းသိင်္ဂီ၊ ဆင်းသီရိ၊ မနောဟရီ၊ သီးထပ်ရင်၊ ရွှေသွယ်ရင်စသည့် အခြားအထွက်ကောင်းစပါးမျိုးများနှင့် အင်းမရဲဘော်၊ နှံ့ကား စသည့် ဒေသစပါးမျိုးများကိုလည်း နေရာဒေသအလိုက် စိုက်ပျိုးနေကြခြင်းဖြစ်သည်။

လက်ရှိစပါးမျိုးများနေရာတွင် ပို၍ပို၍အထွက်ကောင်းသော မျိုးများကို အစားထိုး စိုက်ပျိုးရန်လိုအပ်သည်မှာ မှန်ကန်ပါသည်။ သို့သော် မည်သည့်စပါးမျိုးကို အစားထိုးစိုက်ပျိုးသင့်သည်ကိုမူ စိုက်ပျိုးရေးသုတေသနပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။

လယ်ယာစီးပွားသတင်း၊ ၂၀၀၃ ခုနှစ် မေလ ၁၆ ရက်

ခေတ်သစ်စပါးရာကျော်-၁ (အိုင်အာ-၈) မှသည်

အိုင်အာ-၈ သည် မြန်မာနိုင်ငံသို့ ပထမဦးဆုံးတင်သွင်းသည့် ခေတ်သစ်စပါးဖြစ်သည်။ အိုင်အာသည် ဖိလစ်ပိုင်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန၏ အတိုကောက် အက္ခရာဖြစ်သည်။ ကမ္ဘာ့စပါးစိုက်နိုင်ငံအချို့က အံ့ဖွယ်စပါးဟုခေါ်ဝေါ်ခဲ့သည်။ မြန်မာနိုင်ငံ၌ ရာကျော်စပါးဟုစတင်ခေါ်ဝေါ်ခဲ့သည်။ ပထမဆုံးတင်သွင်းခဲ့သော ရာကျော်ထွက်သည့် စပါးမျိုး ဖြစ်၍ အခြားရာကျော်မျိုးများ နှင့် လွဲမှားခြင်းမရှိစေရန် ရာကျော်-၁ ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ သည်။

၁၉၆၈ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံ၌ ဒေသစပါးမျိုးများကိုသာ စိုက်ပျိုးကြသည်။ ဒေသ စပါးမျိုးများသည် အလင်းရောင်တုံ့ပြန်မှုရှိသဖြင့် မည်သည့်ရက်တွင်စိုက်သည်ဖြစ်စေ၊ မျိုးအလိုက် သတ်မှတ်သည့်ရက်၌ စပါးနှံထွက်လေ့ရှိသည်။ ဘယ်အချိန်စိုက်စိုက် တန်ဆောင်မုန်းလပြည့်ရင် ကျွဲခြေရာကွက်ထဲက စပါးပင်ပါမကျန် အနှံထွက်တော့တာပဲဟု ရှေးလူကြီးသူမများပြောလေ့ရှိ သည်။ ထို့ကြောင့် ရှေးလယ်သမားကြီးများ၏ အိမ်ရှိမြင်သာသော အိမ်တစ်နေရာရာ၌ စပါး ပျိုးထောင်ရက်ကို မှတ်သားလေ့ရှိပြီး နှစ်စဉ်ပျိုးထောင်ရက်နောက်မကျစေရေး သတိထားလေ့ရှိ သည်။

ထိုအချိန်က ဒေသစပါးမျိုးများသည် အထွက်နှုန်းစွမ်းရည်နည်းသည်။ မြေသြဇာကျွေး သော်လည်း တိုး၍စပါးအမထွက်နိုင်ချေ။ အပင်ယိုင်လဲပြီး စပါးအထွက်ပို၍ပင်နည်းနိုင်သည်။ သို့သော် ဆန်အရည်အသွေးကောင်းသော စပါးမျိုးများဖြစ်ကြသည်။

ဒေသစပါးမျိုးများစိုက်ပျိုးလေ့ရှိသော လယ်သမားကြီးများကို ခေတ်သစ်စပါးစိုက်ပျိုး ရေး စတင်စည်းရုံးစဉ်က အလွန့်အလွန်ခက်ခဲခဲ့ပါသည်။ စာရေးသူကိုယ်တိုင် မကွေးတိုင်း၊ ကံမမြို့ နယ်က ကဒူးပြင်ကျေးရွာကို သွားရောက်ပြီး ဖော်ပြပါ ခေတ်သစ်စပါးစိုက်ပျိုးရေး ပထမဦးဆုံးသွား ရောက်ဟောပြောစဉ်က "ဘာရာကျော်စပါးလဲကွ၊ တစ်ဧကတင်း(၁၀၀)ဘယ်လိုလုပ်ထွက်မှာလဲ၊ဒို့

စပါးတွေ တင်း(၄၀) ပဲ အလွန်ဆုံးထွက်တာ၊ နှစ်ဆကျော်တိုးမယ်ဆိုတာ ဒို့မယုံဘူး၊ နို့ဆီဘူး(၁၀၀) ကျော် ထွက်တာလားကွာ"ဟု ရွာလူကြီး ဦးခင်မောင်ပြောစကားကို အခုထိကြားယောင်မိသည်။ တကယ်တော့ အဲဒီအချိန်က စာအုပ်ဖတ်ပြီး ဟောပြောနေရသော်လည်း စာရေးသူကိုယ်တိုင် အိုင်အာ-၈ စပါးကို မမြင်ဖူးသေးပါ။ သို့သော် စိုက်ပျိုးရေးသုတေသနတွေ့ရှိမှု ဖော်ပြချက်များကို လေ့လာပြီး၊ စပါးမျိုးသည် ရွှေကဲ့သို့ တန်ဖိုးရှိသည်ကိုမူ ထိုအချိန်ကပင် သိရှိခဲ့ပါသည်။

ခေတ်သစ်စပါးဖြစ်၍ စနစ်သစ်စိုက်ပျိုးရေးကို ကျင့်သုံးစေခဲ့သည်။ မြို့နယ်အတွင်း သွင်းရေအကူအညီ (ထိုအချိန်က ချောင်းရေကို ရေစုပ်စက်ဖြင့် ရေတင်နိုင်) ရရှိသည့် လယ်မြေများ၌ အုပ်စုလိုက် စိုက်ကွင်းသတ်မှတ်ခဲ့သည်။ စပါးစိုက်လယ်မြေတိုင်း သဘာဝမြေဩဇာအဖြစ် နွားချေးကို အသုံးပြုစေခဲ့သည်။ ပျိုးထောင်ရာ၌ ရှေးရိုးစဉ်လာ လယ်ကွက်ငယ်ထဲ တမန်းပြင် ပက်ကြဲစေခြင်းမပြုဘဲ ဘောင်ပျိုးစနစ်ကို ကျင့်သုံး၍ ပျိုးဝါးခြမ်းရရှိစေရန် ပျိုးပါးကြဲစေခဲ့သည်။ ပျိုးသက် ၂၅ ရက်သား၌ တစ်ကျင်းလျှင် နှစ်ပင်၊ သုံးပင်ဖြင့် အတန်း ၁၀ လက်မ၊ ပင်ကြား ခြောက်လက်မထား၍ စိုက်ပျိုးစေခဲ့သည်။ ယူရီးယား၊ တီစူပါ၊ ပိုတက်ရှ် ဓာတ်မြေဩဇာသုံးမျိုးစလုံး အသုံးပြုစေခဲ့ပါသည်။

ခေတ်သစ်စပါးကို စနစ်သစ်နည်းဖြင့် စိုက်ပျိုးစေရန်အတွက် စနစ်သစ်လယ်သမား၊ စနစ်သစ်ကောက်စိုက်သမများဖွဲ့စည်းကာ သင်တန်းများ အကြိမ်ကြိမ်ပေးခဲ့သည်။ ကွင်းဆင်း၍ လက်တွေ့ပြသကာ အနီးကပ်ကြီးကြပ်ခဲ့ရသည်။ မောင်းညို့ချိန်၌ စံပြရိတ်သိမ်းပွဲပြုလုပ်၍ စပါးရိတ်သိမ်းသည့်အခါ တစ်ဧကလျှင် စက်ကျ ၁၆၄ တင်းထွက်ပြီး အမှန်တကယ်ပင် တင်း ၁၀၀ ကျော်ခဲ့သည်။

လက်တွေ့မျက်မြင်တွေ့ကြုံရသည့်အခါ မယုံ၍မရတော့ပါ။ ခေတ်သစ်စပါးသည် အမှန်ပင် တစ်ဧကတင်း ၁၀၀ ကျော်ပါသည်။ ထို့ကြောင့်အိုင်အာ-၈ခေါ်သည့် ခေတ်သစ်စပါးရာကျော်-၁ မှသည် ရာကျော်-၂ (အိုင်အာ-၅)၊ စီ-၄/၆၃ စသည်ဖြင့် စပါးမျိုးများ ဆက်တိုက်ဆက်တိုက် သုတေသနပြုမွေးမြူထုတ်ခဲ့ရာ အခုတော့ အထွက်ကောင်းစပါးမျိုးပေါင်း ၇၀ ကျော်အနက် မနောသုခ၊ ရွှေဝါထွန်း၊ ကျော်ဇေယျ၊ ဧရာမင်း၊ ဆင်းသိင်္ဂီ၊ မှော်ဘီ-၂၊ သီးထပ်ရင်၊ ရွှေသွယ်ရင် စသည့် စပါးမျိုး ၂၀ ကျော်ကို မြန်မာ့လယ်မြေနယ်ပယ်အနှံ့ စိုက်ပျိုးနေကြပြီး ဖြစ်သည်။

ခေတ်သစ်စပါးရာကျော်-၁ (အိုင်အာ-၈)ကို ခေတ်သစ်စနစ်ဖြင့် ၁၉၆၈ ခုနှစ်က စတင်ခဲ့ရာ ယခုဆိုလျှင် စပါးစိုက်လယ်မြေ၏ ၇၁ ရာခိုင်နှုန်းကျော်တွင် ခေတ်သစ်စပါးကဲ့သို့ အထွက်ကောင်းစပါးမျိုးများအသုံးပြု၍ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီ ဖြစ်သည်။

လယ်ယာစီးပွားသတင်း၊ ၂၀၀၄ ခုနှစ် ဧပြီလ ၂ ရက်

မြစိမ်းရောင်စပါးတစ်ခေတ်ဆန်းသစ်စေခဲ့သည်

ဆန်စပါးသည် ကမ္ဘာ့နံပါတ်တစ်စားသုံးသီးနှံဖြစ်သည်။ ကမ္ဘာ့လူဦးရေ ၅၀ ရာခိုင်နှုန်း၏ နေ့စဉ်စားသုံးသောအစာ၌ ကယ်လိုရီအာဟာရ ၂၅ ရာခိုင်နှုန်းမှ ရာခိုင်နှုန်း ၈၀ ပါဝင်သည်။ နှစ်စဉ် ထွက်ရှိသော ဂျုံသီးနှံမှ ရာခိုင်နှုန်း ၈၀ ကို စားနပ်ရိက္ခာအဖြစ် အသုံးပြုသော်လည်း စပါးသီးနှံမှ ရာခိုင်နှုန်းပြည့်ခန့်ကို လူတို့စားသုံးလျက်ရှိပါသည်။

စပါးသီးနှံ၏ ထူးခြားချက်မှာ ဒေသမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်ခြင်းဖြစ်ပါသည်။ ပူပြင်းသော ဩစတြေးလျနှင့် အီဂျစ်သဲကန္တာရများတွင်လည်းကောင်း၊ အေးသော နီပေါနိုင်ငံ ဟိမဝန္တာ တောင်တန်းဒေသများတွင်လည်းကောင်း၊အရှေ့တောင်အာရှကုန်းမြင့်ဒေသများတွင်လည်းကောင်း စပါးသီးနှံကို စိုက်ပျိုးနိုင်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရှစ်ပေခန့်နက်သော ရေနက်ကွင်းများတွင် လည်း ရေမြင့်တက်လာတိုင်း နေ့စဉ် ရှစ်လက်မခန့်စပါးပင် ပင်စည်ရှည်ထွက်လာခြင်းဖြင့် ၁၀ ပေ မကပင်ရပ်မြင့်ကာ အောင်မြင်ဖြစ်ထွန်းနိုင်သည်။ သို့သော် ကမ္ဘာ့စပါးစိုက်ဧရိယာအများစုသည် မိုးကောင်းသောက်ဒေသ ၂၅ ရာခိုင်နှုန်းနှင့် ဆည်ရေသောက်ဒေသ ၅၅ ရာခိုင်နှုန်းခန့်၌ ရေလက်မ အနည်းငယ်ကို သိုလှောင်သည့် လယ်မြေများတွင် စိုက်ပျိုးလျက်ရှိသည်။

ဆန်စပါးဆိုင်ရာ သမိုင်းဖြစ်စဉ်ထူးခြားမှုကို အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန က ဖြစ်ပေါ်စေခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနကို ၁၉၆၀ ခုနှစ်၌ ဖိလစ်ပိုင် နိုင်ငံ မနီလာမြို့အနီးတွင် တည်ထောင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနက စိုက်ပျိုးရေးသုတေသနပညာရှင်များသည် စပါးသီးနှံကို ပုံစံသစ်ဖန်တီးနေသူများဖြစ်ကြသည်။

၄င်းတို့သည် မူလက ငါးပေခန့်မြင့်သော စပါးပင်ကို သုံးပေခန့်သို့ ပြောင်းလဲစေခဲ့သည်။ ထို့ကြောင့် တစ်နှံပါစပါးစေ့ ယခင်ထက်များပြီး စပါးနှံအလေးချိန်စီးလာသော်လည်း စပါးပင်ယိုင်လဲစေခြင်းမရှိနိုင်ပေ။ စပါးပင်သက်တမ်းကို ရက် ၁၆၀ မှ ၁၁၀ ခန့်သို့ လျှော့ချပေးခဲ့သည်။ အကျိုးကျေးဇူး အားဖြင့် ပူအွေးသောဒေသတွင် သဘာဝမိုးရေကို ဖြည့်စွက်ပေးသည့် ဆည်ရေကဲ့သို့ သွင်းရေသာရရှိပါက မူလတစ်သီးစားစိုက်ပျိုးရေးမှ နှစ်သီးစား (သို့မဟုတ်) သုံးသီးစားစိုက်ပျိုးနိုင်သည်။ ထိုမျှသာမက ရောဂါဒဏ်ခံစပါးမျိုးများ၊ ပိုးမွှားဒဏ်ခံစပါးမျိုးများကိုလည်း မျိုးစပ်ထုတ်လုပ်ပေး လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန၏ ပင်ရပ်ပုစပါးမျိုးများသည် စပါး အထွက်ကောင်းပြီး ဒေသအနှံ့အပြားဖြစ်ထွန်းသဖြင့် ၁၉၆၇ မှ ၁၉၉၂ ခုနှစ်အထိ ၂၅ နှစ်အတွင်း ကမ္ဘာ့စပါးစိုက်ပျိုးထုတ်လုပ်နိုင်မှုကို နှစ်ဆတက်စေခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် သုံးဆတက်စေခဲ့သည်ဟုသိရသည်။ ဂျုံသီးနှံသည်လည်း ဤကဲ့သို့မျိုးသစ်များ ဖန်တီးထုတ်လုပ်စိုက်ပျိုးခြင်း ဖြင့် မြစိမ်းရောင်တစ်ခေတ် ဆန်းသစ်စေခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနသည် ၄င်း၏ဌာနတွင်ရှိသည့် မျိုးစေ့ဘဏ်မှ စပါးမျိုးပေါင်း ရှစ်သောင်းကျော်ကို အသုံးချကာ မျိုးစပ်မွေးမြူခြင်း၊ အလားအလာအကောင်းသော စပါးမျိုးများကို ကမ္ဘာ့စပါးစိုက်ပျိုးသောနိုင်ငံပေါင်း ၉၀ ခန့်သို့ ဒေသဖြစ်ထွန်းမှု စမ်းသပ်စေခြင်း၊ သက်ဆိုင်ရာနိုင်ငံရှိ ဒေသစပါးမျိုးများနှင့် ဆက်လက်မျိုးကူးစပ်စေကာ မျိုးသစ်များဖန်တီးစေခြင်းဖြင့် ဆက်လက်ကြိုးစားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနနှင့် ၁၉၆၅ ခုနှစ်တွင် စတင်ဆက်သွယ်ခဲ့သည်။ ၁၉၇၇ ခုနှစ်မှစတင်၍ ယခုတိုင်စဉ်ဆက်မပြတ် ဆန်စပါးသုတေသနပူးပေါင်းဆောင်ရွက်လျက်ရှိကာ မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍကို မြစိမ်းရောင်စပါးဖြင့် တစ်ခေတ်ဆန်းသစ်စေခဲ့သည်။

လယ်ယာစီးပွားသတင်း၊ ၂၀၀၄ ခုနှစ် မေလ ၂၁ ရက်

မျိုးကောင်းမျိုးသန့်ကိုစိုက်ပျိုး စပါးအထွက်နှင့် ဝင်ငွေတိုး

နိုင်ငံ၏ စီးပွားဖွံ့ဖြိုးရေးအတွက် သီးနှံအထွက်တိုးရေး ကြိုးပမ်းရာတွင် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း၊ မျိုးကောင်းမျိုးသန့်များကို အသုံးပြုစိုက်ပျိုးရန် လိုအပ်သည်။ စပါးသီးနှံစိုက်ပျိုးရာ၌ စပါးမျိုးကောင်းမျိုးသန့်ဖြစ်ရန် အရေးကြီးပါသည်။

မျိုးကောင်းမျိုးသန့်ဟုဆိုရာတွင် မျိုးကောင်းခြင်းနှင့် မျိုးသန့်ခြင်းအခြင်းအရာနှစ်ရပ် အကျုံးဝင်နေသည်။ မည်သည့်စပါးမျိုးကို မျိုးကောင်းဟုသတ်မှတ်မည်နည်း။ မြန်မာနိုင်ငံ၌ စပါးစိုက်ပျိုးရာ ရေမြေဒေသအမျိုးမျိုးကွဲပြား ခြားနားလျှက်ရှိရာ မိမိစိုက်သည့် ရေမြေဒေသနှင့် ကိုက်ညီသည့် စပါးမျိုးသာအထွက်ကောင်းနိုင်သည်။ သို့ဖြစ်၍ ဒေသနှင့်ကိုက်ညီသောမျိုးကိုသာ စပါးမျိုးကောင်းအဖြစ် သတ်မှတ်ကြပါသည်။

မိမိစိုက်သော စပါးမျိုး၏ဆန်ကို လယ်သမားတိုင်း မိမိဝမ်းစာအဖြစ်အသုံးပြုကြရာ ဆန်အရည်အသွေးသင့်တင့်ပြီး မိမိအကြိုက်စားကောင်းရန်လိုအပ်သည်။ တစ်ဦးနှင့်တစ်ဦး အကြိုက်ချင်းမတူချေ။ အချို့က အပျော့ကြိုက်သည်။ အချို့က အမာကြိုက်သည်။ အချို့က အနံ့မွှေးသည်ကို ကြိုက်သည်။ ၎င်းအပြင် ဒေသအတွင်း ရောင်းဝယ်ဖောက်ကားရန် ဈေးကွက်ကြိုက်ဖြစ်ရန်လည်း လိုသည်။ စပါးကိုကြိတ်ခွဲပါက ဆန်ထွက်ကောင်း၊ ဆန်ကောင်းရာခိုင်နှုန်းများပြီး ထမင်းချက်ပါက အိုးတက်ရန်လည်းလိုပါသည်။ အိုးတက်သည်ဆိုသည်မှာ ထမင်းချက်ရာ၌ ဆန်မှထမင်းများများရရှိနိုင်သည့် စွမ်းရည်ဖြစ်သည်။

အထွက်ကောင်းသည့်စွမ်းရည်သည် မျိုးတစ်မျိုးအတွက် အထူးလိုအပ်ရာ မျိုးကောင်း တစ်မျိုးသည် စိုက်ပျိုးပါက အထွက်နှုန်းမြင့်မားသည့်မျိုးဖြစ်ရမည်။ စပါးကို မိုးရော၊နွေရော စိုက်ပျိုးနေပြီဖြစ်ရာ ရာသီအလိုက် အထွက်နှုန်းတည်ငြိမ်သော အထွက်ကောင်းသောမျိုး ဖြစ်ရပါမည်။

မြန်မာနိုင်ငံစပါးစိုက်ခင်းများ၌ ကျရောက်နိုင်သော ဘက်တီးရီးယားရွက်ခြောက်ရောဂါ၊ ဘက်တီးရီးယားရွက်စင်းရောဂါစသည့် အဓိကရောဂါတို့ကိုခံနိုင်သည့်မျိုးဖြစ်ရန်လိုသည်။ စပါးသီးနှံတွင် ကျရောက်ဖျက်ဆီးသော စပါးဆစ်ပိုးများ၊ အညိုရောင်စပါးဖြုတ်ပိုးစသည့် ပိုးမွှားဒဏ်ကို ခံနိုင်ရည်ရှိသင့် ပါသည်။

မိုးရေကို အားကိုးစိုက်ပျိုးရသည့် စပါးစိုက်ဒေသများ၌ မိုးခေါင်ဒဏ်ခံနိုင်သောမျိုး၊ မြန်မာနိုင်ငံအောက်ပိုင်း မိုးရာသီတွင် ရေလွှမ်းလေ့ရှိသည့်ဒေသများ၌ ရေလွှမ်းခံသော မျိုးဖြစ်ရန်လိုသည်။

ယခုအခါ သက်တမ်းအလိုက် သီးပွင့်ရင့်မှည့်သော စပါးမျိုးများကို မိုးရော၊ နွေပါ စိုက်ပျိုးလျက်ရှိရာ ရာသီနှင့်သင့်တော်သည့် သက်တမ်းရှိရန်လိုသည်။ စပါးစိုက်လယ်မြေအများစု၌ စပါးအခြေခံ သီးထပ်သီးနှံပုံစံကိုချမှတ်၍ စိုက်ပျိုးစွမ်းအားမြင့်မားရေးကို ဆောင်ရွက်လျှက်ရှိရာ သက်တမ်းတိုမျိုးကို ပို၍လိုလားကြပါသည်။

ပိုးမွှားရောဂါ၊ ကြွက်၊ ငှက်စသည့်အဖျက်အဆီးအမျိုးမျိုးသည် သီးနှံစပါးခင်းအနည်းစု ရှိချိန်၌ ပိုမို၍ကျရောက်လေ့ရှိသည်။ ထိုကြောင့် အခြားစပါးစိုက်ခင်းအများစုထက် စိုက်ချိန်၊ ရိတ်ချိန်စောသည့်စပါးမျိုး၊ နောက်ကျသည့်စပါးမျိုးမဖြစ်သင့်ပါချေ။ နောက်ကျ၍သီးပွင့်ရင့်မှည့်သောစပါးမျိုးသည် ရာသီဥတုပတ်ဝန်းကျင်ဆိုးရွားမှုကိုခံရပြီး ရေပြုတ်ကာစပါးအထွက်ကို ထိခိုက်နိုင်ပါသည်။

စပါးမျိုးကိုလိုက်၍ ပင်ပွားစွမ်းရည်မတူညီကြချေ။ အထွက်ကောင်းရန်အတွက် လုံလောက် သောပင်ပွားထွက်နိုင်သော မျိုးဖြစ်ရန်လိုသည်။ ၄င်းပြင် ပင်ပွားစွမ်းရည်ကောင်း၍ ပင်ပွားများများထွက်ပါက စပါးပင်အားယှဉ်ပြိုင်ကြီးထွားလာသော ပေါင်းမြက်ပင်များကို အရိပ်လွှမ်းစေကာ ပေါင်းမြက်ပင်များကို ကာကွယ်နှိမ်နင်းရာ ရောက်နိုင်ပါသည်။

စပါးပင်သည် ပုံမှန်ကြီးထွားဖွံ့ဖြိုးပြီး သီးပွင့်လာသော်လည်း ယိုင်လဲပါက စပါးအထွက် လျော့စေနိုင်သည်။ စပါးအရည်အသွေး ကျဆင်းစေသည်။ ထို့ကြောင့် သင့်တော်သော ကောက်ကွက်၊ စိုက်ချိန်၊ စိုက်စနစ်၊ မြေဩဇာထည့်သွင်းမှုစသည့် ပုံမှန်စိုက်ပျိုးပြုစုသည့် အခြေအနေတွင် ယိုင်လဲမှုကိုခံနိုင်သော၊ ယိုင်လဲခြင်းမရှိသော စပါးမျိုးဖြစ်ရန် လိုပါသည်။

မျိုးကောင်းမျိုးသန့်ကို အသုံးပြုစိုက်ပျိုးရေးအတွက် စပါးမျိုးကောင်းနှင့် ပတ်သက်သည့် ရှိသင့်ရှိထိုက်သည့်အရည်အချင်း၊ လိုအပ်ချက်များကို ဖော်ပြပြီးဖြစ်သောအခါ မျိုးသန့်နှင့် ပတ်သက်၍ ဆက်လက်ရေးသားလိုပါသည်။

မျိုးသန့်မျိုးစေ့ဆိုသည်မှာ တခြားစပါးမျိုးများမပါသော မိမိအသုံးပြုသည့် မျိုးချည့်သာပါသော စပါးမျိုးသန့်ဖြစ်ရပါမည်။ လယ်သမားများအသုံးပြုမည့်စပါးမျိုးသန့်တွင် မျိုးသန့်စင်မှု ရာခိုင်နှုန်း ၈၀ ကျော်ပါဝင်သင့်သည်။

မျိုးသန့်မျိုးစေ့များသည် စပါးစေ့အရွယ်အစားညီညာရပါမည်။ ပေါင်း မြက်စေ့များကင်းစင်ရပါမည်။ မျိုးစေ့ဆောင်ရောဂါများကင်းရပါမည်။ စပါးမျိုးစေ့များတွင် ပိုးမွှားနှင့် ရောဂါဖြစ်ကြောင်းများ ကပ်ညိပါလာခြင်းမရှိရန်လိုပါသည်။ ဖွဲ၊ သဲ၊ ခဲ၊ အမှိုက်သရိုက် စသည့် မလိုလားသည့် အခြားပစ္စည်းများလည်း ရောနှောပါဝင်နေခြင်းမရှိသင့်ပါချေ။

စပါးမျိုးကောင်းပြီး မျိုးသန့်အရည်အချင်းနှင့် ကိုက်ညီသည့် အဆင့်မြင့်မျိုးစေ့ကို အသုံးပြုစိုက်ပျိုးပါက တစ်ဧကစပါးမျိုးစေ့နှုန်းကို လျှော့ချနိုင်သဖြင့် စီးပွားရေးတွက်ချေကိုက်မည်။ ကောက်ပင်အသေအပျောက်နည်းကာ ကောက်ပင်ဖာရမှုနည်းမည်။ ပျိုးပင်များသည် သန်စွမ်းသဖြင့် ကောက်ပင်များကြီးထွားနှုန်းမြန်မည်။ အပင်အရပ်ညီညာမည်။ ပိုးမွှားရောဂါဒဏ်၊ ရာသီဥတုရေမြေဆိုးဝါးသည့်ဒဏ်ကိုခံနိုင်မည်။ အနှံထွက်ချိန်၌ အနှံများဖျာခင်းသကဲ့သို့ ညီညာနေမည်။ ရင့်မှည့်ချိန်၌လည်းစပါးနှံများ ရင့်မှည့်မှုညီညာမည်။ စပါးအထွက်နှုန်းလည်း မြင့်မားမည်ဖြစ်ပါသည်။

စပါးစိုက်ပျိုးရာတွင် ဖော်ပြပါမျိုးကောင်းမျိုးသန့်အင်္ဂါနှင့်ညီသော အဆင့်မြင့်မျိုးသန့်မျိုးစေ့များကို အသုံးပြုစိုက်ပျိုးခြင်းဖြင့် စပါးအထွက်ကောင်းစေမည်။ တစ်ဧကလျှင်စပါး ငါး မှ ရာခိုင်နှုန်း ၂၀ အထိ ပိုမိုထွက်ရှိစေသည်။ ဆန်ထွက်ကောင်းစေမည်။ ဆန်အဆင့်အတန်းမြင့်မားစေမည်ဖြစ်သည်။ မျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးခြင်းကြောင့် လယ်သမားတစ်ဦးချင်းအနေဖြင့် ဝင်ငွေတိုး၍ နိုင်ငံအတွက်လည်း အကျိုးဖြစ်ထွန်းမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ဒို့ကျေးရွာဂျာနယ်၊ အတွဲ(၇)၊ အမှတ်(၁၀)၊ ၂၀၁၀ပြည့်နှစ်၊ မေလ(၁၅)ရက်၊ စနေနေ့

ဒေသရေမြေနှင့်ကိုက်ညီသည့် နွေစပါးမျိုးကောင်းကို ရွေးချယ်စိုက်ပျိုး

နွေစပါးစိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများဖွံ့ဖြိုးပြီး နည်းပညာရပ်များ ပြန့်ပွားလာသည်နှင့်အညီ သွင်းရေရရှိနိုင်သည့် ဒေသတိုင်း၌ နွေစပါးကို ကျယ်ပြန့်စွာစိုက်ပျိုးနေပြီ ဖြစ်သည်။ နွေစပါးအထွက်ကို မိုးစပါးထက်ပိုအောင် လုပ်ကိုင်နိုင်ကြပြီး နွေစပါးစိုက်ပျိုးနည်းစနစ်၊ ပြုစု ဂရုစိုက်နည်းစနစ်၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းစနစ်တို့ကို ကျွမ်းကျင်ပိုင်နိုင်ကြပြီ ဖြစ်သည်။

သို့သော် စာရေးသူနှင့်သိကျွမ်းသည့် နွေစပါးစိုက်တောင်သူများသည် လိုအပ်ချက်တစ်ခုကို အမြဲတောင်းဆိုလေ့ရှိသည်။ "နွေစပါးမျိုးကောင်းတွေပေါ်ထွက်လာရင် လိုချင်ပါတယ်တဲ့၊" "အခု စိုက်တဲ့မျိုးက မကောင်းလို့လား"ဟု စာရေးသူကမေးတော့၊ "ကောင်းတော့ကောင်းပါတယ်၊" "ဒါပေမဲ့ ဒီထက်ကောင်းတာရှိရင် လိုချင်ပါတယ်"ဟု ပြန်လည်ဖြေကြားလေ့ရှိသည်။

နွေစပါးစိုက်တောင်သူများ၏ လိုအင်ဆန္ဒကို စာရေးသူရိပ်စားမိပါသည်။ လက်ရှိစိုက်နေသောမျိုးထက် သာလွန်ကောင်းမွန်သော စပါးမျိုးကို အမြဲလိုချင်နေကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။

စပါးမျိုးကောင်းနှင့်ပတ်သက်၍ ဆက်လက်ဆန်းစစ်စရာများ ရှိမည်ဖြစ်သည်။ အထွက်ကောင်းခြင်းလား၊ ရောင်းကောင်းခြင်းလား။ ဤသို့မေးလျှင် "အကုန်လုံး" ဟု ဖြေမည်မှာ သေချာသည်။ စာရေးသူကကူညီ၍ ဖြေလိုပါသည်။ ရေမြေရာသီဥတုနှင့်ကိုက်ညီရမည်။ ရာသီမရွေးစိုက်ပျိုးနိုင်ရမည်။ သက်တမ်းတိုရမည်။ ပိုးမွှားရောဂါဒဏ်ခံနိုင်ရမည်။

အထွက်ကောင်းသောစပါးမျိုးသည် အထွက်ကောင်းသော ဗီဇပါရှိနေ၍ အထွက်ကောင်းခြင်းဖြစ်သည်။ သို့သော် မည်သည့်ဒေသ၌ စိုက်ပျိုးသည်ဖြစ်စေ အထွက်ကောင်းမည်ဟု တရားသေတွက်၍မရနိုင်ကြောင်း သိထားသင့်ပါသည်။ ရေမြေဒေသပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိ၊ မရှိအပေါ် မူတည်သည်။ မိမိကိုယ်တိုင် မိမိလယ်မြေတွင် အဆိုပါစပါးမျိုးကို ဧရိယာ ဧကကျဉ်းကျဉ်း၌ ဦးစွာ စမ်းသပ်စိုက်ကြည့်သင့်သည်။ လက်ရှိစိုက်ပျိုးနေကျစပါးမျိုးထက် ပိုမိုထွက်ရှိမှသာလျှင် အထွက် ကောင်းမျိုးဟု သတ်မှတ်နိုင်သည်။ ဤသို့သေချာမှသာ လာမည့် ရာသီများ တွင် ၎င်းစပါးမျိုးကို ဧက ကျယ်စီးပွားဖြစ် စိုက်ပျိုးသင့်ပါသည်။

ဧရာဝတီတိုင်းတွင် စိုက်ပျိုးလေ့ရှိသည့် နွေစပါးမျိုးသည် သီးထပ်ရင်စပါးမျိုး ဖြစ်ကြောင်းသိရသည်။ မန္တလေးတိုင်း၊ မကွေးတိုင်းတို့တွင်မူ ရွှေသွယ်ရင်စပါးမျိုးကို အများစု စိုက်ပျိုးကြောင်း သိရသည်။ သီးထပ်ရင်နှင့် ရွှေသွယ်ရင်စပါးမျိုးတို့သည် ဒေသရေမြေအလိုက် ဖြစ်ထွန်း၍ အထွက်ကောင်းခြင်းဖြစ်ကြောင်း တွေ့နိုင်သည်။ ယခုပေါ်ထွက်လာသည့် စပါးမျိုး သစ်များစွာကိုလည်း မိမိဒေသရေမြေတွင် စမ်းသပ်ပြီးအကောင်းဆုံးမျိုးကို ရွေးချယ်အသုံးပြုနိုင် ပါသည်။

ယနေ့လယ်သမားအများစုသည် သီးနှံတစ်မျိုးတည်းကို စိုက်ပျိုးနေခြင်းမှသည် သီးနှံ တစ်ခုပြီးတစ်ခု ဆက်လက်စိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအား မြင့်မားအောင် ဆောင်ရွက်သည့် အလေ့အထရှိပြီ ဖြစ်သည်။ ဧရာဝတီတိုင်းက လယ်သမားများသည် မုတ်သုံမိုးမစတင်မီ နွေစပါးကို ရိတ်သိမ်းပြီး ဖြစ်ချင်သည်။ နွေစပါးပြီးသည်နှင့် မိုးစပါးကို ဆက်လက်စိုက်ကြသည်။ နွေစပါးမျိုး သည် သက်တမ်းရှည်၍ မဖြစ်နိုင်ချေ။ မြန်မြန်ပွင့်သီး ရိတ်သိမ်းနိုင်ရေးအတွက် သက်တမ်းတိုမျိုး ကို လိုလားကြပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသက လယ်သမားများသည် မတ်ပဲ၊ ကုလားပဲစသည့် ပဲမျိုးစုံ သီးနှံတစ်မျိုးမျိုးရိတ်သိမ်းပြီးမှ နွေစပါးကိုစိုက်ကြသည်။ နွေစပါးစိုက်ချိန်သည် သုံးသီးစားသီးနှံပုံစံ ကြောင့် နောက်ကျရသည်။ စိုက်ချိန်နောက်ကျသော်လည်း နွေစပါးရိတ်သိမ်းချိန်၌ မိုးမမိစေလိုပေ။ ထို့ကြောင့် မြန်မြန်ပွင့် သီးရိတ်သိမ်းနိုင်ရေးအတွက် သက်တမ်းတိုမျိုးကို လိုလားကြသည်။

သက်တမ်းတိုစပါးမျိုးများတွင် ရွှေသယ်ရင်ကို အသက်လျှင်၍ နွေစပါးအတွက် အထွက် ကောင်းပြီး စပါးအခြေခံ သီးထပ်သီးနှံပုံစံ စိုက်ပျိုးရေးစနစ်တွင် အသုံးပြုရန် သင့်တော်သောမျိုး အဖြစ် စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ၁၉၈၈ ခုနှစ်တွင် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဧည့်မထ စပါး အုပ်စုဝင်၊ ဆန်ရည်ဆန်သွားကြည်လင်၍ စားသုံးမှုအဆင့် သင့်တင့်သောမျိုးဖြစ်သည်။

သီးထပ်ရင်ကိုမူ အထွက်စွမ်းရည်မြင့်မား၍ သက်လျင်သီးထပ်စပါးအဖြစ် စိုက်ပျိုးရန် ၁၉၈၆ ခုနှစ်က ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ရွှေသွယ်ရင်နှင့် သီးထပ်ရင်စပါးနှစ်မျိုးလုံးသည် ဧည့်မထစပါး အုပ်စုဝင်စပါးမျိုးများဖြစ်ပြီး နွေစပါးစိုက်လယ်သမားများ ယနေ့ထိလက်ခံစိုက်ပျိုးနေဆဲဖြစ်ပါသည်။

နိုင်ငံတော်က ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်ရန် သီးနှံ ၁၀မျိုးကို သတ်မှတ်ပေးခဲ့ရာ စပါးသီးနှံတွင် တစ်ဧက တင်း၁၀၀ ထွက်ရှိရန်ဖြစ်သည်။ ပန်းတိုင်အထွက်ကိုရရှိစေရန် မျိုးပြောင်းလဲရေးအစီအစဉ်အရ သုခရင်နှင့်ရေဆင်းလုံးသွယ်စပါးနှစ်မျိုးကို ၂၀၀၂ ခုနှစ်တွင် ထုတ်ဝေ ခဲ့သည်။ စပါးနှစ်မျိုးလုံးသည် အသက်လျင်၊ အထွက်ကောင်းပြီး စပါးသီးနှံတွင် ဆိုးဝါးစွာကျရောက် တတ်သည့် ဘက်တီးရီးယားရွက်ခြောက်ရောဂါကို ခံနိုင်ရည်ရှိကြသည်။ သုခရင်သည် လက်ရွေးစဉ် စပါးအုပ်စုဝင်ဖြစ်ပြီး ရေဆင်းလုံးသွယ်သည် ဧည့်မထအုပ်စုဝင်ဖြစ်သည်။ ဆန်ရည်ဆန်သွားကြည်လင် ၍ စားသုံးမှုအဆင့်ကောင်းပြီး နူးညံ့သည်။ ရေဆင်းလုံးသွယ်သည် ပိုမိုပျော့ပျောင်းသည်။ သုခရင်ကို မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်း၊ ရေဆင်းလုံးသွယ်ကို ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နွေစပါးအဖြစ် စိုက်ပျိုးသင့်သည်။ စပါးနှစ်မျိုးလုံးသည် အရည်အသွေးကောင်း၍ ရောဂါဒဏ်ခံနိုင်ရည်ရှိသော စပါးမျိုးများဖြစ်ကြောင်း အသိပေးလိုပါသည်။

တစ်မိုးစပါးနှစ်သီး စိုက်ပျိုးရေးအတွက် အသုံးဝင်သော အသက်ရက် ၉၀-၁၀၀ ခန့်သာရှိသော အိုင်အာ-၇၄၇ စပါးမျိုးကို ၁၉၈၂ ခုနှစ်က ထုတ်ဝေခဲ့သည်။ အထွက်နှုန်းများစွာမြင့်မားခြင်းမရှိသော်လည်း စောစွာရိတ်သိမ်းနိုင်ခြင်းကြောင့် ဈေးကောင်းရကာ ဒုတိယစပါးတစ်သီးကို လျှင်မြန် စွာစိုက်ပျိုးနိုင်သည်။ ယခုထိ စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်တို့တွင် အများစုစိုက်ပျိုးလျက်ရှိပါ သည်။

အထွက်မြင့်မားပြီး စားသုံးမှုအရည်အသွေးကောင်းမွန်ကာ တောင်ပေါ်ဒေသတွင် ဖြစ်ထွန်းသည့်စပါးမျိုး ဆင်းဧကရီ-၃ ကို ၁၉၈၇ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် အထွက်နှုန်းတည်ငြိမ်ပြီး ဈေးကွက်ကြိုက်စပါးမျိုးအဖြစ် ထင်ရှားဆဲဖြစ်သည်။

နွေစပါးစိုက်ပျိုးရေးအတွက် သက်လျင်အထွက်ကောင်း စပါးမျိုးများကို ထပ်မံမိတ်ဆက်ပေးလိုပါသည်။ ဆင်းနွယ်ရင်နှင့် ရတနာတိုးစပါးမျိုးများသည် မျိုးသစ်များဖြစ်ကြသည်။ ဧည့်မထစပါးအုပ်စုဝင်စပါးမျိုးများဖြစ်ပြီး ဆန်ရည်ဆန်သွားကြည်လင်သည်။ ဆင်းနွယ်ရင်သည် စားသုံးမှု

အဆင့်ကောင်းပြီး ရတနာတိုးသည် သင့်တင့်သည်။ ဆင်းနွယ်ရင်စပါးမျိုး၏ ထူးခြားချက်မှာ ဘက်တီးရီးယားရွက်စင်းရောဂါနှင့် ဖြုတ်ညိုပိုးခံနိုင်ကြောင်းသိရသည်။ ရတနာတိုးစပါးမျိုးမှာလည်း ဘက်တီးရီးယားရွက်စင်းရောဂါခံနိုင်ပြီး ယိုင်လဲမှုဒဏ်ကိုပါခံနိုင်ကြောင်း သိရပါသည်။ စိုက်ပျိုးသင့်သည့် ဒေသများမှာ ဆင်းနွယ်ရင်ကို ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်း၊ ရတနာတိုးကို ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့ဖြစ်ကြောင်း ထောက်ခံချက်ပေးလိုပါသည်။

မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းတို့တွင် အလားအလာကောင်းသည့် စပါးမျိုးတစ်မျိုးရှိသေးသည်။ ၄င်းမှာ ရွှေမနော်ဖြစ်သည်။ သက်တမ်းတို အထွက်ကောင်းမျိုးဖြစ်ကာ လက်ရွေးစဥ် စပါးမျိုး အုပ်စုဝင်ဖြစ်သည်။ ဆန်ရည်ဆန်သားကြည်လင်ပြီး စားသုံးမှုသင့်တင့်သည်။

ယခုဖော်ပြပါ စပါးမျိုးများသည် မျိုးအလိုက်အထွက်နှုန်းကောင်းခြင်း၊ အရည်အသွေးကောင်းခြင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ခြင်းစသည့် အရည်အချင်းလက္ခဏာများပါဝင်သည့် နွေစပါးမျိုးများဖြစ်ကြသည်။ သီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး၊ နည်းပညာမှန်ကန်မှုနှင့်ပေါင်းစပ်ကာ အကျိုးဖြစ်ထွန်းစွာ စိုက်ပျိုးဖြစ်ထွန်းမည့်မျိုးများအဖြစ် သုတေသနပြုဖော်ထုတ်ထားခြင်းဖြစ်ပါသည်။

နွေစပါးကို ဆည်ရေ၊ ချောင်းရေစသည့် ရေရရှိမှု အရင်းအမြစ်ရှိသည့် ပြည်နယ်တိုင်းဒေသအသီးသီး၌ စိုက်ချိန်အမျိုးမျိုးတွင် စိုက်ပျိုးလျှက်ရှိရာ မျိုးအလိုက်အထွက်စွမ်းရည်ရရှိရေး ဒေသအလိုက်သင့်တော်သည့် စပါးမျိုးကိုရွေးချယ်နိုင်စေရန် အသိပေးရေးသားလိုက်ရပါသည်။

ဒို့ကျေးရွာဂျာနယ်၊အတွဲ(၇)၊ အမှတ်(၅)၊ ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၁ ရက်၊ တနင်္လာနေ့

" မျှော်လင့်အားထား အထွက်ကောင်းတောင်ပေါ်စပါး "

မြန်မာနိုင်ငံ၌ မြေပြန့်၊ တောင်ပေါ်၊ လတ္တီတွဒ်အနိမ့်အမြင့် ကွဲပြားခြားနားသော ဒေသရေမြေအခြေအနေအမျိုးမျိုးတွင် စပါးကို စိုက်ပျိုးသည်။ မြန်မာနိုင်ငံအောက်ပိုင်း၊ အလယ်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် အပူပိုင်းဒေသရာသီဥတုရှိပြီး ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့ရှိ တောင်ပေါ်ဒေသအချို့တွင် သမန္တေးပိုင်းဒေသရာသီဥတုရှိကြောင်း မှတ်သားဘူးပါသည်။ ထိုဒေသများ၌ လယ်စပါးသာမက တောင်ယာစပါးကို အများအပြားစိုက်ပျိုးသည်။ နွေရာသီသည် ပင်လျှင်အပူပိုင်းဒေသရာသီဥတုရှိသည့် မြေပြန့်ဒေသ၏ ဆောင်းရာသီလောက်အေးသော ရာသီဥတုအခြေအနေရှိကြောင်း အများသိပြီးဖြစ်ပါသည်။

စပါးပင်၌ ပင်ပိုင်းကြီးထွားသည့်ကာလ မျိုးပွားပိုင်းကြီးထွားသည့်ကာလနှင့် ရင့်မှည့်သည့်ကာလဟူ၍ ကြီးထွားမှုအဆင့်သုံးဆင့်ရှိသည်။ စပါးပင်၏ အရေးပါသော ကြီးထွားအဆင့်ကာလများတွင် အပူချိန်နိမ့်ကျခြင်းသည် စပါးထုတ်လုပ်မှုကို ထိခိုက်စေသည်။ ပင်ပိုင်းကြီးထွားကာလ အပင်ငယ်ဘဝတွင် အပူချိန် ၁၀ မှ ၁၅ ဒီဂရီစင်တီဂရိတ်အောက်ပိုင်း ကျဆင်းက ကြီးထွားဖွံ့ဖြိုးမှုကို နှေးကွေးစေပြီး ပျိုးပင်များပုတ်ဆွေးစေသည်။ မျိုးပွားပိုင်း ကြီးထွားကာလတွင် အပူချိန် ၁၈ မှ ၁၉ ဒီဂရီစင်တီဂရိတ်အောက်သို့ကျဆင်းက မျိုးအောင်မြင်မှုကိုထိခိုက်ပြီးအဖျင်းများစေသည်။ သို့ဖြစ်၍ သမန္တေးပိုင်းရာသီဥတုရရှိသော တောင်ကုန်း၊ တောင်တန်းဒေသများ၊ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေများသော ကုန်းမြင့်ဒေသများတွင် နိမ့်ကျသောအပူချိန်ဒဏ်ခံနိုင်သည့် တောင်ပေါ်စပါးမျိုးသစ်များ မွေးမြူဖော်ထုတ်ရန် လိုအပ်မည်ဖြစ်ပါသည်။

ဆန်စပါးမျိုးကောင်း ဖော်ထုတ်ရေးသုတေသနလုပ်ငန်းကို စပါးစိုက်ပျိုးရာ ရေမြေဒေသ အလိုက် ဆောင်ရွက်လျှက်ရှိရာ ကုန်းမြင့်တောင်ပေါ်ဒေသအတွက်လည်း နည်းလမ်းမျိုးစုံဖြင့် ကြိုးစား ဆဲဖြစ်သည်။ ပြည်ပမျိုးသစ်များ တင်သွင်းရွေးချယ်နည်းနှင့် ပြည်တွင်းမျိုးများစုဆောင်းရွေးချယ်နည်း တို့ကို ဆောင်ရွက်ခဲ့ရာ ၁၉၆၆ ခုနှစ်မှစ၍ ကုန်းမြင့်-၂၊ ကုန်းမြင့်-၃နှင့် ကုန်းမြင့်-၄ စပါးမျိုးများကို ကုန်းမြင့်တောင်ပေါ်ဒေသအတွက် ဖော်ထုတ်နိုင်ခဲ့ပါသည်။

ဖော်ထုတ်ပြီး ကုန်းမြင့်စပါးမျိုးများသည် မူလဒေသမျိုးများနှင့် နှိုင်းယှဉ်လျှင် အသက်ရက် ၁၂၀ မှ ၁၃၀ ခန့်သာရှိသဖြင့် သက်တမ်းတိုသည်။ တစ်ဧကလျှင် စပါးတင်း ၆၀ ခန့်ထွက်ရှိနိုင်၍ အထွက်ကောင်းသည်။ ယခုလည်း ကယား၊ ရှမ်း၊ ကချင်ပြည်နယ်များတွင် အချို့ဒေသများ၌ စိုက်ပျိုးဆဲ ဖြစ်ကြောင်း သိရှိရသည်။ သို့သော် ဆန်ရည်ဆန်သား၊ စားသုံးမှုအရည်အသွေးနှင့် အချို့အရည်အချင်း လက္ခဏာများကို ဒေသနေတောင်သူလယ်သမားများသည် ကြိုက်နှစ်သက်ခြင်းမရှိသဖြင့် မိရိုးဖလာ မိမိမျိုးကိုသာ အားကိုဆဲဖြစ်ပါသည်။

၂၀၀၉ မိုးရာသီတွင် သုတေသနအဖွဲ့သည် ရှမ်းပြည်နယ်တောင်ပိုင်းရှိ တောင်ကြီး၊ ကလော နှင့် ပင်လောင်းမြို့နယ်များသို့ အထွက်ကောင်းတောင်ပေါ်စပါးစမ်းသပ်ရေး တောင်သူစိုက်ခင်း မြေနေရာရွေးချယ်ရန် ကွင်းဆင်းရောက်ရှိခဲ့သည်။ ရှမ်းပြည်နယ်တောင်ပိုင်းသည် ကုန်းမြင့်ဒေသ တစ်ခုဖြစ်ပြီး လယ်စပါးနှင့်ယာစပါးနှစ်မျိုးလုံးကို စိုက်ပျိုးလျှက်ရှိသည်။ လယ်စပါးတွင် အထွက် ကောင်းစပါးမျိုးများဖြစ်သော ဆင်းရွှေဝါ၊ မနောသုခ၊ ရွှေဝါထွန်း၊ ဆင်းဧကရီ-၃ နှင့် မော်ဘီ-၂ စပါး မျိုးများကို စိုက်ပျိုးကြောင်းသိရသည်။ ဓာတ်မြေသြဇာစနစ်တကျကျွေး၍ စိုက်နည်းစနစ်မှန်ခြင်း ကြောင့် လယ်စပါးသည် တစ်ဧကလျှင် တင်း ၉၀ ကျော်ထိထွက်ရှိသည်ဟုဆိုသည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင် လယ်စပါးထက် ယာစပါးစိုက်ဧရိယာက ပိုများသည်။ တောင်ကုန်းတောင်စောင်းများတွင်ပါ ယာစပါးကိုစိုက်ပျိုး၍ တစ်ဧကလျှင် တင်း ၄၀ ခန့်သာထွက် သည်။ စိုက်သောစပါးမှာ ဒေသစပါးမျိုးများဖြစ်သည်။ နံမည်အခေါ်အဝေါ်အမျိုးမျိုးကွဲပြားသည်။ စပါးမျိုးများသည် အသက်ရက် ၁၆၀ မှ ၁၇၀ ခန့်ရှိသည်။ အများစုမှာ ဆန်စေ့အရောင် အနီရောင် ဖြစ်သည်။ စားသုံးရာတွင် ကြမ်းတမ်းမှုမရှိပဲ ပျော့၍စေးကာ ဒေသတောင်သူလယ်သမားများကြိုက် နှစ်သက်ကြောင်း သိရှိရပါသည်။

သုတေသနအဖွဲ့သည် ပင်လောင်းမြို့နယ် သစ်ပင်ကြီးကျေးရွာရှိ ဦးပန်းမောင်၏နေအိမ်၌ ဒေသခံတောင်သူအချို့နှင့် စပါးသုတေသနပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးခွင့်ရရှိခဲ့သည်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းရှိ ဒေသ ၁၇ နေရာမှ စုဆောင်းရရှိသော စပါးမျိုး ၄၄ မျိုးအား လေ့လာစိစစ်ပြီး ပြင်ပရုပ်သွင်အားဖြင့် မတူညီသည့် မျိုးကွဲလိုင်းပေါင်း ၁၂၀ မှ အလား အလာကောင်းသော မျိုးကွဲလိုင်းအချို့ကို ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေများသော ပင်လောင်းမြို့နယ် တောင်သူ့စိုက်ခင်း၌ စမ်းသပ်ရန် မိမိတို့ရောက်ရှိသွားခြင်းဖြစ်သည်။

"ကျုပ်မှာလယ်ရှိတယ်၊ ယာရှိတယ်" လယ်မှာမိရိုးဖလာစပါးမျိုး ခေါက်နွှန်မဲကိုစိုက်တယ်၊ ဆန်ကအဖြူရောင်၊ ယာမှာ မိရိုးဖလာစိုက်နေကျ ဘူကြူးကိုစိုက်တယ်။ ဆန်ကအနီရောင်၊ ကျုပ်တို့ အကြိုက်ဆန်စေးပြီး ပျော့မယ်ဆိုရင် ဒီထက်အထွက်ကောင်းတဲ့စပါးမျိုးသစ်တွေ လိုချင်တယ်" ဟု ဦးပန်းမောင်က ကြိုဆိုစကားပြောကြားသည်။ ရိုးသားသော ရှမ်းတောင်သူများနှင့် စကားကောင်းစဥ် ဦးပန်းမောင်၏ဇနီး ဒေါ်အေးက မီးဖိုရှိထမင်းအိုးမှ ထမင်းကိုခူးခပ်ကျွေးသည်။ ရှမ်းထမင်းကိုစားကာ ၎င်းတို့ အကြိုက် ဆန်အရည်အသွေးကို အကဲဖြတ်နိုင်ခဲ့ပါသည်။

ပင်လောင်းကဲ့သို့ ရှမ်း၊ ကယား၊ ကချင်၊ ချင်း တောင်ပေါ်ဒေသများတွင် ဒေသခံတောင်သူ လယ်သမားများအကြိုက် စပါးမျိုးများရှိပြီးဖြစ်သည်။ အထွက်နည်းသော်လည်း နှစ်စဥ်စိုက်ပျိုးလျက် ရှိသည်။ ဆက်တိုက်စိုက်ပျိုးလာသော မိရိုးဖလာစပါးမျိုးများ ဖြစ်ခြင်းကြောင့်တစ်ကြောင်း၊ မျိုးထိန်းသိမ်းဆောင်ရွက်မှု အားနည်းခြင်းကြောင့်တစ်ကြောင်း၊ မျိုးညံ့များရောနှောပါဝင်နေခြင်းကြောင့် တစ်ကြောင်း တစ်ဧကလျှင် အထွက်တင်း ၄၀ ထက်နည်းရခြင်းဖြစ် နိုင်ပါသည်။

တောင်ပေါ်ဒေသနယ်မြေအသီးသီးမှ စုဆောင်းရရှိသော စပါးမျိုးများတွင် နံမည်တူ မျိုးတစ်ခုအတွင်းမှာပင် မျိုးကွဲများစွာပါဝင်နေကြောင်း တွေ့ရှိရသည်။ ပါဝင်သည့်မျိုးကွဲများစွာမှ ဗီဇရုပ်သွင်အားဖြင့် သုတေသနပြုခွဲထုတ်နိုင်ပါက အထွက်စွမ်းရည်မြင့်မားသည့် စပါးမျိုးလိုင်းများ မုချရရှိနိုင်မည်ဟု ယုံကြည်မိသည်။ ဖော်ထုတ်ရရှိသည့် အထွက်ကောင်းတောင်ပေါ်စပါးသည် မူရင်းဗီဇမပျက်သည့်ပြင်၊ ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီမည်။ ဒေသအကြိုက် စားသုံးမှုအရည်အသွေးရှိမည် ဖြစ်ပါသည်။

အခြေခံစမ်းသပ်မှုလုပ်ငန်းများကို ကလောမြို့နယ်၊ တောင်ကြီးမြို့နယ်၊ လားရှိုးမြို့နယ်၊ ကျိုင်းတုံမြို့နယ်တို့တွင်ဆောင်ရွက်ကာ အထွက်နှင့်အထွက်မိတ်ဘက်လက္ခဏာများကို လေ့လာမည်။ စမ်းသပ်မှုအဆင့်ဆင့်ဆောင်ရွက်ပြီး ထွက်ပေါ်လာမည့် အလားအလာကောင်းသည့် မျိုးများကို ပင်လောင်းမြို့နယ် ဦးပန်းမောင်ကဲ့သို့ စိတ်ဝင်စားသည့် တောင်သူလယ်သမားများ၏ တောင်သူ့စိုက်ခင်းများ၌ တောင်သူကိုယ်တိုင် စိုက်ပျိုးလေ့လာအကဲဖြတ်ခြင်းဖြင့် အထွက်ကောင်းတောင်ပေါ် စပါးမျိုးများပေါ်ထွက်လာစေမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

“ ကိုယ်အားကိုယ်ကိုး၍ မျိုးသန့်ပွားများ ကိုယ့်မျိုးကိုယ်ထားနည်း ”

မိုးရောနွေပါ လမ်းဘေးဝဲယာလယ်ကွင်းများတွင် စိုက်ခင်းတစ်ခုအတွင်း အပင်အနိမ့်အမြင့် မညီညာမှုများ၊ အနှံဆုတ်တက်ဖြစ်ပေါ်မှုများ၊ ရင့်မှည့်ချိန်ခြားနားမှုများကို တွေ့မြင်နေရသည်။ အကျိုးဆက်အားဖြင့် မျှော်မှန်းသကဲ့သို့ စပါးမထွက်သည်ကိုလည်း ကြားသိရသည်။ အရည်အသွေး စံချိန်မမှီသဖြင့် ရောင်းပန်းမလှဈေးနှိမ်ခံရသည်ကိုလည်း သတင်းရပါသည်။ ထိုစိုက်ခင်းများမှစပါးကို မျိုးအဖြစ် နောက်တစ်ရာသီတွင် အသုံးပြုစိုက်ပျိုးသဖြင့် ဖြစ်ထွန်းမှုမညီညာ စပါးထုတ်လုပ်မှုဆက်ကာ ဆက်ကာကျဆင်းလာရပြန်သည်။ ဤသို့ မျိုးမသန့်စပါးစိုက်ပျိုးခြင်း၏ ဆိုးကျိုးများကို စာရေးသူမမြင် မတွေ့လိုသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ရှေးယခင်က မြန်မာတောင်သူလယ်သမားကြီးများသည် စိုက်ချိန်ပျိုးချိန်တွင် မျိုးအခက် အခဲလုံးဝမရှိစေရန် မျိုးအတွက် စိုက်ကွက်များကို သီးခြားစိုက်ပျိုး၍ မျိုးခံသည်။ မိမိလယ်မြေရှိ စပါး ရင့်မှည့်ချိန်တွင် မိမိကြိုက်နှစ်သက်သောမျိုး ကြိုက်နှစ်သက်သောအနှံကို သီးခြားရွေးချယ်ရိတ်သိမ်း သည်။ ရိတ်သိမ်းပြီးကောက်လိုင်းများတွင် ထပ်မံ၍မျိုးကွဲများကို ဖယ်ထုတ်သည်။ စနစ်တကျခြေဖြင့် နင်းခြွေပြာလှေ့ပြီး သန့်ပြန့်စွာမျိုးယူကြောင်း သိရှိခဲ့ရပါသည်။

လယ်သမားကြီးများသည် မျိုးစပါးကို ပုတ်ဖြင့်သီးသန့်သိုလှောင်သည်။ ပုတ်ကို စပါး မလှောင်မီ ယခင်နှစ်ကကြွင်းကျန်နေသောစပါးစေ့များအားလုံး ကင်းစင်အောင်ရှင်းလင်းသုတ်သင် သည်။ ၎င်းနောက် နွားချေးနှင့် ရွှံ့ကို မပြစ်မကျဲရောစပ်ပြီး ပုပ်၏အတွင်းအပြင်ကို သရွတ်ကျံသည်။ သရွတ်ကျံထားသည့်ပုပ်ကို သွေ့ခြောက်သည့်တိုင်အောင် အထပ်ထပ်နေလှမ်းသည်။ ယင်းသို့ ပြုပြင်ထားပြီး ပုပ်ထဲသို့ စဖိုပြာ (သို့မဟုတ်) စက်ဖွဲပြာသန့်သန့် ခြောက်ခြောက်ကို လက်လေးသစ်ခန့် ထုအောင်ဖြန့်ခံပြီးမှ အပေါ်ကစပါးကို လောင်းထည့်သည်။ စပါးစေ့များကို ပုပ်ထဲသို့အပြည့်မထည့် ချေ။ လက်လေးသစ်ခန့်ချန်ထားပြီး အပေါ်ယံက တဖန်စဖိုပြာ (သို့မဟုတ်) စက်ဖွဲပြာသန့်သန့်ခြောက် ခြောက်ကို ထပ်၍ဖုံးသည်။ ယင်းသို့ထည့်ပြီး ပုပ်ကိုနွားချေးနှင့် ရွှံ့ ကို ပြစ်ပြစ်ထန်းထန်းဖြစ်အောင် နယ်ပြီး လေလုံအောင်ပိတ်သည်။ စပါးသိုလှောင်ထားစဉ် နွားချေးနှင့် ရွှံ့ကျံသည့် အဖုံးပိတ်ကွဲအက် လာပါက ကွဲသောနေရာကို ပြန်၍ ပိတ်သည်။

ဤသို့မျိုးစပါးကို စိုက်ပျိုးရိတ်သိမ်းသိုလှောင်ကာ စနစ်တကျဆောင်ရွက်သည့် အလေ့ အထရှိခဲ့သည်။ ယခုအခါ စပါးစိုက်ဧရိယာများပြားလာခြင်း၊ စပါးသာမက အခြားသီးနှံများကိုပါ စိုက်ပျိုးလျက်ရှိခြင်း၊ အထွက်နည်းသည့် ဒေသမျိုးများအစား ပင်ကိုယ်စွမ်းရည်ကောင်းသည့်

အထွက်ကောင်းစပါးမျိုးများကို အားကိုးသဖြင့် အထွက်ကောင်း မည်ဟုယုံကြည်ကြခြင်းတို့ကြောင့် မျိုးသန့်စိုက်ပျိုးထိမ်းသိမ်းသိုလှောင်မှုကို အလေးထားမှုနည်းပါးလာကြောင်း တွေ့ရှိရပါ သည်။

အကျိုးဆက်အားဖြင့် ယနေ့စိုက်ပျိုးသူလယ်သမားအများစုသည် စိုက်ပျိုးချိန်တွင် မျိုးရှာဖွေရခြင်း၊ ဈေးနှုန်းကြီးစွာဖြင့် မျိုးဝယ်ရခြင်း၊ မိမိစိုက်ပျိုးလိုသော မျိုးကိုမရရှိ၍ ရရာမျိုးကိုဝယ်ယူစိုက်ပျိုးရခြင်း၊ မျိုးဝယ်မရ၍ မိမိစိုက်ပျိုးလိုသောအချိန်တွင် စိုက်ပျိုးနိုင်မှုမရှိခြင်း စသည့်အခက်အခဲများကို ကြုံတွေ့ရလေ့ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် အထွက်ကောင်းစပါးမျိုးများကို ဖော်ထုတ်ပေးပြီး ကျယ်ပြန့်စွာစိုက်ပျိုးသည့် အချို့အထွက်ကောင်းမျိုးများ၏ မျိုးသန့်အဆင့်-၂ (Certified Seed) ကို နှစ်စဉ်ထုတ်လုပ်ပေးလျက်ရှိသည်။ ဌာနပိုင်စိုက်ပျိုးရေးခြံများ တည်ရှိရာဝန်းကျင်ဒေသတွင်းသို့ မျိုးသန့်စပါးများဖြန့်ဖြူးပေးခြင်း၊ စပါးစိုက်မြို့နယ်များ၌ မျိုးသန့်စံပြရွာများ တည်ထောင်၍ မျိုးသန့်စပါးများဖြန့်ဖြူးပေးခြင်း၊ တောင်သူအချင်းချင်းမျိုးသန့်ဖလှယ်စေခြင်း စသည့်နည်းလမ်းများကို ဆောင်ရွက်ပေးလျှက်ရှိသည်။ သို့သော် မိုးရာသီတွင် စိုက်ပျိုးလျှက်ရှိသည့် စပါးစိုက်လယ်မြေအားလုံးအတွက် လေးနှစ်မြောက်တိုင်း မျိုးသန့်စပါးလဲလှယ်စိုက်ပျိုးရန် လုံလောက်နိုင်မည် မဟုတ်ပါချေ။

ကိုယ်အား ကိုယ်ကိုး မျိုးသန့်ပွားများ ကိုယ့်မျိုးကိုယ်ထား

စပါးမျိုးသန့်ထုတ်လုပ်ရေးကို စိတ်ဝင်စားစွာစတင်လာသည့် ပုဂ္ဂလိကကုမ္ပဏီအနည်းစုသာ ရှိသေးကြောင်းကို သတိမူမိပါသည်။ ဤအချိန်တွင် စိုက်ပျိုးသူလယ်သမားများသည် ကိုယ့်အား

ကိုယ်ကိုး၍ မိမိစပါးစိုက်လယ်မြေအတွက် မိမိကိုယ်တိုင်မျိုးသန့်ပွားများထုတ်လုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ သို့ပါ၍ ကိုယ်အားကိုယ်ကိုး၍ မျိုးသန့်ပွားများ ကိုယ့်မျိုးကိုယ်ထားနိုင်ရန်၊ မဖြစ်မနေသိရှိလိုက်နာဆောင်ရွက်သင့်သည့် အဓိက(၁၀)ချက်ကို အောက်တွင်ဖော်ပြလိုက်ရပါသည်။

၁။ မြေရွေးချယ်ခြင်း

မျိုးသန့်စပါးစိုက်ပျိုးထုတ်လုပ်ရန်၊ မြေသြဇာထက်သန်သော လယ်မြေကို ရွေးချယ်သင့်သည်။ ယခင်စိုက်ပျိုးသည့် အတွေ့အကြုံအရ စပါးအထွက်ကောင်းသော မြေဖြစ်ရမည်။ ရေသွင်းရေထုတ်လွယ်ကူရမည်။ စိုက်ပျိုးထုတ်လုပ်ရမည့် စပါးမျိုးနှင့် တူညီသည့်စပါးမျိုးကို စိုက်ပျိုးခဲ့ပြီး ပိုးမွှားရောဂါကျရောက်မှုမရှိခဲ့သည့် လယ်မြေဖြစ်ရပါမည်။ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ သစ်စိမ်း-မြေသြဇာကဲ့သို့ စပါးနှင့်မတူညီသည့် ယာသီးနှံများစိုက်ပျိုးခဲ့သည့် လယ်မြေကိုအလေးပေးရွေးချယ်သင့်ပါသည်။

၂။ မျိုးစေ့ရွေးချယ်ခြင်း

မျိုးအဖြစ်အသုံးပြုမည့် စပါးမျိုးစေ့သည် မျိုးစစ်မျိုးမှန် မျိုးကောင်းဖြစ်၍ မျိုးကွဲကင်းစင်သည့် မျိုးသန့်ဖြစ်ရမည်။ အစေ့တွင်းစာပိုမိုပါရှိသည့်အောင်မြင်ပြည့်ဖြိုးသော စပါးမျိုးစေ့များကို ရရှိစေရန် ဆားရည်စိမ်၍ မျိုးရွေးချယ်နိုင်သည်။ သို့မဟုတ်ပါက ရိုးရှင်း၍ လွယ်ကူသည့်ရေသန့်တွင် မျိုးစေ့များကို သုံးကြိမ်ရွေးချယ်၍ အဖျင်းအမှော်နှင့် လုံးပိန် လုံးညှပ် မျိုးစေ့များကို ဖယ်ထုတ်ထားသည့် အောင်မြင်ပြည့်ဖြိုးသော မျိုးစေ့များဖြစ်သင့်ပါသည်။ စပါးမျိုးသည် အပင်ပေါက်ရာခိုင်နှုန်း ၈၀ ကျော် ရပါမည်။

၃။ ထွန်ရေးတမန်းပြုပြင်ခြင်း

မျိုးသန့်စိုက်ပျိုးထုတ်လုပ်မည့် လယ်မြေကို ထယ်ရေးနက်၍ တမန်းညက်အောင်ပြုပြင်ရမည်။ တမန်းပုပ်၍ မြေမျက်နှာပြင်ညီညာအောင် ကြမ်းရိုက်မြေညှိရမည်။ တမန်းပုပ်အောင် ထွန်ယက်မှသာ ပေါင်းမြက်ပင်များ၊ ပေါင်းမြက်စေ့များ ရှင်သန်ရိုးကြား ပြန်လည်ပေါက်ရောက်လာမှုကို ကာကွယ်နိုင်မည်။ မြေမျက်နှာပြင် ညီညာသဖြင့် ရေသွင်းရေထုတ်လွယ်ကူစေမည်။ ထပ်မံပေါက်လာနိုင်သည့် ပေါင်းမြက်စေ့များကို ရေဖြင့်ဖုံးလွှမ်း ကာကွယ်နိုင်မည်ဖြစ်ပါသည်။

၄။ စိုက်ပျိုးခြင်း

မျိုးသန့်ပွားများထုတ်လုပ်ရာတွင် ပျိုးသက် ၁၅ မှ ၂၀ ရက်သားရှိသော ပျိုးသက်ငယ်ပျိုးများကို အသုံးပြုရန်ဖြစ်သည်။ ပျိုးပင်ငယ်များသည် သန်စွမ်းရမည်။ ပိုးမွှားရောဂါကင်းရှင်းရမည်။ ပေါင်းမြက်ပင်များ ရောနှောပါဝင်လာခြင်းမရှိစေရပေ။ ပျိုးပင်ငယ်များကို စိုက်ခင်း၌ တန်းကြား ပင်ကြား အကွာအဝေး ၉ လက်မ x ၉ လက်မ တွင် လက်ဆ ၂ပင်နှုန်းဖြင့် စိုက်ပျိုးရမည်။ ကွင်းဆင်းစစ်ဆေးရန်နှင့် မျိုးကွဲနှုတ်ပယ်မှုလွယ်ကူစေရန် ၆ တန်း ၁ တန်း လှပ် စိုက်စနစ်ကို အသုံးပြုရန်လိုပါသည်။

၅။ မြေသြဇာသုံးစွဲခြင်း

စပါးပင်ဖြစ်ထွန်း ပွင့်သီးအောင်မြင်ရန်အတွက် နိုက်ထရိုဂျင်၊ ဖော့စဖာရပ်၊ ပိုတက်စီယမ်၊ ဆာလဖာနှင့် ဇင့်ဓာတ်များပြည့်စုံစွာရရှိရန် လိုအပ်ပါသည်။ အဆိုပါ အာဟာရဓာတ်ပါဝင်သော ဓာတ်မြေသြဇာများကို ထည့်သွင်းရန်လိုအပ်သည်။ ထည့်သွင်းရာတွင် အာဟာရအချိုးအစား ကိုက်ညီရမည်။ စပါးမျိုးအလိုက် စပါးပင်၏ သက်တမ်းနှင့်အညီ မြေခံထည့်ခြင်း၊ အပင်ပေါ်မှ အလီလီခွဲ၍ ကောက်ပင်လှန်ချိန်ထည့်ခြင်း၊ စပါးပင်မှို့ကပ်ချိန်ထည့်ခြင်း၊ အနှံထွက်ချိန်ထည့်ခြင်းတို့ကို မှန်ကန်စွာ ဆောင်ရွက်ရန်ဖြစ်ပါသည်။

၆။ ပေါင်းမြက်နှင့် ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်း

မျိုးသန့်စပါးခင်းကို ယေဘူယျအားဖြင့် ကောက်စိုက်ပြီး ရက်ပေါင်း ၃၀ အတွင်း ပေါင်းမြက်လုံးဝကင်းစင်အောင် ဆောင်ရွက်ရန်လိုသည်။ စိုက်ပြီးတစ်ပတ်မှ ၁၀ ရက်အတွင်း ပေါင်းသတ်ဆေးသုံးစွဲခြင်း၊ လက်တွန်းကြားပေါင်းလိုက်ကရိယာဖြင့် အနည်းဆုံးနှစ်ကြိမ် တမန်းနှိုး၍ ပေါင်းမြက်သုတ်သင်ခြင်း၊ လက်ပေါင်းအနည်းဆုံးတစ်ကြိမ်လိုက်ခြင်းတို့ကို ဆောင်ရွက်ရန်ဖြစ်သည်။ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန် ကြိုတင်ကာကွယ်ခြင်း၊ ကျရောက်ပါက ထိရောက်သော ပိုးသတ်ဆေး၊ ရောဂါကာကွယ်ဆေးများဖြင့်နှိမ်နင်းခြင်းတို့ကို လိုအပ်သလိုဆောင်ရွက်ရန် ဖြစ်ပါသည်။

၇။ မျိုးကွဲနှုတ်ပယ်ခြင်း

စပါးပင်ပွားအများဆုံးထွက်ချိန်တွင် မျိုးကွဲနှုတ်ပယ်ခြင်းလုပ်ငန်းကို ထိရောက်စွာစတင်ဆောင်ရွက်ရန်လိုသည်။ ကောက်ပင်များကို ၆ တန်းတစ်တန်းလှပ်၍ စိုက်ပျိုးထားရာ လှပ်ထားသော တန်းကြားအတွင်း မျိုးကွဲပယ်သူက ဝင်ရောက်၍ ကွင်းဆင်းစစ်ဆေးရန်ဖြစ်သည်။ စိုက်သည့်မျိုးထက်

အပင်အရပ်အနိမ့်အမြင့်ခြားနားသော စပါးပင်၊ အပင်ဖြစ်ထွန်းမှုပုံစံ မတူညီဘဲ ပင်စည်စုထောင်ခြင်း၊ ပြန့်ကားခြင်း၊ အရွက်အလျားနှင့် အကျယ်၊ ပင်စည်မှ အရွက်ထွက်ပုံ ထောင့်အကျဉ်းအကျယ်ကွာခြားသော အပင်တို့ကို ဖယ်ရှားရပါမည်။ ပန်းပွင့်ချိန်တွင် ပုံမှန်ထက်စော၍ ပန်းပွင့်သော စပါးပင်နှင့် နောက်ကျ၍ ပန်းပွင့်သော စပါးပင်တို့ကို ဂရုပြု၍တူညီမှုမရှိသော စပါးပင်မှန်သမျှ မျိုးကွဲအဖြစ် ပယ်ရန်ဖြစ်သည်။ ထွက်လာသော စပါးနှံနှင့် အလံရွက်၏ အတိုအရှည် ထောင့်အကျဉ်းအကျယ်တို့ကို စစ်ဆေးပြီး မျိုးကွဲကုန်စင်အောင်ပယ် ရန်လိုပါသည်။

ပိုးမွှားရောဂါကျရောက်သော စပါးပင်၊ သန်စွမ်းဖြစ်ထွန်းမှုမရှိသော စပါးပင်များကို မျိုးကွဲအဖြစ်သတ်မှတ်ကာ နုတ်ပယ်ရန်လိုမည်ဖြစ်သည်။ ဆက်လက်၍ ရင့်မှည့်ချိန်တွင် ရင့်မှည့်မှုစောလွန်းခြင်း၊ နောက်ကျလွန်းခြင်း၊ စပါးလုံးပုံ သဏ္ဍာန်အရွယ်အစား အရောင်တူညီမှုမရှိခြင်း စပါးလုံး၌ အမြီးပါခြင်း၊ မပါခြင်းတို့ကို စစ်ဆေးကာ မျိုးကွဲပယ်ရန်ဖြစ်ပါ သည်။

၈။ ရိတ်သိမ်းခြင်း

မျိုးသန့်စပါးခင်း၌ စပါးနှံများရှိ စပါးစေ့များ၏ ၈၀ မှ ၈၅ ရာခိုင်နှုန်းကောက်ရိုးဝါရောင်ပြောင်းချိန်သည် ပြည့်စုံသည့် ရင့်မှည့်ချိန်ဖြစ်သည်။ ဤအချိန်တွင် စပါးရိတ်သိမ်းရန်ဖြစ်ပါသည်။

၉။ ချွေလှေ့၊ သန့်စင်၊ အခြောက်လှမ်းခြင်း

မျိုးသန့်စပါးကို မချွေလှေ့မီ သုံးစွဲမည့်ချွေလှေ့စက်၊ ချွေလှေ့တလင်း၊ ပုံး၊ အိတ် စသည့်အသုံးအဆောင်ပစ္စည်းအားလုံးတွင် အခြားမျိုးကွဲစပါးစေ့များတွယ်ညိကပ်တွယ်နေခြင်း မရှိစေရန်သေချာစွာစစ်ဆေးဖယ်ရှားရန် လိုသည်။ ချွေလှေ့သန့်စင်ပြီး မျိုးသန့်စပါးစေ့များကို အစိုဓာတ် ၁၂ မှ ၁၄ ရာခိုင်နှုန်းသို့ ရောက်သည်ထိ အခြောက်လှမ်းရန် လိုသည်။ ၎င်းနောက် မျိုးစေ့အဆင့်ခွဲခြားသတ်မှတ်ကာ လေဘယ်ချိတ်ဆွဲထားရန် ဖြစ်ပါသည်။

၁၀။ သိုလှောင်ထိန်းသိမ်းခြင်း

အဆင့်အတန်းခွဲခြားပြီး လေဘယ်ချိတ်ဆွဲထားသော မျိုးစေ့များကိုလေလုံပိတ်၍ သိုလှောင်ရန်ဖြစ်သည်။ မျိုးစေ့ထည့်သွင်းထားသည့် အိတ်၊ ပုံး၊ ပုပ် စသည့်ထည့်သွင်းပစ္စည်းများကို အေးမြခြောက်သွေ့ပြီး သန့်ရှင်းသော မျိုးစေ့ခန်း၊ အဆောက်အဦအတွင်း စနစ်တကျသိုလှောင်ထားရှိရပါမည်။

ယခုဖော်ပြပါ ကိုယ်ပိုင်မျိုးသန့်မျိုးစေ့ထုတ်လုပ်ရန် လုပ်ကိုင်ဆောင်ရွက်နည်းအဆင့်ဆင့် ပါဝင်သော အချက် (၁၀) ချက်ကို စိုက်ပျိုးသူ တောင်သူလယ်သမားများ၊ ပုဂ္ဂလိကမျိုးစေ့ ကုမ္ပဏီများ၊ မျိုးစေ့ထုတ်လုပ်လိုသော အဖွဲ့အစည်းများလိုက်နာဆောင်ရွက်ကာ ထုတ်လုပ်ရရှိသည့် စပါးမျိုးသန့် မျိုးစေ့များကို မိမိအပါအဝင် စပါးစိုက်ပျိုးသူအားလုံး ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲခြင်းဖြင့် အထွက်နှုန်း ကောင်း၍ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှုမြင့်မားစေရန် ဆန္ဒပြုမိပါကြောင်း ဖော်ပြအပ်ပါ သည်။

" သီးနှံစိုက်ဧကမ်းအားမြင့်မားရေး မိုးစပါး စိုက်ချိန်မှန်ကိုရွေး"

မြန်မာနိုင်ငံသည် သီးနှံမျိုးစုံစိုက်ပျိုးရန် ရေမြေသဘာဝရာသီဥတုကောင်းမွန်မှုများဖြင့် ပြည့်စုံသည့် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သီးနှံမျိုးစုံစိုက်ပျိုးရာတွင် မိုးစပါးသာမက မိုးစပါးမတိုင်မီနှင့် မိုးစပါးအပြီး သီးနှံများစိုက်ပျိုး၍ သီးနှံစိုက်ဧကမ်း အားကို မြင့်မားစေလျှက်ရှိသည်။ ချမှတ်သည့် စပါးအခြေခံသီးထပ်သီးနှံပုံစံအတွင်းရှိ နှစ်သီးသုံးသီး စိုက်ပျိုးသမျှ သီးနှံအားလုံး သီးပွင့်ရင့်မှည့်အောင်မြင်ဖြစ်ထွန်းရေးအတွက် အဓိကသီးနှံမိုးစပါး၏ စိုက်ချိန်မှန်ရန်အထူးလိုအပ်သည်။

မေလတွင် မိုးစပါးကိုစတင်စိုက်ပျိုးနိုင်ပါသည်။ အသုံးပြုရမည့်နည်းစနစ်သည် တိုက်ရိုက်မျိုးစေ့ချစနစ်ဖြစ်သင့်ပါသည်။ တိုက်ရိုက်မျိုးစေ့ချစပါးဆိုသည်မှာ စပါးကိုပျိုးထောင်ခြင်း၊ ကောက်စိုက်ခြင်းမပြုဘဲ အစိုတမန်းပြင်တွင် စပါးစေ့ကို အညှောင့်ဖေါက်၍ဖြစ်စေ၊ အခြောက်ထွန်ရေးပြင်တွင် စပါးစေ့ကို အခြောက်အတိုင်းဖြစ်စေ စိုက်ပျိုးခြင်းဖြစ်သည်။ အချို့ကကြဲပက်စနစ်၊ အချို့က အတန်းစနစ်ဖြင့် ဆောင်ရွက်သည်။ အတန်းစနစ်တွင် မျိုးစေ့ချကိရိယာ၊ ကြိုးတန်း၊ ထွန်ကြောင်းတန်းစသည်ဖြင့် မိမိနှစ်သက်ရာနည်းဖြင့် အတန်းဖြစ်စေသည်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ ရေနက်စပါးကို ကြဲပက်စနစ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများ၌ သီးနှံပုံစံချမှတ်၍ နှစ်သီး၊ သုံးသီး စိုက်ပျိုးရာတွင် ပထမမိုးစပါးကို ကြဲပက် (သို့မဟုတ်) အတန်းစိုက်စနစ်ဖြင့်လည်းကောင်း မေလတွင် စိုက်ပျိုးသင့်ပါသည်။

သီးနှံပုံစံနှင့် ကိုက်ညီရန် မိုးစပါးစိုက်ချိန်မှန်စိုက်ပျိုးသင့်သည်

မေလသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှစ၍ မုတ်သုန်လေဝင်ကာ မိုးရွာသည့်လဖြစ်သည်။ မိုးဦးကျရွာသွန်းသောမိုးသည် ပြင်းထန်မှုမရှိသေးသဖြင့် အခြောက်ထွန်ရေးပြုပြင်ရန်သင့်တော်သည်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မိုးများ၍ ရေမကြီးမီ ရေနက်စပါးကို အပင်အရပ်ရှည် မြန်မြန်ကြီးထွားစေလိုသဖြင့် မေလမိုးဦးကျသည်နှင့် အခြောက်ထွန်ရေးတွင် ကြဲပက်၍ ရေနက်စပါးကို မြန်မြန်စိုက်ရန်ဖြစ်သည်။ ထို့အပြင် ပေါ်ဆန်း၊ နံ့ကားစသည့် ရာသီစပါးမျိုးများကို မေလအတွင်း ပျိုးထောင်ရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများ၌ စပါး-ပဲမျိုးစုံ၊ စပါး-ပဲမျိုးစုံ-စပါး၊ စပါး-ဆီထွက်သီးနှံစသည့် စပါးအပြီးသီးထပ်သီးနှံများကို သီးနှံပုံစံချမှတ်စိုက်ပျိုး၍ သီးနှံထုတ်လုပ်မှုမြင့်မားရေးကို ဆောင်ရွက်လျက်ရှိရာ ဒုတိယသီးနှံများ အထွက်နှုန်းမြင့်မားရေးအတွက် ပထမမိုးစပါး၏ စိုက်ချိန်သည် အရေးကြီးသည်။ သီးနှံစိုက်ပုံစံအတွင်းပါဝင်သည့်သီးနှံအားလုံးအထွက်မြင့်မားရေးအတွက် ပထမမိုးစပါးကို မေလတွင်စိုက်နိုင်ရေး ကြိုးစားကြစေလိုပါသည်။ မိုးဦးကျသည်နှင့် အခြောက်ထွန်ရေး၊ အခြောက်စိုက်စပါးကို မေလတွင် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးရန်ဖြစ်သည်။ အကြံပြုလိုသည်မှာ ထွန်ရေးပြုပြင်ရာတွင် ထွန်ရေးနက်၊ ထွန်ရေးညက်သင့်သည်။ ထွန်တိုက်၊ အမှိုက်ကောက်၍ ပေါင်းမြက်ပင်နှင့် မြက်ခေါင်းများပြောင်စင်ရန် ဆောင်ရွက်သင့်သည်။ ပေါင်းမြက်နှိမ်နင်းရေး လွယ်ကူစေရန် အတန်းစိုက်စနစ်ကို ကျင့်သုံးသင့်သည်။

မေလတွင် စိုက်ပျိုးဆဲ တိုက်ရိုက်မျိုးစေ့ချစပါးများကို ဇွန်လလယ်အတွင်း အပြီးဆက်လက်စိုက်ပျိုးရန်ဖြစ်သည်။ ဇွန်လတွင် မိုးစပါးကို ပျိုးထောင်ကောက်စိုက်စနစ်ဖြင့် ဆောင်ရွက်ရန်ဖြစ်ရာစိုက်ဧကအားလုံးအတွက်အပြီးပျိုးထောင်စေလိုသည်။ မုတ်သုံမိုးဖြင့် ပျိုးထောင်ရေရရှိနိုင်သည့် မိုးရေသောက်ဒေသများနှင့် သွင်းရေရရှိနိုင်သည့် ဆည်ရေသောက် ဒေသများတွင် စပါးအထွက်အမြင့်ဆုံးရရှိရန် စိုက်ချိန်မှန်စိုက်ပျိုးနိုင်ရေးအတွက် ပျိုးထောင်ရက်မှန်ရန်လိုသည်။ စပါး-ပဲမျိုးစုံ၊ စပါး-ဆီထွက်သီးနှံ၊ စပါး-ပဲမျိုးစုံ၊ ဆီထွက်သီးနှံ-စပါးသီးနှံပုံစံများစိုက်ပျိုးနိုင်ရန် ဇွန်လလယ်သည် ပျိုးထောင်ရက်အမှန်ဖြစ်ပါသည်။

မိုးရာသီတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး၌ အများစုစိုက်ပျိုးလျက်ရှိသည့် စပါးမျိုးများမှာ မနောသုခ၊ ဆင်းသွယ်လတ်၊ ရွှေဝါထွန်း၊ သီးထပ်ရင်နှင့် ကျော်ဇေယျစသည့် သက်လျင်၊ သက်လတ် အထွက်ကောင်းစပါးမျိုးများဖြစ်သည်။ ဇွန်လတွင် ပျိုးထောင်ပြီး ဇူလိုင်တွင် စိုက်မှသာနိုဝင်ဘာတွင် ရိတ်သိမ်းနိုင်မည်ဖြစ်သည်။ စိုက်ချိန်နောက်ကျကာ ရိတ်သိမ်းချိန်နောက်ကျမည်ဖြစ်သည်။ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများကို စပါးအပြီး စိုက်ရန်အကောင်းဆုံးအချိန်သည် နိုဝင်ဘာဖြစ်သည်။ ဒီဇင်ဘာ၊ ဇန်နဝါရီစိုက်ပါက မြေတွင်းအစိုဓါတ် တဖြည်းဖြည်းလျော့နည်းသွားမှုကြောင့် အပင်ဖြစ်ထွန်းမှု၊ သီးပွင့်မှုညံ့ဖျင်းကာ အထွက်လျော့နည်းမည်ဖြစ်သည်။

သို့ဖြစ်၍ ဆောင်းသီးနှံများကို အချိန်မှီစိုက်နိုင်ရေး မိုးစပါးကို နိုဝင်ဘာလတွင် ရိတ်သိမ်းရန်လိုအပ်သဖြင့် ဇူလိုင်လကို မိုးစပါးအတွက် စိုက်ချိန်မှန်အဖြစ် ထောက်ခံလိုသည်။ ထို့ပြင် ဇူလိုင်လလယ်တွင် စိုက်ခြင်းသည် စိုက်ချိန်မှန်၊ ပျိုးသက်မှန်ခြင်းကြောင့် စပါးအထွက်ကောင်းစေသည်။ လယ်သမားအများစုသည် ဝါဆိုလပြည့်ဝန်းကျင်မှ ဝါဆိုလမကုန်မီ အတွင်း ကောက်စိုက်ပြီးရေး၊ ရည်မှန်းဆောင်ရွက်လေ့ရှိကြောင်းသိရသည်။ အကြံပြုလိုသည်မှာ ပျိုးထောင်ကောက်စိုက်စပါးအတွက် ထွန်ရေးပြင်ရာတွင် တမန်းပုပ်ပြီး၊ တမန်းပြင်ညီညာအောင် ကြမ်းရိုက်မြေညှိသင့်သည်။ ညက်ညောအောင်သွေးထားသော ကျောက်ပြင်ထက်မှ သနပ်ခါးကဲ့သို့ စိုက်တမန်းကိုပြင်မှသာ ကောက်ပင်များအမြစ်စွဲမြန်၍ ရှင်သန်ဖွံ့ဖြိုးကာ အောင်စေ့များသော ကောက်နှံပင်များများကို ရရှိနိုင်စေမည်ဖြစ်သည်။ တမန်းပြင်ညီညာမှသာရေနေရေထိုင်ညီမျှပြီး ပေါင်းမြက်ပေါက်ရောက်နိုင်မှုကို ဟန့်တားထားနိုင်မည် ဖြစ်ပါသည်။

ဩဂုတ်လကို ရေမြေအခြေအနေပေးသော ဒေသများအတွက် စိုက်ချိန်မှန်ဟုမဆိုသာချေ။ သို့သော် မြန်မာနိုင်ငံအောက်ပိုင်း၌ ရေကျနောက်စိုက်ဒေသများ၊ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းတို့၌ မိုးရွာသွန်းမှုနောက်ကျခြင်းကြောင့် ပျိုးထောင်ရေစိုက်ရေနောက်ကျသည့်ဒေသများနှင့် သီးထပ်သီးနှံပုံစံချမှတ်စိုက်ပျိုးခြင်းကြောင့် ဒုတိယသီးထပ်သီးနှံအဖြစ် မိုးစပါးကိုစိုက်သည့် ဒေသများအတွက် စိုက်ချိန်မှန်ဟုဆိုနိုင်သည်။ အကြံပြုလိုသည်မှာ ထွန်ရေးတမန်းပြင်ခြင်း၊ မြေဩဇာအဟာရကျွေးခြင်း၊ ရေထိန်းသိမ်းခြင်း၊ ပေါင်းမြက်နှင့် ပိုးမွှားရောဂါကင်းစင်စေခြင်းတို့ကို ပိုမိုဂရုစိုက်စေလိုပါသည်။ ပျိုးသက်လွန်စွာမကြီးရေးအတွက် ရေကျနောက်စိုက်ဒေသများ၌ ရေလွတ်သည့်အမြင့်ပိုင်းလယ်မြေများ၌လည်းကောင်း၊ သီးထပ်ပုံစံချမှတ်စိုက်ပျိုးသည့်ဒေသများ၌ ပထမသီးနှံ မရိတ်သိမ်းမီကပင် ရိတ်သိမ်းမည့်ရက်၊ ဒုတိယသီးနှံမိုးစပါးအတွက် ထွန်ရေးတမန်းပြင်ရန် လိုအပ်မည့်ရက်တို့ကို တွက်ဆ၍လည်းကောင်း ကြိုတင်ပျိုးထောင်ဆောင်ရွက်ရန် ဖြစ်ပါသည်။

မိုးစပါးကို ဩဂုတ်လတွင် စိုက်ရန်မပြီးပြတ်သည့် ရေကျနောက်စိုက်ဒေသရှိ လယ်မြေများ၊ စိုက်ရေရရှိရေးလွန်စွာခက်ခဲသည့်ဒေသများ၌ စက်တင်ဘာလတွင် မလွဲသာ၍စိုက်ရသည်များ ရှိနိုင်ပါသည်။ အထွက်မြင့်မားရေးကို မျှော်လင့်မထားသင့်သော်လည်း စနစ်တကျပြုစုဂရုစိုက်ရန်လိုသည်။ ပျိုးသက်ရက် ၆၀ ထိ ပျိုးသက်ကြီးသော ပျိုးပင်များကိုစိုက်ခြင်းသည်ပင်လျှင် ထိုက်သင့်သောအထွက်နှုန်းကိုရနိုင်သည်။ သို့သော် ပျိုးသက်ကြီးကိုမသုံးလိုသဖြင့် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်းကို မဆောင်ရွက်သင့်ချေ။ စက်တင်ဘာတွင် စတင်မျိုးစေ့ချသော တိုက်ရိုက်မျိုးစေ့ချစပါးသည် လက်ရှိပျိုးသက်ကြီးပျိုးထက် တစ်လခွဲနှစ်လနောက်ကျ၍ ရှင်သန်ကြီးထွားရမည်ဖြစ်သဖြင့် စပါးအထွက်ရရှိရေးမည်သို့မျှ ရေမြေရာသီဥတုအခြေအနေ မပေးနိုင်ကြောင်း အသိပေးလိုပါသည်။

နှစ်သီး၊ သုံးသီးပါဝင်သည့် မိုးစပါးအခြေခံသီးနှံ ပုံစံအတွဲများစိုက်ပျိုးခြင်းသည် မိုးစပါးတစ်သီးကိုသာ စိုက်ပျိုးခြင်းထက် စီမံဆောင်ရွက်ဂရုစိုက်ရန် များစွာရှိသည်။ စိုက်ပျိုးသည့်ဒေသ၏

ရေမြေအခြေအနေ၊ သွင်းရေရရှိမှု၊ မိုးရွာသွန်းမှု၊ အပူချိန်အနိမ့်အမြင့်၊ လုပ်သားလုပ်အားရရှိနိုင်မှု၊ သီးနှံ အလိုက်ဈေးကွက်စသည့် သတင်းအချက်အလက်များ လေ့လာထားရန်လိုသည်။ စိုက်ပျိုးသည့် သီးနှံ အားလုံးအတွက်အသင့်တော်ဆုံး စိုက်ချိန်၊ ရိတ်ချိန်ကို ကြိုတင်ခန့်မှန်းရသည်။ စိုက်မည့်မျိုးများ ၏ ပြုစုဂရုစိုက်၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရန်လိုအပ်မှု၊ သက်တမ်းနှင့် အထွက်နှုန်းများကို သိရှိထားရသည်။ ကုန်ကျစရိတ်၊ ဝင်ငွေနှင့် အကျိုးအမြတ်ကို မှန်းဆရသည်။

လယ်မြေ၌ တစ်နှစ်တာအတွင်း မိုးစပါးတစ်သီးသာမက ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ နွေစပါး စသည့် သီးနှံများဖြင့် သီးနှံပုံစံချမှတ်၍ နှစ်သီး၊ သုံးသီးစိုက်ပျိုးခြင်းသည် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး အတွက် သီးနှံစိုက်စွမ်းအားမြင့်မားစေသည့် နည်းလမ်းတစ်ခုဖြစ်သည်။ နိုင်ငံစီးပွားတိုးတက်စေသည် သာမက တောင်သူလယ်သမားတစ်ဦးချင်းအတွက် ဝင်ငွေနှင့် အကျိုးအမြတ်ကို ရရှိစေသည်။ သီးနှံပုံစံတွင် ပါဝင်သောသီးနှံအားလုံးအတွက် စိုက်ပျိုးဆောင်ရွက်သည့် လုပ်ငန်းအဆင့်ဆင့်သည် လွဲချော်မှုမရှိစေရေး၊ နှောင့်နှေးမှုမရှိစေရေး သတိမူသင့်သည်။ မိမိချမှတ်စိုက်ပျိုးမည့် သီးနှံပုံစံနှင့် ကိုက်ညီသည့် မိုးစပါးစိုက်ချိန်မှန်ကို ရွေးချယ်ဆောင်ရွက်ကြစေလိုပါသည်။

ဒို့ကျေးရွာဂျာနယ်၊ အတွဲ(၇)၊ အမှတ်(၉)၊ ၂၀၁၀ပြည့်နှစ်၊ မေလ(၁)ရက်၊ စနေနေ့

“နွေစပါးအထွက်တိုးရေး စိုက်ချိန်မှန်ကိုရွေး”

ဆန်စပါးသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဓိကအားထားရသည့် သီးနှံတစ်မျိုးဖြစ်ရာ၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် ပင်မနည်းလမ်းနှစ်သွယ်ဖြစ်သည့် စိုက်ဧရိယာတိုးတက်စိုက်ပျိုးရေးနှင့် တစ်ဧကအထွက်နှုန်းမြင့်မားရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။ နွေစပါးစိုက်ပျိုးခြင်းသည် လယ်မြေတွင် စပါးတစ်သီးထပ်မံစိုက်ပျိုး၍ စိုက်ဧရိယာတိုးတက်စေခြင်းဖြစ်သကဲ့သို့ တစ်ဧကအထွက်နှုန်းမြင့်မားရေးကို ဆောင်ရွက်နေခြင်းဖြစ်သည်။ စပါးတွင် ပန်းတိုင်အထွက်နှုန်းတင်း ၁၀၀ ထွက်ရှိရေးသတ်မှတ်ပြီးဖြစ်ရာ ဒေသရေမြေအလိုက် နွေစပါးစိုက်ချိန်မှန်မှသာ ရည်မှန်းချက်ပြည့်မှီနိုင်မည် ဖြစ်ပါသည်။

ဒေသအခြေအနေအလိုက် နွေစပါးစိုက်ချိန်မှန်ကိုရွေးသင့်သည်

နွေစပါးသည် မိုးစပါးရိတ်သိမ်းအပြီး စိုက်ပျိုးသည့် သီးထပ်စပါးဖြစ်ရာ မိုးစပါးရိတ်သိမ်းချိန်အပေါ် မူတည်၍ နွေစပါးစိုက်ချိန်သည်လည်း အမျိုးမျိုးကွဲပြားခြားနားသည်။ တစ်ပြည်လုံးအနေဖြင့် ခြုံကြည့်ပါက နွေစပါးကို နိုဝင်ဘာမှ မတ်လအထိ စိုက်လေ့ရှိကြသည်။ အချို့ဒေသများ၌ ဧပြီလတွင် စိုက်သည့်စပါးကိုလည်း နွေစပါးဟုခေါ်ဝေါ်ပြန်သည်။ အထွက်စွမ်းရည်မြင့်မားရေးအတွက် မိမိဒေသ မိမိအခြေအနေနှင့်ကိုက်ညီသည့် သီးထပ်နွေစပါးစိုက်ချိန်အမှန်ကို ကိုယ်တိုင်ဆုံးဖြတ်၍ ရွေးချယ်စိုက်ပျိုးကြရန် ဖြစ်ပါသည်။

နွေစပါးကို စိုက်ပျိုးရာတွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများသည် မြန်မာနိုင်ငံအထက်ပိုင်းဒေသများထက် စိုက်ချိန်စော၍ စိုက်သင့်သည်။ မေလတွင် မုတ်သုန်စတင်ဝင်ရောက်သည်ဆိုသော်လည်း သင်္ကြန်အပြီးတွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မိုးရွာလေ့ရှိကြောင်းသိရသည်။ ထိုမိုးများမရွာမီ နွေစပါးကို မိုးလွတ်လေလွတ် ရိတ်သိမ်းပြီးဖြစ်သင့်သည်။ ဤသို့ဖြစ်ရန် သီးထပ်နွေစပါးကို ဇန်နဝါရီလလယ်တွင် အပြီးစိုက်သင့်ကြောင်း အသိပေးလိုပါသည်။

နွေစပါးစိုက်ပျိုးရန် ဧရိယာသည် လယ်သမားတစ်ဦးနှင့်တစ်ဦး တူညီခြင်းမရှိနိုင်ပါ။ ဧရိယာဧကပိုင်ဆိုင်မှုများသော ဧရာဝတီတိုင်းဒေသကြီးရှိ လယ်သမားများသည် အချိန်မီပြီးစီးရေး အတွက် နွေစပါးကို နိုဝင်ဘာလတွင် စတင်စိုက်ပျိုးနိုင်ပါသည်။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ ၏ နွေစပါးစိုက်ချိန်ကာလအတွင်း ဆောင်းရာသီကို ဖြတ်သန်းသော်လည်း စပါးပင်ကြီးထွားမှုကို ထိခိုက်နိုင်လောက်သည့် အပူချိန်အနိမ့်ဆုံးအခြေအနေကို ကြုံတွေ့ရလေ့မရှိပါ။

ရေတက်ရေကျရှိသည့် မြစ်ဝကျွန်းပေါ်ဒေသများ၌ ရေငန်ဝင်ရေကို ရှောင်သည့်အနေ ဖြင့် နွေစပါးကို နိုဝင်ဘာခန့်ကပင် စိုက်ချိန်စော၍စိုက်သင့်သည်။ ဇန်နဝါရီတွင် ရေငန်စတင်နိုင်ပြီး ဖေဖော်ဝါရီတွင် ပိုမို၍ ရေငန်လေ့ရှိကြောင်း သိရသည်။ သို့ဖြစ်၍ ထိုဒေသများ၌ ဒီဇင်ဘာတွင် နွေစပါးကို အပြီးစိုက်သင့်ပါသည်။

နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ဇန်နဝါရီလ စိုက်ချိန်သုံးလတို့ကို နှိုင်းယှဉ်ပါက ဒီဇင်ဘာတွင် စိုက်ခြင်းက စပါးအထွက်ပိုမိုလေ့ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများအတွက် ဒီဇင်ဘာလသည် စိုက်ချိန်မှန်ဖြစ်ကြောင်း ထောက်ခံလိုပါသည်။

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများ၏ မိုးစပါးစိုက်ချိန်သည် မြန်မာနိုင်ငံအောက်ပိုင်း ဒေသများနှင့်ခြားနားသည်။ မုတ်သုန်ဝင်ရောက်မှုနောက်ကျသဖြင့် မိုးစပါးကို နောက်ကျစိုက်ပျိုးရ သည်။ အကျိုးဆက်အားဖြင့် မိုးစပါးရိတ်သိမ်းချိန်သည်လည်း နောက်ကျသည်။ သက်လျင်စပါး မျိုးများကို စိုက်ပျိုးခြင်းကြောင့် နိုဝင်ဘာတွင် ရိတ်သိမ်းနိုင်ပါကလည်း နိုဝင်ဘာသည် နွေစပါး အတွက် စိုက်ချိန်မှန်မဟုတ်သဖြင့် စပါးအထွက်လျော့နည်းနိုင်ကြောင်း စမ်းသပ်တွေ့ရှိပြီးဖြစ်ပါ သည်။

နိုဝင်ဘာစိုက်နွေစပါးသည် အပင်ပွားစည်းကာလတွင် စပါးပင်မကြိုက်သည့် နိမ့်သော အပူချိန်များနှင့် ကြုံတွေ့ရနိုင်ပါသည်။ စပါးပင်အရပ်ပုခြင်း၊ နှံစတိုခြင်း၊ တစ်နှံပါသီးလုံးနည်းခြင်း တို့ကြောင့် စပါးအထွက်လည်း လျော့နည်းရခြင်း ဖြစ်နိုင်ပါသည်။ အလားတူ ဒီဇင်ဘာသည်လည်း နွေစပါးစိုက်ပျိုးခြင်းမပြုသင့်သေးပါ။ နိုဝင်ဘာစိုက်ထက် အထွက်ပိုမိုနိုင်သော်လည်း မျှော်လင့် သည့်မြင့်မားသောစပါးအထွက်နှုန်းကို ရရှိနိုင်ခြင်းမရှိသေးကြောင်း လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံအထက်ပိုင်းဒေသများအတွက် နွေစပါးအထွက်ကောင်းရန် စတင်မျှော်လင့် နိုင်သည့် စိုက်ချိန်မှာ ဇန်နဝါရီလလယ်ဖြစ်သည်။ သို့သော် ဤစိုက်ချိန်သည်လည်း စပါးအပင် ကြီးထွားမှုကာလကို အဟန့်အတားပြုသည့် အပူချိန်အနိမ့်ဆုံးဒီဂရီစင်တီဂရိတ် ၂၀ ထက်လျော့ နည်းသည့်ကာလများနှင့် ကြုံတွေ့ရနိုင်သေးသည်။ အပူချိန်အနိမ့်ဆုံးနှင့်ကင်းလွတ်ပြီး စပါး အထွက် အမြင့်ဆုံးရရှိလိုပါက ဖေဖော်ဝါရီလလယ်တွင် နွေစပါးကိုစိုက်ရန် အကောင်းဆုံး စိုက်ချိန်အဖြစ် ထောက်ခံလိုပါသည်။

စပါးစိုက်ပျိုးရာ၌ အနှံအရေအတွက်များ၍ အောင်စေ့ရာခိုင်နှုန်းကောင်းစေသော စိုက်ချိန်ဖြစ်ရန် လိုသည်။ အနှံအရေအတွက်နှင့် အောင်စေ့ရာခိုင်နှုန်းတို့သည် စပါးအထွက်နှုန်း မြင့်မားရေးအတွက် အရေးပါသည့် မိတ်ဖက်များဖြစ်ကြသည်။ ဖေဖော်ဝါရီလတွင် နွေစပါးကို စိုက်ပျိုးပါက ယူနစ်ဧရိယာအတွင်း၌ အနှံအရေအတွက်များပြီး အောင်စေ့ရာခိုင်နှုန်း ကောင်းခြင်း

ကြောင့် စပါးအမြင့်ဆုံးထွက်ရှိစေသည့် နွေစပါးစိုက်ချိန်ဖြစ်ကြောင်း သုတေသနတွေ့ရှိချက်များအရ ဖော်ပြလိုပါသည်။

မြန်မာနိုင်ငံအထက်ပိုင်းဒေသများရှိ ဆည်ရေသောက်ဒေသများတွင် သုံးသီးစားသီးထပ်သီးနှံပုံစံကို ချမှတ်ကျင့်သုံးနေပြီဖြစ်သည်။ မိုးစပါး-ပဲမျိုးစုံ-နွေစပါး သီးနှံပုံစံသည် အောင်မြင်စွာဆောင်ရွက်လျက်ရှိသည့် သီးနှံပုံစံဖြစ်သည်။ မိုးစပါး-မတ်ပဲ-နွေစပါးသီးနှံပုံစံနှင့် မိုးစပါး-ကုလားပဲ-နွေစပါး သီးနှံပုံစံတို့သည် အကျိုးအမြတ်ဝင်ငွေပိုမိုရရှိသဖြင့် တောင်သူလယ်သမားအများစု စိုက်ပျိုးလျက်ရှိသော ထင်ရှားသည့်သီးနှံပုံစံများဖြစ်သည်။ သုံးသီးစားသီးနှံပုံစံ၏ ဒုတိယသီးနှံများဖြစ်သော မတ်ပဲ၊ ကုလားပဲ၊ ပဲမျိုးစုံသီးနှံများကို လျင်မြန်စွာရိတ်သိမ်းပြီးသည်နှင့် နွေစပါးကို ဖေဖော်ဝါရီလလယ်တွင် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးကြစေလိုပါသည်။ နောက်အကျဆုံးစိုက်ပျိုးသင့်သည့် စိုက်ချိန်မှာမတ်လလယ်ဖြစ်ကြောင်း အသိပေးလိုပါသည်။

မိုးစပါးအပြီး စိုက်ပျိုးသည့် ပဲမျိုးစုံသီးနှံ ရိတ်သိမ်းချိန်နောက်ကျသည့်ဒေသများ၌ နွေစပါးကို မတ်လသာမက ဧပြီလအထိ စိုက်ပျိုးကြသည်ကို တွေ့ရှိရသည်။ စိုက်ချိန်နောက်ကျသောကြောင့် နွေစပါးပန်းပွင့်ချိန်သည် နွေရာသီ၏ အပူချိန်အမြင့်ဆုံးဒီဂရီစင်တီ ဂရိတ် ၄၀ ခန့်နှင့်ကြုံတွေ့နိုင်ပါသည်။ စပါးအစေ့များအဖျင်းများပြီး အလေးချိန်မစီးသောကြောင့် စပါးအထွက်လျော့နည်းမည်သာဖြစ်ပါသည်။

နွေစပါးကို မတ်လနှင့်ဧပြီလတွင် စိုက်ခြင်းသည် ရိတ်သိမ်းချိန်၌ မုတ်သုန်မိုးနှင့်ကြုံတွေ့ရ၍ မိုးမိသဖြင့် စပါးအလေအလွင့်ဖြစ်ကာ ဆုံးရှုံးမှုကြောင့် အထွက်လျော့နည်းနိုင်ပါသည်။ ၎င်းအပြင် နွေစပါးအပြီး မိုးစပါးစိုက်ပျိုးရေးအတွက် စိုက်ချိန်နောက်ကျနိုင်ပါသည်။ ဆက်လက်၍ မိုးစပါးစိုက်ချိန်နောက်ကျခြင်းကြောင့် မိုးစပါးအထွက်လျော့နည်းဦးမည်ဖြစ်သည်။ ဤသို့ဖြစ်၍ မိုးစပါး-ပဲမျိုးစုံ- နွေစပါး သီးနှံပုံစံတွင် မိုးစပါးအပြီး ပဲမျိုးစုံ၊ ပဲမျိုးစုံအပြီး နွေစပါးတို့ စိုက်ချိန်၊ ရိတ်ချိန်များ နောက်ကျမှုသံသရာလည်ကာ သီးနှံပုံစံအတွဲတစ်ခုလုံး အကျိုးအမြတ်နည်းနိုင်ပါသည်။

နွေစပါးသည် သဘာဝအရ မိုးစပါးထက် အထွက်ပိုရမည်သာဖြစ်သည်။ အကြောင်းမှာ နွေစပါးစိုက်ပျိုးရာသီတွင် မိုးတိမ်ကင်းစင်သည်။ စပါးပင်သည် သက်တမ်းကာလတစ်လျှောက်လုံးတွင် နေရောင်ခြည်ကို အပြည့်အဝရရှိနိုင်ပါသည်။ နေရောင်ခြည်ကို အသုံးပြု၍ အစာချက်လုပ်မှုလုပ်ငန်းကို ဆောင်ရွက်ရသည်ဖြစ်ရာ အစာချက်လုပ်မှုပိုမိုသဖြင့် စပါးအထွက်ကောင်းစေခြင်းဖြစ်ပါသည်။ အကယ်၍ နွေစပါးသည် မိုးစပါးထက် တစ်ဧကအထွက်နှုန်း မြင့်မားခြင်းမရှိပါက နွေစပါးစိုက်ချိန်လွဲမှားခြင်းသည် အကြောင်းအချက်တစ်ရပ်ဖြစ်နိုင်ကြောင်း အသိပေးလိုပါသည်။

နွေစပါးအား စွမ်းရည်အပြည့် အထွက်နှုန်းမြင့်မားရေးအတွက် ဒေသအခြေအနေအလိုက် စိုက်ချိန်မှန်စေလိုသည်။ မြန်မာနိုင်ငံအောက်ပိုင်း နွေစပါးစိုက်ဒေသများတွင် သင်္ကြန်မတိုင်မီ မိုးလွတ်လေလွတ် ရိတ်သိမ်းပြီးစီးရေး၊ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နွေစပါး၏ အပင်ကြီးထွားမှုကာလ၌ အပူချိန်အနိမ့်ဆုံး ဒီဂရီစင်တီဂရိတ် ၂၀ ထက်လျော့နည်းသည့် ကာလနှင့်ကြုံတွေ့မှုမရှိစေရေး၊ နွေစပါးပန်းပွင့်ချိန်တွင် အပူချိန်အမြင့်ဆုံး ၃၅ ဒီဂရီစင်တီဂရိတ်ထက်

ကျော်လွန်မှုများနှင့် မတိုက်ဆိုင်စေရေး၊ သုံးသီးစား သီးထပ်သီးနှံပုံစံ စိုက်ပျိုးဒေသများ၌ တစ်သီးပြီး သစ်သီးစိုက်ချိန်နောက်မကျစေရေးတို့အတွက် နွေစပါးစိုက်ချိန်မှန်ကို အလေးထား ရွေးချယ်စိုက်ပျိုးရန် လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။

" နွေစပါးအထွက်နှုန်းမြင့်မားရေး စိုက်ပျိုးနည်းစနစ်မှန်ကိုရွေး "

သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက်မြန်မာနိုင်ငံတစ်ဝှန်းတွင် မိုးရာသီနှင့် နွေရာသီနှစ်မျိုးစလုံးတွင် စပါးကိုစိုက်ပျိုးလျှက်ရှိကြပါသည်။ စပါးစိုက်ပျိုးရာတွင် တောင်သူလယ်သမားအများစုသည် မိုးရာသီ၌ ပျိုးထောင်ကောက်စိုက်စနစ်ကို အသုံးပြုလေ့ရှိပြီး နွေရာသီ၌ တိုက်ရိုက်မျိုးစေ့ချစနစ်ကို အသုံးပြုလေ့ရှိသည်။ မိုးရာသီဖြစ်စေ နွေရာသီဖြစ်စေ ဒေသရေမြေအခြေအနေနှင့် ကိုက်ညီသည့် စိုက်ပျိုးနည်းစနစ်ကို ဆောင်ရွက်သင့်သည်ဖြစ်ရာ နွေစပါးအတွက်သင့်တော်သည့်နည်းစနစ်ကို ရွေးချယ်အသုံးပြုရေးအသိပေးလို၍ ဤဆောင်းပါးကို ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

ပျိုးထောင်ကောက်စိုက်စနစ်သည် စိုက်ခင်းမဟုတ်သည့် လယ်မြေတစ်နေရာတွင် ပျိုးခင်းပြုလုပ်၍ကြိုတင်ပျိုးထောင်ကာ ပျိုးပင်အသက် ၂၅ ရက်မှ ရက် ၃၀ သားတွင် စိုက်ခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးသည့် စနစ်ဖြစ်သည်။ ဤစနစ်သည် နွေစပါးစိုက်ချိန်သို့ရောက်ရှိသော်လည်း စိုက်ခင်းသည် ဆောင်းသီးနှံ ရိတ်သိမ်းနိုင်ခြင်းမရှိသေးသည့် လယ်မြေများတွင် အသုံးပြုသင့်သည့်နည်းစနစ်ဖြစ်ပါသည်။ အချို့လယ်မြေများသည် နွေစပါးစိုက်ချိန်သို့ ရောက်ရှိသော်လည်း လယ်ကွက်အတွင်း၌ ရေများရှိနေပြီးရေထုတ်၍ရနိုင်သည့် အခြေအနေမရှိချေ။ အဆိုပါလယ်မြေများတွင်လည်း ပျိုးထောင်ကောက်စိုက်စနစ်ကိုအသုံးပြုသင့်ပါသည်။ ၎င်းအပြင် မြေမျက်နှာပြင်မညီညာခြင်း တစ်ဘက်စောင်းတစ်ဘက်နိမ့်ဖြစ်ခြင်းတို့ကြောင့် ရေနေရေထိုင်အနိမ့်အမြင့်ဖြစ်ပေါ်လေ့ရှိသည့် လယ်မြေများတွင်လည်းအသုံးပြုသင့်ပါသည်။

ပျိုးထောင်ကောက်စိုက်စနစ်ဖြင့် နွေစပါးကိုစိုက်ရန်ဖြစ်ပါက သက်လတ်စပါးမျိုးကိုသာစိုက်ပျိုးရန်ထောက်ခံလိုပါသည်။ သက်လတ်စပါးမျိုးသည် သက်လျင်စပါးမျိုးထက် ပျိုးသက်ကြီးဒဏ်ကိုခံနိုင်သည်။ ဆောင်းသီးနှံရိတ်သိမ်းချိန်စောင့်ဆိုင်းရခြင်း ရေထုတ်ရန် ခက်ခဲခြင်းစသည့်အကြောင်းကြောင်းကြောင့် ပုံမှန်စိုက်ချိန်ထက်နောက်ကျ၍ ရွှေ့ပြောင်းကောက်စိုက်ရပါကသက်လျင်စပါးမျိုးမှာ အထွက်လျော့နည်းနိုင်ပါသည်။

စပါးတိုက်ရိုက်မျိုးစေ့ချစနစ်သည် ပျိုးထောင်ကောက်စိုက်စနစ်နှင့် နှိုင်းယှဉ်ပါကစိုက်ပျိုးရေလိုအပ်မှုနည်းပါသည်။ ပျိုးခင်းပြုပြင်ရန်ရေမလိုအပ်သကဲ့သို့ စိုက်ခင်းတွင် ကောက်ပင်တည်မြဲရန် ရေများစွာမလိုအပ်ချေ။ မိုးရာသီကဲ့သို့ရွာသွန်းမည့်မိုးရေကို မျှော်ကိုး၍မရပါ။ ဆည်ရေ၊ မြစ်ချောင်းရေ၊ မြေအောက်ရေ စသည့်သွင်းရေကိုသာ အားကိုးရသည်ဖြစ်၍ ရေကို

လိုအပ်မှသာ အသုံးပြုလိုသည်မှာ နွေစပါးစိုက်ပျိုးသူတောင်သူလယ်သမားတိုင်း၏ ဆန္ဒဖြစ်ပါမည်။ ထို့ကြောင့်သွင်းရေကိုသာ အားကိုးစိုက်ပျိုးရသောနွေရာသီတွင် တိုက်ရိုက်မျိုးစေ့ချစနစ်သည်သာလျှင် အသင့်တော်ဆုံးစိုက်ပျိုးနည်းစနစ်ဖြစ်ပါသည်။

တိုက်ရိုက်မျိုးစေ့ချစနစ်သည် ပျိုးခင်းပြုပြင်ရန်၊ ပျိုးထောင်ရန်နှင့် ပျိုးပင်များကို ရွှေ့ပြောင်းကောက်စိုက်ရန် မလိုအပ်ခြင်းကြောင့် စိုက်ပျိုးကုန်ကျစရိတ် သက်သာပါသည်။ သုတေသနတွေ့ရှိချက်များအရ စနစ်အလိုက်ပြုစုဂရုစိုက်မှုမှန်ကန်ပါက ပျိုးထောင်ကောက်စိုက်စနစ်နှင့် တိုက်ရိုက်မျိုးစေ့ချစနစ်သည် စပါးအထွက်တူညီသဖြင့် တိုက်ရိုက်မျိုးစေ့ချစနစ်သည် အကျိုးအမြတ်ဝင်ငွေပိုမိုရရှိစေပါသည်။ သို့ဖြစ်၍ နွေစပါးကို တိုက်ရိုက်မျိုးစေ့ချနည်းစနစ်ဖြင့် စိုက်ပျိုးသင့်ကြောင်း အသိပေးလိုပါသည်။

နွေစပါး တိုက်ရိုက်မျိုးစေ့ချနည်းစနစ်မှန်ကိုကျင့်သုံးသင့်သည်

တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် စိုက်ပျိုးရာတွင် စပါးမျိုးစေ့ကို ကြဲပက်စိုက်ပျိုးခြင်း၊ ကြိုးတန်းကိုအသုံးပြု၍ လက်ဖြူးချစိုက်ပျိုးခြင်း၊ လက်စုချစိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းစသည့် နည်းလမ်းအမျိုးမျိုးကို အသုံးပြုနိုင်ပါသည်။

ကြဲပက်စိုက်ပျိုးနည်းစနစ်သည် အလွယ်ကူဆုံးနှင့် ကုန်ကျစရိတ်အသက်သာဆုံး နည်းစနစ်ဖြစ်ပါသည်။ ထွန်ရေးတမန်းကောင်းမွန်ပြီး တမန်းပြင်ညီညာအောင် ဆောင်ရွက်ရန်လိုသည်။ စပါးမျိုးစေ့ကို စာပါးစပ်ပြုအညှောက်ဖေါက်ပြီး တစ်ဧကလျှင်မျိုးစေ့နှစ်တင်းနှုန်းသာသုံးစွဲရန် ဖြစ်

ပါသည်။ အကယ်၍တမန်းပြင်မညီညာခြင်း၊ ကြဲပက်စိုက်ပျိုးအပြီး အလွယ်တစ်ကူရေကို ပြောင်စင်အောင်ချက်ချင်းမထုတ်နိုင်ခြင်း၊ မျိုးစေ့သည် အပင်ပေါက်ရာခိုင်နှုန်း ၈၀ ထက်လျော့နည်းခြင်း-စသည့် မျိုးစေ့မြေကျသလောက် အပင်မပေါက်နိုင် သည့်အခြေအနေများ ဖြစ်ပေါ်နေပါက တစ်ဧကလျှင် မျိုးစေ့နှစ်တင်းနှုန်းထက် ပိုမိုသုံးစွဲမှသာ လိုအပ်သည့်အပင်ပေါက်အရေအတွက်ရရှိနိုင်သည်ကို သတိမူသင့်ပါသည်။

နွေစပါးကို တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးရာတွင် ကြဲပက်စိုက်ပျိုးမည့်အစား အတန်းလိုက်စိုက်ပျိုးသင့်ပါသည်။ အတန်းလိုက်စိုက်ပျိုးပါက မျိုးစေ့ကိုလျော့နည်း သုံးစွဲနိုင်သဖြင့်ကုန်ကျစရိတ်ပိုမိုသက်သာသည်။ စိုက်တန်းကြားတွင် ကြားတိုက်တမန်းနှိုးပေါင်းလိုက်ကိရိယာဖြင့် ပေါင်းမြက်များကို အလွယ်တကူနှိမ်နင်းနိုင်သည်။ ပိုးမွှားရောဂါကျရောက်ပါက ဆေးဖြန်းနှိမ်နင်းရာတွင်လည်းကောင်း၊ စပါးမျိုးသန့်စင်မှုကိုစစ်ဆေး၍မျိုးကွဲကို နှုတ်ပယ်ရာတွင်လည်းကောင်း၊ စပါးပင်အပင်ပိုင်းကြီးထွားကာလတွင် အပင်ပေါ်သို့ မြေဩဇာကြဲပက်ရာတွင်လည်းကောင်း၊ အတန်းကြားတလျှောက်လူဝင်ရောက်နိုင်၍ လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ရာတွင် လွယ်ကူသက်သာစေပါသည်။

တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးရာ၌ အတန်းလိုက်ဖြစ်စေရာတွင် ကြိုးတန်းကိုအသုံးပြု၍ ကွက်မြီးတန်းချစိုက်ပျိုးနိုင်သည်။ ကြိုးတန်းတလျှောက် ကောက်စိုက်သကဲ့သို့ လက်စုချ စိုက်ပျိုးနိုင်သည်။ မျိုးစေ့ချကိရိယာတစ်မျိုးမျိုးကို အသုံးပြု၍ စိုက်ပျိုးနိုင်သည်။ လက်လှမ်းမီရာအီရီမျိုးစေ့ချကိရိယာ၊ ဗီယက်နမ်မျိုးစေ့ချကိရိယာ၊ ၈လက်မတန်း၊ ၆လက်မတန်း အဆင်ပြေရာဖြင့် အတန်းဖြစ်စေရေး ဆောင်ရွက်ကြရန်တိုက်တွန်းလိုပါသည်။ ဖိလစ်ပိုင်နိုင်ငံ အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာနနှင့် မြန်မာနိုင်ငံ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းစမ်းသပ်တီထွင်ခဲ့သည့် အီရီမျိုးစေ့ချကိရိယာကို နေပြည်တော် ပျဉ်းမနား၊ လယ်ဝေး ဝန်းကျင်တွင် နွေစပါးစတင်စိုက်ပျိုးခဲ့သည့် ၁၉၉၃ ခုနှစ်ခန့်မှသည် ယနေ့ထိတိုင်အသုံးပြုလျက်ရှိပါသည်။ ယခုအခါဗီယက်နမ်မျိုးစေ့ချကိရိယာကိုပါအသုံးပြုနေကြပြီဖြစ်ပါသည်။

တိုက်ရိုက်မျိုးစေ့ချနည်း အမျိုးမျိုးဖြစ်သည့် ဖော်ပြပါကြဲပက်ခြင်း၊ အတန်းလိုက်လက်ဖြူးမျိုးစေ့ချခြင်း၊ ၈လက်မတန်းမျိုးစေ့ချကိရိယာ(သို့) ၆လက်မတန်း မျိုးစေ့ချကိရိယာသုံးခြင်းတို့သည် နည်းစနစ်ကွာခြားသော်လည်း တစ်ဧကစပါးအထွက်ပေးစွမ်းနိုင်မှုမှာ ကွာခြားစေခြင်းမရှိကြောင်း သုတေသနတွေ့ရှိပြီးဖြစ်ပါသည်။ ဒေသရေမြေအခြေအနေ တောင်သူစိတ်အားသန်ရာနှင့် အဆင်ပြေရာနည်းစနစ်ကိုအသုံးပြုစိုက်ပျိုးစေလိုပါသည်။

၄

မျိုးစေ့ချကိရိယာကို အသုံးပြုစိုက်ပျိုးရာတွင် သတိမူဆောင်ရွက်သင့်သည်များကို အသိပေးလိုပါသည်။ မျိုးစေ့များကို အစိုတမန်းပြင်ပေါ်၌ အတန်းလိုက်ကျစေရန် မျိုးစေ့ချ ကိရိယာကို လူဖြင့်ဆွဲရသည်ဖြစ်ရာ ပေါ့ပါး၍ ဆွဲအားကောင်းစေရန် မစိုက်ပျိုးမီ နောက်ဆုံး ထွန်ရေးပြီးဆုံးသည်နှင့် ကြမ်းတုံးဖြင့်ရိုက်၍ တမန်းပြင်ကိုညီညာအောင်ဆောင်ရွက်ရန် လိုသည်။ စိုက်ခင်းအတွင်းမှရေများကို ပြောင်စင်အောင်ထုတ်ပစ်ရန်လိုသည်။ ရေဝပ်သော နေရာတွင် ကျရောက်သောမျိုးစေ့များသည် အပင်မပေါက်ခြင်း၊ အပင်ပေါက်နှေးခြင်း၊ ကြုံလှီသေးကွေးသော အပင်များပေါက်လာခြင်း စသည်တို့ဖြစ်ပေါ်နိုင်သည်။ စပါးမျိုးစေ့ကို အညှောင့်ဖေါက်ရာတွင် စာပါးစပ်ပြူအဆင့်ဖြစ်ရုံသာ ဆောင်ရွက်ရန်ဖြစ်သည်။ မျိုးညှောင့်ရှည်ပါက မျိုးစေ့ချကိရိယာ ရှိအပေါက်များပိတ်နိုင်သဖြင့် မျိုးစေ့အကျနည်းကာ အပင်ဦးရေလျော့နည်းနိုင်ပါသည်။

မည့်သည့်တိုက်ရိုက်မျိုးစေ့ချနည်းစနစ်ဖြင့် စိုက်ပျိုးသည်ဖြစ်စေ အဓိကအလေးပေး ဂရုပြုရမည်မှာ ပေါင်းမြက်ကာကွယ်နှိမ်နင်းရေးဖြစ်ပါသည်။ ပျိုးထောင်ကောက်စိုက်စနစ်နှင့် နှိုင်း ယှဉ်လျှင် တိုက်ရိုက်မျိုးစေ့ချနည်းစနစ်သည် ပေါင်းမြက်ပေါက်ရောက်မှုပိုမိုသည်။ အကြောင်းမှာ အစိုတမန်းပြင်တွင် ပေါင်းမြက်ပင်နှင့် စပါးပင်သည် တစ်ပြိုင်တည်း ပေါက်ရောက်ကြီးထွားကာ သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်ခွင့်ရရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် တိုက်ရိုက်မျိုးစေ့ချပြီး သည်နှင့် ပေါင်းမြက်စေ့များအပင်မပေါက်မီ ကြိုတင်ကာကွယ်သည့် ပေါင်းသတ်ဆေး(Pre-emergence Herbicide)၊ မျိုးစေ့ချပြီး တစ်ပတ်(သို့) ၁၀ ရက်ခန့်အကြာ၊ ပေါင်းပင်ငယ်များ အရွက် ၂ ရွက်မှ ၃ရွက်ထွက်ချိန် နှိမ်နင်းသည့်ပေါင်းသတ်ဆေး (Post-emergence Herbicide) တို့ကို သုံးစွဲ၍ ပေါင်းမြက်ကာကွယ်နှိမ်နင်းရန်လိုသည်။ လက်ပေါင်းလိုက်ခြင်း၊ အတန်းလိုက်မျိုး စေ့ချစိုက်ခင်း တွင် ကြားလိုက်ပေါင်းလိုက်ကိရိယာဖြင့် ပေါင်းမြက်သုတ်သင်ခြင်းတို့ကို ဆောင်ရွက်ကာ ဘက် ပေါင်းစုံပေါင်းမြက်ကာကွယ်နှိမ်နင်းနည်းစနစ်ကို ကျင့်သုံးရန်တိုက်တွန်းလိုသည်။ တိုက်ရိုက်မျိုး စေ့ချစိုက်ပျိုးနည်းစနစ်သည် ပျိုးထောင်ကောက်စိုက်စနစ်ထက် ကုန်ကျစရိတ်သက်သာသော် လည်း ပေါင်းမြက်ကိုထိရောက်စွာနှိမ်နင်းခြင်းမရှိပါက စပါးအထွက်လျော့နည်းမည်ဖြစ်ပါသည်။

နွေစပါးသည် မိုးစပါးထက်အထွက်စွမ်းရည်ပိုမိုသောကြောင့် စိုက်ပျိုးရာတွင် စိုက်ချိန်မှန်ရေး၊ ကုန်ကျစရိတ်သက်သာရေး၊ ပေါင်းမြက်နှိမ်နင်းရေးတို့ကို ထည့်သွင်းစဉ်းစားကာ ပျိုးထောင်ကောက်စိုက်စနစ် (သို့) သင့်တော်ရာ တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့်စိုက်ပျိုး၍ စနစ် အလိုက်လုပ်ငန်းအဝဝကို လစ်ဟင်းမှုမရှိစေရေး သတိမူအလေးထားဆောင်ရွက်ကြရန် တိုက်တွန်း

၄

လိုပါသည်။ မိမိလယ်မြေအတွက် စိုက်ပျိုးနည်းစနစ်မှန်ကို ရွေးချယ်မှုမှန်ကန်ခြင်းဖြင့် တစ်ဧက အထွက်နှုန်းမြင့်မား၍ နွေးစပါးစိုက်ပျိုးသူအားလုံး အကျိုးအမြတ်ပိုမိုရရှိစေရန် ဆန္ဒပြုမိပါသည်။

စပါးတိုက်ရိုက် မျိုးစေ့ချအခြောက်စိုက်နည်း

ဆောင်ရွက်သင့်သည့်ဒေသ

မြန်မာပြည်အလယ်ပိုင်းနှင့်အထက်ပိုင်း မိုးကောင်းသောက်ဒေသများတွင် စပါးတိုက်ရိုက် မျိုးစေ့ချအခြောက်စိုက်နည်းကို ကျင့်သုံး၍ စပါးကိုအောင်မြင်စွာ စိုက်ပျိုးနိုင်ပါသည်။ အဆိုပါဒေသများတွင် မုတ်သုန်မိုးစတင်ချိန်မသေချာခြင်း၊ မိုးဦးနောက်ကျခြင်း၊ မိုးရေကို လုံလောက်စွာပုံမှန်မရရှိခြင်းတို့ကြောင့် ပျိုးသက်ကြီးသွားခြင်း၊ ပျိုးပင်များသေကြေပျက်စီးခြင်းများ ဖြစ်ပေါ်တတ်သဖြင့် စပါးကို ပျိုးထောင်ကောက်စိုက်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့ရတတ်ပါသည်။

မြေပြုပြင်ခြင်းနှင့် စိုက်ကြောင်းဖော်ခြင်း

ပထမဦးဆုံးရွာသောမိုးဖြင့် မြေတွင်းအစိုဓာတ် လုံလောက်စွာရရှိချိန်တွင် ထယ်ထိုးပါ။ ယခင်နှစ်က သီးနှံရိတ်သိမ်းပြီးလျှင်ပြီးခြင်း မိုးနှောင်းထယ်ရေး (သို့မဟုတ်) နွေထယ်ရေးခံထားခဲ့ပါက ပိုမိုလျင်မြန်စွာ အစိုဓာတ်ရရှိစေပြီး ထယ်ရေးကောင်းရရန်လွယ်ကူစေပါသည်။

ထယ်ရေးညက်ရန်နှင့် အမှိုက်သရိုက်များကို ဖယ်ရှားရန်အတွက် ထယ်ထိုးပြီးလျှင်ပြီးချင်း ထွန်မွှေပါ။ မြေတွင်းရှိပေါင်းမျိုးစေ့များမှ အပင်ပေါက်လာပြီး ပေါင်းမြက်များစုံလင်စွာ ပေါက်လာပါက ထပ်မံထယ်ထိုး၍ ထွန်ရေးညက်သည်အထိ အကြိမ်ကြိမ်ထွန်မွှေပါ။ စပါးတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးရာတွင် ပေါင်းပင်များနှိမ်နင်းရန်အရေးကြီးသဖြင့် မျိုးစေ့ချစိုက်ပျိုးရန် စိုက်ကြောင်းများ မဖော်မီ ပေါင်းနှိမ်နင်းခြင်းကို အထူးအလေးထားဆောင်ရွက်လိုသည်။ အခြေခံမြေဩဇာများကို နောက်ဆုံးအကြိမ်ထွန်မဝင်မီတွင် ထည့်သွင်းပါ။ ထွန်ရေးကောင်းစွာပြင်၍ ကြမ်းတုန်းရိုက်မြေညှိပြီးပါက ရှစ်လက်မမှ ဆယ်လက်မကြား စိုက်ကြောင်းများဆွဲပါ။ စိုက်ကြောင်းဆွဲရာတွင် ရိုးရိုးထွန်ကိုပင် အသွားအရှည် ခြောက်လက်မခန့်ရှိစေပြီး ဆွဲနိုင်ပါသည်။ စိုက်ကြောင်းများအားလုံးသည် တစ်ခုနှင့်တစ်ခု အကွာအဝေးညီပြီး ဖြောင့်တန်းနေရပါမည်။

မျိုးစေ့ချစိုက်ပျိုးခြင်း

ဒေသအလိုက် သင့်တော်သောစပါးမျိုးကို အသုံးပြုပါ။ မိုးခေါင်ဒဏ်ခံနိုင်သော ယာ-၂၊ ယာ-၂ထွန်း စပါးမျိုးများသက်တမ်းတိုသော ရွှေသွယ်ရင်၊ ရတနာအောင်၊ အိုင်အာ ၇၄၇၊ ထွန်းသီရိ ကဲ့သို့ စပါးမျိုးများကို အသုံးပြုနိုင်သည်။

အသုံးပြုသောမျိုးသည် သန့်စင်ကောင်းမွန်၍ အနည်းဆုံးအပင်ပေါက်ရာခိုင်နှုန်း ၈၀ ရှိသော မျိုးစေ့များကိုသာသုံးစွဲပါ။ အဖျင်းအမှော်စေ့များ၊ ပေါင်းမျိုးစေ့များနှင့် အခြားမလိုလားအပ်သော အမှိုက်သရိုက်များကို လှေ့၍ဖယ်ထုတ်ပါ။

မျိုးစေ့များကို စိုက်ကြောင်းဖော်ထားသောမြေပေါ်တွင် တစ်ဧကလျှင် တစ်တင်းမှ တစ်တင်းခွဲနှုန်းဖြင့် ညီညာပျံ့နှံ့အောင်ကြဲပါ။ အချို့မျိုးစေ့များသည် ဘောင်ပေါ်တွင် တင်နေကောင်း တင်နေမည်ဖြစ်သော်လည်း မြေဖုံးသည့်အခါ အလိုလိုစိုက်ကြောင်းအတွင်းသို့ ကျသွားပါလိမ့်မည်။

မျိုးစေ့နှုန်းကို လိုအပ်သည်ထက်ပိုမိုသုံးစွဲပါက စပါးပင်များထူထပ်ပြီး အပင်ယိုင်လဲနိုင်သည်။ ရိတ်သိမ်းချိန်တွင် အဖျင်းအမှော်များပြီး စပါးထွက်လျော့နိုင်ပါသည်။

မျိုးစေ့ကြဲပြီးသည်နှင့် တစ်ပြိုင်နက် ထွန်သွားများဖြုတ်ထားသော ထွန်တုံးဖြင့်ဖြစ်စေ၊ ခြောက်ပေခန့်ရှည် သစ်တုံးငယ်ကြမ်းတုံးဖြင့်ဖြစ်စေ၊ စိုက်ကြောင်းများအတိုင်း စုန်၍သော်လည်းကောင်း၊ ဓားလွယ်ခုတ်ရွှေစောင်း၍ သော်လည်းကောင်း မောင်းခြင်းဖြင့် မျိုးစေ့များကိုဖုံးပါ။

တိုက်ရိုက်မျိုးစေ့ချအခြောက်စိုက် စပါးခင်း

ပေါင်းနှိမ်နင်းခြင်း၊ ရေထိန်းသိမ်းခြင်းနှင့် ပြုစုဂရုစိုက်ခြင်း

မြေအစိုဓာတ်ရရှိမှုအပေါ် မူတည်၍ စိုက်ပြီးခုနှစ်ရက်မှ ဆယ်ရက်အတွင်း စိုက်တန်းများအတွင်း၌ စပါးပင်များပေါက်လာမည်ဖြစ်သည်။ ဤအစောပိုင်းကာလတွင် ပေါင်းများနှိမ်နင်းရန်အရေးကြီးသည်။

စပါးပင်ပေါက်ပြီး တစ်ပတ်မှ ၁၀ ရက်အတွင်း ဘီးတပ်ကြားလိုက်ကိရိယာသုံး၍ဖြစ်စေ၊ စိုက်ကြောင်းဆွဲခဲ့သော် ထွန်ကိုအသုံးပြု၍ဖြစ်စေ အတန်းတွင်းကြားလိုက်ပါ။

၎င်းနောက် ကန်သင်းရှိသော လယ်မြေဖြစ်ပါက ကန်သင်းများကိုလုံအောင်ပိတ်၍ ရွှံသွန်းသော မိုးရေများကို စပါးရွက်များပေါ်နိုင်သော အနေအထားထိစုဆောင်းထိန်းသိမ်းသိုလှောင်ပါ။ ၎င်းသည် ပေါင်းနှိမ်နင်းရာတွင် များစွာအကျိုးရှိသည့်အပြင် စပါးပင်များကြီးထွားဖြစ်ထွန်းမှုကိုလည်း ညီညာစေပါသည်။

စပါးပင်များကြီးထွားမှု ကာလတစ်လျှောက်လုံးတွင် လယ်ကွက်အတွင်း မိုးရေလေးလက်မမှ ခြောက်လက်မအတွင်းရှိနေစေခြင်း၊ ကြားပေါင်းလိုက်ကိရိယာကို အသုံးပြု၍ နှစ်ကြိမ်မှ သုံးကြိမ်ပေါင်းမြက်နှိမ်နင်းခြင်း၊ လိုအပ်ပါက လက်ပေါင်းလိုက်ခြင်း၊ မြေသြဇာကြဲပက်ခြင်းတို့ကို လိုအပ်သလိုဆောင်ရွက်ရပါမည်။

အကျိုးကျေးဇူး

ဤနည်းကိုအသုံးပြုခြင်းဖြင့် ပျိုးခင်းဖြင့်ပျိုးထောင်စရိတ်၊ ပျိုးနှုတ်စရိတ်နှင့် ကောက်စိုက်စရိတ်များကို သက်သာစေနိုင်ပါသည်။

စပါးပင်ဖြစ်ထွန်းမှုအတွက် တမန်းပြင်ရန် မိုးရေမလုံလောက်သည့် အခြေအနေတွင် စပါးတစ်သီးကို လက်မလွတ်တမ်းစိုက်ပျိုးနိုင်ပါသည်။

အကယ်၍ စနစ်တကျကောင်းစွာ စီမံဆောင်ရွက်မည်ဆိုပါက ပျိုးထောင်ပြောင်းရွှေ့စိုက်ပျိုးရရှိသော စပါးအထွက်နှုန်းနှင့် အလားတူအထွက်နှုန်းကို ရရှိစေမည်ဖြစ်ပါသည်။

စပါးစိုက်ရန်မုတ်သုန်မိုးအလုံအလောက်ရသည်အထိ စောင့်ဆိုင်းရန်မလိုဘဲ အချိန်ကုန်သက်သာစေသည့်အပြင် စပါးကိုစောစွာရိတ်သိမ်းနိုင်သောကြောင့် စပါးအပြီးသီးထပ်သီးနှံ တစ်မျိုးမျိုးကို အချိန်ရာသီမီစိုက်ပျိုးနိုင်ပါသည်။

အစိုတမန်းပြင် နွေစပါးတိုက်ရိုက်မျိုးစေ့ချ စိုက်နည်းစနစ်

နွေစပါးအထွက်နှုန်းမြင့်မားရေးအတွက် စိုက်နည်းစနစ်မှန်ရန် အရေးကြီးသည်။ ပျိုးထောင်ကောက်စိုက်စနစ်နှင့် တိုက်ရိုက်မျိုးစေ့ချနည်းစနစ်ဟူ၍ နည်းလမ်းနှစ်သွယ်ရှိသည့်အနက် နွေစပါးစိုက်ပျိုးရာတွင် တိုက်ရိုက်မျိုးစေ့ချနည်းစနစ်ကပို၍ သင့်တော်သည်။ တိုက်ရိုက်မျိုးစေ့ချနည်းစနစ် အမျိုးမျိုးရှိသည့်အနက် အစိုတမန်းပြင်တိုက်ရိုက်မျိုးစေ့ချစိုက်နည်းစနစ်သည် စပါးအထွက်နှုန်းမြင့်မားရေးအတွက် ဆောင်ရွက်သင့်သည့် နည်းစနစ်တစ်ခုဖြစ်ပါသည်။

မြေပြုပြင်ခြင်း

တိုက်ရိုက်မျိုးစေ့ချ နွေစပါးစိုက်ပျိုးမည့်လယ်မြေသည် ရေလုံလောက်စွာရ၍ ရေကိုကောင်းစွာထိန်းနိုင်ရမည်။ ထယ်ရေးနက်နက်ဖြင့် တမန်းညက်အောင်ပြုပြင်ရသည်။ နွားချေး၊ မြေဆွေး၊ စက်ဖွဲပြာများကို တက်နိုင်သမျှ ညီညာစွာကြဲဖြန့်ချရသည်။ ပေါင်းမြက်ပင်များကို ကုန်စင်အောင်ကောက်ပေးရသည်။ နောက်ဆုံးထွန်ရေးပြုပြင်ပြီးသည်နှင့် လယ်ကွက်အတွင်းမှရေကိုကတွက်ပေါက်မှ ထုတ်ပစ်ရသည်။ လိုအပ်ပါက စိမ့်မြောင်း၊ပတ်မြောင်းများဖော်၍ ရေကိုပြောင်စင်အောင်ထုတ်ရသည်။ ပြီးက တမန်းပြင်ညီညာအောင် ကြမ်းရိုက်ရပါမည်။

မျိုးစေ့ချခြင်း

အစိုတမန်းပြင်ပေါ်၌ စာပါးစပ်ပြူအညှောင့်ဖောက်ထားသော စပါးမျိုးစေ့ကို ကြဲပက်စိုက်ပျိုးနိုင်သည်။ မျိုးစေ့ချကရိယာသုံးခြင်း၊ ကြိုးတန်း၍ ကြိုးတန်းတလျှောက် လက်ဖြူးချခြင်း၊ လက်စုချခြင်းစသည့် နည်းစနစ်များအနက် သင့်တော်ရာနည်းစနစ်ဖြင့် အတန်းလိုက်မျိုးစေ့ချ

စိုက်ပျိုးနိုင်သည်။ တမန်းနိုးကြားပေါင်းလိုက်ကရိယာဖြင့် လွယ်ကူစွာပေါင်းမြက် နှိမ်နင်းနိုင်ရန် အတန်းလိုက်မျိုးစေ့ချသင့်ပါသည်။

စိုက်ချိန်

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ဒီဇင်ဘာလနှင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ဖေဖော်ဝါရီလလယ်တွင် အပြီးစိုက်သင့်သည်။ ရေမြေအခြေအနေအရ စိုက်ချိန်ကွဲပြားနိုင်သော်လည်း နွေစပါးကို မိုးလွတ်လေလွတ်ရိတ်သိမ်းနိုင်ရေး၊ စပါးပင်ကြီးထွားဖွံ့ဖြိုးချိန်တွင် အပူချိန်နိမ့်လွန်းခြင်း၊ ပန်းပွင့်ချိန်တွင် အပူချိန်မြင့်လွန်းခြင်းတို့ ကြုံတွေ့မှုမရှိစေရေး စိုက်ချိန်ကို ချိန်ဆစိုက်ပျိုးရန်ဖြစ်ပါသည်။

စပါးမျိုး

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ သီးထပ်ရင်စပါးမျိုးနှင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၌ ရွှေသွယ်ရင်စပါးမျိုးတို့သည် ဒေသရေမြေနှင့်ကိုက်ညီပြီး အစိုတမန်းပြင်၌ တိုက်ရိုက်မျိုးစေ့ချရန် သင့်တော်သည့်စပါးမျိုးများဖြစ်သည်။ ယခုအခါ ဆင်းနွယ်ရင်၊ ရတနာတိုး၊ ရွှေပြည်ဌေးစသည့် စပါးမျိုးများကို စိုက်ပျိုးနိုင်ပြီဖြစ်သည်။ သက်လျှင်အထွက်ကောင်း စပါးမျိုးများသာမက မနောသုခကဲ့သို့ သက်လတ်အထွက်ကောင်းစပါးမျိုးကိုလည်း စိုက်ချိန်စောပါက စိုက်ပျိုးနိုင်သည်။ သို့သော် ရိတ်သိမ်းချိန်တွင် မိုးဦးကျမုတ်သုန်မိုးနှင့်ကြုံတွေ့၍ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေး စိုက်ပျိုးမည့်မျိုးနှင့် စိုက်ချိန်ကို ကြိုတင်ချိန်ဆစိုက်ပျိုးရန်ဖြစ်ပါသည်။

မျိုးရွေးချယ်ခြင်း

အသုံးပြုမည့် အထွက်ကောင်းမျိုးသည် မျိုးသန့်အဆင့်-၂ (Certified Seed) ဖြစ်ရပါမည်။ မျိုးစစ်၍ မျိုးစေ့အဆင့်မှန်ရမည်။ အစေ့တွင်းစာပိုမိုပါရှိသည့် အောင်မြင်ပြည့်ဖြိုးသောစပါးစေ့များချည့်ရရှိရန် ဆားရည်စိမ်၍ မျိုးရွေးချယ်ပါ။ သို့မဟုတ် ရိုးရှင်း၍ လွယ်ကူသည့်ရေဖြင့်ရွေးချယ်နည်းကိုသုံးပါဟု အကြံပြုလိုသည်။ ရိုးရိုးရေသန့်တွင် မျိုးစေ့များကိုသုံးကြိမ်အဖျင်းအမှော်လုံးပိန်လုံးညှပ်များကို ဖယ်ထုတ်ပစ်ရန်ဖြစ်သည်။ စပါးအပင်ပေါက်များသန်စွမ်းရေး၊ ကြီးထွားဖွံ့ဖြိုးရေး၊ အပင်ပွားထွက်မှုမြန်၍ အပင်ပွားများများထွက်ရေး မျိုးစေ့ရွေးချယ်ခြင်းလုပ်ငန်းကို မဖြစ်မနေ ဆောင်ရွက်သင့်ပါသည်။

မျိုးစေ့နှုန်း

အစိုတမန်းပြင်၌ စပါးတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးရာတွင် ကြဲပက်ပါက တစ်ဧကလျှင် မျိုးစေ့နှစ်တင်းမှ သုံးတင်းနှုန်း၊ ကြိုတန်းတန်း၍ လက်ဖြူးချခြင်း၊ လက်စုချခြင်း ဆောင်ရွက်ပါက တစ်ဧကလျှင် မျိုးစေ့နှစ်တင်းနှုန်း၊ ၆ လက်မခြား မျိုးစေ့ချကိရိယာဖြင့် စိုက်ပါက တစ်ဧကလျှင် မျိုးစေ့တစ်တင်းခွဲမှ နှစ်တင်းနှုန်း၊ ၈ လက်မခြားမျိုးစေ့ချကရိယာ သို့မဟုတ် ဗီယက်နမ်မျိုးစေ့ချကရိယာတို့ဖြင့် စိုက်ပျိုးပါက တစ်ဧကလျှင် မျိုးစေ့တစ်တင်းခွဲနှုန်း အသုံးပြုစိုက်ပျိုးရန်ဖြစ်သည်။ ပေါင်းမြက်ပေါက်ရောက်မှု များလေ့ရှိသည့်လယ်မြေ၌ မျိုးစေ့နှုန်းကို ပိုမိုသုံးစွဲသင့်ပါသည်။ အစိုတမန်းပြင်၌ အပင်ပေါက်လာသည့်အခါ အကျယ်အဝန်းတစ်မီတာပတ်လည်အတွင်း စပါးပင် ၂၀၀ မှ ၃၀၀ အတွင်းရှိက စပါးအထွက်မြင့်မားမည်။ စပါးပင် ၁၅၀ အောက်အပင်ပေါက်လာက စပါးအထွက်နည်းနိုင်ပါသည်။ ထို့ကြောင့် စိုက်တမန်းမကောင်းခြင်း၊ မျိုးစေ့မချမီ ရေကိုပြောင်စင်အောင်မထုတ်နိုင်၍ ရေချိုင့်၊ ရေခွက်များကျန်ရှိခြင်း၊ မြေမျက်နှာပြင်ညီညာအောင် ကြမ်းမရိုက်နိုင်ခြင်းစသည့် စပါးစေ့အပင်မပေါက်နိုင်သည့် အခြေအနေ အရပ်ရပ်အပေါ်မူတည်၍ မျိုးစေ့နှုန်းကို တိုးမြှင့်သုံးစွဲရမည်ဖြစ်ပါသည်။

ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်း

အစိုတမန်းပြင် စပါးတိုက်ရိုက်မျိုးစေ့ချစနစ်တွင် ပေါင်းမြက်ဖျက်ဆီးမှုကို ကောင်းစွာနှိမ်နင်းနိုင်ရသည်။ မျိုးစေ့ချပြီး သုံးရက်အတွင်း ပေါင်းမြက်ပင်များမပေါက်မီ ကြိုတင်ကာကွယ်သည့် ပေါင်းသတ်ဆေးကို ပက်ဖြန်းနိုင်သည်။ သို့မဟုတ် မျိုးစေ့ချပြီး ရေမသွင်းပဲ အခြောက်ခံကာ ပေါင်းမြက်ပင်များပေါက်ရောက်ခွင့်ပေးပြီး ပေါင်းမြက်ပင်များ အရွက်နှစ်ရွက်မှ သုံးရွက်ထွက်ချိန်တွင် ပေါင်းမြက်အပင်ပေါက်ပြီး ပက်ဖြန်းရသည့် ပေါင်းသတ်ဆေးဖြင့် နှိမ်နင်းနိုင်သည်။

စိုက်ပျိုးသည့်စပါးမျိုး၏ သက်တမ်းအလိုက် ပထမသုံးပုံတစ်ပုံကာလအတွင်း ပေါင်းကင်းစင်စေရေးဆောင်ရွက်ရသည်။ စိုက်ခင်းအတွင်းရေကို စနစ်တကျထိန်းသိမ်းပေးခြင်း၊ လက်ပေါင်းလိုက်ခြင်း၊ ပေါင်းသတ်ဆေးဖြန်းခြင်းစသည့် ဘက်စုံပေါင်းမြက်ကာကွယ်နှိမ်နင်းနည်းစနစ်ကို ကျင့်သုံးရန်ဖြစ်ပါသည်။

မြေသြဇာအသုံးပြုခြင်း

စပါးပင်ရှင်သန်ကြီးထွားရေး ပွင့်သီးရေးအတွက် အဓိကလိုအပ်သော နိုင်ထရိုဂျင်၊ ဖော့ဖားရပ်၊ ပိုတက်စီယံနှင့် အခြားအနည်းလိုအဟာရဓါတ်များ ရရှိစေရန် သဘာဝမြေသြဇာနှင့် ဓါတ်မြေသြဇာနှင့် ဓါတ်မြေသြဇာနှစ်မျိုးလုံးကို ကျွေးပေးရန်လိုသည်။ သဘာဝမြေသြဇာကို မျိုးစေ့မချမီ ထွန်ရေးတမန်းပြုပြင်စဉ်ကပင် လယ်ကွက်အတွင်း ညီညာစွာကြဲ၍ မြေနှင့်သမနေအောင် ထွန်မွှေထည့်သွင်းရန်ဖြစ်ပါသည်။

ခါတ်မြေသြဇာများတွင် နိုင်ထရိုဂျင်ခါတ်ပါဝင်သော ယူရီးယားမြေသြဇာကို အပင်ပွားချိန်၏ အစောပိုင်းနှင့် အလယ်ပိုင်းကာလတို့တွင်လည်းကောင်း၊ မှို့ကပ်ချိန်နှင့် အစေ့အဆံပြည့်ဖြိုးချိန်တို့တွင်လည်းကောင်း ထည့်သွင်းပေးရသည်။ ယူရီးယားမြေသြဇာကျွေးတိုင်း ထုထည်တူ မြေဆွေး (သို့မဟုတ်) နွားချေးမြေဆွေးနှင့် သမအောင်ရော၍ တစ်ညနှပ်ထားကာ နောက်နေ့တွင် စိုက်ခင်းအတွင်း ညီညာစွာကြဲပက်ပေးရန်ဖြစ်ပါသည်။

ဖော့စ်ဖိးရပ်ခါတ်ပါဝင်သော တီစူပါခါတ်မြေသြဇာနှင့် ပိုတက်စီယံခါတ်ပါဝင်သော မြူရိရိတ်အော့ဖ်ပိုတက်ခါတ်သြဇာတို့ကို ထွန်ရေးတမန်းပြင်ချိန်တွင် ထည့်သွင်းပေးရန်ဖြစ်သည်။ မြူရိရိတ်အော့ဖ်ပိုတက်ခါတ်မြေသြဇာကို စပါးပင်၌ အနှံလောင်းဖြစ်တည်ချိန်မတိုင်မီအထိ တစ်ကြိမ် (သို့မဟုတ်) ထို့ထက်ပို၍ ကြဲပက်ပေးသင့်ပါသည်။

ရေကိုစနစ်တကျထိန်းသိမ်းခြင်း

စပါးကိုတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးပြီး နှစ်ပတ်သားခန့်မှစ၍ ရေကိုပေးသွင်းရန်ဖြစ်သည်။ ရေကိုထိန်းသိမ်းထားခြင်းသည် ပေါင်းမြက်ပေါက်ရောက်မှုကို ကာကွယ်နှိမ်နင်းသည့်နည်းလမ်းတစ်ခုဖြစ်သည်။ သို့သော် ပေါင်မြက်ပေါက်ရောက်မှုနည်းပါးလေ့ရှိသည့် လယ်မြေများ၌ ရေကိုချွေတာ၍ အကျိုးရှိစွာသုံးစွဲမှုအနေဖြင့် စိုတစ်လှည့်ခြောက်တစ်ခါ ရေပေးစနစ်ကို ဆောင်ရွက်နိုင်သည်။ ၄င်းစနစ်မှာ စိုက်ခင်း၌ ရေပြတ်သွားသော်လည်း မြေအောက်ရေ ၆ လက်မခန့်သို့ ရောက်ရှိမှသာ နောက်တစ်ခါ ရေပေးသွင်းခြင်းနည်းလမ်းဖြစ်သည်။ ရေပေးသွင်းစရိတ်သက်သာခြင်း ကြောင့် စိုက်ပျိုးကုန်ကျစရိတ်ကို လျှော့ချနိုင်ပါသည်။

ရိတ်သိမ်းချွေလှေ့ခြင်း

စပါးနှံများရှိ စပါးစေ့များ၏ ၈၀ မှ ၈၅ ရာခိုင်နှုန်း ကောက်ရိုးရောင်ဖြစ်ပေါ်ချိန်သည် စပါးရိတ်သိမ်းချိန်မှန်ဖြစ်ပါသည်။ ထိုအချိန်သည် အနှံထွက်ပြီး ၂၈ ရက်မှ ၃၅ ရက်သားတွင်ဖြစ်နိုင်သည်။ ရိတ်သိမ်းပြီးချက်ချင်းချွေလှေ့ရန်ဖြစ်သည်။ စပါးရိတ်သိမ်းစက်၊ စပါးချွေလှေ့စက် (သို့မဟုတ်) စပါးရိတ်သိမ်းချွေလှေ့စက်များဖြင့် ရိတ်သိမ်းချွေလှေ့ပါက အလေအလွင့်နည်းပါးပါသည်။

မြန်မာနိုင်ငံတစ်ဝှန်း ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး၌ ဆည်ရေ၊ မြစ်ရေ၊ ချောင်းရေစသည့် ရေရရှိမှုအရင်းအမြစ်ရှိသည့် လယ်မြေများ၌ နွေစပါးကို အထွက်နှုန်းစွမ်းရည်မြင့်မားသည့် စပါးမျိုးများကိုအသုံးပြု၍ စိုက်ပျိုးလျှက်ရှိကြသည်။ မျှော်မှန်းသည့် ပန်းတိုင်အထွက်နှုန်းကိုရရှိရေးအတွက် မှန်ကန်သည့်နည်းပညာဖြင့် ပေါင်းစပ်ရမည်ဖြစ်သည်။ သို့ဖြစ်၍ နွေစပါး စိုက်ပျိုးရာတွင် အထက်တွင်ဖော်ပြပါနည်းစနစ်မှန် အစိုတမန်းပြင် တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် ဆောင်ရွက်သင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ဆင်းသွယ်လတ်စပါးမျိုးနှင့် ပျိုးသက်အကြီးဆုံးထားရှိ စိုက်ပျိုးနိုင်မှု

မြန်မာနိုင်ငံတွင် နှစ်စဉ်တိုးတက်လာသော လူဦးရေ၏ အခြေခံအစားအစာဖြစ်သော ဆန်ဖူလုံရေးနှင့် အပိုအလျှံများကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးကို ရည်မှန်း၍ စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနသည် တစ်ဧကအထွက်နှုန်းတိုးစေသော စပါးမျိုးသစ်များကို ဖော်ထုတ်ပေးလျက်ရှိရာ ၂၀၀၅ ခုနှစ်တွင် ဆင်းသွယ်လတ်စပါးမျိုးကို မျိုးသစ်အဖြစ် နိုင်ငံတော်မျိုးစေ့ကော်မီတီ၏ အတည်ပြုထုတ်ဝေခွင့်ရရှိခဲ့သည်။

ဆင်းသွယ်လတ်သည် အထွက်ကောင်းစပါးမျိုးတစ်မျိုးဖြစ်သည်။ အသက်ရက် ၁၃၅၊ အပင်အမြင့် ၁၂၀ စင်တီမီတာ၊ အမိုင်းလိုစ်ပါဝင်မှု ၂၀.၄ ရာခိုင်နှုန်းရှိသည်။ ဆန်ရည်ဆန်သားမှာကြည်လင်သည်။ စားသုံးမှုအဆင့်မှာကောင်း၍နူးညံ့သည်။ မြေသြဇာလိုအပ်မှုနည်းသော စပါးမျိုးတစ်မျိုးဖြစ်သည်။ ပေါင်းမြက်ပေါက်ရောက်မှုဒဏ်ကို ခံနိုင်သည်။ ဘက်တီးရီးယားရွက်ခြောက်ရောဂါဒဏ်ခံနိုင်ရည်ရှိသည်။

ဆင်းသွယ်လတ်ကို တောင်သူလယ်သမားများ ကြိုက်နှစ်သက်မှု ပိုမိုများပြားလာသဖြင့် ပြည်နယ်နှင့်တိုင်းအသီးသီး၌ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာခဲ့ရာ ၂၀၀၉-၂၀၁၀ ခုနှစ်၊ မိုးရာသီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဖော်ထုတ်သည့် စပါးမျိုးများ အနက် မနောသုခသည် ဧရိယာဧက ၃.၄၅ သန်း (စုစုပေါင်း စပါးစိုက်ဧရိယာ၏ ၂၀.၆ ရာခိုင်နှုန်း)ဖြင့် အများဆုံးစိုက်ပျိုးပြီး ဆင်းသွယ်လတ်သည် ဧရိယာဧက ၁.၆၁ သန်း (စုစုပေါင်း စပါးစိုက်ဧရိယာ၏ ၉.၆ ရာခိုင်နှုန်း ဖြင့် ဒုတိယအများဆုံး စိုက်ပျိုးသည့် စပါးမျိုးဖြစ်ကြောင်း သိရှိရပါသည်။

ဆင်းသွယ်လတ်စပါးကို နေရာဒေသအသီးသီး၊ ရေမြေရာသီဥတုအမျိုးမျိုး၌ စိုက်ပျိုးရာတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ပုံမှန်မဟုတ်သည့် မိုးခေါင်မှု၊ ရေကြီးမှု၊ လူမှု စီးပွားရေးအခြေအနေစသည့် အကြောင်းခြင်းရာ တစ်မျိုးမျိုးကြောင့် ပုံမှန်ပျိုးသက်တွင် စိုက်ပျိုးနိုင်ခြင်းမရှိဘဲ ပျိုးသက်ကြီးတွင် စိုက်ပျိုးရသည့်အခြေအနေများနှင့် တောင်သူ လယ်သမားများ ကြုံတွေ့ရကြောင်း သိရှိရပါသည်။

ပျိုးသက်ကြီးသည်နှင့်အမျှ စပါးအထွက်လျော့နည်းနိုင်ကြောင်း ယေဘုယျအားဖြင့် သိထားကြပါသည်။ ပျိုးသက်မှန်ဖြင့် စိုက်ခြင်းသည် အပင်ဖြစ်ထွန်းမှုကောင်းကြောင်း၊ ကောက်စိုက်ပြီး စောစောပိုင်းထွက်သော ပင်ပွားများကသာ စပါးထွက်ပေးနိုင်စွမ်းကြောင်း လယ်သမားများ သိပြီးဖြစ်ပါမည်။ သို့သော် ဆင်းသွယ်လတ်၏ ပျိုးသက်ကြီးဒဏ်ခံနိုင်မှုနှင့် ပျိုးသက်အလိုက်ထားရှိသင့်သည့် ကောက်ကွက်ကိုမူ အတွေ့အကြုံရရှိဦးမည်မဟုတ်ချေ။

သုတေသနတွေ့ရှိချက်များအရ ဆင်းသွယ်လတ်စပါးသည် ရေတော်မိုးတော်အခြေ အနေတွင် အခြားသက်လတ်အထွက်ကောင်း စပါးမျိုးများကဲ့သို့ ပျိုးသက် ၂၅ မှ ၃၀ ရက်သား တွင် ပုံမှန်စိုက်ရန်ဖြစ်ပါသည်။ ကောက်ကွက်တွင်မူ တစ်ဧကတွင် ၁.၃ သိန်းမှ ၁.၉ သိန်း အတွင်းစိုက်ပျိုးနိုင်ပါသည်။

အကယ်၍ ပျိုးထောင်ပြီးမှ အကြောင်းအမျိုးမျိုးကြောင့် ပုံမှန်ပျိုးသက်တွင် မစိုက်နိုင်ပါက ပျိုးသက် ၄၅ ရက်သားသည် ဆင်းသွယ်လတ်အတွက် ပုံမှန်စပါးအထွက်ကို မျှော်မှန်းနိုင်သည့် ပျိုးသက်အကြီးဆုံးထားရှိစိုက်ပျိုးနိုင်သော ပျိုးသက်ရက်ဖြစ်ပါသည်။

ပျိုးသက် ၆၀ ရက်သားတွင်မူ စပါးအထွက် သိသာစွာ လျော့နည်းမည်သာဖြစ်ပါ သည်။ ပျိုးသက်ကြီးသဖြင့် ကောက်ကွက်စိပ်ပြီး လက်ဆတိုး၍စိုက်သော်လည်း ပုံမှန်စပါး အထွက်ကိုရရှိနိုင်ခြင်းမရှိပေ။

စိုက်ပျိုးကုန်ကျစရိတ်၊ စပါးအထွက်နှင့် စပါးဈေးနှုန်းမျှော်မှန်းနိုင်မှုတို့ကို ချင့်ချိန်၍ မဖြစ်မနေစိုက်ပျိုးရန်ဖြစ်ပါက ပျိုးသက်ရက် (၆၀) သည် သင့်တင့်သော စပါးအထွက်ကို ပေးစွမ်းနိုင်သော အကြီးဆုံးထားရှိ စိုက်ပျိုးသင့်သည့် ပျိုးသက်ရက်ဖြစ်ကြောင်း ရေးသား လိုက်ရပါသည်။

မျှော်မှန်းသည့်ပန်းတိုင် စပါးအထွက် ကောက်ကွက်မှန်သည့် သော့ချက်

စပါးသီးနှံကို နိုင်ငံတော်၏ အဓိက သီးနှံအဖြစ် သတ်မှတ်ထားရှိသည်။ စပါးပိုလျှံရေးရည်မှန်းချက်နှင့်အညီ တစ်ဧကအထွက်နှုန်းတိုးတက်ရန် အထွက်တိုးနည်းစနစ်များကို သုတေသနပြုဖော်ထုတ်ကာ တောင်သူလယ်သမားများသို့ စဉ်ဆက်မပြတ် အသိပေးနှိုးဆော်လျှက်ရှိသည်။ စပါးစိုက်ပျိုးရာတွင် အရေးပါသည့် နည်းစနစ်များအနက် ကောက်ကွက်မှန်စိုက်နည်းစနစ်သည် စပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သော့ချက်တစ်ခုဖြစ်ပါသည်။

စပါးကို ကောက်ကွက်အစိပ်အကျဲမှန်ကန်စွာဖြင့် စိုက်ပါက ကောက်ပင်များပန်းပွင့်ချိန်တွင် နေ ရောက်ခြည်ကို အပြည့်အဝရရှိစေသည်။ အစာချက်လုပ်မှုကောင်းသောကြောင့် စပါးအထွက်ရာ ခိုင်နှုန်း ၂၀ ပိုနိုင်ကြောင်း အသိပေးလိုသည်။ ကောက်ကွက်အကွာအဝေးကျဲလွန်းက စပါးအထွက် လျော့နည်းသည်။ ကောက်ကွက် စိပ်လွန်းလျှင် အပင်ယိုင်လဲကာ ဆုံးရှုံးနိုင်သည်။

ကောက်ကွက်မှန် က စပါးအထွက် ရာခိုင်နှုန်း ၂၀ ပိုနိုင်ပါသည်

ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ စပါးမျိုးများစွာကို စိုက်ပျိုးလျှက်ရှိရာ အသုံးပြုသည့် စပါးမျိုးနှင့် ရေမြေအခြေ အနေတို့အပေါ်မူတည်၍၊ သင့်တော်သည့် ကောက်ပင်အကွာအဝေးဖြင့် စပါးကို စိုက်ပျိုးရန်လို အပ်ပါသည်။

မိုးရာသီစိုက်ပျိုးသည့် စပါးမျိုးများတွင် အထွက်ကောင်းစပါးမျိုးများသည် အများစုဖြစ်သည်။ ရာသီစပါးမျိုးများကိုလည်း စိုက်ပျိုးလျှက်ရှိကြသည်။ အထွက်ကောင်းစပါးနှင့် ရာသီစပါးတို့သည် အပင်ပုံသဏ္ဍာန်နှင့် ကြီးထွားဖွံ့ဖြိုးမှုသဘာဝ တူညီခြင်းမရှိကြပေ။ အထွက်ကောင်းစပါးမျိုးများကို ကောက်ပင်အကွာအဝေးစိပ်စိပ်ဖြင့် စိုက်ရန်လိုအပ်သည်။ အထွက်ကောင်းစပါးမျိုးများသည် မြေသြဇာစားသုံးမှု ပိုမိုပြီး၊ မြေသြဇာ စားသုံးသည်နှင့်အမျှ စပါးအထွက်တိုးသည်။ မြေသြဇာကျွေးသော်လည်း ယိုင်လဲလွယ်ခြင်းမရှိပေ။ ရာသီစပါးမျိုးများကိုမူ ကောက်ပင်အကွာအဝေးကျဲကျဲဖြင့် စိုက်ရန်ဖြစ်သည်။ ရာသီစပါးသည် မြေသြဇာစားသုံးမှုနည်းသည်။ ပင်စည်ပျော့သည်။ မြေသြဇာကျွေးပေး လျှင်ဖြစ်စေ၊ လယ်မြေသည်ဆီသြဇာထက်သန်လျှင်ဖြစ်စေ အလွယ်တကူ အပင်ယိုင်လဲလွယ် သည်။

မိုးရာသီစိုက်အထွက်ကောင်းစပါးမျိုးများတွင်သက်လတ်စပါးမျိုးများသည်စိုက်ဧရိယာဧကအများဆုံးဖြစ်သည်။ သက်လျှင် စပါးမျိုးများကိုလည်းစိုက်ပျိုးကြသည်။ အချို့စပါးမျိုးများသည် အပင်အရပ်ရှည်ပြီး၊ အချို့သည် အပင်အရပ်ပုသည်။ သက်လတ်စပါးမျိုးများနှင့် အပင်အရပ်ရှည်စပါးမျိုးများတို့ထက် သက်လျင်စပါးမျိုးများနှင့်အပင်အရပ်ပုစပါးမျိုးများကို ကောက်ကွက်စိပ်စိပ်ဖြင့် စိုက်ရန်လိုအပ်သည်။ အပင်အရပ်ရှည်သော စပါးမျိုးများကို ကောက်ကွက်စိပ်၍ စိုက်ပါက အပင်ယိုင်လဲနိုင်သည်။ သက်လျှင်စပါးမျိုးများသည် အပင်ပွားစည်းကာလနည်းသဖြင့် အချိန်တို အတွင်း အနှံအရေအတွက်များစေရေးအတွက် စိပ်စိပ်စိုက်ပြီး အပင်ဦးရေများစေရန် လိုအပ်ပါသည်။

စပါးစိုက်ပျိုးသည့် လယ်မြေ၏ မြေဆီသြဇာထက်သန်မှု အခြေအနေသည်လည်း ကောက်ပင်အကွာအဝေးသတ်မှတ်ရာတွင် အရေးပါသော အချက်တစ်ခုပင်ဖြစ်သည်။ မြေဆီသြဇာထက်သန်သော လယ်မြေတွင် စိုက်ပျိုးသည့်စပါးတွင် ကောက်ပင်အကွာအဝေးကျဲကျဲဖြင့် စိုက်ပျိုးရန်လိုအပ်သည်။ မြေဆီသြဇာညံ့သောမြေဖြစ်ပါက ကောက်ကွက်စိပ်စိပ်ဖြင့် စိုက်ရန်ဖြစ်သည်။ မြေဆီသြဇာညံ့ဖျင်းလေ ပင်ပွားစည်းမှုနည်းလေဖြစ်သဖြင့် စပါးအထွက်မြင့်မားရေး လိုအပ်သည့် အနှံအရေအတွက် ဖြစ်ပေါ်စေရန် ကောက်ပင်များများထားရှိ စိုက်ပျိုးခြင်း ဖြစ်ပါသည်။

စပါးစိုက်ပျိုးရာတွင် လက်ဖြင့် စိုက်ပျိုးခြင်းသာမက ခေတ်မီစက်မှု လယ်ယာသို့ကူးပြောင်းရေးကောက်စိုက်စက်ဖြင့်လည်း စိုက်နေပြီဖြစ်ပါသည်။ လက်ဖြင့်စိုက်ခြင်းထက် ကောက်စိုက်စက်ဖြင့် စိုက်ပါက ကောက်ပင်အကွာအဝေးကျဲ၍ စိုက်ရန်လိုသည်။

စပါးပျိုးသက်အပေါ်မူတည်၍လည်း ကောက်ကွက် အစိပ်အကျဲကွာခြားသည်။ ယခုအခါ ပုံမှန်ပျိုးသက် ၂၅ မှ ရက် ၃၀ အစား ပျိုးသက်နုနုကို အသုံးပြု၍ စိုက်ပျိုးသည်များရှိကြောင်း သိရသည်။ ပုံမှန်ပျိုးသက်ဖြင့် စိုက်ခြင်းထက် ပျိုးသက်နုဖြင့် စိုက်ခြင်းက ပို၍ ကောက်ကွက်ကျဲကျဲထား

ရှိစိုက်ရန်လိုသည်။ ပျိုးသက်နုပါက ကောက်ပင်မှ ပင်ပွားထွက်ရန် အချိန်ပိုရသဖြင့် ပင်ပွားများများ ပွားနိုင်ရန် ကောက်ကွက်ကျဲကျဲဖြင့် စိုက်ရန်လိုအပ်ခြင်းဖြစ်သည်။

စပါးစိုက်ပျိုးရာတွင် သွင်းရေရရှိမှုအပေါ် မူတည်၍ စိုက်ချိန်စောခြင်း၊ နောက်ကျခြင်းများ ရှိနိုင်သည်။ မိုးစပါးမတိုင်မီ ယာသီးနှံတစ်မျိုးမျိုးကိုလည်းကောင်း၊ ပထမမိုးဦးစပါးကိုလည်း ကောင်း၊ သီးနှံပုံစံချမှတ်စိုက်ပျိုးသဖြင့် စိုက်ချိန်နောက်ကျနိုင်သည်များလည်းရှိသည်။ ပုံမှန်ထက် စိုက်ချိန်စောပါက ကောက်ကွက်ကျဲ၍ စိုက်ပျိုးသင့်သည်။ ပုံမှန်စိုက်ချိန်ထက် နောက်ကျပါက ကောက်ကွက်စိပ်စိပ်ဖြင့် စိုက်ရန်ဖြစ်ပါသည်။

စပါးစိုက်လယ်သမားများသည် ကိုယ့်အားကိုယ်ကိုး၍ ကိုယ့်မျိုးကိုယ်ထားကာ တစ်နိုင်တစ် ပိုင် မျိုးသန့်စိုက်ပျိုးထုတ်လုပ်မှုကို ဆောင်ရွက်နေကြပြီဖြစ်သည်။ မျိုးသန့်ထုတ်လုပ်သည့် စပါး စိုက်ခင်းတွင် အပင်အတန်းအကွာအဝေးကို ပုံမှန်ထက်ကျဲ၍ စိုက်ရသည်။ သို့မှသာ ကောက်လေ ကောက်ပင်နှင့် မျိုးကွဲပင်များကို အလွယ်တကူ ခွဲခြားကာ နုတ်ပယ်ခြင်းဖြင့် မျိုးသန့်စင်ရေး ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ကောက်စိုက်ရာတွင် မိရိုးဖလာ ဖိုခနောက်ဆိုင်စိုက်ပါက ကောက်စိုက်မကို ထိန်းသိမ်းရန် ခက်ခဲပြီး ကောက်ကွက်ပြည့်မီခြင်းမရှိတက်ပေ။ အတန်းလိုက်စိုက်ရာတွင်လည်း စနစ်တကျ စိုက်ခြင်းမရှိပါက ကောက်ပင်အစိပ်အကျဲမမှန်သဖြင့် လိုအပ်သည့်ကောက်ကွက် မပြည့်မီသော ကြောင့် စပါးအထွက်လျော့နည်းနိုင်သည်။

အတန်းလိုက်စိုက်ခြင်းသည် ပေါင်းမြက်နှိမ်နင်းရာတွင်လွယ်ကူခြင်း၊ လက်တွန်းကြားလိုက် ကိရိယာဖြင့် တမန်းနိုးပေါင်းမြက်သုတ်သင်နိုင်ခြင်း၊ ဆေးဖြန်းရန်နှင့် မြေဩဇာကျွေးရန် လွယ်ကူ ခြင်းစသည့်အကျိုးကျေးဇူးများကိုရရှိနိုင်ကြောင်း ယေဘုယျသိရှိကြမည်ဖြစ်သည်။ ထပ်မံအသိပေး လိုသည်မှာ သင့်တော်သော ပင်ကြားတန်းကြားကိုရရှိစေပြီး ကောက်ကွက်မှန်စေခြင်းဖြစ်ပါသည်။ စနစ်မကျသည့် ဘောင်ခတ်၍ အတန်းဖြစ်စေရန် မှန်းဆ ကောက်စိုက်သည့် အလေ့အထထက် ကြိုးတန်းတွင် တိကျသည့်အမှတ်အသားများမှတ်၍ တစ်တန်းချင်းကြိုးတန်းဆွဲစိုက်စနစ်က လိုအပ် သည့် ကောက်ကွက်ကို တိတိကျကျရရှိစေပါသည်။

မြန်မာ့ကျေးလက်ဒေသများရှိ လယ်ယာလုပ်ငန်းကို ကျွမ်းကျင်ပိုင်နိုင်စွာလုပ်ကိုင်လျှက်ရှိ သော လယ်သမားမိသားစုများသည် တစ်နှစ်ထက်တစ်နှစ် စပါးပိုမိုထွက်ရှိစေရေးအတွက် မျိုးသစ်များကို ပြောင်းလဲစိုက်ပျိုးခြင်း၊ မြေဆီအဆင့်အတန်းမြင့်မားအောင် သဘာဝမြေဩဇာများ ဖြည့်ဆည်းခြင်း၊ စပါးအခြေခံသီးထပ်သီးနှံပုံစံချမှတ်၍ သီးနှံထုတ်လုပ်မှုမြင့်မားစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ မိမိအသုံးပြုသည့်စပါးမျိုး၊ လယ်မြေ၏ မြေဆီလွှာအဆင့်အတန်း၊ စိုက်ချိန်

နှင့် အခြေအနေအရပ်ရပ်ကို သုံးသပ်ကာကောက်ကွက်မှန်ကို ရွေးချယ်အသုံးပြုကြရန် လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

ဒို့ကျေးရွာဂျာနယ်၊ အတွဲ(၇)၊ အမှတ်(၁၁)၊ ၂၀၁၀ပြည့်နှစ်၊ ဇွန်လ(၁)ရက်၊ အင်္ဂါနေ့

စပါးစိုက်ပျိုးရာတွင် မြေဩဇာကို အကျိုးရှိစွာ သုံးစွဲပါ

စပါးသည် ရေမြေသဘာဝရာသီဥတုမရွေး စိုက်ပျိုးဖြစ်ထွန်းသည့် သီးနှံတစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် မြေပြန့်တောင်ပေါ်၊ ရေကြီးကွင်း၊ ရေနက်ကွင်း၊ သဲဆန်ကုန်းကြောပါမကျန် ပြည်နယ်နှင့်တိုင်းအသီးသီး၌ စပါးကိုစိုက်ပျိုးလျက်ရှိသည်။ စပါးစိုက်ပျိုးရာ မြေဆီလွှာသည် နေရာဒေသအလိုက် ရှိရင်းစွဲအရင်းအမြစ်များကွာခြားသည်။ စပါး အထွက်နှုန်းအပေါ် လွှမ်းမိုးသောအချက်များစွာရှိသည့်အနက်စိုက်ပျိုးမြေသည်အရေးပါသည့်သဘာဝအရင်းအမြစ်ဖြစ်သည်။ မြေဆီလွှာသည် စပါးပင်ကလိုသလောက် အာဟာရဓာတ်ကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိချေ။ လိုအပ်သည့် အာဟာရဓာတ်အတွက် သင့်တော်သည့် မြေဩဇာနှင့်ပမာဏကို လိုအပ်သည့်အချိန်တွင် ထည့်သွင်းခြင်းဖြင့်သာ စပါးပန်းတိုင်အထွက်နှုန်းကို ရရှိနိုင်ကြောင်း အသိပေးလိုပါသည်။

မြေဩဇာဆိုသည်မှာ

မြေဩဇာဟုဆိုရာတွင်အပင်များက လိုအပ်သည့်အာဟာရဓာတ်များပါဝင်သော မြေဆီလွှာသို့ထည့်ပေးရသည့် ပစ္စည်းအားလုံးကိုဆိုလိုခြင်းဖြစ်သည်။ ဤတွင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာနှစ်မျိုးစလုံး အကျုံးဝင်သည်။ စပါးပင်ရှင်သန်ကြီးထွားရေး၊ ပွင့်သီးရေး အတွက် ဇီဝကမ္မလုပ်ငန်းအဝဝကိုလည်ပတ်နေစေရန် နိုက်ထရိုဂျင်၊ ဖော့စ်ဖားရပ်နှင့် ပိုတက်စီယမ်ဓာတ်များကိုအဓိကလိုအပ်သည်။ သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာတို့ကို ထည့်သွင်းပေးခြင်းဖြင့် စပါးပင်သည် အဓိကအရေးကြီးသည့် အာဟာရဓာတ်များအပါအဝင် ဒုတိယနှင့် အနည်းငယ်သာလိုအပ်သည့် အာဟာရဓာတ်များကို ရရှိနိုင်ပါသည်။

သဘာဝမြေဩဇာ

သဘာဝမြေဩဇာသည် ပြုပြင်ဖော်စပ်ခြင်းမရှိဘဲ ဓာတုပစ္စည်းကင်းသည့် လယ်ယာလုပ်ငန်းမှ သဘာဝအလျောက်ရရှိနိုင်သော အာဟာရပစ္စည်းများဖြစ်သည်။ သဘာဝမြေဩဇာတွင် နွားချေး၊ ကြက်ချေးစသည့် တိရိစ္ဆာန်မှရရှိသော ဆွေးမြေ့ပြီးသည့်အညစ်အကြေးများ၊ အပင် မှရရှိသည့်ရွက်ကြွေ၊ အပင်အကြွင်းအကျန်၊ သစ်ရွက်ဆွေး၊ ကောက်ရိုးဆွေး၊ သစ်စိမ်းမြေဩဇာစသည့်တို့ပါဝင်သည်။ သဘာဝမြေဩဇာများသည် မြေစေးကို ဖွယ်စေ၍ သဲမြေကို စေးစေကာ မြေဆီလွှာ၏ ရုပ်သဘာဝကိုပြုပြင်ပေးသည်။ ထူးခြားသည်မှာ ဓာတ်မြေဩဇာများက ဖြည့်ဆီးမပေးနိုင်သည့် စပါးပင်အတွက် လိုအပ်သော အနည်းလို အာဟာရဓာတ်များနှင့် အခြားကြီးထွား ဖွံ့ဖြိုးရေးအထောက်အကူများကို ပံ့ပိုးပေးသည်။ သဘာဝမြေဩဇာကို ကောက်မစိုက်မီ အနည်းဆုံး သီတင်းနှစ်ပတ်ကျော် ထွန်းရေတမန်းပြုပြင်စဉ်ကပင် လယ်ကွက်အတွင်း ညီညာစွာပက်ကြဲ ၍ မြေနှင့်သမအောင် ထွန်မွှေထည့်သွင်းရန်ဖြစ်ပါသည်။

သဘာဝမြေဩဇာတွင် စပါးပင်မှလိုအပ်သည့် အာဟာရဓာတ်များပါဝင်သော်လည်း ပမာဏမှာ အနည်းငယ်မျှသာဖြစ်သည်။ အထွက်နှုန်းမြင့်မားရေးအတွက် လိုအပ်သည့်အာဟာရ ဓာတ်များရရှိရန် သဘာဝမြေဩဇာကိုသာသုံးစွဲမည်ဆိုလျှင် ပမာဏများစွာထည့်သွင်းရသည်။ ဤမျှများပြားသည့် ပမာဏကိုရရှိရန် ခဲယဉ်းသကဲ့သို့ စိုက်ခင်းတွင်ထည့်သွင်းရန်လည်း လွယ်ကူမည် မဟုတ်ချေ။ ထို့ကြောင့် မိမိလယ်ယာလုပ်ငန်းခွင်မှရရှိသည့် သဘာဝမြေဩဇာများ နှင့် ဓာတ်မြေဩဇာများကိုတွဲဖက်၍ မိမိစပါးစိုက်ခင်းအတွက် လိုအပ်သည့် အာဟာရဓာတ်များ ဖြည့်ဆီးရေးတွင် အသုံးပြုရန် အကြံပြုလိုပါသည်။



မြေဩဇာအကျိုးအာနိသင် အပြည့်အဝရရှိရန် အကြိမ်ကြိမ်လီ၍ ခွဲဝေထည့်သင့်သည်

ဓာတ်မြေဩဇာ

ဓာတ်မြေဩဇာသည် ဓာတုဗေဒနည်းဖြင့် ဖော်စပ်ထုတ်လုပ်သော အပင်အတွက် လိုအပ်သည့် အာဟာရဓာတ်များပါဝင်သော ဓာတ်ပစ္စည်းများဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုက်ထရိုဂျင်မြေဩဇာအဖြစ်ယူရီးယားဓာတ်မြေဩဇာကိုလည်းကောင်း၊ ဖော့စဖားရပ်မြေဩဇာ အဖြစ် ထရစ်ပယ်စူပါဖော့စဖိတ် ဓာတ်မြေဩဇာကိုလည်းကောင်း၊ ပိုတက်စီယံမြေဩဇာအဖြစ် မြူရီရိတ်အော့ဖ်ပိုတက် ဓာတ်မြေဩဇာ ကိုလည်းကောင်း၊ အလွယ်တစ်ကူ ဝယ်ယူရရှိနိုင်သည်။ ၎င်းပြင် နိုက်ထရိုဂျင်၊ ဖော့စဖားရပ်၊ ပိုတက်ဆီယမ်နှင့် အခြားအာဟာရဓာတ်များ ပေါင်းစပ် ပါဝင်သော ကွန်ပေါင်းဓာတ်မြေဩဇာများကိုလည်း ဈေးကွက်တွင် ဝယ်ယူရရှိနိုင်သည်။

နိုက်ထရိုဂျင်မြေဩဇာ

နိုက်ထရိုဂျင်သည် စပါးပင်ကြီးထွားဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်သော အာဟာရ ဓာတ်ဖြစ်သည်။ သဘာဝအလျှောက်ရှိရင်းစွဲ ပမာဏသည် စပါးပင်အတွက်လုံလောက်မှုမရှိနိုင် သဖြင့် နိုက်ထရိုဂျင်ပါသော ယူရီးယားဓာတ်မြေဩဇာကိုမဖြစ်မနေ ထပ်မံဖြည့်စွက်ထည့်သွင်း

ရန်လိုအပ်သည်။ နိုက်ထရိုဂျင်မြေသြဇာကို စပါးပင်အတွက် အလိုအပ်ဆုံးအချိန်များတွင် ကျွေးပေးရန်လိုသည်။ အပင်ပွားချိန်၊ မှို့ကပ်ချိန်နှင့် စပါးစေ့နို့ရည်တည်ချိန်တို့သည် နိုက်ထရိုဂျင်အာဟာရရရှိရေးအတွက် အရေးကြီးသည့်အချိန်များဖြစ်သည်။ အပင်ပွားချိန်၏ အစောပိုင်းနှင့် အလယ်ပိုင်းကာလတို့တွင် ထည့်ပေးခြင်းသည် ပင်ပွားအများဆုံးကိုဖြစ်စေပြီး အနှံပါသောပင်ပွားအရေအတွက်များစေသည်။ မှို့ကပ်ချိန်သည် စပါးအနှံလောင်းဖြစ်တည်ချိန်ဖြစ်သည်။ မှို့ကပ်ချိန်နှင့်အစေ့အဆံပြည့်ဖြိုးချိန်တို့တွင် နိုက်ထရိုဂျင်မြေသြဇာကို ကျွေးပေးခြင်းဖြင့် အနှံအရေအတွက်၊ တစ်နှံပါအစေ့အရေအတွက်နှင့် အောင်စေ့ကိုများစေသည်။

ထည့်သွင်းနည်းစနစ်

စပါးပင်သည် ၄င်း၏ ကြီးထွားအဆင့်အလိုက် နိုက်ထရိုဂျင်အာဟာရကို လိုအပ်ခြင်းကြောင့်လည်းကောင်း၊ နိုက်ထရိုဂျင်မြေသြဇာ၏ သဘောသဘာဝအရ လေလွင့်ဆုံးရှုံးနိုင်၍လည်းကောင်း၊ ယူရီးယားဓာတ်မြေသြဇာကို စပါးစိုက်ခင်း၌ ထည့်သွင်းရာတွင် တစ်ကြိမ်တည်းထည့်သွင်းရုံဖြင့်မလုံလောက်ချေ။ မြေသြဇာ၏အကျိုးအာနိသင် အပြည့်အဝရရှိစေရေးအတွက် အကြိမ်ကြိမ်လီ၍ ခွဲဝေထည့်သွင်းသင့်ပြီး လီ၍ကျွေးတိုင်း ထုထည်တူမြေဆွေး (သို့မဟုတ်) နွားချေးဆွေးနှင့်သမအောင်ရော၍ တစ်ညနှပ်ထားကာ နောက်နေ့တွင် စိုက်ခင်းအတွင်း ညီညာစွာကြဲပက်ရန်ဖြစ်သည်။ သက်လျင်စပါးမျိုးများတွင် ကောက်လှန်ချိန်၊ ပင်ပွားချိန်၊ အနှံထွက်ချိန်တို့တွင်သုံးကြိမ်လီ၍လည်းကောင်း၊ သက်လတ်စပါးမျိုးများတွင် ကောက်လှန်ချိန်၊ ပင်ပွားချိန်၊ အနှံလောင်းဖြစ်တည်ချိန်နှင့် အနှံထွက်ချိန်တို့တွင် လေးကြိမ်လီ၍လည်းကောင်း၊ ယူရီးယားဓာတ်မြေသြဇာကို ထည့်သွင်းပေးရန် လိုအပ်ကြောင်းအသိပေး လိုပါသည်။

သတိမူရန်အချက်များ

နိုက်ထရိုဂျင်မြေသြဇာကို အကြိမ်ကြိမ်လီ၍ ကျွေးရာတွင် စိုက်ခင်းရှိ ကောက်ပင်များပေါ်သို့ ပက်ကြဲရသဖြင့် သတိမူဂရုစိုက်သင့်သည်များရှိသည်။ ကြဲပက်ချိန်တွင် စိုက်ကွက်ထဲ၌ ရေအနက်မှာ နှစ်လက်မခန့်သာရှိသင့်သည်။ စပါးရွက်များသည် ခြောက်သွေ့နေရမည်ဖြစ်သည်။ အရွက်များစိုစွတ်နေပါက ကြဲပက်လိုက်သည့် မြေသြဇာများသည် စပါးအရွက်များတွင် တွယ်ကပ်ကျန်ရစ်သဖြင့် အရွက်များကို လောင်စေနိုင်သည်။ မိုးပြင်းထန်စွာရွာမည့် အခြေအနေရှိက ကြဲပက်ရန်မသင့်ပေ။ ကြဲပက်လိုက်သည့်မြေသြဇာသည် ရွာသွန်းသောမိုးများကြောင့် လျှံရေ နှင့်အတူ အခြားစိုက်ခင်းများသို့ ရောက်ရှိသွားနိုင်သည်။

မြေသြဇာအကျိုးရှိရေး

ထည့်ပေးလိုက်သော နိုက်ထရိုဂျင်မြေသြဇာကို အကျိုးရှိစေရန်အတွက် အရေးကြီးသောအချက်များမှာ (၁) စိုက်ခင်းတွင် ရေထိန်းသိမ်းမှု ကောင်းမွန်စေခြင်း၊ (၂) ပေါင်းမြက်ကင်းစင်စေခြင်းနှင့် (၃) ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေခြင်းတို့ဖြစ်ပါသည်။

စပါးအတွက်ထည့်လိုက်သော နိုက်ထရိုဂျင်မြေသြဇာများသည် ရေမှာပျော်ဝင်၍ စီးရေနှင့်အတူ ဆုံးရှုံးနိုင်သောကြောင့် ရေထိန်းသိမ်းမှုကောင်းမွန်စေရန် လယ်ကန်သင်းများကို ပြုပြင်ပေးရပါမည်။ ထို့ပြင် စပါးခင်းကို ရေမပြတ်စေရန် ဂရုစိုက်ပေးရပါမည်။ ရေပြတ်သွားပါက မြေဆီလွှာတွင် လေအစားထိုးဝင်ရောက်လာသောကြောင့် ထည့်လိုက်သော နိုက်ထရိုဂျင်မြေသြဇာများသည် လေနှင့်အတူအငွေ့အဖြစ် ဆုံးရှုံးနိုင်ပါသည်။ အထူးသဖြင့် လယ်ကွက်များ ခြောက်သွေ့ပြီး ပတ်ကြားအက်ပါက နိုက်ထရိုဂျင်သည် အငွေ့အဖြစ်ပို၍ ဆုံးရှုံးနိုင်ပါသည်။

စပါးခင်းတွင် ပေါင်းမြက်များရှိပါက ၄င်းတို့သည် စပါးအတွက်ထည့်ပေးလိုက်သော နိုက်ထရိုဂျင်ကို ယှဉ်ပြိုင်လုယူစားသုံးနိုင်သဖြင့် စပါးခင်းတွင် ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ပြီးမှသာ မြေသြဇာကိုထည့်ပေးသင့်ပေသည်။ အလားတူပင် စပါးပင်ကိုပိုးမွှားနှင့် ရောဂါကျရောက်မှုမှ ကာကွယ်ပေးခြင်းဖြင့် ထည့်ပေးလိုက်သော နိုက်ထရိုဂျင်မြေသြဇာကို စပါးပင်မှ အပြည့်အဝရယူစားသုံးနိုင်ပါသည်။ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိသော စပါးမျိုးများကို အသုံးပြုစိုက်ပျိုးခြင်းဖြင့် ပိုးမွှားရောဂါကျရောက်မှုမှ ကြိုတင်ကာကွယ်နိုင်ပါသည်။

ဖော့စ်ဖရပ်မြေသြဇာ

စပါးတွင် နိုက်ထရိုဂျင်မြေသြဇာကဲ့သို့ပင် ဖော့စ်ဖရပ်မြေသြဇာကိုလည်း ထည့်ပေးရန်လိုသည်။ ဖော့စ်ဖရပ်သည် အပင်ငယ်ကြီးထွားစဉ်ကာလအတွင်း အထူးလိုအပ်သည်။ ၄င်းသည် အမြစ်ပိုင်းကြီးထွားဖွံ့ဖြိုးရေး၊ ပင်ပွားပွားစည်းရေးနှင့် ပန်းပွင့်ချိန်စောရေးတို့ကို အားပေးသည်။ ဖော့စ်ဖရပ်မြေသြဇာကို မြေခံအဖြစ် ကောက်မစိုက်မီ နောက်ဆုံးထွန်ရေးတမန်းပြင်ချိန်တွင်ထည့်သွင်းပေးရန်လိုသည်။ ကောက်စိုက်ပြီးကောက်ပင်လှန်ချိန်တွင် ကြဲပက်ထည့်ပေးခြင်းသည် စပါးပင်ကအလွယ်တကူ စုပ်ယူစားသုံးနိုင်ခြင်းမရှိသည့် အချဉ်ဓာတ် (သို့မဟုတ်) အငန်ဓာတ်လွန်ကဲသောမြေများတွင် ပိုမိုအကျိုးရှိနိုင်ကြောင်းသိရပါသည်။

ပိုတက်ဆီယမ်မြေသြဇာ

စပါးတွင် ပိုတက်ဆီယမ်မြေသြဇာကို အပင်ပွားချိန်နှင့် မို့ကပ်ချိန်တွင် ထည့်ပေးနိုင်ပါသည်။ ပိုတက်ဆီယမ်သည် ပင်ပွားများစေပြီး စပါးစေ့အရွယ်အစားနှင့်အလေးချိန်ကို တိုးစေပါသည်။ စပါးစိုက်မြေ အမျိုးအစားပေါ်မူတည်၍ ပိုတက်ဆီယမ်မြေသြဇာ ထည့်ပေးသည့်စနစ်သည် ကွာခြားပါသည်။ မြေစေးတွင် နောက်ဆုံးထွန်ရေး၌ ပိုတက်ဆီယမ်ကို ဖော့စ်ဖရပ်မြေသြဇာနှင့်အတူရော၍ ကြဲပက်ပေးရပါသည်။ သဲဆန်သောမြေတွင်မူ ပိုတက် ဆီယမ်သည် အလွယ်တကူ စီးစိမ့်ပျောက်ဆုံးနိုင်သည့်အတွက် ပင်ပွားစချိန်တွင် ကြဲပက်ပေးရပါသည်။ အကယ်၍ ပိုတက်ဆီယမ် မြေသြဇာကို အနည်းငယ်သာ အသုံးပြုနိုင်ပါက ပင်ပွားဖြိုင် ချိန်တွင် တစ်ကြိမ်တည်း ကြဲပက်ပေးခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ အလီလီခွဲကျွေးမည် ဆိုပါက အသုံးပြုမည့် ပိုတက်ဆီယမ်မြေသြဇာကို နောက်ဆုံးထွန်ရေးပြင်ချိန်တွင်တစ်ကြိမ်၊ ကျန်မြေသြ

ဇာကို အနှံ့လောင်းဖြစ်တည်ချိန်မတိုင်မီအထိ တစ်ကြိမ် (သို့မဟုတ်) ထို့ထက်ပို၍ ကြဲပက်ပေး နိုင်ပါသည်။

သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာတွဲဖက်သုံးစွဲ

စပါးစိုက်ပျိုးရာတွင် သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာကို တွဲဖက်အသုံးပြုသင့်သည်။ စပါးအထွက်နှုန်းမြင့်မားပြီး ဝင်ငွေအကျိုးအမြတ်ပိုမိုရရှိစေနိုင်သည်။ သဘာဝမြေဩဇာကို မိမိလယ်ယာလုပ်ငန်းမှရရှိနိုင်သဖြင့် ကုန်ကျစရိတ်မရှိချေ။ ဝယ်ယူရလျှင်လည်းဈေးနှုန်းကြီးမြင့်ခြင်းမရှိချေ။ သဘာဝမြေဩဇာက စိုက်ပျိုးမြေကို ပြုပြင်ပေးနိုင်သည်။ မြေညံ့နှင့်သဲဆန်သော မြေများတွင် ပိုမိုအကျိုးရှိသည်။ ဓာတ်မြေဩဇာတွင် ပါဝင်ခြင်းမရှိသည့် အနည်းငယ်သာလိုအပ်သည့် အာဟာရဓာတ်များကို သဘာဝမြေဩဇာမှရရှိစေနိုင်သည်။ သို့သော် အဓိကလိုအပ်သည့် နိုက်ထရိုဂျင်၊ ဖော့စ်ဖားရပ်နှင့် ပိုတက်စီယံဓာတ်များ လုံလောက်မှုမရှိသဖြင့် ဓာတ်မြေဩဇာနှင့်တွဲဖက်သုံးစွဲမှသာစပါးပင်အတွက်လိုအပ်ချက်ပြီးပြည့်စုံစေနိုင်မည်ဖြစ်ပါသည်။

စပါးစိုက်ပျိုးမြေတွင် မူလရှိရင်းစွဲ သဘာဝအရင်းအမြစ် အာဟာရဓာတ်များရှိသော်လည်း စပါးပင်၏ လိုအပ်ချက်ကို ပြည့်မီနိုင်ခြင်းမရှိသဖြင့် နိုက်ထရိုဂျင်၊ ဖော့စဖားရပ်၊ ပိုတက်စီယံဓာတ် မြေဩဇာများကျွေး၍ ဖြည့်တင်းပေးရန် လိုအပ်မည်ဖြစ်သည်။

မြေဩဇာကျွေးရာတွင် လေလွင့်ဆုံးရှုံးမှုမရှိစေရန် သတိမူ၍အကျိုးရှိအောင်သုံးစွဲစေလိုသည်။ မြေဆီလွှာ ၏ ရုပ်သဘာဝတိုးတက်ရေး၊ လိုအပ်သည့် အာဟာရဓာတ်ပမာဏပြည့်မှီရေးအတွက် သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာကို တွဲဖက်အသုံးပြုစေလိုသည်။ အပင်ကလိုအပ်ချိန်သည် လိုအပ်သည့်ပမာဏကို နည်းစနစ်မှန်စွာထည့်သွင်း၍ စပါးထုတ်လုပ်မှုမြင့်မားရေးအတွက် အသိပေး ရေးသားလိုက်ရပါသည်။

စပါးစိုက်ခင်း ပေါင်းနှိမ်နင်းနည်း

စပါးအထွက်နှုန်းမြင့်မားရန် စိုက်ပျိုးချိန်မှ အနှံသန္ဓေစတင်ချိန်ကာလအတွင်း ပေါင်းမြက်များကုန်စင်အောင် သုတ်သင်ဖယ်ရှားရပါမည်။ စီ-၄/၆၃ စပါးတွင် လေ့လာတွေ့ရှိချက်များအရ စိုက်ပြီးချိန်မှ ရက်ပေါင်း ၄၀ အတွင်း ပေါင်းမြက်များထူထပ်စွာရှိပြီး ယင်းနောက်ပိုင်း သုတ်သင်ပေးပါက စပါးအထွက်၏ ၃၇ ရာခိုင်နှုန်း ယုတ်လျော့စေနိုင်ကာ စိုက်ပြီးချိန်မှ ရင့်မှည့်ချိန်အထိ ပေါင်းမြက်များ ထူထပ်စွာရှိနေပါက စပါးအထွက်၏ ၈၀ ရာခိုင်နှုန်းအထိ ယုတ်လျော့စေနိုင်ကြောင်း တွေ့ရှိရပါ သည်။

စပါးစိုက်ခင်းအတွင်း ပေါင်းမြက်များရှိနေခြင်းဖြင့် စပါးအထွက် ယုတ်လျော့စေနိုင်ကြောင်း စိုက်ပျိုးသူတိုင်း သိပြီးဖြစ်သည်။ သို့သော် သိလိုသည်မှာ မည်သည့်ပေါင်းနှိမ်နင်းနည်းဖြင့် မည်သည့်အချိန် အကြိမ်မည်မျှပေါင်းသင်ရမည်ဆိုသည့်အချက်ပင် ဖြစ်သည်။

လက်တွေ့အသုံးအများဆုံး ပေါင်းနှိမ်နင်းနည်းမှာ လက်ဖြင့် ပေါင်းနှုတ်ခြင်းပင်ဖြစ်သည်။ စိုက်ခင်းကျယ်များတွင် လက်ပေါင်းလိုက်ခြင်းသည် အချိန်ကုန်လူပန်းပြီး စပါးပင်ကြီးထွားမှု အဆင့်ဆင့်အလိုက် အချိန်မီဆောင်ရွက်ရမည့် အခြေအနေတွင် အချိန်ကြန့်ကြာပြီး လုပ်အားပိုမိုကုန်ကျသည်။ အချိန်ကြာလေ ပေါင်းများသည့်စပါးပင်အား ယှဉ်ပြိုင်ချိန် ပိုရလေဖြစ်သည်။

အတန်းလိုက်စိုက်သော စပါးစိုက်ခင်းများတွင် တမန်းနှိုး လက်တွန်းကြားလိုက်ကိရိယာဖြစ်သည့် လည်နိုင်သော ပေါင်းရှင်းကိရိယာများသည် ပေါင်းနှိမ်နင်းရာတွင် အအောင်မြင်ဆုံး ကိရိယာများဖြစ်သည်။ စိုက်ခင်းကျယ်များတွင်လည်း အချိန်မီ ပြီးစီးရန် အသုံးပြုနိုင်သည်။ လက်ပေါင်းလိုက်ခြင်းထက် အချိန်တ(စ်)ဝက်ခန့် သက်သာစေသည်။ သို့သော် ၎င်းကိရိယာ အသုံးပြုနိုင်ရန် စိုက်ပျိုးစဉ်ကပင် စပါးကို အတန်းလိုက်စိုက်ရပါမည်။ သတိပြုရမည်မှာ တမန်းနှိုးလက်တွန်းကြားလိုက်ကိရိယာ မသုံးမီ လယ်ထဲမှ ရေကို အနေတော်ဖြစ်အောင် ထုတ်ပေးရန်ဖြစ်သည်။

လုပ်အားလုံလောက်စွာ ရရှိနိုင်ပါက စပါးစိုက်ခင်းတွင် လက်ပေါင်းလိုက်ခြင်းကို တစ်ကြိမ် (သို့မဟုတ်) နှစ်ကြိမ် ပြုလုပ်ပေးသင့်သည်။ အိုင်အာ-၈ စပါးတွင် တစ်ကြိမ်လက်ပေါင်းလိုက်ခြင်းကို ပြောင်းရွှေ့စိုက်ပြီး ၂၁၊ ၂၈၊ ၃၅၊ ၄၂၊ ၄၉၊ ၅၆၊ ၆၃ ရက်သားအသီးသီးတွင် ပြုလုပ်လေ့လာကြည့်ရာ ၄၂ ရက်သားတွင် လက်ပေါင်းလိုက်ခြင်းသည် အထွက်နှုန်းအမြင့်မားဆုံး ရရှိကြောင်း

တွေ့ရှိရသည်။ သို့သော်လည်း အစောပိုင်းကာလများတွင် လက်ပေါင်းလိုက်ခြင်းသည် ပေါင်းပင် ဦးရေနည်းပါးပြီး လုပ်အားနာရီလိုအပ်မှုနည်းပါးကြောင်း တွေ့ရှိရသည်။

နှစ်ကြိမ်လက်ပေါင်းလိုက်နိုင်ပါက ပြောင်းရွှေ့စိုက်ပြီး ၂၁ ရက်သားတွင်တစ်ကြိမ်၊ ၄၂ ရက်သားတွင် တစ်ကြိမ် လက်ပေါင်းလိုက်ခြင်းသည် လုပ်အားလိုအပ်မှုနည်းပါးပြီး အထွက်နှုန်းလည်း မြင့်မားနိုင်ကြောင်း တွေ့ရှိရသည်။

ထိထိရောက်ရောက် လက်ပေါင်းလိုက်နိုင်ပါက လက်တွန်းကြား လိုက်ကိရိယာသုံးခြင်းထက် စပါးအထွက် အနည်းငယ်ပင် ပိုမိုနိုင်သေးကြောင်း တွေ့ရှိရပါသည်။ အကြောင်းမှာ လက်တွန်းကြားလိုက်ကိရိယာမှာ စပါးပင်အားထိခိုက်နိုင်သောကြောင့်ဖြစ်သည်။

စနစ်တကျရေကို ထိန်းသိမ်းပေးခြင်းဖြင့်လည်း ပေါင်းနှိမ်နင်းနိုင်ပါသည်။ အချို့ရွက်ပြားကြီးမျိုး ပေါင်းပင်များကို ရေသွင်းပေးခြင်းဖြင့် နှိမ်နင်း၍ မရနိုင်သော်လည်း မြက်နှင့်မုံညင်းမျိုးအချို့ကို အပင်မထနိုင်အောင် လယ်ကွက်တွင် ရေနှစ်လက်မမှ လေးလက်မအထိ လှောင်ထားရပါမည်။ ပေါင်းမျိုးစေ့များတို့သည် ရေအောက်၌ အပင်စတင်မပေါက်နိုင်ကြသောကြောင့် ပေါင်းမျိုးဆက် မပြန့်ပွားနိုင်ကြတော့ပါ။

တမန်းညက်အောင်ထွန်ယက်ပေးခြင်းသည် ကြိုတင်ပေါင်းနှိမ်နင်း ခြင်းတစ်မျိုးဖြစ်သည်

မစိုက်မီ စိုက်ခင်းပြုပြင်စဥ်ကပင် တမန်းညက်အောင်ထွန်ပေးခြင်းဖြင့်လည်း ပေါင်းနှိမ်နင်းနိုင်ပါသည်။ "လယ်မှာ အပုပ်၊ ယာမှာ အသုတ်" ဆိုသကဲ့သို့ တမန်းပုပ်အောင်ထွန်ပေးရသည်။ ထို့ကြောင့် ကျောက်ပျဥ်ထက်မှ သနပ်ခါးကဲ့သို့ ညက်ညောနူးညံ့ရမည်ဟု တင်စားကြခြင်းဖြစ်သည်။ ညက်ညက်မထွန်သည့်ပြင် ကြမ်းတုံးဖြင့်လည်း ညီအောင်ညှိမပေးလျှင် ရေနေမညီပဲ ပေါင်းပင်များ ပေါက်ရောက်စေနိုင်သည်။

ကောက်ကွက်အစိပ်အကျဲသည်လည်း ပေါင်းပင်ဦးရေအနည်းအများကို အဆုံးအဖြတ်ပေးသည်။ ကောက်ကွက်စိပ်စိပ်စိုက်ပါက အလင်းရောင်ကောင်းစွာမရသဖြင့် ပေါင်းပင်များ အပင်မပေါက်နိုင်ပါ။ ပေါင်းနည်းသွားပါမည်။

ပေါင်းသတ်ဆေးများ ကျယ်ပြန့်စွာသုံးစွဲနိုင်လာသောအခါတွင်မူ ပေါင်းသတ်ဆေးအမှုန့် (သို့မဟုတ်) အရည်ကို ရေဖြင့်ဖျော်၍ ပက်ဖျန်းနိုင်သည်။ ၎င်းအပြင် ပေါင်းသတ်ဆေးလုံးကလေးများကို စိုက်ခင်းထဲသို့ ကျဲချနိုင်သည်။

ပေါင်းပင်များသည် နေရောင်ခြည်၊ အပင်အာဟာရနှင့် ရေကို စပါးနှင့်ယှဥ်ပြိုင်လုယက်ရယူစားသုံးရာ စပါးပင်ညှံ့ဖျင်း၍၊ စပါးထွက်လျော့နည်းစေနိုင်ပါသည်။ ထို့ကြောင့် မလွဲမသွေ ပေါင်းမြက်များ ကင်းစင်အောင် နှိမ်နင်ရမည်ဖြစ်ရာ၊ အထက်တွင် ဖော်ပြခဲ့သည့် နှိမ်နင်းနည်းအမျိုးမျိုးတို့အနက် ကုန်ကျစရိတ်အနည်းဆုံးဖြင့်၊ လုံလောက်သောအကြိမ်အရေအတွက်အလိုက် အချိန်မီဆောင်ရွက်ကာ စပါးထွက်နှုန်းမြင့်မားရေးနှင့် အကျိုးအမြတ်အများဆုံး ရရှိရေးကို ဦးတည်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

မြန်မာ့အလင်း - ၂၆ ရက်၊ အောက်တိုဘာလ၊ ၁၉၈၃ ခုနှစ်။

စပါးအတွက် ဘက်စုံပေါင်းမြက်ကာကွယ်နှိမ်နင်းနည်းစနစ်

စပါးစိုက်ပျိုးရာတွင် ပျိုးထောင်ကောက်စိုက်ခြင်းနှင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်းဟူ၍ ရှိသည်။ ပျိုးထောက်ကောက်စိုက်စပါးခင်းသည် တိုက်ရိုက်အစေ့ချစိုက်စပါးခင်းထက် ပေါင်းပင်ကို ပို၍ယှဉ်ပြိုင်ကြီးထွားနိုင်သည်။ တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်းသည် စပါးနှင့် ပေါင်းပင်တို့ပြိုင်တူ ယှဉ်ပြိုင်ကြီးထွားသဖြင့် ပေါင်းဖျက်ဆီးမှု ပိုမိုဆိုးရွားသည်။

ပေါင်းပင်၏ဆိုးကျိုးများ

ပေါင်းသည် နေရောင်ခြည်၊ အပင်အာဟာရနှင့် ရေတို့ကို စပါးနှင့် ယှဉ်ပြိုင်ရယူစားသုံးသည်။ ပေါင်းပင်က ဤသို့အပြိုင်ကြီးထွားနေလျှင် စပါးပင်ညှဲ့ဖျင်း၍ စပါးထွက်လျော့နည်းစေနိုင်သည်။ပေါင်းပင်သည် နိုက်ထရိုဂျင်မြေဩဇာ၏ အာနိသင်ကိုလျော့ပါးစေသည်။ စပါးခင်းကို ပေါင်းမသင်နိုင်ပါက နိုက်ထရိုဂျင်မြေဩဇာများများထည့်လေ စပါးထွက်နည်းလေဖြစ်မည်။ ပေါင်းပင်သည် ထည့်လိုက်သော နိုက်ထရိုဂျင်မြေဩဇာကို စပါးနှင့် ယှဉ်ပြိုင်လုယူစားသုံးသည်။

ပေါင်းအမျိုးအစားများ

ပေါင်းပင်အမျိုးအစားသုံးမျိုးဖြစ်သည့် မြက်မျိုး၊ မုန်ညင်းမျိုးနှင့် ရွက်ပြာကြီးမျိုးများ အားလုံး စပါးခင်းတွင် ပေါက်ရောက်နိုင်ပါသည်။ အများအပြားတွေ့ရလေ့ရှိသော ပေါင်းပင်များတွင် မြက်မျိုးများအုပ်စု၌ ဝမ်းဘဲစာ၊ မြက်သီး၊ မြက်ချို၊ ဒေါင်းမြီးပျံ၊ မုန်ညှင်းမျိုးများအုပ်စုတွင် မြက်မုန်ညင်းအစိမ်း၊ မြက်မုန်ညင်းအဝါ၊ မြက်ကွမ်းသီးအသေး၊ ရွက်ပြားပေါင်း မျိုးများအုပ်စုတွင် ကတောက်ဆတ်၊ ရေလေးညှင်း၊ လယ်ပဒူစသည်တို့ ပါဝင်သည်။

ပေါင်းနှိမ်းရမည့်အချိန်

စပါးစိုက်ပြီး ရက်ပေါင်း ၃၀ အတွင်း ပေါင်းကင်းစင်နေရန် အလွန်အရေးကြီးသည်။ စပါးစိုက်ပြီးစစောစောပိုင်းတွင်ပေါင်းကိုမနှိမ်နင်းနိုင်လျှင် အထွက်နှုန်းအထူးကျဆင်းနိုင်သည်။ စိုက်ပျိုးသော စပါး၏သက်တမ်းသုံးပုံတစ်ပုံကာလတွင် မဖြစ်မနေပေါင်းနှိမ်နင်းရန် လိုသည်။

ဘက်စုံပေါင်းမြက်ကာကွယ်နှိမ်နင်းနည်းစနစ်ကို ကျင့်သုံးသင့်သည်

ဘက်စုံပေါင်းမြက်ကာကွယ်နှိမ်နင်းနည်း

စပါးခင်းတွင် တမန်းညက်အောင် ထွန်ယက်ပေးခြင်းသည် ပေါင်းနှိမ်နင်းနည်းတစ်မျိုးဖြစ်သည်။ ညက်ညက်မထွန်သည့်အပြင် ကြမ်းတုံးဖြင့်လည်း ညီအောင်ညှိမပေးလျှင် ရေနေမညီပဲ ပေါင်းပင်များပေါက်စေနိုင်သည်။

ပေါင်းပင်နှိမ်နင်းရာတွင် လက်ဖြင့်ပေါင်းလိုက်ခြင်းသည် လွယ်ကူသော်လည်း အချိန်ကုန်သည်။ တမန်းနိုးပေါင်းသင်ကရိယာဖြင့် ပေါင်းလိုက်ခြင်းမှာ လက်ဖြင့်ပေါင်းလိုက်ခြင်းထက် အလုပ်တွင်၍ ခရီးရောက်သည်။ တမန်းနှိုးပေါင်းသင်ကိရိယာသုံးနိုင်ရန် အတန်းလိုက်စိုက်ရမည်။ တန်းနှိုးပေါင်းလိုက်ကိရိယာမသုံးမီ လယ်ထဲမှရေကို အနေတော်ဖြစ်အောင် ထုတ်ပေးရမည်။

ရေကိုစနစ်တကျထိန်းသိမ်းပေးခြင်းဖြင့်လည်း ပေါင်းနှိမ်နင်းနိုင်သည်။ ပေါင်းမျိုးစေ့အများစုသည် ရေအောက်၌အပင်စတင်မပေါက်နိုင်ကြပါ။ လယ်ကွက်တွင် ရေနှစ်လက်မမှ လေးလက်မအထိ လှောင်ထားခြင်းဖြင့် မြက်နှင့်မုန်ညှင်းမျိုးအချို့ကို ကာကွယ်နိုင်သည်။

အပင်စိပ်စိပ်စိုက်ခြင်းအဖြစ် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးရာ၌ မျိုးစေ့နှုန်းများစွာ အသုံးပြုခြင်းဖြင့်လည်းနှိမ်နင်းနိုင်သည်။ စပါးပင်စိပ်လွန်းလျှင် အလင်းရောင်ကောင်းစွာမရသဖြင့် ပေါင်းစေ့များ အပင်မပေါက်နိုင်ပါ။ ပေါင်းနည်းပါးသွားနိုင်သည်။

ပေါင်းပင်များကို ပေါင်းသတ်ဆေးဖြင့်လည်း နှိမ်နင်းနိုင်သည်။ ပေါင်းသတ်ဆေးသုံးစွဲရာတွင် ဆေးအမျိုးအစား၊ ဆေးနှုန်းထား၊ ဆေးဖျန်းရမည့် အချိန်တို့ကို မှန်ကန်စွာဆောင်ရွက်ရန်လိုသည်။

ပေါင်းပင်များကို နှိမ်နင်းရာတွင် နှိမ်နင်းနည်းတစ်မျိုးတည်း ဆောင်ရွက်ခြင်းဖြင့် ထိရောက်သည့် ကာကွယ်မှုကိုမပေးနိုင်ပါ။ စပါးစိုက်ပျိုးရန် မြေပြုပြင်သည့်မှစ၍ စပါးအပင်ပွားစည်းမှုကာလကုန်ဆုံးသည်အထိ ဘက်စုံပေါင်းမြက်ကာကွယ်နှိမ်နင်းနည်းစနစ်ကို ကျင့်သုံး၍ စပါးအထွက်မလျော့နည်းစေရေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

လယ်ယာစီးပွားသတင်း၊ ၂၀၀၃ ခုနှစ် မတ်လ ၁၄ ရက်

နွေစပါးအထွက်နှုန်းမကျဆင်းရေး ပေါင်းမြက်ကာကွယ်နှိမ်နင်းပေး

နွေစပါးကို တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် စိုက်ပျိုးလေ့ရှိပြီး ပေါင်းပင်များဆိုးရွားစွာ ပေါက်ရောက်မှုကြောင့် နှိမ်နင်းရသည့် အခက်အခဲများကို နှစ်စဉ်ကြုံတွေ့ရသည်။ အချို့ပေါင်းပင်များ မှာ စပါးပင်နှင့်တူသည်။ ခွဲခြားရန်အလွန်ပင်ခက်ခဲသည်။ အချို့ပေါင်းပင်များမှာ စပါးပင်နှင့် လုံးဝကွဲပြားသည်။ စပါးပင်နှင့်တူသည်ဖြစ်စေ၊ ခြားနားသည်ဖြစ်စေ စပါးပင်မဟုတ်လျှင် ပေါင်းပင် ဖြစ်သည်။ စပါးခင်း၌မလိုလားအပ်သော အပင်များချည်းဖြစ်ပါသည်။

ပေါင်းပင်ဆိုသည်မှာ

ပေါင်းပင်ကို အဓိပ္ပါယ်ဖွင့်ဆိုရလျှင် သီးနှံစိုက်ခင်းအတွင်းရှိ မလိုလားသော အပင် (Un - wanted Plant) ဟု မှတ်သားထားမိပါသည်။ မြေပဲစိုက်ခင်းအတွင်း၌ နှမ်းပင်ရှိလျှင် နှမ်းပင်သည် ပေါင်းပင်ဖြစ်ပြီး၊ နှမ်းစိုက်ခင်းအတွင်း၌ မြေပဲပင်ရှိလျှင် မြေပဲပင်သည် ပေါင်းပင်ဖြစ်ပါမည်။ မည်သည့်သီးနှံကိုစိုက်သည်ဖြစ်စေ ၎င်းသီးနှံမဟုတ်သော အပင်အားလုံးသည် ပေါင်းပင်ဖြစ်ပါ သည်။

နွေစပါးကို တိုက်ရိုက်မျိုးစေ့ချစနစ်သာမက ပျိုးထောင်ကောက်စိုက်စနစ်ဖြင့်လည်း စိုက်ပျိုးကြသည်။ ပျိုးထောင်ကောက်စိုက်စနစ်တွင် ပေါင်းမြက်ပေါက်ရောက်မှု သက်သာသော်လည်း ပေါင်းမြက်ရှိလျှင်စပါးအထွက်လျော့နည်းစေမှာဖြစ်ပါသည်။

ပေါင်းပင်ပေါက်ရောက်မှု

စပါးခင်း၌ မည်သည့်အချိန်က ပေါင်းပင်များ စတင်အပင်ပေါက်သနည်း။ ကြိုတင်သိရှိထားသင့်ပါသည်။ စပါးစိုက်နည်းစနစ်ပေါ်မူတည်၍ ပေါင်းပင်စတင် ပေါက်ရောက်မှု ကွာခြားသည်။ ပျိုးထောင်ကောက်စိုက်စနစ်၌ ကောက်စိုက်ပြီးမှ ပေါင်းပင်စတင် ပေါက်ရောက်သည်။ ထိုအချိန်၌ စပါးပင်အသက်က တစ်လသားခန့်ရှိပြီဖြစ်သည်။ ပေါင်းပင်က မည်သို့ပြိုင်ပြိုင် စပါးပင်က နိုင်နိုင်ပါသည်။ ထို့ကြောင့် ပေါင်းမြက်ကုန်ကျစရိတ် သက်သာစေလိုသော လယ်သမားများက ပျိုးထောင်ကောက်စိုက်စနစ်ကို ပို၍ကြိုက်နှစ်သက် ကြသည်။ ကောက်စိုက်ပြီး စပါးခင်းတွင် ရေကို သာထိန်းထားနိုင်လျှင် ပေါင်းမြက်များပေါက်ရောက် လာရန် အခွင့်အလမ်းမရှိတော့ချေ။

တိုက်ရိုက်မျိုးစေ့ချစနစ်တွင်မူ စိုက်ခင်းအတွင်း၌ ရေမရှိစေရန် ရေထုတ်ထားသည့် တမန်းပြင်တွင် စပါးမျိုးစေ့ချစိုက်ပျိုးခြင်းဖြစ်၍ စပါးပင်နှင့်ပေါင်းပင်သည် တစ်ပြိုင်တည်း ပေါက်ရောက် ခွင့်ရရှိသည်။ သူနိုင်ကိုယ်နိုင်ယှဉ်ပြိုင်ကြသည်။ စပါးပင်ထက်ပေါင်းပင်ကပိုမိုရှင်သန် ကြီးထွားသည်။

ပေါင်းအမျိုးအစားများ

စပါးခင်း၌ ပေါက်ရောက်လေ့ရှိသော ပေါင်းအမျိုးအစားများကို ၄င်းတို့၏အသွင်သဏ္ဌာန်ပေါ်မူတည်ပြီး ခွဲခြားလျှင် ယေဘူယျအားဖြင့် သုံးမျိုးသုံးစားရှိသည်ဟု သတ်မှတ်ထားသည်။ ၄င်းတို့မှာ မြက်များ၊ မုံညင်းမြက်များနှင့် ရွက်ပြန့်ပေါင်းများဖြစ်ကြသည်။

မြက်အမျိုးအစားကို လယ်သမားတိုင်းသိကြပါသည်။ အရွက်များသည် ရှည်လျား၍ ကျဉ်းမြောင်းပြီး ရွက်ကြောများပြိုင်နေသည်။ ပင်စည်မှာလုံး၍ အခေါင်းပါသောပင်စည်ဖြစ်သည်။ ဝမ်းဘဲစာ၊ မြက်သီး၊ မြက်ချို၊ ဒေါင်းမြီးပျံတို့သည် မြက်အမျိုးအစားဝင် မြက်များဖြစ်သည်။

မုံညင်းမြက်အမျိုးအစားသည် မြက်များနှင့်ဆင်တူသည်။ အရွက်ပုံသဏ္ဌာန်၊ ရွက်ကြောအနေအထားခွဲခြား၍ မရနိုင်ပေ။ ထူးခြားသည်မှာ မုံညင်းမြက်၏ ပင်စည်များမှာ ခေါင်းပိတ်ဖြစ်ပြီး တြိဂံပုံဖြစ်လေ့ရှိသည်။ မြက်မုံညင်းအစိမ်း၊ မြက်မုံညင်းအဝါ၊ မြက်ကွမ်းသီးလေးတို့သည် မုံညင်းမြက်အမျိုးအစားများ ဖြစ်သည်။

ရွက်ပြန့်ပေါင်းအမျိုးအစားသည် မြက်၊ မုံညင်းတို့နှင့် လုံးဝခြားနားသည်။ အရွက်များသည် ၄င်းတို့၏ အရွက်များထက် ကျယ်ပြန့်သည်။ အရွက်များ၏ပုံသဏ္ဌာန်နှင့် ရွက်ကြောများမှာ အမျိုးမျိုးအဖုံဖုံဖြစ်သည်။ ကတောက်ဆတ်၊ မှိုနားတို၊ ရေလေညှင်း၊ လယ်ပတူတို့သည် ရွက်ပြန့်ပေါင်း အမျိုးအစားများ ဖြစ်သည်။

ပေါင်းပင်၏သဘာဝ

ပေါင်းပင်သည် နေရောင်ခြည်၊ အပင်အာဟာရနှင့်ရေကို စပါးပင်နှင့်ယှဉ်ပြိုင်လုယက်ရယူ စားသုံးသည်။ အပင်များ၏ သဘာဝသည် နေရောင်ခြည်၊ အပင်အာဟာရနှင့် ရေတို့အနက် တစ်မျိုး မျိုးချို့တဲ့ပါက ပုံမှန်ဖြစ်ထွန်းကြီးထွား သီးပွင့်နိုင်ခြင်းမရှိပေ။ စပါးပင်နှင့်ပေါင်းပင်များ အပြိုင် ကြီးထွားနေလျှင် စပါးပင်ညှံ့ဖျင်း၍ စပါးထွက်လျော့နည်းစေမည်မှာ သေချာပါသည်။ မည်သည့် စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်သည်ဖြစ်စေ၊ မည်သည့်ရာသီတွင် စိုက်သည်ဖြစ်စေ ပေါင်းပင်ရှိက စပါး အထွက်ကို လျော့နည်းစေပါသည်။

ပေါင်းနှိမ်နင်းခြင်း

နွေစပါးစိုက်ခင်းတွင် စနစ်တကျပေါင်းနှိမ်နင်းရန်လိုပါသည်။ စပါးပင်သက်တမ်း၏ ပထမ သုံးပုံတစ်ပုံကာလအတွင်း မဖြစ်မနေပေါင်းနှိမ်နင်းသင့်ပါသည်။ မစိုက်မီ တမန်းပြင်စဉ်ကပင် ထွန်ရေးကောင်းစေခြင်း၊ တမန်းညက်စေခြင်း၊ တမန်းပုပ်စေခြင်း၊ မြက်ခေါင်းများမကျန်စေခြင်း တို့သည် ကြိုတင်ပေါင်းနှိမ်နင်းခြင်းဖြစ်ပါသည်။

တိုက်ရိုက်မျိုးစေ့ချပြီး တစ်ပတ်မှ ၁၀ ရက်ခန့်အကြာတွင် ပေါင်းသတ်ဆေး ပက်ဖြန်းသင့်သည်

တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးသည့်နေ့မှ သုံးရက်အတွင်းတွင် မည်သည့်ပေါင်းပင်မျှ ပေါက်ရောက်လာခြင်းမရှိသေးပေ။ ထိုအချိန်ကပင် ပေါင်းသတ်ဆေးဖြင့် ပက်ဖြန်းကာကွယ်နိုင်ပါသည်။ ၎င်းပေါင်းသတ်ဆေးသည် အပင်မပေါက်သေးသော ပေါင်းပင်ကိုပက်ဖြန်းသည့် (Pre-emergence Herbicide) ပေါင်းသတ်ဆေးဖြစ်ရပါမည်။

တိုက်ရိုက်မျိုးစေ့ချပြီး တစ်ပတ်မှ ၁၀ ရက်ခန့်အကြာတွင် အရွက် နှစ်ရွက်မှ သုံး ရွက်သားရှိ ပေါင်းပင်အမျိုးမျိုး ကြီးထွားရှင်သန်လာပြီဖြစ်သည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။ စပါးပင်ကလည်းပေါက်စ၊ ပေါင်းပင်ကလည်းပေါက်စဖြစ်သည်။ ထိုအချိန်တွင် ပေါင်းသတ်ဆေးဖြင့် ပက်ဖြန်း ကာကွယ်နိုင်ပါသည်။ ၎င်းပေါင်းသတ်ဆေးသည် ပေါင်းပင်ကိုသာသေစေ၍ စပါးပင်ကို မထိခိုက်နိုင်သော ရွေးချယ်ပေါင်းသတ်ဆေး (Selective Herbicide) ဖြစ်ပြီး ပေါက်ပြီးပေါင်းပင်ကို ပက်ဖြန်းရသော ပေါင်းသတ်ဆေး (Post Emergence Herbicide) ဖြစ်ရန်လိုပါသည်။

နွေစပါးစိုက်ခင်းအတွင်းရှိ ပေါင်းပင်များကို ရှေးအကျဆုံး၊ အရိုးစင်းဆုံးနှင့် တိုက်ရိုက်အကျဆုံးနည်းလမ်းဖြစ်သည့် လက်ပေါင်းနှုတ်ခြင်းနည်းကိုသုံး၍လည်း နှိမ်နင်းနိုင်သည်။ ဤနည်းသည် ထိရောက်သည်။ စိုက်ပင်စိုက်တန်းများအကြားတွင် ပေါက်ရောက်နေသည့် ပေါင်းပင်များပါမကျန် စပါးပင်များအား ထိခိုက်မှုမရှိစေပဲ နှုတ်ယူနိုင်ပါသည်။ သို့သော် ဤနည်းသည် လက်ဝင်၍ အချိန်ကုန်သည်။ လက်ပေါင်းနှုတ်ခြင်းကို စပါးပင်၏ကြီးထွားမှုအစောပိုင်းကပင် စတင်ပြုလုပ်သင့်သည်။ သို့သော် ထိုအချိန်တွင် အချို့ပေါင်းပင်၊ မြက်ပင်ငယ်များကို စပါးပင်နှင့်ခွဲခြားရန်ခက်ခဲမှုနှင့် ကြုံတွေ့ရသည်။

အတန်းစိုက် တိုက်ရိုက်မျိုးစေ့ချစိုက်ခင်း သို့မဟုတ် အတန်းစိုက် ပျိုးထောင်ကောက်စိုက်စပါးခင်းတွင် လက်တွန်းကြားပေါင်းလိုက်ကရိယာ (Rotary Weeder) ခေါ် တွန်းအားအသုံးပြု

သည့် "လည်ပတ်ပေါင်းရှင်းကရိယာ" ဖြင့် ထိရောက်စွာ ပေါင်းရှင်းနိုင်သည်။ ပေါင်းရှင်းကြား ပေါင်းလိုက်သည့် အချိန်တွင် စိုက်ခင်းအတွင်း ရေသင့်တင့်ရှိပြီး မြေဆီလွှာသည် ပျော့ပြောင်း နေရမည်။ တမန်းမပျက်ရှိနေ ရမည်ဖြစ်သည်။

နွေစပါးစိုက်ခင်းများတွင် ပေါင်းမြက်ကြောင့် တိုက်ရိုက်မျိုးစေ့ချစိုက်စနစ်တွင် စပါး အထွက် ရာခိုင်နှုန်း၂၀ မှ ရာခိုင်နှုန်း ၄၀၊ ပျိုးထောင်ကောက်စိုက်စနစ်တွင် စပါးအထွက် ၁၁ ရာခိုင်နှုန်းမှ ရာခိုင်နှုန်း၂၀ ပေါင်းမြက်ကြောင့် လျော့နည်းစေကြောင်း သုတေသနတွေ့ရှိချက် များအရ သိရှိရပါသည်။ ပေါင်းနှိမ် နင်းရာတွင်လည်း နည်းလမ်းတစ်မျိုးတည်းကို အသုံးပြုမည့် အစား ဘက်စုံပေါင်းမြက်ကာကွယ် နှိမ်နင်းသည့်စနစ်ကို လုပ်ငန်းအစီ အစဥ်ချမှတ်ဆောင်ရွက် သင့်ပါသည်။ နွေစပါးသည် မိုးစပါးထက် အထွက်စွမ်းရည်မြင့်မားသဖြင့် အထွက်နှုန်းမကျ ဆင်းရေး ပေါင်းမြက်ကာကွယ်နှိမ်နင်းပေးရန် လိုအပ်ကြောင်း နှိုးဆော်ရေးသားလိုက်ရပါသည်။

ဒို့ကျေးရွာဂျာနယ်၊အတွဲ(၇)၊ အမှတ်(၄)၊ ၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်၊ တနင်္လာနေ့၊

နွေစပါးစိုက်ပျိုးရာတွင် ပေါင်းမြက်အဟန့်အတား နည်းလမ်းစုံဖြင့် ဖယ်ရှား

ဆန်စပါးသည် နိုင်ငံရိက္ခာတစ်ခုဖြစ်ပြီး၊ ပြည်ပပို့ကုန်မြှင့်တင်ရေးအတွက် အားထားရသည့် သီးနှံတစ်ခုဖြစ်ပါသည်။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် မိုးစပါးသာမက နွေစပါးစိုက်ပျိုးရေးကိုလည်း အားပေးဆောင်ရွက်လျှက်ရှိသည်။ နွေစပါးသည် မိုးစပါးထက် အထွက်စွမ်းရည်မြင့်မားသည်။ သို့သော် နွေစပါးတွင် ပေါင်းမြက်ထူပြောပါက မိုးစပါးထက် အထွက်လျော့နည်းနိုင်သည်ကို သတိမူသင့်ပါသည်။

နွေစပါးစိုက်ခင်းအများစုသည် တိုက်ရိုက်မျိုးစေ့ချစိုက်ခင်းများဖြစ်ရာ ပေါင်းမြက်ပင်များသည် စပါးပင်နှင့်အတူ တစ်ပြိုင်တည်းပေါက်ရောက်လေ့ရှိသည်။ စပါးပင်အတွက် မြေဆီလွှာမှ အာဟာရကို ယှဉ်ပြိုင်ရယူသည်။ ရေကိုစုတ်ယူသုံးစွဲသည်။ မြေနေရာလွတ်ကို ချဲ့ထွင်ပိုင်စိုးသည်။ နေရောင်ခြည်ကိုရရှိရေးတွင် စပါးပင်ကိုလွှမ်းမိုးသည်။ ဤသို့ဖြင့် စပါးပင်ကြီးထွားဖွံ့ဖြိုးမှုကို နှောင့်ယှက်ဟန့်တား၍ စပါးအထွက်နှုန်းကို ထိခိုက်စေပါသည်။

အင်းဆက်နှင့် ရောဂါပိုးများသည် စပါးခင်းအတွင်းရှိ ပေါင်းမြက်ပင်များ၌ ခိုအောင်းနေထိုင်သည်။ စပါးပင်များကို ရောဂါဖြစ်စေခြင်း၊ ပိုးမွှားကျရောက်စေခြင်းဖြင့် စပါးအထွက်ကျဆင်းစေသည်။ ထို့ပြင်မက ရိတ်သိမ်းသည့် စပါးစေ့များကိုလည်း အရည်အသွေးကျဆင်းစေပါသည်။

မိုးစပါးအပြီး မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲစသည့် ယာသီးနှံတစ်မျိုးမျိုး စိုက်ပျိုးခြင်းမပြုပဲ မိုးစပါးအပြီး နွေစပါးဆက်တိုက်စိုက်ပျိုးသည့် နွေစပါးစိုက်ခင်းများတွင် ပေါင်းမြက်ကာကွယ်နှိမ်နင်းရေးကို ပိုမိုအလေးထားစေလိုပါသည်။ စပါးနှင့် အများဆုံးယှဉ်ပြိုင်ပေါက်ရောက်လေ့ရှိသည့် မြက်သီးကဲ့သို့ မြက်မျိုးနွယ်ဝင်ပေါင်းပင်များသည် ၎င်းတို့ရှင်သန်ရန် စပါးပြီး စပါးစိုက်စနစ်က ဖန်တီးပေးသကဲ့သို့ ဖြစ်နိုင်သည်။ စပါးပြီး ပဲမျိုးစုံ၊ ပဲမျိုးစုံအပြီး နွေစပါးစိုက်သည့် စိုက်ခင်းတွင် ပေါင်းမြက်ပင်များ ကြီးထွားရှင်သန်ခြင်းကို ကာကွယ်နိုင်ရန် ကူညီပေးသည်။ ၎င်းပြင်ပဲမျိုးနွယ်ဝင်အပင်များသည် နွေစပါးကို မြေတွင်းနိုက်ထရိုဂျင်ဖြည့်တင်းပေးသည့် အကျိုးအမြတ်ကိုလည်း ရရှိနိုင်ကြောင်း အသိပေးလိုပါသည်။

နွေစပါးမစိုက်မီ ထယ်ထိုးထွန်မွှေခြင်းသည် စပါးရိုးပြတ်များကို ကောင်းစွာဆွေးမြေ့စေရန် ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ ပေါင်းမြက်ပေါက်ရောက်မှုကို ကြိုတင်ကာကွယ်သည့် နည်းလမ်းတစ်ခုလည်းဖြစ်ပါသည်။ ထယ်ထိုးခြင်းကို ကြိုတင်ဆောင်ရွက်ပြီး ဆက်လက်ထွန်ရေးပြုပြင်ခြင်းမရှိပဲ ပေါင်းမြက်ပင်များကို အပေါက်ခံသည်။ ပေါင်းမြက်အပင်ပေါက်စုံပါက ထိုပေါင်းပင်ငယ်များအရွက် ၂ မှ ၃ ရွက်ထွက်ချိန် ထပ်မံထယ်ထိုးခြင်း (သို့မဟုတ်) ပေါင်းသတ်ဆေးပက်ဖြန်းခြင်းဖြင့် ပေါင်းမြက်ပင်များကို သတ်ပစ်နိုင်သည်။ ၎င်းနောက် ပုံမှန်ထယ်ထိုးထွန်မွှေကာ နွေစပါးကို

စိုက်ပျိုးနိုင်သည်။ ဤနည်းသည် ပေါင်းမြက်အပေါက်ခံ၍ သုတ်သင်ရှင်းသည့်နည်းစနစ် (Stale Seed Bed Technique) ဟု နိုင်ငံတကာတွင် လူသိများသည်။ လိုက်နာကျင့်သုံးနိုင်ရေး အသိပေးခြင်းဖြစ်ပါသည်။

ပေါင်းမြက်ကို ယှဉ်ပြိုင်နိုင်စွမ်းအားကောင်းသည့် စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ပေါင်းမြက်ကိုလည်း ကာကွယ်နိုင်ပါသည်။ စိုက်ပျိုးမည့်စပါးမျိုးသည် အပင်ကြီးထွားမှုကာလ အစောပိုင်းတွင် လျှင်မြန်စွာဖွံ့ဖြိုးမှုကောင်းသည့် စပါးမျိုးဖြစ်သင့်သည်။ ပင်ပွားထွက်မြန်၍ ပင်ပွားများများထွက်သည့် စပါးမျိုးဖြစ်သင့်သည်။ အပင်အရပ်မြင့်သည့် စပါးမျိုးဖြစ်သင့်သည်။ အရွက်အလျားရှည်ပြီး အနံကျယ်၍ အရွက်ဧရိယာများသည့် စပါးမျိုးဖြစ်သင့်သည်။ သို့မှသာ ပေါင်းမြက်ပင်များ ပေါက်ရောက်မှုနည်းရန်နှင့် ပေါက်ရောက်လာသော ပေါင်းမြက်ပင်များ ကြီးထွားမှုမရှိရန် လောင်းရိပ်ဖြင့် ဟန့်တားနိုင်မည်။ အပင်ကြီးထွားမှုကာလ အစောပိုင်း၌ နိုင်ထရိုဂျင် မြေသြဇာကိုတုန့်ပြန်မှုကောင်းသည့် စပါးမျိုးဖြစ်သင့်ပါသည်။ သို့မှသာ လျှင်မြန်စွာ ကြီးထွား ပင်ပွားများများထွက်၍ ပေါင်းမြက်ကို ပိုမိုယှဉ် ပြိုင်နိုင်မည်ဖြစ်ပါသည်။

ပေါင်းမြက်ကိုယှဉ်ပြိုင်နိုင်ရန်နှင့် စပါးအထွက် ကောင်းစေရန် စိုက်ပျိုးမည့် စပါးမျိုးသည် မျိုးစေ့အဆင့်အတန်းမှန်ရပါမည်။ မျိုးသန့်အဆင့်-၂ (Certified Seed)ကို အသုံးပြုသင့်ပါသည်။ မျိုးသန့်အဆင့်-၂သည် မျိုးသန့်စင်မှုအနည်းဆုံး ၉၇ ရာခိုင်နှုန်း၊ အပင်ပေါက်ရာခိုင်နှုန်း အနည်းဆုံး ၈၀ နှင့် ပေါင်းမြက်စေ့ပါဝင်မှုသည် စပါးအစေ့အလေးချိန် ၅၀၀ ဂရမ်တွင် အများဆုံး ၁၀ စေ့သာရှိသဖြင့် စပါးအထွက်ကောင်းစေမည်ဖြစ်ပါသည်။ ထပ်မံ၍ စေ့တွင်းစာများသော စာပါးစပ် ချည့်ရရှိရန် ရေတွင်သုံးကြိမ်မွှေနှောက်ကာ ပေါ့သောစပါးစေ့များကို ဖယ်ရှားပစ်သင့်သည်။ ပြီးက စပါးစပ်ပြုအညှောင့်ဖေါက်၍ တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးသင့်သည်။ ဤသို့ဖြင့် အထွက်ကောင်း မျိုးသန့်စပါးက ပေါင်းမြက်နှင့် ယှဉ်ပြိုင်နိုင်စွမ်းအားကောင်းပြီး မြင့်မားသော စပါးအထွက်ကို ပေးစွမ်းနိုင်မည်ဖြစ်ပါသည်။

တစ်ဧကအသုံးပြုမည့် မျိုးစေ့နှုန်းထားသည် ပေါင်းမြက်ပေါက်ရောက်မှုနည်းပါးစေရန် မိမိထွန်ရေးပြုပြင်မည့်နည်းစနစ်၊ မိမိစိုက်ပျိုးသည့် စိုက်နည်းစနစ်တို့နှင့်ကိုက်ညီပြီး မိမိစိုက်ခင်းတွင် ပေါက်ရောက်လေ့ရှိသော ပေါင်းမြက်များနှင့် ယှဉ်ပြိုင်နိုင်မှုအကောင်းဆုံး မျိုးစေ့နှုန်းထားဖြစ်သင့်ပါသည်။ အစိုတမန်းပြင် တိုက်ရိုက်မျိုးစေ့ချစနစ်၌ တစ်ဧကအကျယ်အဝန်းရှိ စိုက်ခင်းမြေဧရိယာတွင် မျိုးစေ့အနည်းဆုံး ၈ ပြည်၊ ပုံမှန်တစ်တင်း၊ တစ်တင်းခွဲဖြင့် လုံလောက်သော်လည်း မျိုးစေ့နှုန်းထားနည်းလွန်းပါက ပေါင်းမြက်ပင်များကို ကြီးထွားရန်နှင့် စပါးပင်နှင့်ယှဉ်ပြိုင်ရန် နေရာနှင့်အခွင့်အလမ်းပေးသကဲ့သို့ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် စပါးအပင်အရပ်နိမ့်သည့်

သက်တမ်းတို မျိုးများကို စိုက်ပျိုးပါက ပေါင်းမြက်ပင်များကို ဖုံးလွှမ်းနိုင်ရန်နှင့် ယှဉ်ပြိုင်နိုင်ရန် မျိုးစေ့နှုန်းထားပိုမိုသုံးစွဲရန် လိုအပ်ပါသည်။

တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးသည့် စပါးခင်းတွင် အစိုတမန်းပြင်၌ စပါးပင်များပေါက်လာပြီး ရေပေးသွင်းခြင်းမပြုပဲ အခြောက်ခံတားခြင်းဖြင့် ပေါင်းမြက်ပင်များကို ပေါက်လာစေကာ နှစ်ပတ်၊ သုံးပတ်ခန့်အကြာတွင် ရေမြုပ်၍ သတ်ပစ်နိုင်ပါသည်။ ဆက်လက်၍ စိုက်ခင်းတွင် ရေမပြတ်စေပဲ ကန်သင်းလုံအောင် ဂရုစိုက်ပြီး ရေထိန်းထားရန် ဖြစ်သည်။ စိုက်ခင်းတမန်းမြေတွင် ရေရှိပါက လေမရှိနိုင်သဖြင့် လေမဲ့အခြေအနေတွင် ရှင်သန်နိုင်ခြင်းမရှိသည့် ပေါင်းမြက်ပင်များ ပေါက်ရောက်မလာနိုင်ပါ။ ထို့ကြောင့် ရေသည် ပေါင်းမြက်ပင်များမပေါက်ရန် ကြိုတင်ကာကွယ်သည့် ပေါင်းသတ်ဆေးတစ်မျိုးဖြစ်ပါသည်။

နွေစပါးစိုက်ခင်း ပေါင်းမြက်အဟာန့်အတား ဖယ်ရှားသင့်သည်

ပေါက်ရောက်လာသော ပေါင်းမြက်များကို လက်ပေါင်းလိုက်ခြင်းဖြင့် ထိရောက်စွာ နှိမ်နင်းနိုင်ပါသည်။ သို့သော် လက်ပေါင်းလိုက်ခြင်းသည် လုပ်အားများစွာလိုသည်။ အချိန်မီ နှိမ်နင်းရေးအတွက် လုပ်သားလုပ်အားရှားပါးသည့် ဒေသများ၌ အခက်အခဲကြုံတွေ့ရနိုင်သည်။ ထို့ကြောင့် စိုက်ခင်းမြေဧရိယာပိုင်ဆိုင်မှုနည်းသော လယ်သမားများအတွက် လက်ပေါင်းလိုက်ခြင်းနည်းလမ်းသည် အထူးသင့်တော်ကြောင်း ထောက်ခံလိုပါသည်။ မျိုးစေ့ချပြီး ရက် ၂၀ နှင့် ရက် ၄၀ တွင် လက်ပေါင်းလိုက်ခြင်းသည် စပါးအထွက် ၃၄ ရာခိုင်နှုန်း ပိုမိုစေကြောင်း အသိပေးလို

သည်။ စပါးပင်နှင့် မြက်ပင်ခွဲခြားရခက်ခဲ့သည့် မြက်သီးကဲ့သို့ မြက်အမျိုးအစားများ နှုတ်ပယ်ရာတွင် ကျွမ်းကျင်သော လယ်ယာလုပ်သားများဖြင့် ဆောင်ရွက်သင့်သည်။

အတန်းလိုက် တိုက်ရိုက်မျိုးစေ့ချစပါးခင်းများ၌ လက်တွန်းကြားပေါင်းလိုက်ကိရိယာဖြင့် ပေါင်းမြက်ကိုနှိမ်နင်းနိုင်ပါသည်။ မျိုးစေ့ချအတန်းသည် ၈ လက်မတန်းဖြစ်ပါ ၆ လက်မ လက်တွန်းကြားပေါင်းလိုက်ကိရိယာ၊ ၆ လက်မတန်းဖြစ်ပါ ၄ လက်မ လက်တွန်းကြားပေါင်းလိုက်ကိရိယာတို့ဖြင့် စပါးပင်အတန်းကြားတစ်လျှောက် ရှေ့တိုး၊ နောက်ဆုတ်တွန်းကာ ပေါင်းမြက်နှိမ်နင်းရန်ဖြစ်ပါသည်။ လက်တွန်းကြားပေါင်းလိုက်ကိရိယာဖြင့် နှစ်ကြိမ်ကြားတိုက်ပေါင်းနှိမ်နင်းခြင်းဖြင့် စပါးအထွက်ရာခိုင်နှုန်း ၂၀ ပိုစေနိုင်ပါသည်။

ယခုအခါ စပါးပေါင်းသတ်ဆေးများကို နေရာဒေသမရွေး ဝယ်ယူရရှိနိုင်သည့်ဖြစ်ရာ ပေါင်းမြက်ကာကွယ်နှိမ်နင်းရေးတွင် အသုံးပြုနိုင်သည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။ ပေါင်းမြက်အလိုက် ပေါင်းသတ်ဆေးအမျိုးအစားရွေးချယ်မှု မှန်ကန်ရပါမည်။ ပေါင်းသတ်ဆေးဖြန်းရာတွင် ယပ်တောင်ပုံသဏ္ဍာန် ဆေးထွက်သည့် ဆေးဖြန်းခေါင်းပြာကိုသာ သုံးစွဲသင့်သည်။ တစ်ဧကလျှင် သုံးစွဲရမည့် ပေါင်း သတ်ဆေးနှုန်းထား တိကျမှန်ကန်ရမည်။ ပေါင်းသတ်ဆေးဖြန်းရမည့်အချိန် မှန်ကန်ရမည်။ ပေါင်းမြက်ပင်၏ အရွက် ၂ ရွက်မှ ၃ ရွက် ထွက်ချိန်သည် ပေါင်းသတ်ဆေးဖြန်းသင့်သော အချိန်မှန်ဖြစ်ပါသည်။

ဆေးဖြန်းရာတွင် ဆေးဖြန်းတန်ကို မဝှေ့မရမ်းပဲ တစ်ဖြောင့်တည်းဖြန်းရသည်။ စပါးပင်ပေါ်သို့ ဆေးကျရောက်မှုသည် ထပ်စေခြင်းမရှိရပါ။ ထပ်ပါက ဆေးလောင်တတ်သည်။ ဆေးမဖြန်းမိသောကြားဟာ နေရာလပ်မရှိစေရပါ။ ထိုနေရာမှ ပေါင်းမြက်ပင်များပေါက်လာနိုင်သည်။ ပေါင်းသတ်ဆေးဖြန်း၍ ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်းသည် ဤသို့စနစ်ကျပါက လက်ပေါင်းလိုက်ခြင်းကဲ့သို့ ထိရောက်ပြီး ကုန်ကျစရိတ်သက်သာစေသည်။ မျိုးစေ့ချစိုက်ပျိုးရာတွင် စပါးမျိုးစေ့ ၂ တင်းနှုန်းသုံးသည်ဖြစ်စေ၊ ၄ တင်းနှုန်းသုံးသည်ဖြစ်စေ ပေါင်းသတ်ဆေးသုံးစွဲသင့်ပါသည်။ ပေါင်းသတ်ဆေးသုံးစွဲခြင်းသည် စပါးအထွက် ၁၇ ရာခိုင်နှုန်းပိုမိုစေကြောင်း အသိပေးလိုပါသည်။

ပေါင်းမြက်ပင်များသည် စပါးပင်နှင့် တိုက်ရိုက်ယှဉ်ပြိုင်ပြီး ဟန့်တားနှောင့်ယှက်သဖြင့် နွေစပါးစိုက်ခင်းအတွင်း မရှိသင့်သောအပင်များဖြစ်ပါသည်။ နွေစပါးမစိုက်ပျိုးမီ ထွန်ယက်ပြုပြင်စဥ်ကပင် စတင်၍ ကာကွယ်နည်း၊ စပါးပင်သက်တမ်းအစောပိုင်းကာလကပင် နှိမ်နင်းနည်း၊ နှိမ်နင်းရာတွင်လည်း ဓါတုဗေဒဆေးမဟုတ်သည့် သမရိုးကျနည်း၊ ဓါတုဗေဒနည်းဖြစ်သည့် ပေါင်းသတ်ဆေးသုံးစွဲခြင်း နည်းစသည့် နည်းလမ်းမျိုးစုံဖြင့် နွေစပါး အထွက်နှုန်းကို ထိခိုက်စေသည့် ပေါင်းမြက်အဟန့် အတားကို ဖယ်ရှားနိုင်ရေး အသိပေးရေးသားလိုက်ရပါသည်။

စပါးမျိုးအလိုက် အထွက်စွမ်းရည်အပြည့်အဝရရှိရေး ရိတ်သိမ်းချိန်မှန်၍ ခြွေလှေ့နည်းစနစ်မှန်စေလို

မြစိမ်းရောင်ချယ်စပါးခင်းသည် ဟိုတစ်စသည်တစ်စ ဝါဝင်းစပြုချေပြီ။ မြေမှန်၊ မျိုးမှန်ပြီး စိုက်ပျိုးပြုစုနည်းလည်းမှန်သဖြင့် ဖျာခင်းသကဲ့သို့ အနှံများဖြင့် ပြည့်လျှံနေသည့်စပါးခင်းသည် လေပြေအဖြူးတွင် မြိုင်မြိုင်ဆိုင်ဆိုင် လှုပ်ရှားကာကြည်လင်သော မိုးကောင်းကင် အောက်ဝယ် ဝံ့ကြွားနေကြပြီဖြစ်သည်။

သီးနှံထုတ်လုပ်မှုမြင့်မားရေးအတွက် အထွက်ကောင်းစပါးမျိုးကို စိုက်သည်။ အထွက်ကောင်းစပါးတိုင်း၌ အထွက်စွမ်းရည်အပြည့်အဝရှိသည်။ အထွက်စွမ်းရည်အပြည့်ရှိသော စပါးမျိုးကိုစိုက်၍ စနစ်တကျပြုစု ဂရုစိုက်ရေသွင်းရေထုတ်မှန်ကန် မြေဩဇာကျွေး ပိုးမွှားရောဂါကာကွယ်ပေးခြင်းဖြင့် တစ်ဧကအထွက်နှုန်း မြင့်မားမည်လား။

စပါးတစ်ဧကမှ မည်မျှအထွက်ရရှိပါသနည်းဟု လယ်သမားကိုမေးလျှင် မိမိအိမ်သို့ရောက်ရှိကျီဝင်သောစပါးကိုသာ ပြောကြပေမည်။ မှန်ပါသည်။ စိုက်ပျိုးသောလယ်မြေမှ အမှန်ရရှိသည့် စပါးအထွက်ဖြစ်ပါသည်။ သို့သော် စပါးပင်မှပွင့်သီးပေးသောအနှံတွင်ရှိ စပါးစေ့အားလုံးကို ရယူနိုင်ပါ၏လား။

“ရိတ်သိမ်းချိန်မှန်၍ ခြွေလှေ့နည်းစနစ်မှန်” မှသာ ပွင့်သီးသမျှစပါးအားလုံး မိမိရနိုင်သည်ကို လယ်သမားတိုင်း သတိမူစေလိုပါသည်။

ရိတ်သိမ်းချိန်မှန်မှသာ စပါးအထွက်နှုန်းမြင့်မားမည်။ စပါးအရည်အသွေးမြင့်မားမည်။ စပါးအလေအလွင့်နည်းပါးမည်။ မျိုးအဖြစ်ပြန်စိုက်ပါက အပင်ပေါက်ကောင်းမည် ဖြစ်ပါသည်။ ရိတ်သိမ်းချိန်စောလွန်းပါက စပါးအဖျင်းများမည်။ မအောင်သောအစေ့များမည်။ ဆန်ကြိတ်သည့်အခါတွင် အကျိုးအကြေများပါမည်။

ရိတ်သိမ်းခြွေလှေ့စက်အသုံးပြုခြင်းဖြင့် လေလွင့်ဆုံးရှုံးမှု အထူးသက်သာစေသည်

ရိတ်သိမ်းချိန်နောက်ကျလွန်းပါက စပါးပင်များယိုင်လဲနိုင်သည်။ အစေ့ကြွေနိုင်သည်။ ကြွက်၊ ငှက်၊ ပိုးမွှားဖျက်ဆီးနိုင်သည်။ ဆုံးရှုံးမှုများနိုင်သည်။ ဆန်ကြိတ်သည့်အခါတွင် အကျိုးအကြေများသဖြင့် ဆန်ကွဲရာခိုင်နှုန်းများပါမည်။ ဆန်အရည်အသွေးညံ့ဖျင်းသဖြင့် ဈေးကောင်းရနိုင်မည်မဟုတ်ချေ။

ရိတ်သိမ်းချိန်နောက်ကျသောစပါးကို ဆန်ကြိတ်ပါက ကျိုးကြေရခြင်းမှာ စပါးနှံရှိအစေ့များကျွမ်းကာ စပါးစေ့အတွင်းဆန်တွင် အက်ကွဲမှုများဖြစ်ပေါ်လာခြင်းကြောင့် ဖြစ်ပါသည်။

သုတေသနတွေ့ရှိချက်များအရ "ရိတ်သိမ်းချိန်မှန်"ကို ဖော်ပြလိုပါသည်။ အနှံများရှိစပါးစေ့များ၏ ရာခိုင်နှုန်း ၈၀ မှ ၈၅ ရာခိုင်နှုန်း ကောက်ရိုးရောင်ဖြစ်ပေါ်ချိန်သည် စပါးရိတ်သိမ်းသင့်သည့် ရိတ်သိမ်းချိန်ဖြစ်ပါသည်။

လယ်သမားအချို့၏ အတွေ့အကြုံအရ ရိတ်သိမ်းချိန်မှန်ဆုံးဖြတ်မှုကိုလည်း ဖောက်သည်ချလိုပါသည်။ ၎င်းမှာ စပါးစေ့ကိုကိုက်ကြည့်၍ ခန့်မှန်းခြင်းဖြစ်ပါသည်။ စပါးစေ့ကိုသွားဖြင့်အသာအယာဖိနှိပ်၍ ကိုက်ကြည့်သည့်အခါ တင်းမာခိုင်ခံ့သော အခြေအနေသာရှိနေရမည်။ ပျော့လွယ်က ရိတ်သိမ်းရန်စောသေးပြီး ကျွတ်ဆတ်ကျိုးပဲ့လွယ်က ရိတ်သိမ်းချိန်နောက်ကျနေပြီဖြစ်ကြောင်း သိနိုင်ပါသည်။

တစ်ဧကအထွက်နှုန်းမြင့်မားရေး၊ ရိတ်သိမ်းရရှိသည့် စပါးစေ့များအပင်ပေါက်နှုန်းကောင်းမွန်ရေး၊ ကြိတ်ခွဲပါက ဆန်ကွဲနည်းပြီး ဆန်ကောင်းဆန်သား ရာခိုင်နှုန်းမြင့်မားရေးအတွက် အသင့်တော်ဆုံး ရိတ်သိမ်းချိန်ကို သုတေသီများ စမ်းသပ်ရှာဖွေဖော်ထုတ်ခဲ့ပြီးဖြစ်ပါသည်။ စပါးခင်း၏ ရာခိုင်နှုန်း ၅၀ အနှံထွက်ချိန်မှ စတင်ရေတွက်ပါက နွေစပါးကို ၂၈ မှ ၃၅ ရက်သားတွင် ရိတ်သိမ်းရန်နှင့် မိုးစပါးကို ၃၂ မှ ၃၈ ရက်သားတွင် ရိတ်သိမ်းရန်ဖြစ်ပါသည်။

ရိတ်သိမ်းချိန်မှန်တွင်ရှိသော စပါးစေ့များ၏ အစိုဓါတ်ရာခိုင်နှုန်းမှာ ၂၀ မှ ၂၅ အတွင်းဖြစ်သည်။ ရိတ်သိမ်းချိန်မှန်ထက် နောက်ကျပါက အစိုဓါတ်တဖြည်းဖြည်းလျော့နည်းကာ စပါးစေ့များအတွင်းရှိ အဆန်များအက်ကွဲစပြုလာသည်။ ထိုသို့ မဖြစ်ပေါ်စေရန် ရိတ်သိမ်းချိန်မှန်တွင် ရိတ်၍ ရိတ်သိမ်းပြီးလျှင်ပြီးချင်း စပါးချွေရန်ဖြစ်ပါသည်။

ရိတ်သိမ်းချိန်မှန်ထက်စောပါက စပါးစေ့များ၏ အစိုဓါတ်သည် ၂၅ ရာခိုင်နှုန်းထက်ပိုနိုင်သည်။ ၎င်းအချိန်တွင် ချွေလှေ့ရန်ခက်ခဲမည်ဖြစ်သည်။ စက်ဖြင့်ချွေပါကလည်း စပါးစေ့များထိခိုက်မှုဖြစ်ပြီး စေ့တွင်းဆန်အက်ကွဲကာ ဆန်အရည်အသွေးကျဆင်းနိုင်ပါသည်။

မြန်မာနိုင်ငံအပါအဝင် အာရှတွင်အသုံးအများဆုံး ရိတ်သိမ်းနည်းစနစ်မှာ လူဖြင့်ရိတ်သိမ်းခြင်းဖြစ်သည်။ လူဖြင့်ရိတ်သိမ်းခြင်းသည် လုပ်အားများစွာကိုသုံးရသည်။ လူဖြင့်ရိတ်သိမ်းခြင်းသည် စပါးပင်များယိုင်လဲသည့် လယ်ကွက်များတွင် ထိရောက်သည့်ရိတ်သိမ်းနည်းစနစ် ဖြစ်ပါသည်။

ယခုအခါ စပါးရိတ်စက်များကို တွင်ကျယ်စွာအသုံးပြုလာပြီဖြစ်သည်။ အချို့နိုင်ငံများတွင် ထွန်စက်၏ရှေ့၌ တပ်ဆင်ရသည့် စပါးရိတ်စက်များကို အသုံးပြုကြသည်။ လူဖြင့်ထိန်းကိုင်ရသည့် စပါးရိတ်စက်များကိုလည်း သုံးကြသည်။ အချို့ရိတ်စက်များက ရိတ်ပြီးစပါးပင်များကို ကောက်ယူဖွဲ့ထုံးသည်။ အချို့ရိတ်စက်များကရိတ်ပြီး စပါးပင်များကို မြေပြင်တွင်ထားခဲ့သည်။ ရိတ်ဖြတ်မှုအကျယ် တစ်မီတာခွဲရိတ်နိုင်သော ရိတ်စက်တစ်စီးသည် တစ်နေ့လျှင် ငါးဧက မှ ၁၀ ဧက ပြီးစီးအောင်ရိတ်သိမ်းနိုင်သည်။ မြေပြင်တွင် စပါးပင်များယိုင်လဲလျှက်ရှိသော စပါးခင်းကို စပါး ရိတ်စက်ဖြင့် ရိတ်သိမ်းရန်ခဲယဥ်းပါသည်။ ရိတ်စက်ဖြင့် ရိတ်သိမ်းမည့် လယ်ကွက်အား စိုက်ပျိုးစဥ်ကပင် တမန်းပြင်ညီညာအောင် ဆောင်ရွက်သင့်ပါသည်။

လယ်သမားအများစုသည် ရိတ်သိမ်းပြီးစပါးကောက်လှိုင်းများကို သယ်ယူခြင်း၊ ခြွေလှေ့ခြင်းမရှိသေးဘဲ လယ်ကွင်းအတွင်းထားလေ့ရှိသည်။ ဤသို့ထားရှိပါက တနေ့လျှင်အစိုဓါတ် တစ်ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်းလျှော့နည်းသွားကာ အစိုဓါတ် ရာခိုင်နှုန်း ၂၀ အောက်သို့ ရက်အနည်းငယ်အတွင်း ရောက်ရှိနိုင်သည်။ ထိုအခြေအနေသည် စက်ဖြင့်ခြွေလှေ့ရန်အတွက် ခြောက်သွေ့လွန်းကာ ကြွေလွယ်ပြီး လေလွင့်ဆုံးရှုံးမှုများနိုင်ပါသည်။

နိုင်ငံအများစုတွင် လယ်ယာလုပ်သားလိုအပ်မှုများပြားခြင်းကြောင့် ခြွေလှေ့စက်များကို အသုံးပြု၍ စပါးခြွေနေကြပြီဖြစ်သည်။ စပါးခြွေလှေ့စက်များကို လယ်ကွင်းအတွင်း၌သော်လည်းကောင်း၊ လယ်ကွင်းအနီးတစ်နေရာရာ၌လည်းကောင်း၊ ရွှေ့ပြောင်းထားရှိခြွေလှေ့ကြသည်။

စပါးရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်း၊ သန့်စင်ခြင်း၊ အိတ်သွတ်ခြင်း သို့မဟုတ် သန့်စင်ပြီး စပါးများကို ခေတ္တထားရှိပို့ဆောင်ပေးခြင်း လုပ်ငန်းစုံဆောင်ရွက်နိုင်သော ရိတ်သိမ်းခြွေလှေ့စက်များကို အိန္ဒိယ၊ တရုပ်နှင့် ထိုင်းနိုင်ငံများတွင် တွင်ကျယ်စွာအသုံးပြုနေကြပြီဖြစ်သည်။ ရိတ်သိမ်းခြွေလှေ့စက်များသည် ထွက်ရှိလာသည့် ကောက်ရိုးကို ရိတ်သိမ်းခြွေလှေ့စက်နောက်ပိုင်းသို့ မှုတ်ထုတ်ထားခဲ့နိုင်သည်။

ရိတ်သိမ်းခြွေလှေ့စက်များကို မြန်မာနိုင်ငံတွင်လည်း စတင်အသုံးပြုနေပြီဖြစ်သည်။ အချို့ရိတ်သိမ်းခြွေလှေ့စက်များသည် လယ်ကွင်းအတွင်း ရေအနည်းငယ်ရှိသော်လည်း ရိတ်သိမ်းခြွေလှေ့နိုင်သည်။ တမန်းပြင်စိုစွတ်နေသော်လည်း ရိတ်သိမ်းခြွေလှေ့နိုင်သည်။ စပါးပင်များယိုင်လဲနေသော လယ်ကွင်းများတွင်လည်း ရိတ်သိမ်းခြွေလှေ့နိုင်ကြောင်း တွေ့ရှိရပါသည်။

စပါးရိတ်သိမ်းသည်မှ ကျီ၊ ပုပ်ထဲရောက်သည်ထိ လုပ်ငန်းအဆင့်ဆင့်တိုင်းတွင် လေလွင့်ဆုံးရှုံးမှုများရှိသည်။ ရိတ်သိမ်းခြင်းလုပ်ငန်း၌ တစ်ရာခိုင်နှုန်း မှ ၁၀ ရာခိုင်နှုန်း၊ ခြွေလှေ့ခြင်းလုပ်ငန်း၌ နှစ်ရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်း၊ အခြောက်လှမ်းခြင်းလုပ်ငန်း၌ တစ်ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်း၊ သိုလှောင်ခြင်းလုပ်ငန်း၌ နှစ်ရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းနှင့် စက်ကြိတ်ခွဲခြင်းလုပ်ငန်း၌ နှစ်ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း လျှော့နည်းနိုင်ကြောင်း လေ့လာသိရှိထားပါသည်။

ရိတ်သိမ်းချိန်မှန်တွင်ရိတ်၍ ရိတ်သိမ်းပြီးလျှင်ပြီးခြင်း ခြွေလှေ့ခြင်းသည် အလေအလွင့် နည်းပါးစေရေးအတွက် နည်းလမ်းမှန်ဖြစ်သည်။ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်တို့ကိုအသုံးပြုခြင်း၊ တစ်ပြိုင်တည်း ရိတ်သိမ်းခြွေလှေ့နိုင်သည့် ရိတ်သိမ်းခြွေလှေ့စက်ကို အသုံးပြုခြင်းသည် လေလွင့် ဆုံးရှုံးမှုကို အထူးသက်သာစေသည်။ စပါးမျိုးအလိုက် အထွက်စွမ်းရည်အပြည့်အဝရရှိရေး၊ တစ် ဧကအထွက်နှုန်းမြင့်မားရေးအတွက် ရိတ်သိမ်းချိန်မှန်၍ ခြွေလှေ့နည်းစနစ်မှန်စေလိုပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

ဒို့ကျေးရွာဂျာနယ်၊ အတွဲ(၇)၊ အမှတ်(၂၂)၊ နိုဝင်ဘာလ (၁၅)ရက်၊ တနင်္လာနေ့

စပါးပန်းတိုင်အထွက်နှုန်းရရှိရေး ပြုပြင်ဆောင်ရွက်ရန် နည်းစနစ်များ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကချမှတ်ထားသည့်"စပါးပိုလျှံရမည်" ဟူသော ရည်မှန်းချက်အောင်မြင်ရေးအတွက် စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရန် လိုပါသည်။ ပြည်နယ်နှင့်တိုင်းဒေသအသီးသီးတွင် ရေမြေအခြေအနေအလိုက် အထွက်ကောင်း စပါးမျိုးများကို စိုက်ပျိုးလျှက်ရှိသည်။ စိုက်ပျိုးသည့် စပါးမျိုးတိုင်း၌ မြင့်မားသည့်အထွက်နှုန်း စွမ်းရည်ရှိပြီးဖြစ်သည်။ သို့သော် ရာသီဥတုပတ်ဝန်းကျင်နှင့် စပါးမျိုး၏ ကြီးထွားဖွံ့ဖြိုးမှု အဆင့်ဆင့်အပေါ် အခြေခံသည့်စိုက်ပျိုးပြုစုမှု အားနည်းချက်များရှိသဖြင့် စပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအခက်အခဲများကို ကြုံတွေ့နေရကြောင်းသိရှိရသည်။ သို့ဖြစ်၍ ပြုပြင်ဆောင်ရွက်ရန် နည်းစနစ်များကို အသိပေးရန် ဤဆောင်းပါးကို ရေးသားရခြင်းဖြစ်ပါသည်။

မျိုးစေ့ရွေးချယ်ခြင်း

အထွက်ကောင်းစပါးမျိုးသည် ပင်ကိုအားဖြင့် တစ်ဧက စပါးအထွက်နှုန်း မြင့်မား သော စပါးမျိုးဖြစ်သည်။ ၎င်းကို စိုက်ပျိုးရုံမျှဖြင့် စပါးအထွက်ကောင်းလိမ့်မည်ဟု မျှော်လင့်ခြင်းမပြု သင့်ကြောင်း အသိပေးလိုပါသည်။ အသုံးပြုမည့် အထွက်ကောင်းစပါးမျိုးသည် စိုက်ပျိုးမည့် ဒေသနှင့် ကိုက်ညီရပါမည်။ ဗီဇမှန်ကန်သော မျိုးသန့်အဆင့်(၂) မျိုးစေ့ဖြစ်ရပါမည်။ အထွက်တိုး နည်းစနစ်များအတိုင်း လိုက်နာလုပ်ဆောင်ရပါမည်။ သို့မှသာ စပါးအထွက်နှုန်းမြင့်မားနိုင်မည်ကို ကြိုတင်သိရှိထားသင့်ပါသည်။

စပါးပျိုးထောင်ရာ၌ လယ်သမားအများစုသည် စပါးမျိုးကိုအဖျင်းအမှော်မသန့်စင်ဘဲ ပျိုးထောင်သည်ကို မြင်တွေ့နေရသည်။ မည်သည့်စပါးမျိုးဖြစ်စေ သန့်စင်သောမျိုးကိုရရှိရန် အဖျင်းအမှော်၊ လုံးပိန်၊ လုံးညှပ်များကို ဆန်ကောဖြင့်ပြာရပါမည်။ နေလှမ်းရပါမည်။ အပင်ပေါက် ကောင်း၊ မကောင်းစမ်းရပါမည်။ ဆားရည်စိမ်၍သော်လည်းကောင်း၊ ရိုးရိုးရေတွင်စိမ်၍သော် လည်းကောင်း၊ အောင်မြင်ပြည့်ဖြိုး သောမျိုးစေ့များကိုရရှိရန် ဆောင်ရွက်ရန်လိုပါသည်။ အောင်မြင်ပြည့်ဖြိုးသော စပါးမျိုးစေ့များကို ပျိုးထောင်မှသာ ကြံ့ခိုင်သန်စွမ်းတုတ်ခိုင်သော ပျိုးပင်များ ကိုရရှိစေမည်။ ၎င်းပျိုးပင်များကသာ စပါးအထွက်မြင့်မားရေးအတွက် လိုအပ်သော ကြီးထွား အလေးချိန်စီးသည့် စပါးနှံများကို ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

ပျိုးထောင်ခြင်း

ပျိုးထောင်ရာတွင် သစ်ရွက်ဆွေး၊ အမှိုက်ဆွေး၊ နွားချေးဆွေးမချဘဲ ပျိုးထောင်လေ့ရှိ ကြောင်းလေ့လာတွေ့ရှိရသည်။ ပျိုးနှုတ်ရာတွင် လွယ်ကူစေရန်နှင့် ပျိုးပင်သန်စွမ်းစေရန် ပျိုးခင်း တွင် သစ်ဆွေးမြေသြဇာများ ထည့်သွင်းပေးရန်လိုပါသည်။ သစ်ရွက်ဆွေး၊ အမှိုက်ဆွေး၊ နွားချေး ဆွေးတို့ကို အသုံးပြုသင့်ပါသည်။

ပျိုးထောင်ရာတွင် ပြီးစလွယ်အလွယ်တကူ ပျိုးထောင်စနစ်ကိုလည်းပယ်ဖျောက်သင့်ပါသည်။ မညီညာသော မျက်နှာပြင်တွင် ပျိုးထောင်ခြင်းမပြုလုပ်သင့်ပါ။ တမန်းပြင် ညီညာအောင်ကြမ်းရိုက်မြေညှိပြီးမှ ပျိုးထောင်ရန် တိုက်တွန်းလိုပါသည်။

ကြံ့ခိုင်သန်စွမ်းပျိုးပင်များရရှိရန် ညီညာသည့်တမန်းပြင်တွင်ပျိုးထောင်သင့်သည်

ပျိုးခင်းအရွယ်အစားမှာလည်း ဧရိယာကျဉ်းကျဉ်းတွင် မျိုးစေ့များများဖြင့် ပျိုးထောင်သည့် မိရိုးဖလာဓလေ့ကို သုံးစွဲကြောင်းသိရှိရသည်။ ပျိုးခင်းတွင် အဖျင်းအမှော်၊ လုံးပိန်၊ လုံးညှပ်မပါသော မျိုးစေ့ကိုသာ ပက်ကြဲပျိုးထောင်သည့်စနစ်ကို ဆောင်ရွက်သင့်ပါသည်။ ပျိုးကြဲသည့်အခါ ပျိုးခင်းဧရိယာ သုံးပေပတ်လည်အကွက်တွင် မျိုးစေ့လက်ခုပ်နှစ် မှ သုံးခုပ်ခန့်ပမာဏကို ပျိုးကြဲမှသာ သန်စွမ်းသောပျိုးပင်များကို ရနိုင်ပါသည်။

ပြောင်းရွှေ့ကောက်စိုက်ရာတွင် သတ်မှတ်ပျိုးရက်ထက်ကျော်လွန်၍ စိုက်ပျိုးလေ့ရှိကြသည်။ အထွက်ကောင်းစပါးကို သက်လျင်မျိုးဖြစ်ပါက ပျိုးသက် ၂၀ ရက် မှ ၂၅ ရက်၊ သက်လတ်မျိုးဖြစ်ပါက ပျိုးသက် ၂၅ရက် မှ ရက် ၃၀ တွင် ပျိုးသက်အကြီးဆုံးထား၍ စိုက်သင့်ကြောင်းထောက်ခံလိုပါသည်။ ပျိုးသက်ကြီးပါက စပါးအထွက် ၁၅ရာခိုင်နှုန်း မှ ရာခိုင်နှုန်း ၂၀ လျော့နည်းနိုင်ပါသည်။

ပျိုးနှုတ်ရာတွင် ကြမ်းကြမ်းကိုင်ဆွဲနှုတ်ယူခြင်းနှင့် ပျိုးချေးခါရာတွင် ခြေဖြင့်ရိုက်ခြင်းကို အစဉ်အလာအရ ဆောင်ရွက်နေကြပါသည်။ ပျိုးပင်ငယ်များသည် ကလေးငယ်ကဲ့သို့ နုနယ်သည်ဖြစ်ရာ ပျိုးပင်မနာမှ ကောက်စိုက်ရာတွင် အမြစ်စွဲမြန်၍ အပင်ထ၊ အပင်လှန်မြန်သဖြင့် ပျိုးနှုတ်ရာတွင် ပျိုးခါးမကျိုးအောင်နှုတ်သည့်စနစ်ကို လိုက်နာဆောင်ရွက်သင့်ပါသည်။

ပြောင်းရွှေ့ကောက်စိုက်ရာတွင် ပျိုးနှုတ်ပြီး ချက်ချင်းမစိုက်ဘဲ ပျိုးရက်သတ်ရန်လိုသည်ဟုယူဆကာ တစ်ညနှစ်ညထားလေ့ရှိကြောင်း အချို့ဒေသများတွင် တွေ့ရပါသည်။ ပျိုးပင်ကို

ချက်ချင်းပြောင်းရွှေ့စိုက်ခြင်းဖြင့် ပျိုးပင်အမြစ်စွဲမြန်ပြီး အပင်ပွားစောစောထွက်နိုင်၍ အထွက်တိုးစေသဖြင့် ပျိုးပင်ကို ချက်ချင်းပြောင်းရွှေ့စိုက်သည့်စနစ်ကို လိုက်နာဆောင်ရွက်သင့်ပါသည်။

ပျိုးထောင်ပြီးပျိုးခင်းတွင် ရေမများသင့်ပါ။ ပျိုးခင်းတွင် ရေ နှစ်လက်မခန့်သာရှိသင့်ပါသည်။ ပိုးမွှားရောဂါမဖျက်ဆီးစေရန် နေ့စဉ်စစ်ဆေးကာကွယ်ရန်လိုပါသည်။ အထူးသဖြင့် စပါးစေ့၏ အစေ့တွင်းစာကုန်ချိန် ပျိုးသက်နှစ်ပတ်သားတွင် ယူရီးယားမြေသြဇာကျွေးပေးကာ သန်စွမ်းသော ပျိုးပင်ရရေး ဆောင်ရွက်သင့်ပါသည်။

ပြောင်းရွှေ့စိုက်ပျိုးခြင်း

ပြောင်းရွှေ့ကောက်စိုက်ရာတွင် တမန်းမပုပ်သေးဘဲ စိုက်လေ့ရှိသည်။ ထွန်ရေးအစပ်များ တိုင်း တမန်းမပုပ်နိုင်၊ တမန်းညက်ရုံဖြင့် စပါးမကောင်းနိုင်။ ထယ်ထိုးပြီး ရက်သတ္တသုံးပတ်လေးပတ်ကျော်မှ တမန်းပုပ်နိုင်သဖြင့် ရေအနေတော်အခြေအနေတွင်ထား၍ ထွန်ရေးဝင်သည့် အကြိမ်ကို ချိန်ဆဆောင်ရွက်ရန်ဖြစ်ပါသည်။

ရေနေရေထိုင်ညီမျှရေး၊ ပေါင်းမြက်ပေါက်ရောက်မှုနည်းပါးရေးအတွက် မညီညာသောမျက်နှာပြင်တွင် စိုက်ပျိုးခြင်းကို ရှောင်သင့်ပါသည်။ ညီညာသောမျက်နှာပြင်ရအောင် နောက်ဆုံးထွန်ရေးအပြီးမစိုက်မီကြမ်းတုံးရိုက်ရန်ဖြစ်သည်။ တမန်းမျက်နှာပြင်ညီညာခြင်းကြောင့် လယ်ကွက်တစ်ကွက်လုံး ရေအတိမ်အနက်ညီညာစေသည်။ ရေမျက်နှာပြင်အောက်တွင် ပေါင်းမြက်အများစုသည် ပေါက်ရောက်နိုင်ခြင်းမရှိသဖြင့် ရေနေရေထိုင်ကောင်းက ပေါင်းမြက်ကင်းစင်စေပါသည်။

ကောက်စိုက်စဉ် ကောက်ပင်ကို နက်နက်စိုက်လေ့ရှိကြသည်။ ကောက်ပင်ကို တိမ်တိမ်စိုက်သင့်သည်။ တစ်လက်မခန့်သာ စိုက်ပျိုးရန်ဖြစ်သည်။ ကောက်ပင်ကို နက်စွာစိုက်ပျိုးခြင်းဖြင့် အပင်အထနှေးပြီး အပင်ပွားနှေးစေပါသည်။ အပင်ပွားနည်းပါက စပါးအထွက်လျော့နိုင်ပါသည်။

ကောက်စိုက်သူမအများစု၏ ထုံးစံလေ့မှာ ကောက်ကွက်တစ်ကွက်လျှင် ပျိုးပင်များများစိုက်ကြသည်။ လယ်သမား၏ ပျိုးပင်ကလည်း သန်စွမ်းသော ပျိုးပင်မဟုတ်၊ ပျိုးညှင်း၊ ပျိုးပင်သေးသေးဖြစ်နေသည်။ ကောက်ချက်တစ်ချက်လျှင် ပျိုးပင် နှစ်ပင်သုံးပင်သာ စိုက်ပျိုးသည့်စနစ်သည် စနစ်မှန်ဖြစ်ပါသည်။ ပျိုးပင်များများစိုက်ခြင်းဖြင့် အပင်ပွားများများထွက်ရန် မျှော်လင့်နိုင်ခြင်းမရှိပေ။

ကောက်စိုက်ရာတွင် ဖိုခနောက်ဆိုင်စိုက်သည့် စပါးခင်းများစွာကိုမြင်တွေ့နေရသည်။ ကောက်စိုက်သူမကလည်း အချိန်ကြံ့ကြာသဖြင့် ကြိုးတန်းမစိုက်လိုချေ။ အချို့သည်ဘောင် ခတ်ပြီး အတန်းစိုက်သည့်အသွင်၊ လက်မှန်းစိုက်ကြသည်။ စနစ်ကျသည့် ကောက်ပင်၊ ကောက်တန်းဖြစ်မလာချေ။ ကြိုးတန်းဖြင့် အတန်းလိုက်စိုက်ပျိုးသည့်စနစ်ကို ဆောင်ရွက်သင့်ပါသည်။ စနစ်တကျအတန်းလိုက်စိုက်ခြင်းအားဖြင့် ကြားပေါင်းလိုက်ရာတွင် လွယ်ကူစေသည်။ ပေါင်းမြက်နှိမ်နင်းသည့် စရိတ်သက်သာစေသည်။ အပင်အကွာအဝေး အတိအကျစိုက်နိုင်သဖြင့် လိုအပ်သောကောက်ကွက်ပြည့်မီစေသည်။ တမန်းနှိုးနိုင်သဖြင့် စပါးပိုမိုထွက်နိုင်သည်။ ပိုးမွှားကာကွယ်ဆေးဖြန်းရာတွင် လွယ်ကူစေသည်။

ကောက်စိုက်ရာတွင် စပါးမျိုး၊ စိုက်ပျိုးသည့်ရာသီ၊ စိုက်ပျိုးမြေ၏ မြေဆီဩဇာအဆင့် အတန်းနှင့် စိုက်ချိန်အပေါ်မူတည်ပြီး စိုက်သင့်သည့်ကောက်ကွက်ကို ရည်မှန်းထားရမည်ဖြစ်ပါသည်။ ကောက်ကွက်အရေအတွက်ကို ရည်မှန်ထားခြင်းမရှိဘဲ ကောက်စိုက်သူမ၏ သဘော အတိုင်း အများနည်းတူ စိုက်လေ့ရှိကြောင်းတွေ့မြင်ရသည်။ သက်လျင်၊ သက်လတ်အထွက် ကောင်း စပါးမျိုးများအတွက် ရိတ်သိမ်းချိန်တွင် ကောက်ကွက် တစ်သိန်း တစ်သောင်း မှ တစ်သိန်း သုံးသောင်း ကျန်ရှိနေရေး၊ ချိန်ဆစိုက်ပျိုးရန်ဖြစ်ပါသည်။ သို့မှသာ စပါးအထွက် လျော့နည်းခြင်း မရှိမည်ဖြစ်သည်။ ကောက်ကွက်ကျဲလွန်းက အပင်ဦးရေပြည့်မီခြင်းမရှိသဖြင့် စပါးအထွက်လျော့ နည်းနိုင်သည်။ ကောက်ကွက်စိပ်လွန်းကလည်း အပင်ယိုင်လဲပြီး စပါးအထွက် ဆုံးရှုံးနိုင်ပါသည်။

စိုက်ခင်းတွင်ပြုစုဂရုစိုက်ခြင်း

စိုက်ခင်းတွင် စိုက်ပျိုးထားသော ကောက်ပင်အားလုံးရှင်သန်မည်ဟု ယုံကြည်ကာ စိုက် ပြီး ပစ်ထားသည့်တောင်သူ့ဓလေ့ကို အချို့ဒေသများတွင် တွေ့ရှိရပါသည်။ ထို့ကြောင့်လည်း ရိတ် သိမ်းချိန်တွင် ကောက်ကွက်မပြည့်မီခြင်းဖြစ်သည်။ စိုက်ပြီး ခုနှစ်ရက်မှ ၁၀ ရက်အတွင်း သေသွား သည့် ကောက်ပင်များနေရာတွင် ပြန် စိုက်သည့်စနစ်ကို ကျင့်သုံး၍ မဖြစ်မနေ ကောက်ပင်ဖြည့်ရန် လိုပါသည်။

စပါးစိုက်ခင်းတွင် ရေထိန်းသိမ်းမှုစနစ်မရှိကြောင်း တွေ့မြင်ရသည်။ စပါးပင်၏ကြီး ထွားမှုအဆင့်အလိုက် ရေထိန်းသိမ်းသင့်သည်။ အပင်ပွားစီးချိန်ကာလတွင် ရေကို တစ်လက်မခွဲ နှစ်လက်မ၊ မှို့ကပ်ချိန်နှင့် ဖုံးတုံးလုံးတုံးအချိန်တွင် ရေ လေးလက်မမှ ခြောက်လက်မထားရှိ သင့်သည်။ ၎င်းနောက် စပါးပန်းပွင့်ပြီး နှစ်ပတ်အကြာတွင် ရေကိုပြောင်အောင်ထုတ်ရန်ဖြစ် ပါသည်။

အတန်းလိုက်မစိုက်၍လည်းကောင်း၊ အတန်းလိုက်စိုက်သော်လည်း အလေ့အထမရှိ၍ လည်းကောင်း၊ စိုက်ပြီးကြားပေါင်းလိုက်သည့်စနစ်ကို ပျိုးထောင်ကောက်စိုက် စပါးခင်းများ၌ ဆောင်ရွက်လေ့မရှိကြပေ။ စိုက်ပြီးရက် ၄၀ အတွင်း ပေါင်းပင်များမရှင်သန်နိုင်ရန် အနည်းဆုံး နှစ်ကြိမ်ကြားလိုက်ရန်လိုပါသည်။ တမန်းနိုးရာလည်းရောက်ပါသည်။ တနည်းအားဖြင့် စိုက်ပျိုး သည့် စပါးမျိုး၏ ပထမသုံးပုံတစ်ပုံ သက်တမ်းကာလအတွင်း ပေါင်းနှိမ်နင်းနည်းအမျိုးမျိုးဖြင့် ပေါင်းကင်းစင်အောင် ဆောင်ရွက်ရန်လိုပါသည်။

တောင်သူလယ်သမားအများစုသည် ကောက်စိုက်ပြီး ပိုးမွှားရောဂါကျရောက်မှုကို ဂရု မစိုက်ကြပေ။ အခါအားလျော်စွာ စစ်ဆေးမှုမရှိပဲ ပစ်ထားလေ့ရှိသည်။ စိုက်ခင်းကို စဥ်ဆက်မပြတ် ဂရုပြုစစ်ဆေးပြီး ပိုးမွှားရောဂါကျရောက်ပါက ကျရောက်ကာစတွင် ဆေးဖြန်းကာကွယ်ရပါမည်။ မိမိစိုက်ကွက်ပါတ်ဝန်းကျင်တွင် ပိုးမွှားရောဂါကျရောက်သည်ကို မြင်တွေ့လျှင်လည်း ဆေးဖြန်း၍ ကြိုတင်ကာကွယ်ရန်လိုအပ်ကြောင်း အသိပေးလိုပါသည်။

ကောက်ပင်သန်စွမ်းတုတ်ခိုင်ရေးနှင့် ပင်ပွားများရေးအတွက် ယူရီးယားမြေဩဇာကို စိုက်ခင်းတွင် ကြဲပက်ရန်လိုပါသည်။ ယူရီးယားမြေဩဇာထည့်ရာတွင် ရေတိမ်အနက်ကိုသတိမမူပဲ

ရေနက်နက်ထားပြီး ကြဲပက်လေ့ရှိကြသည်။ မြေဩဇာမထည့်မီ ရေလျှော့ပြီး ပေါင်းမြက်ကင်းစင်အောင်ဆောင်ရွက်ရမည်။ ပြီးလျှင်ယူရီးယားမြေဩဇာထည့်ပြီးမှ တမန်းနိုးသည့်စနစ်ကို ဆောင်ရွက်သင့်ပါသည်။

ယူရီးယားမြေဩဇာကို တစ်ကြိမ်တည်းထည့်သွင်းခြင်းဖြင့် မလုံလောက်ချေ။ ယူရီးယားမြေဩဇာသည် ဆုံးရှုံးပျောက်လွင့်လွယ်သဖြင့် အာနိသင်အများဆုံးရရှိစေရန် သက်လျင်စပါးမျိုးများတွင် ကောက်လှန်ချိန်၊ အပင်ပွားချိန်နှင့် အနှံထွက်ချိန်တို့တွင်လည်းကောင်း၊ သက်လတ်စပါးမျိုးများတွင် ကောက်လှန်ချိန်၊ အပင်ပွားချိန်၊ မှို့ကပ်ချိန်နှင့် အနှံထွက်ချိန်တို့တွင် လည်းကောင်းလီ၍ ထည့်သွင်းသည့်စနစ်ကို ကျင့်သုံးသင့်ပါသည်။ ဤသို့ ယူရီးယားမြေဩဇာကိုလီ၍ ကျွေးတိုင်း ထုထည်တူ မြေဆွေး (သို့) နွားချေးဆွေးနှင့် သမအောင်ရော၍ တစ်ညနှပ်ပြီး နောက်နေ့တွင် ညီညာစွာကြဲပက်၍ မြေဩဇာ၏အကျိုးထိရောက်အောင် ဆောင်ရွက်စေလိုပါသည်။

အနှံထွက်ချိန်တွင်လည်း ပိုးမွှားကျရောက်မှုကို ကာကွယ်ရပါမည်။ အနှံထွက်ပြီးစပါးပင်၏ရည့်မှည့်ချိန်ကာလတွင် ပိုးမွှားရောဂါကျရောက်ဖျက်ဆီးပါက အထွက်ဆုံးရှုံးနိုင်ပါသည်။ အမြဲတစေကြည့်ရှုစစ်ဆေးကာကွယ်ရန်လိုပါသည်။

ရိတ်သိမ်းခြင်းနှင့် အလေအလွင့်ထိန်းသိမ်းခြင်း

စပါးရိတ်သိမ်းရာတွင် စပါးပင်များလုံး၀ခြောက်မှ ရိတ်သိမ်းခြင်းကြောင့် အထွက်လျော့နည်းရသည်ကို သတိ မမူကြပေ။ စပါးနှံတစ်ခု၏ ၈၅ ရာခိုင်နှုန်းသော စပါးစေ့များ အဝါရောင်ပြောင်းချိန်သည် မောင်းညိုချိန်ဖြစ်သည်။ အဆိုပါ မောင်းညိုချိန်တွင် ရိတ်သိမ်းရန်ဖြစ်ပါသည်။ စပါးပင် လုံး၀ခြောက်မှ ရိတ်သိမ်းပါက အလေအလွင့်များပါသည်။ စပါးနှံတိုင်းမှ စပါးစေ့တစ်စေ့ကြွေလျှင် တစ်ဧက တစ်တင်းမှ တစ်တင်းခွဲအထိ ဆုံးရှုံးပါသည်။

ရိတ်သိမ်းပြီး ကောက်လှိုင်းများကို သယ်ယူခြွေလှေ့ခြင်းမရှိဘဲ လယ်ကွင်းထဲ၌ ကြာမြင့်စွာထားလေ့ရှိကြောင်း တွေ့မြင်ရပါသည်။ ရိတ်သိမ်းပြီးလျှင်ပြီးချင်း ချက်ချင်းတလင်းသို့ သယ်ယူခြွေလှေ့သည့်စနစ်ကို ဆောင်ရွက်သင့်ပါသည်။ အထွက်ကောင်းစပါးမျိုးများသည် သစ်စေ့ငုတ်ချိန်မရှိသဖြင့် ချက်ခြင်းခြွေလှေ့နေလှမ်းခြင်းမပြုလုပ်ပါက စပါးစေ့များအညှောင့်ပေါက်ကာ စပါးအထွက်ဆုံးရှုံးနိုင်ပါသည်။

ယခုအခါ အခြေအနေပေးသောဒေသများ၌ ခြွေလှေ့စက်များကို လည်းကောင်း၊ ရိတ်သိမ်းခြွေလှေ့စက်များကိုလည်းကောင်း အသုံးပြုခြင်းဖြင့် စပါးအလေအလွင့် နည်းပါးအောင်ဆောင်ရွက်သင့်ပါသည်။

စပါးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် စပါးစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးစားရန်ဖြစ်ပါသည်။ အထွက်နှုန်းကောင်းသောစပါးမျိုးများကို စိုက်ပျိုး၍ တစ်ဧကလျှင် တင်း ၁၀၀ ထွက်ရှိအောင် ဆောင်ရွက်နေသည်ဖြစ်ရာ စပါးအထွက်နှုန်းမြင့်မားရေး၏ မူလအခြေခံဖြစ်သော ကြံ့ခိုင်သန်စွမ်းသည့် ပျိုးပင်များရရှိရေးကို ဂရုပြုရန်လိုပါသည်။

စိုက်ခင်းအတွင်း ရှိသင့်သည့်ကောက်ကွက်အရေအတွက်၊ ကောက်ကွက်တစ်ကွက်ရှိအနှံအရေအတွက် တစ်နှံတွင်ရှိသင့်သည့် အောင်စေ့အရေအတွက်နှင့် အောင်စေ့အလေးချိန်စ

သည့် အထွက်မိတ်ဖက်များအပေါ် အလေးထားသင့်ပါသည်။ စိုက်ပျိုးသည်မှ ရိတ်သိမ်းချွေလှေ့သည်အထိ လုပ်ငန်းစဉ်တစ်လျှောက်လုံးရှိ လုပ်ငန်းအဆင့်ဆင့်ကိုသုံးသပ်၍ အားနည်းသည့် နည်းစနစ်များကို ပြုပြင်သင့်ပါသည်။

အတွဲ(၇)၊အမှတ်(၁၆)၊ ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ(၁၅)ရက်၊ဒို့ကျေးရွာဂျာနယ်

စပါးပင်သဘာဝ၊ ကြီးထွားမှုကာလကိုမူတည် တိုးမြှင့်အထွက်စွမ်းရည်

ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ချက်သည် တင်း ၁၀၀ ဖြစ်သည်။ စိုက်ပျိုးသည့် စပါးမျိုးများသည် တင်း ၁၀၀ ပတ်ဝန်းကျင်ထွက်နိုင်သည့် အထွက်ကောင်းစပါးမျိုးများဖြစ်သည်။ ဒေသရေမြေနှင့်ကိုက်ညီသည်။ အရည်အသွေးကောင်းမွန်သည်။ ယခင်နှစ်တွင် စိုက်ပျိုးခဲ့သည်။ ရေ၊ မိုးကလည်း အဆင်ပြေသည်။ စိုက်ပျိုးနည်းပညာနှင့် ပတ်သက်၍ လိုလေသေးမရှိ။ တစ်ဧကလျှင် အမှန်ပင် တင်း ၁၀၀ ကျော်ထွက်ခဲ့သည်။

အဆိုပါ စပါးမျိုးကိုပင် ယခုနှစ်တွင်စိုက်သည်။ ရေ၊ မြေ၊ စိုက်ချိန်၊ နည်းပညာတူညီစွာ ယခုနှစ် ဆောင်ရွက်စေကာမူ ယခင်နှစ်က စပါးအထွက်ထက် သာလွန်မည်။ လျော့နည်းမည်ကို ပုံသေကားချပ်ပြောပြရန် ခဲယဉ်းမည်ဖြစ်သည်။ အကြောင်းမှာ သီးနှံစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းစဉ်တစ်ရပ်လုံးသည် အစဉ်အမြဲပြောင်းလဲဖြစ်ပေါ်နေသော မြေနှင့် မြေ၏ရုပ်သဘာဝ၊ မြေတွင်းရှိ အဟာရ၊ အဏုဇီဝ၊ ရာသီဥတု၊ ပိုးမွှားရောဂါနှင့် ပေါင်းမြက်စသည့် နှီးနွှယ်ဆက်ဆံရသည့် အကြောင်းခြင်းရာအမျိုးမျိုးနှင့် ရင်ဆိုင်နေရသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ပန်းတိုင်အထွက် နှုန်းရရှိရေး အဟန့်အတား အခက်အခဲများကိုကျော်လွှား၍ ယခုနှစ်တွင်လည်းကြိုးစားရန် တိုက်တွန်းလိုပါသည်။ ကျေးရွာအုပ်စုပိုင် စပါးစိုက်ကွင်းများသည် စိုက်ကွင်းအလိုက် ရေ၊ မြေ၊ ရာသီဥတု သဘာဝပတ်ဝန်းကျင် လွန်စွာခြားနားခြင်းမရှိချေ။ သို့သော် စိုက်ပျိုးရာသီတစ်ခု၌ စိုက်ကွင်း အတွင်း အထွက်အများဆုံးရရှိသည့် လယ်မြေရှိသကဲ့သို့ အထွက်အနည်းဆုံးရရှိသည့် လယ်မြေ လည်းရှိသည်။ လယ်သမားအလိုက် လယ်မြေအလိုက် စပါးအထွက်သည် မည်သည့်အဆင့်တွင် ပါဝင်သည်ကို ဆန်းစစ်သင့်သည်။ အထွက်နိမ့်ကမြင့်မားရန် ကြိုးစားသင့်သည်။ စိုက်ကွင်း၏ ပျမ်းမျှအထွက်ထက် မြင့်မားသင့်သည်။ ယခင်နှစ်တွင် ဖြစ်ပေါ်ခဲ့သည့် အထွက်နှုန်းမိတ်ဖက်များကို ပြန်လည်သတိရ ဆန်းစစ်၍ပြုပြင်ရန် တိုက်တွန်းလိုပါသည်။

စပါးအထွက်နှုန်းအတွက် မိတ်ဖက်ဆိုင်ရာ အခြေခံအချက်အလက် လေးမျိုးရှိပါသည်။ ၎င်းတို့မှာ (၁) ယူနစ်ဧရိယာတစ်ခုအတွင်းရှိ စပါးနှံပေါင်း (၂) စပါးနှံတစ်နှံတွင်ပါဝင်သော စပါးစေ့ပေါင်း (၃) အောင်စေ့ရာခိုင်နှုန်းနှင့် (၄) အစေ့ ၁၀၀၀ ၏ အလေးချိန်တို့ဖြစ်သည်။

စပါးအထွက်မိတ်ဖက်များသည် တစ်ဧကအထွက်နှုန်းနည်းခြင်း၊ များခြင်းကို ဖြစ်ပေါ်စေပါသည်။ တစ်ခုကောင်းဖြင့်မရချေ။ စပါးအထွက်မိတ်ဖက်နှစ်ခုဖြစ်သော ယူနစ်ဧရိယာတစ်ခု အတွင်းရှိ စပါးနှံအရေအတွက်နှင့် တစ်နှံပါသောစပါးစေ့တို့သည် စပါးအထွက်၏ ၆၀ ဒသမ ၂ ရာခိုင်နှုန်းကို အကျိုးပြုကြောင်း အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနက လက်ခံထားသည်။ စပါးအထွက် မိတ်ဖက်လေးခုလုံး၏ ပေါင်းစည်းအကျိုးပြုမှုသည် စပါးအထွက်၏ ၈၁ ဒသမ ၅ ရာခိုင်နှုန်းသာဖြစ်ပါသည်။ ထို့ကြောင့် စပါးအထွက်မိတ်ဖက်လေးမျိုးလုံး ကောင်းမွန်ရေး၊ စပါးမျိုးစေ့မြေကျသည်မှ ရင့်မှည့်သည်ထိ သက်တမ်းတစ်လျှောက်လုံး အလေးထား ဆောင်ရွက်ရန် ဖြစ်ပါသည်။

စပါးပင်၏ ကြီးထွားမှုကာလအသီးသီးက စပါးအထွက်မိတ်ဖက်များကို အဆုံးအဖြတ်ပြု သည်။ ထို့ကြောင့် စပါးပင်၏ သဘာဝကို သိထားသင့်သည်။ စပါးပင်၏ကြီးထွားမှုကာလများမှာ (၁)အပင်ကြီးထွားမှုကာလ(Vegetative Phase)၊ (၂)အနှံသန္ဓေကြီးထွားမှုကာလ(Reproductive phase) နှင့် (၃) သီးပွင့်ရင့်မှည့်ကာလ (Ripening Phase) တို့ဖြစ်သည်။

စပါးပင်၏ ကြီးထွားကာလသုံးခုတွင် ယေဘူယျအားဖြင့် အနှံသန္ဓေကြီးထွားမှုကာလ သည် ၃၅ ရက်နှင့် သီးပွင့်ရင့်မှည့်ကာလသည် ၃၀ ရက်ကြာပါသည်။ အထွက်ကောင်းစပါးမျိုးများ တွင် စပါးမျိုး၏အသက်ရက်အား ထိုကြီးထွားကာလနှစ်ခု၏ ၆၅ ရက်နှုတ်ပယ်ပါက ကျန်သောရက် သည် အပင်ကြီးထွားမှုကာလဖြစ်သည်။ ထို့ကြောင့် အပင်ကြီးထွားမှုကာလသည် စပါးမျိုးပေါ် မူတည်၍ သက်တမ်းအချိန်ကာလရက်ကွာခြားသည်။ အနှံသန္ဓေကြီးထွားမှုကာလနှင့် သီးပွင့် ရင့်မှည့်ကာလတို့မှာမူ မည်သည့်စပါးမျိုးဖြစ်စေ ပုံသေဖြစ်သည်။ ကြီးထွားကာလအသီးသီးသည် သက်ဆိုင်ရာ စပါးအထွက်မိတ်ဖက်ကို ဖြစ်တည်စေပါသည်။

ယူနစ်ဧရိယာတစ်ခုအတွင်းရှိ စပါးနှံအရေအတွက်သည် စပါးအထွက်၏ အခြေခံ မိတ်ဘက်တစ်ခုဖြစ်ပြီး အပင်ကြီးထွားမှုကာလသည် စပါးနှံဖြစ်ပေါ်ရေးအတွက် အရေးကြီးသည်။ ပျိုးထောင်ကောက်စိုက်စနစ်တွင် ကောက်စိုက်ပြီး ရက် ၂၀ မှ ၂၅ ရက်အတွင်း၌ စပါးနှံအရေ အတွက်များခြင်း၊ နည်းခြင်းကို အဆုံးအဖြတ်ပေးသည်။ မည်သည့် စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုး သည် ဖြစ်စေ အစောပိုင်းကာလတွင် ပင်ပွားများစေပြီး အနှံအရေအတွက်ကို တိုးစေရမည်ဖြစ် သည်။

စပါးကိုပျိုးထောင်ကောက်စိုက်စနစ်နှင့် တိုက်ရိုက်မျိုးစေ့ချနည်းစနစ်တို့ဖြင့် စိုက်ပျိုး လျှက်ရှိရာ ပျိုးထောင်ကောက်စိုက်စနစ်၌ ပြောင်းရွှေ့မစိုက်ပျိုးမီ၊ ပျိုးပင်အဆင့်သည် အပင်ကြီး ထွားကာလတွင် အကြုံးဝင်သည်။ ပျိုးခင်းပြုပြင်သည်မှ ပျိုးထောင်ခြင်း၊ ပျိုးနှုတ်ခြင်း၊ ကောက် စိုက်ခြင်းနှင့် ကောက်စိုက်ပြီးမျိုးကိုလိုက်၍ ရက် ၅၀ မှ ရက် ၈၀ ခန့်ထိ ကာလတို့သည် အပင်ကြီး ထွား ကာလဖြစ်သည်။ ယူနစ်ဧရိယာအတွင်း အနှံများရေးအတွက် ပျိုးခင်းပြုပြင်သည်မှ အပင် ကြီးထွား ကာလပြီးဆုံးသည်ထိ လုပ်ငန်းအဆင့်ဆင့်တွင် အလေးထား ဆောင်ရွက်ရန် ဖြစ်ပါသည်။

စပါးအထွက်ကောင်းရန် ယူနစ်ဧရိယာတစ်ခုအတွင်းရှိ စပါးနှံအရေအတွက်သည် စပါး စိုက်စနစ်ပေါ်မူတည်၍ ရှိသင့်ရှိထိုက်သော အရေအတွက်ရရှိရန်လိုပါသည်။ ပျိုးထောင် ကောက် စိုက်စနစ်တွင် တစ်စတုရန်းမီတာအတွင်း၌ အနှံအရေအတွက် ၃၇၅ ခန့်ရှိသင့်သည်ဟု ဆိုပါသည်။ တစ်ဧကကောက်ကွက် ၁ ဒသမ ၁ သိန်းမှ ၁ ဒသမ ၉ သိန်းအတွင်း စိုက်ခဲ့ပါက ကောက်ကွက် တစ်ကွက်လျှင် ရှစ် မှ ၁၄ နှံရှိရမည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

သို့သော် အစိုတမန်းပြင် တိုက်ရိုက်မျိုးစေ့ချစနစ်၌ အချို့သည် အတန်းလိုက်မျိုးစေ့ချ သည်။ အချို့မှာ ကြဲပက်စိုက်ပျိုးသည်။ အသုံးပြုသည့် မျိုးစေ့နှုန်းမှာလည်း ဒေသအလိုက်ကွာခြား သည်။ မည်သို့ဖြစ်စေ စပါးအထွက်ကောင်းရေးအတွက် တစ်စတုရန်းမီတာတွင် စပါးနှံအရေ အတွက် ၅၀၀ မှ ၈၀၀ ခန့်အတွင်းသာ စပါးအထွက်ကောင်းကြောင်း တွေ့ရှိရသည်။ မိမိမြေ၊ မိမိ

စပါးမျိုး၊ မိမိစနစ်ဖြင့် ချင့်ချိန်၍ ယူနစ်ဧရိယာအတွင်း စပါးနှံအရေအတွက်များရေး ကြိုးစားရန်သာ ဖြစ်ပါသည်။

လိုအပ်သော အနှံအရေအတွက်ပြည့်မှီရန် ပျိုးထောင်ကောက်စိုက်စနစ်ဖြစ်ပါက သန်စွမ်းသော ပျိုးပင်များကို အသုံးပြုစိုက်ပျိုးရန်လိုသည်။ မည်သည့်ပျိုးထောင်နည်းစနစ်ဖြင့် ပျိုးထောင်သည်ဖြစ်စေ ပျိုးပင်များသည် ရောဂါကင်းစင်ရမည်။ ကြီးထွားမှုတူညီရမည်။ တို၍ထူထဲရမည်။ သန်စွမ်းသောအမြစ်များစွာပါရှိရမည်။

တိုက်ရိုက်မျိုးစေ့ချစနစ်ဖြစ်ပါက မျိုးစေ့နှုန်းကို တစ်တင်းခွဲမှ နှစ်တင်းသာသုံးစွဲသင့်သည်။ စေ့တွင်းစာပါဝင်မှုများသော မျိုးစေ့များကို ဆားရည် (သို့မဟုတ်) ရိုးရိုးရေဖြင့် ရွေးချယ်၍ မျိုးအဖြစ်သုံးရပါမည်။ မြေညံ့ပါက ကောင်းအောင်ပြုပြင်ရပါမည်။ မြေဩဇာသုံးစွဲ၍ ထည့်သွင်းမှုစနစ်ကျမှန်ကန်ရမည်။ အပင်ပွားချိန်၌ ရေမပြတ်ရန်၊ ရေလုံလောက်ရန် လိုပါသည်။ ပိုးမွှားရောဂါပေါင်းမြက်ကင်းစင်စေရပါမည်။ သို့မှသာ ပင်ပွားကောင်း၍ အနှံအရေအတွက်များစေမည်ဖြစ်ကြောင်း အသိပေးလိုပါသည်။

ပင်ပွားကောင်း၍ အနှံအရေအတွက်များခြင်းကြောင့် စပါးအထွက်ကောင်းစေမည်

စပါးတစ်နှံတွင် ဖြစ်ပေါ်သော စပါးစေ့အရေအတွက် အနည်းအများ ကို စပါးပင်၏ အနှံသန္ဓေကြီးထွားကာလက အဆုံးအဖြတ်ပြုသည်။ အနှံသန္ဓေကြီးထွားမှုကာလသည် ယေဘုယျအားဖြင့် ပင်ပွားအများဆုံးထွက်ပြီး မို့ကပ်သည်မှ အနှံထွက်သည်ထိဖြစ်သည်။ ဤကာလတွင် အရေးကြီးသည်မှာ စပါးပင်အတွင်း မြေဩဇာအဟာရ ပြည့်ဝနေရေးဖြစ်သည်။

တစ်နှံတွင် စပါးစေ့ ၈၀ မှ ၁၀၀ခန့် ဖြစ်ပေါ်မှသာ စပါးအထွက်ကောင်းမည်။ အနှံဖြစ်ပေါ်မှုကာလ၌ ပထမ ၁၀ ရက်ခန့်တွင် မူလအနှံခက်နှင့် ဒုတိယအနှံခက်များမှ စပါးစေ့များ စတင်ဖြစ်ပေါ်သည်။ အနှံခက်များ၌ စပါးစေ့များ မဖြစ်ပေါ်နိုင်ခြင်း၊ ဖြစ်ပေါ်ပြီး ပျက်စီးခြင်းများ မဖြစ်စေရေးအတွက် အာဟာရချို့တဲ့မှုမရှိစေရေး၊ စပါးပင် မို့ကပ်ချိန်တွင် နိုက်ထရိုဂျင်မြေဩဇာကို ကျွေးပေးရန် လိုအပ်ပါသည်။

စပါးပင်သည် မှို့ကပ်သည်မှ ၃၅ ရက်ခန့်အကြာတွင် အနှံထွက်သည်။ ပန်းစတင်ပွင့်သည်။ ပန်းစတင်ပွင့်သည်မှ ရင့်မှည့်ချိန်ထိ ကာလသည် ရက် ၃၀ ကြာပြီး ၄င်းသည် သီးပွင့်ရင့်မှည့်မှုကာလဖြစ်သည်။ စပါးအထွက်မိတ်ဖက်နှစ်ခုဖြစ်သော အောင်စေ့ရာခိုင်နှုန်းနှင့် စပါးစေ့အလေးချိန်ကို ဤကာလက အဆုံးအဖြတ်ပြုသည်။

စပါးစေ့များသည် မျိုးမအောင်ပဲမြုံခြင်း၊ မျိုးအောင်သော်လည်း မမှည့်ခြင်းတို့ကြောင့် အဖျင်းစေ့များဖြစ်ကာ အောင်စေ့ရာခိုင်နှုန်းကို ကျဆင်းနိုင်သည်။ အောင်စေ့ရာခိုင်နှုန်းသည် ၈၀ အထက်ရှိမှသာလျှင် စပါးအထွက်ကောင်းနိုင်ပါသည်။ အဖျင်းစေ့မများစေရေး စပါးပန်းပွင့်ချိန်တွင် စိုက်ခင်းအတွင်း ရေမပြတ်စေရေးဆောင်ရွက်ရမည်။ ၄င်းပြင် အပင်ယိုင်လဲမှုမရှိစေရန် နိုင်ထရိုဂျင်မြေဩဇာကို ချိန်ဆ၍ ထည့်သွင်းရပါမည်။

စပါးအထွက်မိတ်ဖက်တစ်ခုဖြစ်သော အစေ့ ၁၀၀၀ အလေးချိန်သည် မျိုးအလိုက်ကွာခြားသော်လည်း ၂၀ ဂရမ်အထက်တွင် ရှိရပါမည်။ အစေ့အလေးချိန်များရေးအတွက် ပန်းပွင့်ချိန်နှင့် အနှံထွက်ချိန်တွင် အစာအာဟာရလုံလောက်ရန် လိုအပ်သည်။ ပန်းပွင့်ချိန်တွင် အစာချက်လုပ်မှုကောင်းရန် စပါးပင်အရွက်အရေအတွက်နှင့် အရွက်ဧရိယာများပြားစေရေးအတွက် မြေဩဇာအာဟာရကို ဖြည့်တင်းပေးရမည်ဖြစ်ပါသည်။

စပါးကို နှစ်စဉ်စိုက်ပျိုးသည်ဖြစ်ရာ တစ်ဧကအထွက်နှုန်းမြင့်မားရေးအတွက် အားနည်းချက်၊ အားသာချက်များကို ဆန်းစစ်ပြုပြင်နေရမည်ဖြစ်သည်။ ရေမြေသဘာဝနှင့် ရာသီဥတုပြောင်းလဲမှုနှင့်အညီ အဟန့်အတားများကို ကျော်လွှားရမည်။ မိမိစိုက်ပျိုးသည့် စပါးမျိုး၏ သက်တမ်းရက်ကိုသိပြီး အပင်ကြီးထွားမှုကာလအင့်ဆင့်၏ အချိန်ကာလကို နားလည်ရမည်။ အထွက်နှုန်းမိတ်ဖက်များဖြစ်ပေါ်ရာ စပါးပင်ကြီးထွားမှုကာလအလိုက် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်လိုအပ်ပါသည်။

ယူနစ်ဧရိယာတစ်ခုအတွင်း စပါးနှံအရေအတွက်တိုးပွားရေးအတွက် အပင်ကြီးထွားမှုကာလတွင် ဆောင်ရွက်ရန်များ၊ စပါးတစ်နှံတွင်ပါဝင်သော စပါးစေ့အရေအတွက် များပြားရေးအတွက် အနှံသန္ဓေကြီးထွားမှုကာလတွင် ဆောင်ရွက် ရန်များ၊ အောင်စေ့ရာခိုင်နှုန်းနှင့် အစေ့ ၁၀၀၀ အလေးချိန်ကောင်းရေးအတွက် သီးပွင့်ရင့်မှည့်ကာလတွင် ဆောင်ရွက်ရန်များကို လစ်ဟင်းမှုမရှိရေး နှိုးဆော်ရေးသားလိုက်ရပါသည်။

နွေစပါးအထွက်တိုးရေးလိုက်နာဆောင်ရွက်ရန်နည်းစနစ်များ

နွေစပါးသည် သီးထပ်စွမ်းရည် မြင့်မားရေး၊ စပါးထုတ်လုပ်မှု တိုးတက်ရေးနှင့် လယ်သမားတစ်ဦးချင်း ဝင်ငွေကောင်းမွန်ရေးအတွက် အားထားရသည့် သီးနှံတစ်မျိုးဖြစ်ပါသည်။ နွေစပါးတစ်ဧက အထွက်နှုန်းတိုးတက်ရန် အောက်ပါနည်းစနစ်များကို လိုက်နာကျင့်သုံးဆောင်ရွက်ရန် လိုပါသည်။

(က) မျိုး

မျိုးများကိုစိုက်ပျိုးရန်

မြန်မာနိုင်ငံအထက်ပိုင်း	-	ရွှေသွယ်ရင်၊ သုခရင်၊ ရေဆင်းလုံးသွယ်၊ ဧည့်မထစေ၁
မြန်မာနိုင်ငံအောက်ပိုင်း	-	သီးထပ်ရင်၊ ရေဆင်းလုံးသွယ်၊ အမ်အာ-၉
တောင်ပေါ်ဒေသ	-	ဆင်းဧကရီ-၃၊ ရတနာအောင်၊ ရေဆင်း-၃

စပါးမျိုးအလိုက် အရည်အချင်းလက္ခဏာများ

စဉ်	စပါးအမျိုးအမည်	မျိုးအုပ်စု	အသက်ရက်	အနှံပါပင်ပွား	တစ်နှံပါသီးနှံ	တစ်ဧက အထွက်နှုန်းတင်း
၁	ရွှေသွယ်ရင်	ဧည့်မထ	၁၀၅-၁၁၅	၁၀-၁၂	၁၃၀	၈၀-၁၀၀
၂	သီးထပ်ရင်	ဧည့်မထ	၁၁၅-၁၂၀	၈-၁၀	၁၀၅	၈၀-၁၀၀
၃	ရတနာအောင်	ဧည့်မထ	၉၅-၁၀၅	၅-၇	၉၅	၇၀-၈၀
၄	အမ်အာ-၉	ဧည့်မထ	၁၁၅-၁၂၀	၇-၉	၁၁၀	၇၀-၁၀၀
၅	ရေဆင်း-၃	ဧည့်မထ	၁၁၅-၁၂၀	၁၀-၁၂	၁၀၁	၁၀၀-၁၁၀
၆	ဆင်းဧကရီ-၃	ဧည့်မထ	၁၂၅-၁၃၀	၁၀-၁၂	၁၅၈	၈၀-၁၀၀
၇	ဧည့်မထစေ၁	ဧည့်မထ	၁၀၀-၁၀၅	၈-၁၀	၁၈၄	၁၀၀-၁၂၀
၈	ရေဆင်းလုံးသွယ်	ဧည့်မထ	၁၂၅-၁၃၀	၈-၁၀	၁၂၂	၉၀-၁၁၀
၉	သုခရင်	ဧည့်မထ	၁၀၅-၁၁၀	၇-၉	၁၁၇	၇၀-၉၀

(ခ) စိုက်စနစ်

စိုက်ချိန်

ဒေသအလိုက် စိုက်ချိန်မှန်ကန်စွာစိုက်ပျိုးရန်

မြန်မာနိုင်ငံအထက်ပိုင်း	-	ဇန်နဝါရီ ၁၅ မှ မတ် ၁၅ ရက်
မြန်မာနိုင်ငံအောက်ပိုင်း	-	ဒီဇင်ဘာ ၁၅ မှ ဇန်နဝါရီ ၁၅ ရက်
တောင်ပေါ်ဒေသ	-	ဖေဖော်ဝါရီ ၁၅ မှ မတ် ၁၅ ရက်

မျိုးစေ့ချစနစ်

တိုက်ရိုက်မျိုးစေ့ချစနစ်ကို ကျင့်သုံးဆောင်ရွက်ပါ။ အစိုတမန်းပြင်တွင် တစ်တန်းနှင့်တစ်တန်း ရှစ်လက်မအကွာအဝေးထား၍ အတန်းလိုက်မျိုးစေ့ချပါ။ ကြားလိုက်ပေါင်းမြက် သုတ်သင်ပါ။ ကြဲပက်စိုက်ပျိုးပါက ပေါင်းသတ်ဆေးကို မဖြစ်မနေသုံးစွဲပါ။

မျိုးစေ့နှုန်း

ပုံမှန်အခြေအနေတွင် စိုက်တမန်းကောင်း၍ မြေမျက်နှာပြင်ညီညာအောင် ကြမ်းရိုက်နိုင်ပြီး မျိုးစေ့အပင်ပေါက်ရာခိုင်နှုန်း ၈၀ နှင့်အထက်ရှိပါက တစ်ဧကမျိုးစေ့ တစ်တင်းခွဲနှုန်းသုံးပါ။ စိုက်သမန်းညံ့ပြီး ရေနေရေထိုင်မကောင်းပါက (သို့မဟုတ်) အပင်ပေါက်ညံ့ပါက မျိုးစေ့နှုန်းပိုမိုသုံးစွဲပါ။

သင့်တင့်မှန်ကန်သော မျိုးစေ့နှုန်းသည် အကျယ်အဝန်းတစ်မီတာပတ်လည်အတွင်း စပါးပင်ပေါက် ၂၀၀ မှ ၃၀၀ အတွင်း ရှိသင့်သည်။ အပင်ဦးရေသည် စပါးအထွက်နှုန်းကို အဆုံးအဖြတ်ပေးပါသည်။

အပင်ဦးရေနှင့်အထွက်နှုန်းဆက်စပ်မှု

တစ်မီတာပတ်လည်အတွင်း စပါးပင်ပေါက်ရောက်မှု	အခြေအနေသတ်မှတ်ချက်	မှတ်ချက်
၂၀၀ မှ ၃၀၀	အထူးကောင်းမွန်	အထွက်မြင့်မားမည်
၁၅၀ မှ ၂၀၀	ကောင်း	အထွက်မြင့်မားရန် အခွင့်အလမ်းနည်းသည်
၈၀ မှ ၁၅၀	သင့်တင့်	အထွက်မြင့်မားရန် ခက်ခဲသည်
၈၀ အောက်	ညံ့	အထွက်နည်းမည်၊ ကွက်ကြားပေါက်ရောက်ပါက ဖျက်၍အသစ်ပြန်စိုက်ပါ

(ဂ) ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်း

စိုက်ကွက်အတွင်း ရေမပြတ်အောင် ထိန်းသိမ်းပြီး ဘက်စုံပေါင်းမြက်ကာကွယ်နှိမ်နင်းနည်းစနစ်ကို ကျင့်သုံးခြင်းဖြင့် ပေါင်းမြက်ကို ထိရောက်စွာကာကွယ်နိုင်မည်ဖြစ်ပါသည်။

တမန်းနှိုးခြင်း

စိုက်ပြီးနှစ်ပတ်သားမှစ၍ နှစ်ပတ်တစ်ကြိမ် စပါးတမန်းနိုးကိရိယာဖြင့် နှစ်ကြိမ်၊ သုံးကြိမ်ကြားထွန်လိုက်၍တမန်းနှိုးပါ။ တမန်းနှိုးစဥ် ရေနှစ်လက်မခန့်သာရှိသင့်သည်။ ယူရီးယားမြေဩဇာကျွေးပြီးပြီးချင်း တမန်းနိုး၍ မြေနှင့်သမစေရမည်။

ပေါင်းသတ်ဆေးသုံးခြင်း

ပေါင်းပင်မပေါက်မီ ကာကွယ်သည့် ပေါင်းသတ်ဆေး (သို့မဟုတ်) ပေါင်းပေါက်ပြီး နှိမ်နင်းသည့် ပေါင်းသတ်ဆေးတစ်မျိုးမျိုးကို မှန်ကန်သည့်ဆေး၊ ဆေးနှုန်းထား၊ ဆေးဖျန်းနည်းစနစ်အတိုင်း ဆောင်ရွက်ပါ။

ပေါင်းပေါက်ရောက်မှုစစ်ဆေးခြင်း

မျိုးစေ့ချပြီးသုံးပတ်မှလေးပတ်အတွင်း လေးရက်မှငါးရက်တစ်ကြိမ် စစ်ဆေးပါ။ အကျယ်အဝန်းတစ်မီတာ ပတ်လည်အတွင်း ပေါင်းမြက်အမျိုးအစားကိုလိုက်၍ ၁၀ ပင် မှ အပင် ၃၀ ပေါက်ရောက်ပါက စပါး အထွက်လျော့နိုင်ပါသည်။

(ဃ) သွင်းအားစု

သဘာဝမြေသြဇာ

နွားချေး (သို့မဟုတ်) မြေဆွေးကို စပါးမျိုးစေ့မချမီ လယ်မြေတစ်ဧကလျှင် တစ်တန်မှ သုံးတန် ထည့်ပေးပါ။

ဂျစ်ပဆန်မြေသြဇာကို မျိုးစေ့မချမီ လယ်မြေတစ်ဧကလျှင် ပေါင် ၁၀၀ နှုန်းထည့်ပေးပါ။

ဓာတ်မြေသြဇာ

ယူရီးယားနှင့် ပိုတက်ဓာတ်မြေသြဇာများကို စိုက်ချိန်၊ ပင်းပွားချန်၊ မှို့ကပ်ချိန်တို့တွင် အလီလီခွဲကျွေးပါ။ ယူရီးယားကို အရွက်အရောင်တိုင်း ကဒ် (LCC)နည်းဖြင့်တိုင်းတာ၍ ထည့်သွင်းက ပိုမို၍ အကျိုးရှိပါသည်။

(င) ရိတ်သိမ်းနည်းစနစ်

ပန်းပွင့်စုံပြီး ရက် ၃၀ သို့မဟုတ် အနှံ၏ ၈၅ ရာခိုင်နှုန်းသော အသီးများရင့်မှည့်လာလျှင် ရိတ်သိမ်းပါ။ ရိတ်သိမ်းပြီးလျှင်ပြီးချင်း ချက်ချင်းခြွေလှေ့ပါ။ အစိုဓာတ်(၁၄)ရာခိုင်နှုန်းရောက်ရှိစေရန် နေလှမ်းအခြောက်ခံပါ။

စပါးအခြေခံသီးထပ်သီးနှံပုံစံ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်ဖြစ်သည့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် သီးထပ်သီးနှံပုံစံချမှတ်စိုက်ပျိုးရေးသည် အရေးပါသည့် အချက်တစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံသည် သီးနှံစိုက်ပျိုးရန်သင့်တော်သည့် ရေမြေရာသီဥတုသဘာဝ ပတ်ဝန်းကျင်ရှိသဖြင့် တောင်ပေါ်မြေပြန့် ပြည်နယ်တိုင်းအသီးသီး ဒေသအနှံ့အပြားတွင် စပါးသီးနှံကို စိုက်ပျိုးလျှက်ရှိသည်။ စပါးသီးနှံအတွက် စိုက်ပျိုးရေကိုမှုတ်သုံမိုးရွာခြင်းမှ ရရှိသည်။ နေရာဒေသကို လိုက်၍ မိုးများခြင်း၊ မိုးနည်းခြင်းကြောင့် ရေတော်မိုးတော်ဒေသ၊ ရေကြီးကွင်း၊ ရေနက်ကွင်းဒေသ၊ မိုးနည်းခြောက်သွေ့ဒေသစသည်ဖြင့် ကွဲပြားခြားနားသော်လည်း စပါးသီးနှံကို မဖြစ်မနေစိုက်မြဲ စိုက် လျက်ရှိသည်။ နိုင်ငံတော်၏ အစီအမံဖြင့် ၁၉၈၈-၈၉ မှစပြီး ယခုအထိ ဆည်၊ ရေလှောင်တမံနှင့် ရေထိန်းတံခါးစီမံကိန်းလုပ်ငန်း ၂၂၅ ခု၊ မြစ်ရေတင်လုပ်ငန်းပေါင်း ၃၂၂ ခု ဆောင်ရွက်ပေးခြင်း များကြောင့် လိုအပ်သော စိုက်ပျိုးရေရရှိပြီး စပါးသီးနှံအပါအဝင် သီးနှံစုံစိုက်ပျိုးရေးအောင်မြင် စေလျက်ရှိသည်။ စိုက်ပျိုးသော စပါးမျိုးနှင့် ရာသီဥတု အခြေအနေအပေါ်မူတည်၍ စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းသည်ထိ အချိန်ကာလအားဖြင့် သုံးလမှငါးလခန့်ကြာသည်။ မိုးစပါးကို နေရာဒေသ လိုက်၍ မေ၊ ဇွန်၊ ဇူလိုင်လတွင် စိုက်ပျိုးပြီး အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာတွင် ရိတ်သိမ်းကြ သည်။

မြန်မာနိုင်ငံတွင် စပါးသီးနှံကို ၁၉၆၈ ခုနှစ်မတိုင်မီက တစ်သီးစားသာစိုက်ပျိုးလေ့ရှိသည်။ ထိုအချိန်က စိုက်ပျိုးသောစပါးမျိုးများမှာ ဒေသစပါးမျိုးများ တနည်းအားဖြင့် အလင်းရောင်တုန့်ပြန်မှုရှိသော ရာသီစပါးမျိုးများဖြစ်သည်။ မိုးရွာသွန်းမှုအရ စိုက်ပျိုးရေရသည်နှင့် မည်သည့် အချိန်စိုက်သည်ဖြစ်စေ တန်ဆောင်မုန်းလတွင် ကျွဲခြေရာခွက်ထဲက အလေ့ကျပေါက်သည့် စပါးပင်ပါမကျန် အနှံထွက်သည်ဟု ရှေးလူကြီးသူမများဆိုစကားရှိခဲ့သည်။ စပါးရိတ်သိမ်းပြီးသည်နှင့် လယ်မြေအားလုံးကိုသည်အတိုင်းပင်ထားလေ့ရှိသည်။ မည်သည့်သီးနှံကိုမျှ စိုက်ပျိုးလေ့မရှိကြပေ။

ယခုအခါ တောင်သူလယ်သမားများသည် အတွေ့အကြုံများပြီး ပညာရည်အဆင့်အတန်း မြင့်မားခြင်း၊ စိုက်ပျိုးရေးသုတေသနရလဒ်များဖြန့်ဖြူးရရှိပြီး နည်းပညာဖွံ့ဖြိုးလာခြင်းကြောင့် တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစား စိုက်ပျိုးလာတတ်ပေပြီ။ ဒေသရာသီစပါးမျိုးများနေရာတွင် ခေတ်သစ်အထွက်ကောင်း စပါးမျိုးများကို အစားထိုးစိုက်ပျိုးကြပေပြီ။ ခေတ်သစ်အထွက်ကောင်း စပါးမျိုးများသည် ရာသီမလိုက်ကြပေ။ မည်သည့်အချိန်တွင် စိုက်ပျိုးသည်ဖြစ်စေ သက်တမ်း

အလိုက် သီးပွင့်ရင့်မှည့်သည့် သက်တမ်းစပါးမျိုးများဖြစ်သည်။ မြေဩဇာကျွေးမှုအပေါ် တုန့်ပြန်ပြီး စပါးအထွက်တိုးစေသည်။ အပင်အရပ်ပုပြီး ယိုင်လဲလွယ်ခြင်း မရှိပေ။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနသည် အထွက်ကောင်းစပါးမျိုးပေါင်း ၈၀ ခန့်ကို ထုတ်ဝေနိုင်ခဲ့ပြီး ဒေသအနှံ့အပြားတွင် စပါးမျိုး ၂၀ ခန့်ကို အကျယ်အပြန့်စိုက်ပျိုးနေပြီဖြစ်သည်။ ထုတ်ဝေခဲ့သည့် စပါးမျိုးများအနက် သက်လတ်စပါးမျိုးများတွင် မနောသုခ၊ ဆင်းသွယ်လတ် နှင့် သက်လျင်စပါးမျိုးများတွင် သီးထပ်ရင်၊ ရွှေသွယ်ရင်၊ ရေဆင်းလုံးသွယ်၊ ဆင်းနွယ်ရင်၊ ရတနာတိုး စပါးမျိုးများသည် ထင်ရှားသည်။

သက်လျင်၊ သက်လတ်အထွက်ကောင်းစပါးမျိုးများကို စိုက်ပျိုးလာခြင်းသည် စပါးအခြေခံသီးထပ်သီးနှံပုံစံချမှတ်စိုက်ပျိုးရေးကို ဖြစ်ထွန်းစေသည်။ မိုးရေသောက်ဒေသ၌ သက်လျင်သက် လတ်စပါးရိတ်သိမ်းချိန်တွင် မြေတွင်းအစိုဓါတ်ကျန်ရှိခြင်းကြောင့် သီးထပ်သီးနှံများကို စိုက်ပျိုးနိုင် စေသည်။ စပါးနှင့်ယာသီးနှံတစ်မျိုးမျိုးကို နှစ်သီးစားစိုက်ပျိုးနိုင်သည်။

စပါးနှင့်ယာသီးနှံတစ်မျိုးမျိုးကို သီးထပ်သီးနှံပုံစံစိုက်ပျိုးရာတွင် စပါးသီးနှံမတိုင်မီ စိုက်ပျိုးနိုင်သကဲ့သို့ စပါးသီးနှံအပြီးလည်း စိုက်ပျိုးနိုင်သည်။ စပါးသီးနှံမတိုင်မီ စိုက်ပျိုးနိုင်သည့် သီးထပ်သီးနှံပုံစံများမှာ ပဲတီစိမ်း-စပါး၊ နှမ်းလျှော်-စပါး၊ မြေပဲ-စပါး၊ ပြောင်းဖူး-စပါး၊ ချည်မျှင်ရှည်ဝါ - စပါးစသည်တို့ဖြစ်သည်။ စပါးသီးနှံအပြီး စိုက်ပျိုးနိုင်သည့် သီးထပ်သီးနှံပုံစံများမှာ စပါး-မတ်ပဲ၊ စပါး-ကုလားပဲ၊ စပါး-မြေပဲ၊ စပါး-နေကြာ၊ စပါး-ပဲပုပ် စသည်တို့ဖြစ်သည်။

ဆည်ရေသောက်ဒေသ သို့မဟုတ် မြစ်၊ ချောင်း၊ အင်းအိုင်များမှ သွင်းရေရှိသည့် ဒေသများတွင်မူ နှစ်သီးစားသာမက သုံးသီးစားစိုက်ပျိုးနိုင်သည်။ သုံးသီးစား စပါးအခြေခံ သီးထပ်သီးနှံပုံစံများမှာ စပါး-မတ်ပဲ-စပါး၊ စပါး-ကုလားပဲ-စပါး၊ စပါး-ပဲပုပ်-စပါး စသည်တို့ဖြစ်သည်။ တတိယသီးနှံ စပါးသည် နွေစပါးဖြစ်သည်။ နွေစပါးစိုက်ပျိုးမှုကို ၁၉၉၂ ခုနှစ်တွင် စတင်ခဲ့သည်။ နွေစပါးသည် မိုးစပါးထက် အထွက်နှုန်းသာလွန်ကြောင်း တွေ့ရှိလာသဖြင့် တစ်နှစ်ထက်တစ်နှစ် တိုးတက်စိုက်ပျိုး လာကာ နှစ်သီးစား၊ သုံးသီးစား စိုက်ပျိုးရေးသည် ကျယ်ပြန့်လာခဲ့သည်။ ဆည်ရေသွင်းရေချွေတာရပါက နွေစပါးအစား ပဲတီစိမ်း၊ နှမ်းလျှော်၊ ပဲပုပ် စသည်တို့ကို စိုက်ပျိုးနိုင်သည်။

နှစ်သီးစားနှင့် သုံးသီးစား သီးထပ်သီးနှံပုံစံတွင် တစ်မိုးစပါးနှစ်သီးခေါ် မိုးရာသီအတွင်း မိုးဦးစပါး-မိုးလယ်စပါး သီးနှံပုံစံကိုလည်း ဆောင်ရွက်နိုင်သည်။ မိုးစပါးကို မေလဆန်းတွင် ပထမဦးဆုံးရွာသွန်းသောမိုးရေဖြင့် အခြောက်ထွန်ရေးတွင် စပါးအခြောက်တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနိုင်သည်။ မိုးလှိုင်လှိုင်ရွာလာသော မိုးရေကို ကန်သင်းပိတ်သိုလှောင်ပြီး မိုးရေသောက်လယ်

စပါးအဖြစ် ဆက်လက်ဆောင်ရွက်နိုင်သည်။ တိုက်ရိုက်မျိုးစေ့ချစိုက်ပထမစပါးသည် ပုံမှန်ပျိုးထောင်စိုက်စပါးထက် သက်တမ်းခုနှစ်ရက်မှ၁ဝရက်ခန့်စောပြီး ဒုတိယမိုးလယ်စပါးကို ပထမစပါး မရိတ်မီ တစ်လခန့် ကြိုတင်ပျိုးထောင်နိုင်ခြင်းကြောင့် တစ်မိုးစပါးနှစ်သီးစိုက်ပျိုးရေး အခြေအနေ ပေးခြင်းဖြစ်ပါသည်။ စပါးနှစ်သီးအပြီးတွင် မြေပဲ၊ နှမ်းလျှင်၊ ပဲတီစိမ်း၊ ပဲပုပ်စသည်တို့ကို စိုက်ပျိုး၍ သုံးသီးစားနိုင် ပါသည်။

တစ်နှစ်အတွင်း တစ်သီးပြီးတစ်သီး စိုက်ပျိုးရိတ်သိမ်းကာ
စပါးအခြေခံသီးထပ်သီးနှံပုံစံများကို ချမှတ်စိုက်ပျိုးနိုင်သည်

သီးထပ်သီးနှံပုံစံချမှတ်စိုက်ပျိုးခြင်းသည် မြေဧရိယာတစ်ခုအတွင်း၌ တစ်နှစ်အတွင်း တစ်သီးပြီးတစ်သီး စိုက်ပျိုးရိတ်သိမ်းစိုက်ပျိုးကာ သီးနှံစုံစိုက်ပျိုးထုတ်လုပ် နေခြင်းပင်ဖြစ်ပါသည်။ စပါးသီးနှံသည် ပြည်သူများ၏ ပြည်တွင်းစားနပ်ရိက္ခာလိုအပ်ချက်ကို ဖူလုံစွာဖြည့်ဆည်း ပေးနိုင်ပြီး၊ အပိုအလျှံများဖြစ်ပေါ်စေပါသည်။ ဆီထွက်သီးနှံသည် မြန်မာတို့၏စားသုံးမှုဓလေ့အရ ဆန်ပြီးလျှင် ဒုတိယအရေးပါသော သီးနှံအုပ်စုဖြစ်သည်။ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပြည်ပမှစားအုန်းဆီ တင်သွင်းမှုလျော့နည်းစေရေးတို့အတွက် မြေပဲ၊ နှမ်း၊ နေကြာသီးနှံများကို အဓိကစိုက်ပျိုးသည်။ ပဲမျိုးစုံသီးနှံသည် စိုက်ပျိုးရန်လွယ်ကူခြင်း၊ ကုန်ကျစရိတ်သက်သာခြင်းကြောင့် သီးထပ်သီးညှပ် အများအပြား စိုက်ပျိုးကာ ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အားထားရသည့် သီးနှံဖြစ်သည်။

ဤကဲ့သို့ စပါးစိုက်လယ်မြေများတွင် စပါးသီးနှံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံသီးနှံပါဝင်သော စပါးအခြေခံသီးထပ်သီးနှံပုံစံများကို ချမှတ်စိုက်ပျိုးကြခြင်းကြောင့် ပြည်တွင်းစားသုံးမှုဖူလုံစေရေး၊ ပြည်ပတင်ပို့မှုမှ နိုင်ငံခြားငွေတိုးတက်ဖြည့်ဆည်းရရှိရေးတို့ကို အထောက်အကူပြုသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ကာ၊ နိုင်ငံစီးပွားတိုးတက်မြင့်မားလာစေမည်ဖြစ်ပါကြောင်း ရေးသား လိုက်ရပါသည်။

“ မိုးနည်းဒေသအတွက် နှစ်သီးစားသီးထပ်သီးနှံပုံစံ ”

ရေမြေရာသီဥတု သဘာဝသယံဇာတနှင့်ပြည့်စုံကြွယ်ဝသော မြန်မာနိုင်ငံသည် သီးနှံမျိုးစုံကို ဒေသမရွေး အချိန်အခါမရွေး စိုက်ပျိုးရန် ဖြစ်ထွန်းသည်။ သို့သော် ရှေးယခင်က လယ်မြေတွင် မိုးစပါးကိုသာ တစ်သီးစားစိုက်ပျိုးလေ့ရှိကြောင်းသိရသည်။ ထယ်ထိုးထွန်မွှေ၍ အစိုထယ်ရေး မြေပြုပြင်ခြင်းကို အချိန်ယူဆောင်ရွက်ပြီး မိုးရွာသွန်းမှုအများဆုံးအချိန်တွင် စပါးကိုစိုက်ပျိုးသည်။ အသုံးပြုသည့် စပါးမျိုးများမှာ အလင်းရောင်တုန့်ပြန်မှုရှိသော ရာသီစပါးမျိုးများဖြစ်သည်။ မိုးကုန်ချိန်တွင် ရင့်မှည့်သဖြင့် ရိတ်သိမ်းကြသည်။ မည်သည့်သီးနှံကိုမျှ မိုးစပါးမတိုင်မီ စိုက်လေ့စိုက်ထမရှိသကဲ့သို့ မိုးစပါးအပြီးတွင်လည်း စိုက်လေ့မရှိကြပါ။

မြန်မာနိုင်ငံတွင် မိုးရွာသွန်းမှုကို အားကိုးစိုက်ပျိုးရသည့် မိုးရေသောက်ဒေသနှင့် သွင်းရေရရှိသည့် ဆည်ရေသောက်ဒေသဟူ၍ရှိရာ ယခုအခါ ဒေသနှစ်မျိုးလုံး၌ မိုးစပါးကိုသာ အားကိုးစိုက်ပျိုးသည့် တစ်သီးစားစနစ်ကို စွန့်လွှတ်ခဲ့ပြီးဖြစ်သည်။ နည်းပညာဖွံ့ဖြိုးတိုးတက်မှုကြောင့် သက်လျင်သီးနှံမျိုးသစ်များ ပေါ်ပေါက်လာခြင်း၊ တစ်စထက်တစ်စ လျှင်မြန်စွာလူဦးရေတိုးတက်လာခြင်းနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာခြင်းတို့ကြောင့် နှစ်သီးစား၊ သီးသုံးစား၊ လယ်ယာစနစ်သို့ ပြောင်းလဲဆောင်ရွက်နေပြီဖြစ်သည်။

မြန်မာနိုင်ငံသည် စပါးကိုအားထားစိုက်ပျိုးသည့် နိုင်ငံဖြစ်ရာ စပါးစိုက်ဧရိယာသည် လယ်ယာသီးနှံများတွင် စိုက်ပျိုးဧရိယာ အများဆုံးဖြစ်သည်။ နှစ်သီးစားသုံးသီးစားစိုက်ပျိုးရာတွင် မိုးစပါးကိုအခြေခံ၍ ဆောင်ရွက်သည်။ စပါးအထွက်နှုန်းမြင့်မားရေးကို ဦးတည်သည်။ မိုးစပါးမတိုင်မီနှင့် မိုးစပါးအပြီးတွင် ယာသီးနှံများကို စိုက်ပျိုးကြသည်။ လယ်မြေမှသီးနှံမျိုးစုံကို တစ်နှစ်ပတ်လုံး ထုတ်လုပ်နေကြခြင်းပင်ဖြစ်သည်။

ဆည်ရေရရှိခြင်းမရှိသည့် မိုးရေသောက်မိုးနည်းဒေသများတွင် မိုးကိုသာအားကိုးရသည်။ မြန်မာ နိုင်ငံအလယ်ပိုင်း၊ အထက်ပိုင်းနှင့် အချို့ဒေသများ၌ မုတ်သုံမိုးသည် မိုးဦးကျကာလတွင် ပြင်းထန်မှု မရှိချေ။ မေလတတိယ ပတ်ခန့်တွင် မိုးစတင်ရွာသည်။ ဇွန်လတွင် မိုးသင့်တင့်သည်။ ဇူလိုင်လတွင် မိုးနည်းသည်။ မိုးဦးကျလျှင်ကျခြင်း စပါးစိုက်ရန်ပျိုးထောင်ရေမရရှိနိုင်သကဲ့သို့ စိုက်ရေလည်းမရရှိနိုင်ချေ။ လယ်မြေ၌ မိုးစပါးမတိုင်မီ ယာသီးနှံတစ်မျိုးမျိုးကို စိုက်ပျိုးရန် ရက် ၆၀ မှ ရက် ၉၀ ခန့်ထိ အချိန်ရနိုင်သည်။ နေရာဒေသနှင့် မိုးဦးကာလ မိုးရွာသွန်းမှုပုံစံ၊ မိုးရေချိန်အနည်းအများ ပေါ်မူတည်ပြီး သင့်တော်သည့်သီးနှံ သင့်တော်သည့်မျိုးကို ရွေးချယ်စိုက်ပျိုးရန် တိုက်တွန်းလိုပါသည်။

ယာသီးနှံဆိုသည်မှာ စပါးကဲ့သို့ အပင်ခြေရေဝပ်ထိန်းသိမ်းတည်ရှိနေရန် မလိုအပ်ပဲ မြေတွင်း အစိုဓါတ်နှင့် စိုက်ပျိုးဖြစ်ထွန်းသည့် ပြောင်းဖူး၊ နှမ်းလျှင်၊ မြေပဲ၊ ပဲတီစိမ်း၊ ချည်မျှင်ရှည်ဝါနှင့် ဂုန်လျှော်စသည့် သီးနှံများကို ဆိုလိုသည်။ အဆိုပါ သီးနှံများသည် မိုးစပါးမတိုင်မီ စိုက်ပျိုးသင့်သော ယာသီးနှံများဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာနနှင့် မြန်မာနိုင်ငံ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့သည် ၁၉၇၉ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်ထိ စပါးအခြေခံသီးထပ်သီးနှံပုံစံကို သုတေသနပြုစမ်းသပ်ခဲ့သည်။ ပြောင်းဖူး-မိုးစပါးသီးနှံပုံစံကို ပျဉ်းမနား၊ မြေပဲ-မိုးစပါးသီးနှံပုံစံကို ပျဉ်းမနား၊ ပုသိမ်ကြီး၊ ကျောက်ပန်းတောင်းနှင့် ပြည်၊ နှမ်းလျှင်-မိုးစပါးသီးနှံပုံစံကို ပုသိမ်ကြီးနှင့် ဝါးခယ်မ၊ ပဲတီစိမ်း-မိုးစပါးသီးနှံပုံစံကို ပုသိမ်ကြီး၊ ပျဉ်းမနား၊ ကျောက်ပန်းတောင်းနှင့် ပြည်၊ ဂုန်လျှော်-မိုးစပါးသီးနှံပုံစံကို ဝါးခယ်မနှင့် မှော်ဘီ၊ ချည်မျှင်ရှည်ဝါ-မိုးစပါးသီးနှံပုံစံကို ပုသိမ်ကြီးနှင့် ကျောက်ပန်းတောင်းတို့တွင် အလားအလာကောင်းသော ယာသီးနှံ-မိုးစပါး သီးနှံပုံစံများအဖြစ် ဖော်ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ မိုးစပါးမတိုင်မီ စိုက်သင့်သည့် ယာသီးနှံများသည် နေရာဒေသအလိုက် ကွဲပြားခြားနားနိုင်သော်လည်း မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် နှမ်းလျှင်-မိုးစပါး၊ ပဲတီစိမ်း-မိုးစပါးနှင့် ချည်မျှင်ရှည်ဝါ-မိုးစပါးတို့ကို ကျယ်ပြန့်စွာကျင့်သုံးဆောင်ရွက်နေကြောင်း သိရှိရပါသည်။

မိုးစပါးမတိုင်မီ သက်တမ်းတို အထွက်ကောင်းသည့် ပဲတီစိမ်းကိုစိုက်ပျိုး၍ ပဲတီစိမ်း-မိုးစပါးသီးနှံပုံစံကို ချမှတ်ဆောင်ရွက်နိုင်သည်

မိုးစပါးမတိုင်မီ စိုက်ပျိုးမည့်ယာသီးနှံမျိုးများသည် အစိုဓါတ်နည်းနည်းဖြင့် အပင်ပေါက်နိုင်သည့်စွမ်းရည်ရှိရန်လိုသည်။ မိုးဦးကျသည်နှင့် ထွန်ရေးမြေပြင်မှုစတင်၍ စိုက်ပျိုးရာတွင် အစိုဓါတ်နည်းမှုနှင့်ကြုံရမည်ဖြစ်သည်။ အပင်ပေါက်စအဆင့်၌ ခြောက်သွေ့မှုဒဏ်ကိုခံရမည်ဖြစ်ရာ ထိုအခြေ

အနေမျိုးနှင့် သင့်တော်သည့် သီးနှံမျိုးကိုရွေးချယ်စိုက်ပျိုးရန်လိုသည်။ ထို့ပြင် မိုးဦးစိုက်ယာသီးနှံများ၏ သီးပွင့်ရင့်မှည့်ချိန်သည် မိုးများစွာရွာသွန်းလေ့ရှိသည့် မိုးလယ်ကာလနှင့် ကြုံတွေ့ရမည်ဖြစ်ရာ ထိုအချိန်၌ မိုးများဒဏ်ကိုခံနိုင်ရည်ရှိသည့် သီးနှံမျိုးဖြစ်သင့်သည်။

ပြုစုဂရုစိုက်မှုအနေဖြင့်လည်း ပင်ခြေရေမဝပ် ရေးအတွက် ရေထုတ်မြောင်းဖော်ရေး၊ မူလစိုက်ပျိုးစဉ်ကပင် ဘောင်စနစ်ဖြင့်စိုက်ရေး ဆောင်ရွက်ရန်လိုသည်။ ပိုးမွှားရောဂါကျရောက်နိုင်သဖြင့် အသုံးပြုသည့်မျိုးသည် ပိုးမွှားရောဂါဒဏ် ကို ခံနိုင်ရည်ရှိသည့်မျိုးဖြစ်ရန်လိုပါသည်။ ကျရောက်ပါကလည်း ထိရောက်စွာ နှိမ်နင်းရန်လိုပါသည်။

သက်တမ်းတိုခြင်း၊ အထွက်ကောင်းခြင်းတို့သည် မိုးဦးယာသီးနှံများတွင် ရှိသင့်သည့် အရည်အချင်းလက္ခဏာများဖြစ်သည်။ မိုးစပါးမတိုင်မီအချိန်အတွင်း မြေယာအသုံးချရေး၊ သီးနှံစိုက်စွမ်းအားမြင့်မားရေး၊ သီးနှံထုတ်လုပ်မှုတိုးတက်ရေးအတွက် မိုးဦးယာသီးနှံတစ်သီးကို စိုက်ပျိုးသည်ဖြစ်ရာ သက်တမ်းရှည်ကြာသော သီးနှံမျိုးမဖြစ်သင့်ချေ။ အကျိုးအမြတ်ဝင်ငွေကောင်းရေးအတွက် အထွက်ကောင်းမျိုးလည်းဖြစ်သင့်ပါသည်။ ယာသီးနှံများရိတ်သိမ်းပြီးသည်နှင့် မိုးစပါးကို ဆက်လက်စိုက်ပျိုးရန်ဖြစ်ရာ စိုက်ပျိုးသည့် ယာသီးနှံများသည် အလင်းရောင်ကို တုန့်ပြန်မှုမရှိသည့် မျိုးဖြစ်ရပါမည်။ တနည်းအားဖြင့် သက်တမ်းအလိုက် သီးပွင့်ရင့်မှည့်သည့် သီးနှံမျိုးဖြစ်ရန်လို သည်။ အဆုံးမရှိကြီးထွားသည့် ယာသီးနှံမျိုးဖြစ်ပါက အချိန်မီမရိတ်သိမ်းနိုင်၍ မိုးစပါးစိုက်ပျိုးရန် စောင့်ဆိုင်းရမည်ဖြစ်သဖြင့် စိုက်ချိန်နောက်ကျကာ မိုးစပါးအထွက်နှုန်းကို ထိခိုက်နိုင်ပါသည်။

တစ်နှစ်တာ ၁၂လကာလအတွင်း မိုးစပါးတစ်မျိုးတည်းစိုက်ပျိုးခြင်းနှင့် ယာသီးနှံ-မိုးစပါး သီးနှံပုံစံချမှတ်၍ သီးနှံနှစ်မျိုးကို တစ်မျိုးပြီးတစ်မျိုးစိုက်ပျိုးခြင်းတို့သည် မြေယာ၊ အချိန်၊ လုပ်ငန်းနှင့် ရင်းနှီးမှုစသည့် စီမံခန့်ခွဲရေးကိစ္စရပ်အားလုံးတွင် ခြားနားသည်။ မိုးစပါးတစ်မျိုး တည်းစိုက်ရာတွင် မိုးစပါးအတွက် လုပ်သား၊ လုပ်ငန်းစဉ်၊ ကုန်ကျစရိတ်နှင့် ဝင်ငွေကိုသာ စဉ်းစားရန်လိုသည်။ ယာသီးနှံ-မိုးစပါးသီးနှံပုံစံတွင် စိုက်နေကျမိုးစပါးသာမက ပထမသီးနှံဖြစ်သော နှမ်းလျှင်၊ ပဲတီစိမ်း၊ မြေပဲစသည့် စိုက်ပျိုးသည့်ယာသီးနှံကိုလည်းစဉ်းစားရသည်။ သီးနှံနှစ်မျိုးလုံးအတွက် ရင်းနှီးရသည့် ကုန်ကျစရိတ် ရရှိသည့် အမြတ်ငွေ၊ စီးပွားရေးတွက်ခြေကိုက်မကိုက်တို့ကို စဉ်းစားရန်လိုသည်။ မြေယာအသုံးချမှု အချိန်ကိုစီမံခန့်ခွဲမှုတို့တွင် ပထမသီးနှံအတွက် အသုံးချမည့်အချိန်ကာလ ဒုတိယသီးနှံအတွက် ထွန်ရေးတမန်းပြုပြင်ရန်လိုအပ်မည့်ကာလတို့ကို ကြိုတင်တွက်ဆကာ သီးနှံပုံစံချမှတ်ရပါသည်။

မိုးဦးကျမှတ်သုံမိုးစတင်ရွာသည်နှင့် ယာသီးနှံတစ်မျိုးမျိုးကို စိုက်ပျိုးရန်ဖြစ်ရာ လယ်မြေ ၌ ကြိုတင်၍နွေထယ်ရေးခံထားက ထွန်ရေးပြင်ရန် မြန်ဆန်လွယ်ကူမည်ဖြစ်သည်။ ထယ်ထိုးထွန်မွှေ သည့်လုပ်ငန်းကို အလျှင်အမြန်ဆောင်ရွက်ရန်လိုသည်။ ထွန်ရေးညက်၍ ပေါင်းမြက်အမှိုက်သရိုက်

ကင်းစင်စေကာ ကြမ်းရိုက်မြေညှိပြီး အပင်ပေါက်နိုင်သည့် အစိုဓါတ်ရှိချိန်တွင် စိုက်ပျိုးရန်ဖြစ်သည်။ သီးနှံပင်ဖြစ်ထွန်းချိန်တွင် မိုးကြီးတစ်ကြိမ်၊ နှစ်ကြိမ်ခန့်ရွာတတ်သဖြင့် ထိုအချိန်တွင် လယ်ကွက်ထဲ၌ ရေမဝပ်ရေး၊ ယာသီးနှံစိုက်ပျိုးစဥ်ကပင် ရေထုတ်မြောင်းများဖော်ပေးသင့်သည်။ ဘောင်စနစ်ဖြင့်စိုက်ပျိုးသင့်သည်။ မြေဩဇာသုံးစွဲခြင်း၊ အပင်ပြုစုခြင်း၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ခြင်းတို့ကို ယာသီးနှံအလိုက် ဆောင်ရွက်ရန်ဖြစ်သည်။ စိုက်ပျိုးသည့် ယာသီးနှံမရိတ်သိမ်းမီ ရက် ၂၀ တစ်လခန့်ကြိုတင်၍ မိုးစပါးအတွက် ကြိုတင်ပျိုးထောင်ထားရန်လိုသည်။ ဤသို့ မိုးစပါးကို ဆက်လက်စိုက်ပျိုးကာ ယာသီးနှံ-မိုးစပါးသီးနှံပုံစံ နှစ်သီးစားဖြင့် သီးနှံထုတ်လုပ်မှုနှင့် ဝင်ငွေအကျိုးအမြတ်ကို မိုးရေသောက်မိုးနည်းဒေသရှိ လယ်သမားများရရှိစေလိုပါသည်။

မိုးဦး၊ မိုးနှောင်း၊ ယာသီးနှံ မြေလပ်မထား အကျိုးများ

စပါးသည် နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သည်။ ယနေ့ကာလသည် သီးနှံစုံစိုက်ပျိုးသည့် ခေတ်ဖြစ်ရာ လယ်မြေတွင် စပါးသာမက အခြားသီးနှံများကိုလည်း စိုက်သည်။ လယ်မြေကို နွေ၊ မိုး၊ ဆောင်း အကျိုးရှိစွာသုံးစွဲကာ မိုးစပါး၊ မိုးစပါးအပြီးဆောင်းသီးနှံ၊ ဆောင်သီးနှံရိတ်သိမ်းပြီးက နွေစပါးကိုဆက်စိုက်သည်။ စပါးအခြေခံ သီးထပ်သီးနှံပုံစံချမှတ်စိုက်ပျိုးအောင်မြင်မှုပင်ဖြစ်သည်။

ဤကဲ့သို့ ယာမြေကိုလည်း အကျိုးရှိစွာအသုံးချစေလိုသည်။ မိုးဦးယာသီးနှံရိတ်သိမ်းပြီးက မိုးနှောင်းဆောင်းယာသီးနှံကို ဆက်လက်စိုက်စေလိုသည်။ မိုးဦးယာသီးနှံအပြီး မြေလွတ်အဖြစ် လှပ်မထားသင့်။ ယာသီးနှံအခြေခံသီးထပ်သီးနှံပုံစံကိုချမှတ်စိုက်ပျိုး ခြင်းဖြင့် အကျိုးအမြတ်များရန် တိုက်တွန်းလိုခြင်းဖြစ်ပါသည်။

ယာမြေတွင် စိုက်ပျိုးနိုင်သော သီးနှံများစွာရှိသည်။ ဒေသကိုလိုက်၍ ကွဲပြားခြားနားသည်။ ဆီထွက်သီးနှံအမျိုးမျိုးကို စိုက်နိုင်သည်။ ပဲမျိုးစုံကို စိုက်နိုင်သည်။ အခြားယာသီးနှံများကိုလည်း စိုက်ပျိုးနိုင်သည်။ မြေပဲ၊ နှမ်းလျှင်၊ ပဲတီစိမ်း၊ ပဲပုပ်၊ ပြောင်းဖူးနှင့် ချည်မျှင်ရှည်ဝါတို့သည် ထင်ရှားသည့် ယာသီးနှံများဖြစ်သည်။

ယခုနှစ်တွင် မေလတတိယပတ်မှစတင်၍ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းအရှိန်နှင့်စတင်ဝင်ရောက်လာသော အနောက်တောင်မုတ်သုံလေကိုအသုံးချကာ ယာမြေတွင် မိုးဦးယာသီးနှံများကို စိုက်ပျိုးခဲ့ကြပါသည်။ အသက်ရက် ၇၅ မှ ရက် ၉၀ အတွင်းသာရှိသော သက်လျှင်အထွက်ကောင်းနှမ်းလျှင်၊ ပဲတီစိမ်း၊ ပဲပုပ်စသည့် ယာသီးနှံများကို စိုက်ပျိုးခဲ့သည်ဖြစ်ရာ မိုးနှောင်းကာလတွင် ရိတ်သိမ်းကြ မည်ဖြစ်သည်။ ရိတ်သိမ်းပြီးပါက မြေလှပ်ထားခြင်းမပြုပဲ ယာသီးနှံတစ်သီးပြီး တစ်သီးစိုက်ရေး နှိုးဆော်လိုပါသည်။

ယာမြေတွင် အဓိကစိုက်ပျိုး ဖြစ်ထွန်းသောသီးနှံများကို ယာသီးနှံဟုခြုံငုံ၍ ခေါ်ဝေါ်ခြင်းဖြစ်သည်။ စိုက်ပျိုးမြေ၌ လေဝင်လေထွက်ရှိသည့် အခြေအနေတွင် ဖြစ်ထွန်းသည်။ စပါးကဲ့သို့ အပင်ခြေ တွင် ရေအမြဲရှိရန်မလို။ အစိုဓါတ်ရှိယုံဖြင့် ရှင်သန်ကြီးထွားဖွံ့ဖြိုးနိုင်သည်။ ထို့ကြောင့် ပထမယာသီးနှံရိတ်သိမ်းအပြီးအစိုဓါတ် မဆုတ်ယုတ်မီ ထယ်ထိုးထွန်မွှေ မြေပြင်ကာ ဒုတိယယာသီးနှံကို ဆက်လက်စိုက်ပျိုးရန်ဖြစ်ပါသည်။

နှမ်းလျှင်-ပဲတီစိမ်း သီးနှံပုံစံ

ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် ဆီထွက်သီးနှံသည် အရေးပါသည်။ စားသုံးဆီ တိုးတက်ဖြည့်ဆည်းနိုင်ရန် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ ဆီထွက်သီးနှံ စိုက်ဧရိယာ၏ ၄၇ ရာခိုင်နှုန်းကျော်ကို မိုးရာသီတွင် စိုက်သည်။ မိုးရာသီတွင်စိုက်သည့် ဆီထွက်သီးနှံများအနက် မိုးနှမ်းလျှင်သည် စိုက်ဧရိယာအများဆုံးဖြစ်သည်။ နှမ်းလျှင်ရိတ်သိမ်းပြီးပါက ပဲတီစိမ်းကိုစိုက်ကာ နှမ်းလျှင်-ပဲတီစိမ်းပုံစံကို ချတ်မှတ်စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များနိုင်ကြောင်း အသိပေးလိုပါသည်။

နှမ်းလျှင်ကို ယာမြေများ၌ သီးသန့်စိုက်ပျိုးသကဲ့သို့ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းပါးသည့်ဒေသများ၌ ပဲစင်းငုံကြားတွင် သီးညှပ်စိုက်လေ့ရှိသည်။ ပဲစင်းငုံသည် ပြည်ပဈေးကွက်ဝင်သီးနှံဖြစ်သည်၊ ရေငတ်ဒဏ်ခံနိုင်သည်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးခြင်းသာမက တစ်သီးမအောင်မြင်လျှင် အခြားတစ်သီးမှ ဝင်ငွေရနိုင်ရေး၊ ကြားသီးနှံအဖြစ် နှမ်းလျှင်ကို သီးညှပ်စိုက်ခြင်းဖြစ်သည်။ ပဲစင်းငုံသည် သက်တမ်းရှည်သည်။ အတန်းကြားကျယ်ကျယ်ဖြင့် စိုက်ထားသည်။ ကြားသီးနှံနှမ်းလျှင်သည် သက်တမ်းတိုသည်။ ထို့ကြောင့် နှမ်းလျှင်ရိတ်ပြီးလျှင် ပြီးချင်း ပဲစင်းငုံအတန်းကြားတွင် ပဲတီစိမ်းကို အမြန်စိုက်ခြင်းဖြင့် မိုးနည်းပါးမှုကိုအံတု၍ သီးထပ်သီးညှပ် သီးနှံပုံစံချမှတ် ဆောင်ရွက်စေလိုပါသည်။

နှမ်းလျှင်၊မြေပဲ၊ပဲတီစိမ်းစသည့်ယာသီးနှံများကိုတစ်သီးပြီးတစ်သီး စိုက်ပျိုးနိုင်သည်

နှမ်းလျှင်-မြေပဲ သီးနှံပုံစံ

ပဲတီစိမ်းကဲ့သို့ နှမ်းလျှင်ပြီး စိုက်ပျိုးသင့်သည့် အခြားယာသီးနှံတစ်မျိုးမှာ မြေပဲဖြစ်သည်။ မြေပဲသည် မြေကောင်းကြိုက်သည်။ မြေတွင်ရေရှည်ထိမ်းသိမ်းထားနိုင်မည့် အစိုဓါတ်ကို ပိုမိုလိုအပ်သည်။ ဒုတိယသီးနှံအဖြစ် စိုက်သည့် မြေပဲသည် မိုးမြေပဲ မဟုတ်သကဲ့သို့ ဆောင်းမြေပဲ

ဟုလည်းမဆိုသာချေ။ တောင်သူများက စကမြေပဲဟုခေါ်ဝေါ်သည်။ မိုးလယ်တွင် ရွာသွန်းသော မုတ်သုန်မိုးရေဖြင့်ရရှိသည့် မြေတွင်းအစိုဓါတ်ကို ထိန်းသိမ်းကာ နှမ်းလျှင်- စကမြေပဲသီးနှံပုံစံကို အောင်မြင်စွာစိုက်ပျိုးရန် ဖြစ်ပါသည်။

ပဲတီစိမ်း-မြေပဲသီးနှံပုံစံ

ပဲမျိုးစုံသီးနှံသည် နှမ်းလျှင်ကဲ့သို့ စိုက်ပျိုးရလွယ်ကူသည်။ ပြည်နယ်တိုင်းအသီးသီး၌ ပဲမျိုးစုံကို ရာသီမရွေးစိုက်ပျိုးလျက်ရှိသည်။ ပဲမျိုးစုံစုစုပေါင်း စိုက်ဧရိယာ၏ ၃၅ ရာခိုင်နှုန်းကျော် ကို မိုးရာသီတွင် စိုက်ပျိုးသည်။ မြေပြန့်ဒေသတွင် ပဲတီစိမ်း၊ ပဲစင်းငုံနှင့် တောင်ပေါ်ဒေသတွင် ပဲပုပ် တို့သည် မိုးရာသီတွင် ကျယ်ပြန့်စွာစိုက်ပျိုးလျက်ရှိသည့် ပဲမျိုးစုံသီးနှံများဖြစ်ပါသည်။

ပဲတီစိမ်းသည် ပဲမျိုးစုံသီးနှံများအနက် သက်တမ်းတိုပြီး အထွက်ကောင်းကာ ဝင်ငွေ အကျိုးအမြတ်ပိုမိုရရှိနိုင်သဖြင့် တောင်သူလယ်သမားများ အထူးကြိုက်နှစ်သက်သည့် သီးနှံ တစ်မျိုးဖြစ်လာသည်။ မိုးနည်းပါးသည့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ ယာမြေများ၌ မိုးဦးကျလျှင် ကျချင်း စိုက်ပျိုးကြသည်။ ရိတ်သိမ်းပြီးချိန် ကျန်ရှိသောမြေတွင်း အစိုဓါတ်သည် ဒုတိယသီးနှံ စိုက်ပျိုးရိတ်သိမ်းနိုင်မှုကို သေချာစေသည်။ မြေကောင်းပါက မြေပဲကို ဆက်လက်စိုက်နိုင်သည်။ ဤသို့ဖြင့် ပဲတီစိမ်း-စကမြေပဲသီးနှံပုံစံကို စိုက်ရန် အသိပေးလိုပါသည်။

ပဲတီစိမ်း-နှမ်းလျှင်သီးနှံပုံစံ

အလားတူပင် ပဲတီစိမ်းအပြီး နှမ်းလျှင်ကိုလည်း စိုက်နိုင်သည်။ နှမ်းလျှင်က စွန့်စားမှု ပိုနည်းသည်။ သင့်တင့်သော အစိုဓါတ်ရှိယုံဖြင့် လုံလောက်သည်။ ဤသို့ပင် ပဲစင်းငုံ အတန်းကြား တွင် မိုးဦး၌ ပဲတီစိမ်း စိုက်သည့်ဒေသတွင်လည်း ပဲတီစိမ်းအပြီး နှမ်းလျှင်ကို စိုက်နိုင်သည်။ ပဲစင်းငုံ အခြေခံ ပဲတီစိမ်း-နှမ်းလျှင် သီးထပ်သီးညှပ်သီးနှံပုံစံအဖြစ် သီးနှံစုံမှ အကျိုးအမြတ်များကို ရရှိစေ မည်ဖြစ်ပါသည်။

ပဲပုပ်-ပန်းနှမ်းသီးနှံပုံစံ

ပဲမျိုးစုံသီးနှံများအနက် ပဲပုပ်ကို ကချင်၊ ကယား၊ ချင်းနှင့် ရှမ်းစသည့် တောင်ပေါ်ဒေသ တွင် အများဆုံးစိုက်ပျိုးသည်။ ပဲပုပ်အပြီး စိုက်သင့်သည့် ယာသီးနှံမှာ ပန်းနှမ်းဖြစ်သည်။ ပန်းနှမ်း သည် ဆီထွက်သီးနှံတစ်မျိုးဖြစ်သည်။ စိုက်ပျိုးကုန်ကျစရိတ်သက်သာသည်။ စိုက်ပျိုးရာတွင် လွယ်ကူသည်။ ပဲပုပ်အပြီး မြေလှပ်မထားပဲ ပဲပုပ်-ပန်းနှမ်းသီးနှံပုံစံကို ဆောင်ရွက်ရန် တိုက်တွန်း လိုပါသည်။

ပဲပုပ်-နေကြာသီးနှံပုံစံ

ပဲပုပ်ရိတ်သိမ်းအပြီး စိုက်ပျိုးသင့်သည့် တောင်ပေါ်ဒေသသီးနှံပုံစံတစ်ခုအဖြစ် ပဲပုပ်-နေကြာကို ထပ်မံဖော်ပြလိုပါသည်။ နေကြာသည် အားထားရသည့် ဆီထွက်သီးနှံတစ်မျိုးဖြစ်ရာ၊ အစေ့စားနေကြာကို စိုက်ပျိုးမည့်အစား ဆီထွက်နေကြာကို စိုက်ပျိုးစေလိုသည်။ မြေကောင်းပြီး မြေတွင်းအစိုဓာတ်သေချာသည့် ယာမြေများတွင် ဆောင်ရွက်ရန် အကြံပြုလိုပါသည်။

ပဲပုပ်-ဂျုံသီးနှံပုံစံ

ဂျုံသည် တောင်ပေါ်ဒေသအတွက် စိုက်ပျိုးသင့်သည့် သီးနှံဖြစ်သည်။ ဂျုံကို တောင်ပေါ်ဒေသနှင့် စစ်ကိုင်းတိုင်းတို့တွင် စိုက်ပျိုးလျှက်ရှိသော်လည်း ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီခြင်းမရှိသေးချေ။ ပဲပုပ်ရိတ်သိမ်းအပြီး ဂျုံကို စိုက်ခြင်းဖြင့် ပဲပုပ်မှရရှိသည့် အာဟာရကို အသုံးပြုကာ ဂျုံတွင်အထွက်တိုးစေသည်။

ယခုတင်ပြသည့် မိုးဦးယာသီးနှံရိတ်သိမ်းအပြီး မိုးနှောင်း/ဆောင်းယာသီးနှံများကို ဆက်လက်စိုက်ပျိုးရန် သီးနှံပုံစံများသည် မြန်မာနိုင်ငံတစ်နံတစ်လျားဒေသရေမြေအလိုက် တည်ရှိသော ယာမြေအားလုံးအတွက် အကျုံးဝင်နိုင်မည်မဟုတ်ချေ။ ဆောင်ရွက်သင့်သည့် အဓိကသီးနှံပုံစံများကိုသာ ဖော်ပြခြင်းဖြစ်ပါသည်။ မည်သည့်သီးနှံပုံစံကိုကျင့်သုံးသည်ဖြစ်စေ လိုရင်းမှာ မြေလပ်မထားလျှင် ထိုက်သင့်သော အကျိုးအမြတ်ဝင်ငွေကို ရရှိစေမည်ဖြစ်ပါသည်။

မိုးဦးယာသီးနှံရိတ်သိမ်းသည့်အချိန်တွင် မြေတွင်း၌ ကျန်ရှိသည့်မြေတွင်းအစိုဓာတ်ကို သတိပြုစေလိုပါသည်။ မြေတွင်းအစိုဓာတ်သည် ကာလအတန်ကြာထိန်းထားနိုင်ခြင်းမရှိပါက သက်လျှင်သည့် သီးနှံကိုဦးစားပေးစိုက်ပျိုးရန်ဖြစ်ပါသည်။ နေကြာ၊ မြေပဲတို့နှင့် နှိုင်းယှဉ်လျှင် ပဲတီစိမ်း၊ နှမ်းလျှင်တို့ကပို၍ အသက်လျှင်သည်။ သီးနှံတစ်မျိုးတည်းအတွင်းတွင်လည်း သက်တမ်းအမျိုးမျိုးရှိရာ သက်လျှင်သည့်မျိုးကို စိုက်ပျိုးစေလိုပါသည်။

မုတ်သုန်ဆုတ်ခွာသည့် မိုးနှောင်းပိုင်းကာလဖြစ်၍ မြေတွင်းအစိုဓာတ်သည် တဖြည်းဖြည်း ယုတ်လျော့မည်ဖြစ်သည်ကိုလည်း သတိမူစေလိုသည်။ ထို့ကြောင့် မိုးဦးယာသီးနှံရိတ်သိမ်းခြင်း၊ ရိတ်သိမ်းအပြီး ထွန်ရေးပြုပြင်ခြင်းကို လျှင်လျှင်မြန်မြန်ဆောင်ရွက်ကာ မိုးနှောင်းယာသီးနှံကို အမြန်စိုက်စေလိုပါသည်။ သီးနှံနှစ်မျိုး၏ ကြားကာလတိုလေ ဒုတိယယာသီးနှံအောင်မြင်ဖြစ်ထွန်းလေ ဖြစ်ပါသည်။

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို စိုက်ပျိုးသူတောင်သူလယ်သမားများ၏ အကျိုးအမြတ်သာမက နိုင်ငံလယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် အလေးပေးဆောင်ရွက်ရန်လိုသည်။ သီးနှံစိုက်ပျိုးရန် သွင်းရေအခြေအနေမပေးသော်လည်း မိုးရေဖြင့်ရရှိသည့် မြေတွင်းအစို

ဓါတ်ကို အကျိုးရှိစွာ အသုံးချကာ ယာသီးနှံတစ်သီးပြီးတစ်သီး စိုက်ပျိုးရန်လိုသည်။ ပြောင်းလဲသည့် ရာသီဥတုနှင့် ဖြစ်ပေါ်လာသည့် ဈေးကွက်နှင့်အညီ သီးနှံနှင့်မျိုးကို ရွေးချယ်စိုက်ပျိုးရန်ဖြစ်သည်။ မိုးဦး ယာသီးနှံရိတ်သိမ်းပြီးသည့် ယာမြေကို မြေလပ်မထားပဲ မိုးနှောင်းယာသီးနှံများ ဆက်လက်စိုက်ပျိုးရေး၊ နှိုးဆော်ရေးသားလိုက်ရပါသည်။

ဒို့ကျေးရွာဂျာနယ်၊ အတွဲ(၇)၊ အမှတ်(၂၁) ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁)ရက် တနင်္လာနေ့

" ပြည်ပပို့ကုန် ပဲမျိုးစုံ သီးထပ်စိုက်ပျိုးမြေဆီလွှာဖွံ့ဖြိုး"

သီးနှံမျိုးစုံ စိုက်ပျိုးနိုင်သည့် ရာသီဥတုနှင့် ရေမြေအခြေခံကောင်းများ ပိုင်ဆိုင်ထားသော မြန်မာနိုင်ငံသည် နှစ်စဉ်သီးထပ်သီးညှပ်စိုက်ပျိုး၍ သီးနှံစိုက်စွမ်းအား မြင့်မားစေလျက်ရှိသည်။ တစ်နှစ်အတွင်းရှိ ၁၂ လတာ အချိန်ကာလကိုပိုင်းခြား၍ တစ်သီးပြီးတစ်သီး စိုက်ပျိုးကြရေးနှိုးဆော်အသိပေးလိုပါသည်။ အဓိကသီးနှံ မိုးစပါးအတွက် နေရာဒေသပေါ်မူတည်၍ ဇွန်မှ အောက်တိုဘာလခန့်အထိ အချိန်ကိုအသုံးချပြီးဖြစ်သည်။ စိုက်ပျိုးရာသီ၏ ကျန်သော နိုဝင်ဘာမှ ဖေဖော်ဝါရီလခန့်ထိ စပါးရိတ်သိမ်းပြီးကာလကို မည်သို့အသုံးချမည်နည်း။ စပါးအခြေခံသီးထပ်သီးနှံပုံစံချမှတ်သည့်အနေဖြင့် စပါးအပြီး သင့်တော်ရာပဲမျိုးစုံသီးနှံများကို ရွေးချယ်စိုက်ပျိုးနိုင်ရေး အသိပေး လို၍ ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။

စပါး-မတ်ပဲ သီးနှံပုံစံ

မတ်ပဲကို စပါးအပြီး သီးထပ်သီးနှံအဖြစ် စိုက်နိုင်သည်။ စပါး-မတ်ပဲသီးနှံပုံစံသည် ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထင်ရှားသည့် သီးနှံပုံစံဖြစ်သည်။ စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးဖြစ်ထွန်းသည်။ မတ်ပဲသည် ပြည်ပပို့ကုန် ပဲမျိုးစုံသီးနှံတစ်မျိုးဖြစ်သည်။ ရေဆင်းမတ်ပဲ-၂၊ ရေဆင်းမတ်ပဲ-၃နှင့် ဟသ်တလုံးကြီးမျိုးတို့ကို တောင်သူအများစုစိုက်ပျိုးသည်။ ရေဆင်းမတ်ပဲ-၂သည် အစေ့အရွယ်အစား အလယ်အလတ်ဖြစ်၍ အသက်လျှင်ကာ အထွက်ကောင်းသည်။ ရေဆင်းမတ်ပဲ-၃သည် အစေ့သေးပြီး အထွက်ကောင်းသည်။ ဟသ်တလုံးကြီးမျိုးသည် အစေ့ကြီးပြီး အထွက်ကောင်းသည်။

စိုက်ပျိုးသည့် မတ်ပဲမျိုးသည် အထွက်နှင့် အရည်အသွေးကောင်းမှသာ ဈေးကွက်ဝင်ပြီး အကျိုးအမြတ်ပိုမိုရရှိစေမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ အစေ့အရွယ်အစားကြီးပြီး အထွက်မြင့်မားကာ အရည်အသွေးကောင်းသည့် ပုလဲထွန်း၊ ရေဆင်းမတ်ပဲ-၅နှင့် ရေဆင်းမတ်ပဲ-၆ တို့ကို သုတေသနပြုဖော်ထုတ်ပြီးဖြစ်ရာ အစားထိုးစိုက်ပျိုးနိုင်ရေး အသိပေးလိုပါသည်။

စပါး-ကုလားပဲ သီးနှံပုံစံ

ကုလားပဲသည် ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပပို့ကုန်အဖြစ် အရေးပါ သည့် သီးနှံတစ်မျိုးဖြစ်သည်။ စပါးပြီး သီးထပ်စိုက်ပျိုးနိုင်ပြီး မကွေးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် စပါး- ကုလားပဲသီးနှံပုံစံကို ကျင့်သုံးစိုက်ပျိုးလျှက်ရှိသည်။ ရေဆင်း-ကုလားပဲ-၄ မျိုးကို တောင်သူအများစု စိုက်ပျိုးသည်။ ၄င်းသည် ကုလားပဲအနီမျိုးဖြစ်သည်။ နှစ်ပေါင်းများစွာစိုက်ပျိုးခဲ့သည်ဖြစ်၍ ၄င်းမျိုးသည် ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်လျော့နည်းလာကြောင်း သိရှိရသည်။ စိုက်ပျိုးသည့် ကုလားပဲမျိုးသည် ပိုးမွှားရောဂါဒဏ်ကို ခံနိုင်ရည်ရှိရန်လိုသည်။ အထွက်နှုန်းမြင့်မားရန်လိုသည်။ အစေ့အရွယ်အစားကြီး၍ အရည်အသွေးကောင်းရန်လိုသည်။ သုတေသနပြုထွက်ပေါ်လာသည့် ရေဆင်း-ကုလားပဲ-၄၊ ရေဆင်း-ကုလားပဲ-၆ နှင့် ရွှေနီလုံးကြီးမျိုးတို့သည် အရည်အသွေး

ကောင်းသည်။ အထွက်ကောင်းသည်။ ၄င်းမျိုးတို့ကို ပြောင်းလဲစိုက်ပျိုးကာ ကုလားပဲသီးနှံ ထုတ်လုပ်မှုတိုးတက်ပြီး အကျိုးအမြတ်ဝင်ငွေပိုမိုရရှိစေလိုပါသည်။

စပါး-ပဲတီစိမ်းသီးနှံပုံစံ

စပါးပြီး သီးထပ်စိုက်ပျိုးနိုင်သည့် ပဲမျိုးစုံသီးနှံတစ်မျိုးမှာ ပဲတီစိမ်းဖြစ်သည်။ စပါး-ပဲတီစိမ်းသီးနှံပုံစံကို ပဲခူး(အရှေ့)၊ ရန်ကုန်နှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် အောင်မြင်စွာ ကျင့်သုံးစိုက်ပျိုးလျှက်ရှိသည်။ ပဲတီစိမ်းသည် နိုင်ငံခြားဈေးကွက်၌ ဈေးအမြင့်ဆုံးရရှိနိုင်သည့် ပဲမျိုးစုံသီးနှံဖြစ်သည်။ အထွက်ကောင်းပြီး အောက်မြန်မာနိုင်ငံတောင်သူများ စပါးအပြီး စိုက်ပျိုးသည့် ပဲတီစိမ်းမျိုးမှာ ပဲတီရွှေဝါ(ခေါ်)ရေဆင်း-၁ ပဲတီစိမ်းမျိုးဖြစ်သည်။ စိုက်ပျိုးရေး-၁ ပဲတီစိမ်းမျိုးကိုလည်း စိုက်ပျိုးကြသည်။ စပါးပြီး သီးထပ်စိုက်ပျိုးရာ၌ အောက်မြန်မာနိုင်ငံသည် ပူနွေးသော ညအပူချိန်ရှိခြင်းကြောင့် မြန်မာနိုင်ငံအလယ်ပိုင်း၌ မိုးရာသီတွင် စိုက်ပျိုးခြင်းထက် တစ်ဧက အထွက်နှုန်းပိုမိုစေသည်။ ယခုအခါ သုတေသနမှ ဖော်ထုတ်သည့် အထွက်နှုန်းနှင့်အရည် အသွေးကောင်း ပဲတီစိမ်းမျိုးများဖြစ်သော ရေဆင်းပဲတီစိမ်း-၇၊ ရေဆင်းပဲတီစိမ်း-၉ နှင့် ရေဆင်း ပဲတီစိမ်း-၁၄ တို့ကို စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း အသိပေးလိုပါသည်။

ပဲမျိုးစုံသီးနှံများကိုစပါးအပြီး သီးထပ်သီးနှံများအဖြစ် စိုက်ပျိုးနိုင်သည်

စပါး-ပဲလွမ်းသီးနှံပုံစံ

ပဲလွမ်းသီးနှံသည် အောက်မြန်မာနိုင်ငံ ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စပါးပြီး သီးထပ်စိုက်လေ့ရှိသည့် အရေးပါသော သီးနှံတစ်မျိုးဖြစ်သည်။ စပါး-ပဲလွမ်းသီးနှံပုံစံကို ကျင့်သုံး စိုက်ပျိုး၍ ပဲလွမ်းသီးနှံ ထုတ်လုပ်မှုတိုးတက်သော်လည်း ဈေးကွက်ကြိုက်အရည်အချင်းများရှိရန် လိုအပ်သဖြင့် ပြည်ပသို့တင်ပို့ရောင်းချရာတွင် အခက်အခဲများရှိခဲ့ကြောင်း သိရသည်။ တောင်သူ များ လက်ရှိစိုက်ပျိုးနေသော ပဲလွမ်းမျိုးများမှာ အစေ့အရောင်ဖြူသော်လည်း မျက်ကွင်းညိုသည်။ အရည်အသွေးကောင်းသည့် ဆင်းပဲလွမ်းဖြူ-၂၊ ဆင်းပဲလွမ်းဖြူ-၃နှင့် ဆင်းပဲလွမ်းဖြူ-၅ မျိုးများကို

သုတေသနပြုဖော်ထုတ်ပြီးဖြစ်သည်။ မျိုးသစ်များသည် လက်ရှိစိုက်ပျိုးနေသော မျိုးများထက် သက်တမ်း တို၊ အစေ့အရွယ်အစားကြီး၍ အထွက်နှုန်းပိုမိုသည်။ ဤမျိုးများကို စပါးအပြီး သီးထပ် စိုက်ပျိုး၍ တောင်သူတစ်ဦးချင်း ဝင်ငွေနှင့် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရရှိရေး ကြိုးပမ်းရန် တိုက်တွန်းလိုပါသည်။

စပါး-ပဲပုပ်သီးနှံပုံစံ

ပဲပုပ်သည် စပါးရိတ်သိမ်းပြီး အလွယ်တကူစိုက်ပျိုးနိုင်သော ပဲမျိုးစုံသီးနှံတစ်မျိုးဖြစ်သည်။ ပဲပုပ်သည် အသားဓာတ်ကြွယ်ဝသဖြင့် အဟာရဓာတ်ပြည့်ဝသော အစားအစာများ ပြုလုပ်ရာတွင် အသုံးပြုနိုင်သည်။ ထူးခြားသည်မှာ ပဲပုပ်မှရရှိသောဆီကို ချက်ပြုတ်ရန်အတွက် စားသုံးဆီအဖြစ် သုံးနိုင်သည်။ ထို့ကြောင့် ပဲပုပ်သည် ပဲမျိုးစုံသီးနှံတစ်မျိုးဖြစ်ရုံသာမက ဆီထွက်သီးနှံတစ်မျိုးလည်းဖြစ်သည်။

အရည်အသွေးနှင့် အထွက်နှုန်းကောင်းသော ပဲပုပ်မျိုးများရရှိရေး သုတေသနပြုကြိုးပမ်းလျက်ရှိရာ မျိုးသစ်မျိုးကောင်းများ ပေါ်ထွက်လာပြီးဖြစ်သည်။ ရေဆင်းပဲပုပ်-၁၁ သည် တစ်ဧကလျှင် ၁၀ တင်းမှ ၄၀ တင်းခန့်ထိ ထွက်ရှိသည်။ ဆီထွက်ပဲပုပ်မျိုးဖြစ်၍ စားသုံးဆီဖူလုံရေးအတွက်လည်း အသုံးဝင်သည်။ အထွက်ကောင်းရေဆင်းပဲပုပ်-၃ ကိုလည်း စိုက်ပျိုးနိုင်ကြောင်း ဖော်ပြလိုပါသည်။

ပဲမျိုးစုံသီးနှံများသည် အခြားသီးနှံများနှင့်မတူ တစ်မူထူးခြားသည်။ စိုက်ပျိုးရာတွင် အရင်းအနှီးများစွာမလို စရိတ်ကျဥ်းသည်။ ဈေးနှုန်းမြင့်မားသည့် ဓါတ်မြေဩဇာများကို များစွာလိုအပ်ခြင်းမရှိပါ။ ပဲမျိုးစုံသီးနှံပင်၏ ပင်ကိုယ်သဘာဝကပင်လျှင် မြေဩဇာဖြစ်ထွန်းစေသည်။

ပဲမျိုးနွယ်ဝင်အပင်များ၏ အမြစ်တွင် မြစ်ဖုများရှိသည်။ မြစ်ဖုများတွင် မြစ်ဖုဘက်တီးရီးယား (Rhizobia) များနေထိုင်ကာ လေထဲမှ နိုက်ထရိုဂျင်ကို ဖမ်းယူသည်။ ဤသို့ဖြင့် ၎င်းနိုက်ထရိုဂျင်ကို ပဲပင်အတွက်ရရှိစေသည်။ လေထဲမှ နိုက်ထရိုဂျင် ဖမ်းယူပေးနိုင်မှုသည် ပဲမျိုးစုံသီးနှံအလိုက်ကွာခြားသည်။ အပင်ဖြစ်ထွန်းမှုအလိုက် မတူညီနိုင်ပါ။ ယေဘူယျအားဖြင့် တစ်ဧကလျှင် ဖမ်းယူပေးနိုင်သည့် နိုက်ထရိုဂျင်ပမာဏမှာ ကုလားပဲ တွင် ၅၀ ကီလိုဂရမ်၊ ပဲပုပ်နှင့် ပဲရာဇာတွင် ၆၀ ကီလိုဂရမ်၊ ပဲလွမ်း၊ မတ်ပဲနှင့် ပဲတီစိမ်းတို့တွင် ၈၀ ကီလိုဂရမ် ခန့်ရှိသည်ဟု သိရှိရပါသည်။

ပဲမျိုးစုံသီးနှံများသည် မြေတွင် ဩဂဲနစ်ပစ္စည်းကို ကြွယ်ဝစေသည်။ ပဲပင်ရိတ်သိမ်းပြီး မြေပေါ်၌ကြွင်းကျန်သော ပဲပင်၏ အကိုင်း အခက်အရွက်များနှင့် မြေအောက်ရှိအမြစ်များ၊ မြစ်ဖုများဆွေးမြေ့သည့်အခါတွင်လည်း ဆက်လက် စိုက်ပျိုးမည့်သီးနှံအတွက် နိုက်ထရိုဂျင်ကို ရရှိစေပြန်သည်။ မြေဆီလွှာ၏ဓါတ်သတ္တိသာမက ရုပ် သတ္တိကိုပါ တိုးမြှင့်ပေးပါသည်။

ပဲမျိုးစုံသီးနှံပင်၏အမြစ်သည် မြေဆီလွှာအတွင်းသို့နက်စွာဆင်းခြင်းကြောင့် မြေဆီလွှာထက်အောက်၌ အပင်အဟာရဓါတ်မျှတစေကာ ဆက်လက်စိုက်ပျိုးသည့် အခြားသီးနှံများအတွက် အဟာရကို လွယ်ကူစွာရယူနိုင်စေသည်။ ပဲမျိုးစုံနှင့် အခြားသီးနှံများ သီးလှည့်စိုက်ပျိုးခြင်းသည်

မြေဆီဩဇာမျှတစေမှုသာမက ပေါင်းမြက်၊ ပိုးမွှားရောဂါနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ပေးနိုင်ပါသည်။

ပဲမျိုးစုံသီးနှံသည် လယ်ယာထွက်ပြည်ပပို့ကုန်များတွင် အားထားရသည့် သီးနှံဖြစ်သည်။ အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု၌ ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လျှက်ရှိသည်။ လယ်မြေတွင် စပါးအပြီး ပဲမျိုးစုံသီးနှံများကို သီးထပ်စိုက်ပျိုးခြင်းသည် သီးနှံထုတ်လုပ်မှုတိုးတက်ပြီး တောင်သူတစ်ဦးချင်း ဝင်ငွေနှင့် နိုင်ငံတော်အတွက် ပြည်ပပို့ကုန်မြှင့်တင်နိုင်စေသည်သာမက ဆက်လက်စိုက်ပျိုးမည့် နွေစပါး (သို့မဟုတ်) အခြားသီးနှံများအတွက်ပါ မြေဆီလွှာဖွံ့ဖြိုးစေ၍ အကျိုးရှိကြောင်း အသိပေးလိုပါသည်။

“ ပြည်တွင်းစားသုံးဆီဖူလုံရေး ”

အခြေခံစားကုန်များတွင် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ပဲအမျိုးမျိုးစသဖြင့် မီးဖိုချောင်သုံးပစ္စည်းများပါဝင်လေရာ ဆန်ပြီးလျှင်ဒုတိယအရေးပါသော အခြေခံစားကုန်မှာ ဆီဖြစ်ရကား၊ ဆီဖူလုံပြည့်ဝရေးသည် ဆန်လုံလောက်ရေးကဲ့သို့ပင် အရေးပါလျက်ရှိနေပေသည်။ စားသုံးဆီသီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှုမှာ ပြည်တွင်းစားသုံးမှုအတွက် ပြည့်ဝဖူလုံမှုအဆင့်ဖြင့် တည်တည်ငြိမ်ငြိမ်ထုတ်လုပ်ပေးနိုင်မှုမရှိသေးသည့် အခြေအနေတွင် ရှိနေပါသေးသည်။

ဧရိယာအနေဖြင့် ဆီထွက်သီးနှံများစိုက်ဧရိယာဧက ၄ သန်းကျော် စိုက်ပျိုးလျက်ရှိရာ သီးနှံစုစုပေါင်းစိုက်ဧရိယာ၏ ၁၈ ရာခိုင်နှုန်းခန့်ဖြစ်ပြီး ဆီထွက်ရှိမှုမှာ တစ်နှစ်လျှင် မြေပဲဆီပိဿာချိန် သိန်း ၆၅၃၊ နှမ်းဆီပိဿာချိန် သိန်း ၃၀၀၊ နေကြာဆီပိဿာချိန် ၆၇ သိန်း၊ မုန်ညင်းဆီပိဿာချိန် ၉ သိန်းနှင့် အခြားဆီပိဿာချိန် ၁၈ သိန်းခန့်ရှိပေသည်။ ဆီထွက်သီးနှံတမျိုးချင်းအလိုက် တစ်ဧကပျမ်းမျှ ဆီထွက်ရှိနိုင်မှုကို အောက်တွင်ဖော်ပြထားပါသည်။

ဆီထွက်သီးနှံများအလိုက် တစ်ဧက ဆီအထွက်နှုန်း

သီးနှံ	မျိုးစေ့နှုန်း (တင်း)	သက်တန်း (ရက်)	တစ်ဧကအထွက်နှုန်း (တင်း)	တစ်ဧကဆီအထွက်နှုန်း (ပိဿာ)
မိုးမြေပဲ	၈ (အတောင့်)	၁၀၅	၂၅ (အတောင့်)	၅၀
ဆောင်းမြေပဲ	၈ (အတောင့်)	၁၂၀	၄၀ (အတောင့်)	၈၀
နှမ်း	ရှစ်ပိုင်းတစ်ပိုင်း(အစေ့)	၉၀	၄ (အစေ့)	၂၄
နေကြာ	လေးပိုင်းတစ်ပိုင်း(အစေ့)	၁၀၅	၁၇ (အစေ့)	၅၁

ပြည်တွင်းစားသုံးဆီဖူလုံမှုမရှိသေးရကား၊ နှစ်စဉ်နိုင်ငံခြားမှ တင်သွင်းခဲ့ရပေသည်။ လွတ်လပ်ရေးခေတ်ဦးကပင် နိုင်ငံခြားမှ ဆီမှာယူတင်သွင်းခဲ့ရရာ ၁၉၄၀-၄၉ ခုနှစ်အတွင်း ဆီတန်ချိန် ၁၂၆,၁၇၂ တန် တင်သွင်းခဲ့ရကြောင်းသိရပေသည်။ နောင်တွင်လည်း နှစ်စဉ်ပင်ပြည်ပမှ ဆီတင်သွင်းမှုရှိခဲ့ရာ ၁၉၆၀-၆၁ ခုနှစ်တွင် ဆီတန်ချိန် ၇၈၉၃ တန်၊ ၁၉၆၄-၆၅ ခုနှစ်တွင် ၉၄၄၇၅ တန်တင်သွင်းခဲ့ရပေသည်။ လွန်ခဲ့သော ၁၉၇၆-၇၇ ခုနှစ်တွင် ဆီတန်ချိန် ၃၆၅၂၊ ၁၉၇၇-၇၈ ခုနှစ်တွင် ဆီတန်ချိန် ၄,၁၇၆၊ ၁၉၇၈-၇၉ ခုနှစ်တွင် ဆီတန်ချိန် ၂,၀၀၀၊ ၁၉၇၉-၈၀ ခုနှစ်တွင် ဆီတန်ချိန် ၆,၀၀၀ ထိ တင်သွင်း ခဲ့ရသဖြင့် စားသုံးဆီအတွက် နိုင်ငံခြားငွေများစွာကုန်ကျခဲ့ရသည်။

ဆီစားသုံးမှုကို လေ့လာကြည့်ပါက ကျန်းမာရေးရှုထောင့်မှ စားသုံးဆီလိုအပ်ချက်ထက် များစွာလျော့နည်းနေသေးကြောင်း တွေ့ရပါသည်။ ဆီထွက်သီးနှံများမှရရှိသည့် စားသုံးဆီအလေးချိန်များ

အား လူဦးရေနှင့် နှိုင်းစာကြည့်ပါက ၁၉၇၉-၈၀ ခုနှစ်တွင် လူတဦးတစ်နှစ်စားသုံးသည့် ပိဿာချိန် သုံး ဒသမ ၂၈ ပိဿာသာရှိသည်။ ကျန်းမာရေးရှုထောင့်မှ လူတဦးတနေ့ပျမ်းမျှစားသုံးရန် လိုအပ်သည့် စားသုံးဆီမှာ နှစ်ကျပ်သားမှ သုံးကျပ်သားဖြစ်ကြောင်း အာဟာရဓာတ်စူးစမ်းရှာဖွေရေးနှင့် သုတေသနဌာနမှ ထုတ်ဝေသည့် မြန်မာအစားအစာနှင့် အာဟာရဓာတ်စာအုပ်တွင် ဖော်ပြပါရှိပေသည်။ အဆိုပါ စာအုပ်ငယ်မှ ပါမောက္ခအစ်ပေါ့စမတ်စ်ပြုလုပ်တွက်ချက်ခဲ့သည့် မြန်မာပြည်အတွက် စားသုံးဆီလိုအပ် မှုကို လူတဦးတနေ့ နှစ်ကျပ်သားနှုန်း (သို့) လူတဦး တနှစ်လျှင် (ခုနှစ် ဒသမ ၃၀) ပိဿာနှုန်းဖြင့် စားပါက လူတဦးတနှစ်လျှင် (လေး ဒသမ ၀၂)ပိဿာနှုန်းပိုမိုစားသုံးနိုင်အောင်များစွာ ကြိုးပမ်းရန် လိုအပ်နေ ပေသည်။

ဆီထွက်သီးနှံများ ပိုမိုထွက်ရှိရေး (သို့) စားသုံးဆီဖူလုံရေးအစီအစဉ်ကို ပင်မနည်းလမ်း နှစ်သွယ်ဖြစ်သော ဧရိယာတိုးချဲ့ခြင်းနှင့် အထွက်နှုန်းတိုးမြှင့်ခြင်းတို့ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပေ သည်။

စားသုံးဆီဖူလုံရေး မြေပဲ၊နှမ်း၊နေကြာ သီးနှံများကိုတိုးချဲ့စိုက်ပျိုးနိုင်သည်

ဆီထွက်သီးနှံများတွင် မြေပဲမှာ ထုတ်လုပ်စရိတ်ကြီးမြင့်ခြင်း၊ မျိုးစေ့ပြဿနာကြီးမားခြင်း၊ မျိုးစေ့မှ မျိုးစေ့ပြန်လည်ရရှိသော အချိုး (Seed to Seed Ratio) အချိုးညံ့ခြင်းတို့ကြောင့် မြေပဲကို ဧရိယာတိုးချဲ့ဆောင်ရွက်ခြင်းမပြုပဲ၊ လက်ရှိဧရိယာကို ဆက်လက်ထိန်းသိမ်းထားရှိရန် ဖြစ်ပေသည်။

နှမ်းမှာ ထုတ်လုပ်စရိတ်သက်သာခြင်း၊ မျိုးပြဿနာမရှိခြင်း၊ မျိုးစေ့မှ မျိုးစေ့ပြန်လည်ရနိုင် သော အချိုးကောင်းခြင်းတို့အပြင် တိုးချဲ့နိုင်သည့်ဧရိယာ အလားအလာကောင်းခြင်းတို့ကြောင့် ၎င်း စိုက်ဧရိယာတိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပေသည်။ ဧရိယာတိုးချဲ့ဆောင်ရွက်ခြင်းကို အောက်မြန်မာ တိုင်းကြီး (၃)တိုင်းတွင် အဓိကတိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ပေသည်။

နေကြာမှာ ထုတ်လုပ်စရိတ်သက်သာခြင်းနှင့် (Seed to Seed Ratio)အချိုးအထူး ကောင်းခြင်းတို့ကြောင့် ဆီဖူလုံရေးအတွက် ရေရှည်တွင်များစွာအလားအလာကောင်းသည့် သီးနှံဖြစ် ပါသည်။ နေကြာစိုက်ဧရိယာတိုးချဲ့ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသအနေဖြင့် ရှမ်း ပြည်နယ်နှင့် အထက်ပိုင်းတိုင်းကြီးများတွင် အဓိကထား၍ တိုးချဲ့နိုင်ပေသည်။

မုန်ညင်း၊ ပန်းနှမ်းစသည့် ဆီထွက်သီးနှံများကိုလည်း ဧရိယာတိုးချဲ့စိုက်ပျိုးသွားရမည် ဖြစ်ပါသည်။

အထွက်နှုန်းတိုးမြှင့်ရန်အတွက် ဆီထွက်သီးနှံများကို အထူးအထွက်တိုးအဖြစ် စိုက်ပျိုးလျက်ရှိပေသည်။ အထူးအထွက်တိုးအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသော သီးနှံ (၁၉)မျိုးတွင် ဆီထွက်သီးနှံအနေဖြင့် ဆောင်းမြေပဲ၊ မိုးမြေပဲ၊ နှမ်းလျင်၊ နေကြာနှင့် ပန်းနှမ်းတို့ကို အထူးအထွက်တိုး စိုက်ပျိုးနေပြီး သွင်းအားစုများဖြစ်သော ဓာတ်မြေဩဇာ၊ မျိုးသန့်မျိုးကောင်း ပိုးသတ်ဆေး၊ စိုက်ပျိုးစရိတ် စသည်တို့ဖြင့် ပံ့ပိုးကူညီမှုရရှိလျက်ရှိသည်။

မြို့နယ်လုံးကျွတ် အထူးအထွက်တိုး မြို့နယ်များတွင် ရှေ့တန်းအထူးအထွက်တိုး စခန်းများထားရှိပြီး စိုက်ပျိုးရေးပညာရှင်များသည် စိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနတို့မှ လေ့လာဆည်းပူးရရှိအပ်သော အတတ်ပညာများကို စိုက်ပျိုးသူများသို့ ထိတွေ့ဖြန့်ဖြူးလျက်ရှိသည်။ ကုန်ကျစရိတ်အနည်းဆုံးဖြင့် အထွက်နှုန်းအမြင့်မားဆုံးရရှိနိုင်မည့် ဆီထွက်သီးနှံအထွက်ကောင်းရန် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ သိပ္ပံစနစ်များ၊ ခေတ်မီနည်းလမ်းများတို့အတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်နေပြီဖြစ်သည်။

တောင်သူတဦးချင်း အထွက်နှုန်းမြင့်မားမှုသည် ပြည်ထောင်စုချုပ် ပျမ်းမျှအထွက်နှုန်း မြင့်မားအောင် ဆောင်ရွက်လျက်ရှိသည်။ ၁၉၈၁-၈၂ ခုနှစ်တွင် မကွေးမြို့နယ်သည် မိုးမြေပဲ တဧက ပျမ်းမျှ ၄၄ ဒသမ ၇၁ တင်းနှုန်းထွက်ရှိသော ထူးချွန်မြို့နယ်အဖြစ်လည်းကောင်း၊ ဟုမ္မလင်းမြို့နယ်သည် ဆောင်းမြေပဲတဧက ပျမ်းမျှအထွက်နှုန်း ၅၆ ဒသမ ၆၀ တင်းနှုန်းထွက်ရှိသော ထူးချွန်မြို့နယ် အဖြစ်လည်းကောင်း၊ ကျောက်ဆည်မြို့နယ်သည် မိုးနှမ်းလျင် တဧကပျမ်းမျှ ၉ ဒသမ ၆၀ တင်း နှုန်းထွက်ရှိသော ထူးချွန်မြို့နယ်အဖြစ်လည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့နယ်သည် ဆောင်းနှမ်းလျင် တဧကပျမ်းမျှ ၆ ဒသမ ၅၀ တင်းနှုန်းထွက်ရှိသော ထူးချွန်မြို့နယ်အဖြစ်လည်းကောင်း၊ ပျော်ဘွယ်မြို့နယ်သည် နေကြာ တဧကပျမ်းမျှအထွက်နှုန်း ၃၅ ဒသမ ၆၅ တင်းနှုန်းထွက်ရှိသော ထူးချွန်မြို့နယ် အဖြစ်လည်းကောင်း အထွက်နှုန်းမြင့်မားအောင် ဆောင်ရွက်နိုင်ခဲ့ပေသည်။

အလားတူပင် ထူးချွန်တောင်သူဦးကြီးများလည်း ၁၉၈၁-၈၂ ခုနှစ် စိုက်ပျိုးရာသီတွင် ပေါ်ထွန်းခဲ့ပေသည်။ ၎င်းတို့မှာ ဦးဗိုလ်အဆောင် (တပ်ကုန်းမြို့နယ်) မိုးမြေပဲ (သိပ္ပံ ၁၂၀) ၁၈၅ ဒသမ ၈၆ တင်းနှုန်း၊ ဦးအုံးကြိုင် (စစ်ကိုင်းမြို့နယ်) ဆောင်းမြေပဲ (သိပ္ပံ ၁၂၀) ၂၉၅ ဒသမ ၃၆ တင်းနှုန်း၊ ဦးအောင်သန်း (ရမည်းသင်းမြို့နယ်) မိုးနှမ်းလျင် (ဘုတ်နီ) ၃၈ ဒသမ ၅၀ တင်းနှုန်း၊ ဒေါ်ပုလေး (ဘိုကလေးမြို့နယ်) ဆောင်းနှမ်းလျင် (ဘုတ်မွေး) ၃၅ ဒသမ ၈၆ တင်းနှုန်း၊ ဒေါ်အုန်းရွှေ (ရမည်းသင်းမြို့နယ်) နေကြာ (ဆန်ဖိုလာ) ၁၃၈ ဒသမ ၅၀ တင်းနှုန်းတို့ဖြစ်ပေသည်။

အထွက်နှုန်းမြင့်မားရန်အတွက် တမြို့နယ်လုံးအထူးအထွက်တိုး အစီအစဉ်များကို ဆက်လက်တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ၁၉၈၅-၈၆ ခုနှစ်တွင် စုစုပေါင်း မြေပဲစိုက်ဧရိယာ၏ ၂၀ ရာခိုင်နှုန်းထိလည်းကောင်း၊ စုစုပေါင်းနှမ်းစိုက်ဧရိယာ၏ ၁၀ ရာခိုင်နှုန်းထိလည်းကောင်း၊ စုစုပေါင်း နေကြာစိုက်ဧရိယာ၏ ၂၀ ရာခိုင်နှုန်းထိလည်းကောင်း တိုးတက်ဆောင်ရွက်သွားရန်ရှိပေသည်။ တမြို့နယ်လုံး အထူးအထွက်တိုးမြို့နယ်များတွင် အထွက်နှုန်းမြင့်မားအောင် ဆောင်ရွက်နေသကဲ့သို့ ထိန်သိမ်းဧရိယာများတွင်လည်း အထွက်နှုန်းနိမ့်ကျမသွားစေပဲ အထွက်ကောင်းမျိုးများကို အစားထိုး စိုက်ပျိုးသွားရမည်ဖြစ်ပေသည်။

စိုက်ပျိုးရေးပညာရှင်များသည် အထွက်နှုန်းကောင်းပြီး ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များရရှိရေး တိုးတက်ကောင်းမွန်သော စိုက်ပျိုးပြုစုနည်းစနစ်များ ဖော်ထုတ်ရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ မြေဩဇာသုံးစွဲမှု မှန်ကန်ရေးတို့အတွက် သုတေသနလုပ်ငန်းများကို အစဉ်မပြတ် ဆောင်ရွက်လျက်ရှိပေသည်။ ထို့ကြောင့်ပင် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက စတင်စိုက်ပျိုးလာခဲ့သော ဂျပန်ကလေး၊ ဂျပန်ကြီး၊ စပိန်ကလေးမြေပဲတို့ထက် သာလွန်ကောင်းမွန်၍ ဒေသမရွေး၊ မြေမရွေး၊ စိုက်ပျိုးနိုင်သော မိုးခေါင်ခံ၊ ပိုးမွှားရောဂါဒဏ်ခံ၊ အခွံပါး အဆံပြည့်၊ အထွက်ကောင်း၊ ဆီထွက်ကောင်း၊ တစ်တင်းအလေးချိန်ကောင်းသည့် SP.121/070 မြေပဲမျိုးကို ၁၉၅၁-၅၂ ခုနှစ်တွင် ဖြန့်ဝေနိုင်ခဲ့ပေသည်။ ဆက်လက်၍ SP.121/070 ထက်သာလွန်ကောင်းမွန်သော မကွေး-၉ မြေပဲကို ၁၉၅၉-၆၀ ခုနှစ်တွင်လည်းကောင်း၊ SP.121/070 နှင့် SS.50/05 တို့မျိုးစပ်ကာ ရရှိသော မကွေး-၁၀ မြေပဲမျိုးကို ၁၉၇၀-၇၂ ခုနှစ်တွင်လည်းကောင်း၊ နိုင်ငံခြားမှ မှာယူတင်သွင်းသော ရှဝပ် ၂၁/၆ ကို ရွေးချယ်ကာ ရရှိသော မကွေး-၁၁ မြေပဲမျိုးကို ၁၉၇၇-၇၈ ခုနှစ်တွင်လည်းကောင်း ဖြန့်ဝေနိုင်ခဲ့ပေသည်။ အလားတူပင် ယခုအခါ အထွက်ကောင်းမျိုးအဖြစ် ဆင်းပဒေသာ (၁) (M-28)၊ ဆင်းပဒေသာ (၂) (JL 24) စသည့်မြေပဲများလည်း ဖြန့်ဖြူးနေပြီဖြစ်ပေသည်။ ထို့ပြင် အလားအလာကောင်းသော မျိုးများအဖြစ် (ကဲဘရစ် × မကွေး-၉)စပ်မျိုး၊ တိုင်နမ်-၉ စသည်တို့ကို ဆက်လက်စမ်းသပ်လျက်ရှိပေသည်။

နှမ်းလျင်မျိုးများအဖြစ် မိုးနှမ်း (ရေကျော်) နှင့် နွေနှမ်း (နှမ်းကြီး)တို့ မျိုးစပ်ရရှိသော မိုးခေါင်ခံအထွက်ကောင်းသော နှမ်းနီ ၂၅/၁၆၀ ကို ၁၉၆၄-၆၅ ခုနှစ်တွင်လည်းကောင်း၊ (ဂျူဒီယံဟီး ၃၉/၃၉ နှင့် နှမ်းနီ ၃၉/၅၃)မျိုးစပ်နှင့် ပုတ်ပြည့်တို့ စပ်ကာရရှိသော ဂျူ × နီ × ပုတ်မျိုးကို လည်းကောင်း ဖြန့်ဝေခဲ့ပေသည်။ ထို့ပြင် ဆင်းရတနာ (၁)၊ ပဒေသာ၊ သာဒွန်းဖြူ၊ ရေကျော်၊ မယ်သီလ စသည့်မျိုးများသည်လည်း အထွက်ကောင်းမျိုးများဖြစ်ပေသည်။ ယခုအခါ အလားအလာကောင်းသော မကွေး ၇/၉၊ မကွေး ၂/၂၁ စသည့် မျိုးများကိုလည်း ဆက်လက်စမ်းသပ်လျက်ရှိပေသည်။

နေကြာအထွက်ကောင်းမျိုးများကိုလည်း ၁၉၇၀ ခုနှစ်တွင် ရုရှားနိုင်ငံမှ SMENA (မဟူရာ)၊ ယြိစတေးလျနိုင်ငံမှ PEREDOVIK (ဒိုခေတ်)၊ SUNFOLA (-) အာဖရိကမှ GOR-104 ပုလဲနက် နှင့် ရုရှားနိုင်ငံမှ CHERNIANKA-66 (ဆင်းရွှေကြာ-၁) စသည့်မျိုးများကို ဖြန့်ဖြူးခဲ့ပေသည်။

မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရုံဖြင့် အထွက်ကောင်းမည်ဟု မျှော်လင့်၍ မရသေးချေ။ နွေထယ်ရေးခံခြင်း၊ ထယ်ရေးနက်နက်နှင့်ညက်ညက်ထွန်ယက်ခြင်း၊ အစိုဓာတ်ထိန်းသိမ်းနိုင်သော မြေများတွင်စိုက်ပျိုးခြင်း၊ ရာသီချိန်မီစိုက်ပျိုးခြင်း၊ တဧကအပင်ဝင်ဆံ့ရမည့်ဦးရေ မီအောင်အတန်း၊ အပင်အကွာအဝေးမှန်ကန်ခြင်း၊ စနစ်တကျပေါင်းမြက်နှိမ်နင်းခြင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများအချိုးကျသုံးစွဲခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ အလေအလွင့်နည်းအောင် ရိတ်သိမ်းခြင်း စသည့် နည်းလမ်းအသွယ်သွယ်ကိုလည်း တိကျစွာလိုက်နာဆောင်ရွက်ရသည်။

စိုက်ပျိုးမှုဖြင့် အသက်မွေးနေသမျှ မြန်မာနိုင်ငံသာမက ကမ္ဘာအရပ်ရပ်တွင် စိုက်ပျိုးရေးပညာရှင်များ၏ အခန်းကဏ္ဍသည် ပို၍ပို၍အရေးပါနေသည်။ နိုင်ငံအလိုက် ဒေသအလိုက်သုတေသနဆောင်ရွက်ခြင်းလုပ်ငန်းများ ကွဲလွဲကောင်း ကွဲလွဲနိုင်မည်ဖြစ်သော်လည်း မျိုး၊ မြေ၊ ရာသီဥတု၊ စနစ်၊ မြေသြဇာ၊ ဖျက်ကောင်၊ ရောဂါ စသည့်ပြဿနာ အခြေခံများမှာမူကား တူညီနေမည်ဖြစ်သည်။ အကောင်းမွန်ဆုံးအတိုးတက်ဆုံးသော စနစ်တခု၊ မျိုးကောင်းတစ်မျိုးသည် ထာဝစဥ်တည်တံ့နေမည်မဟုတ်ပါ။ ဆက်လက်ရှာဖွေခြင်း၊ လေ့လာခြင်း၊ သုတေသနပြုခြင်းတို့ကြောင့် " မပြီးသော စိုက်ပျိုးရေးပန်းချီကားတချပ် " ပင်ဖြစ်သည်။ အထွက်နှုန်းမြင့်မားရေး ဦးတည်ချက်ဖြင့် သစ်လွင်ကောင်းမွန်သောမျိုး၊ စနစ် စသည့်စိုက်ပျိုးမှုအစုစုကို ရှာဖွေခြင်း၊ လေ့လာခြင်း၊ သုတေသနပြုခြင်း၊ နည်းပညာဖြန့်ဖြူးခြင်း၊ လိုက်နာဆောင်ရွက်ခြင်းတို့ အစဥ်ပြုလုပ်နေကြကာ ပြည်တွင်းစားသုံးဆီဖူလုံစေရမည်ဖြစ်သည်။

ဆီထွက်သီးနှံများတွင် နှမ်း၊ မြေပဲ၊ နေကြာ၊ ပန်းနှမ်း၊ ဆူးပန်းတို့အပြင် ယခုအခါ အတန်အသင့်အောင်မြင်နေသော ဆီအုန်းစိုက်ပျိုးမှုကိုလည်း အလေးထားရမည်ဖြစ်သည်။ ၁၉၇၅-၇၆ ခုနှစ်တွင် ဆီအုန်းတစ်ဧကမှ ဆီ (၇၃) ပိဿာကျော်ထွက်ခဲ့သော်လည်း၊ ၁၉၇၇-၇၈ ခုနှစ်တွင် ဆီအုန်းတစ်ဧကမှ ဆီ (၁၃၆) ပိဿာကျော် ထွက်ခဲ့ကြောင်း တွေ့ရပေပြီ။ ဆီအုန်းသည် တကြိမ်စိုက်ပျိုးပြီးဖြစ်ထွန်းပါက ထာဝရဆီထွက်မည့် ဆီအုန်းသီးများ သီးနေမည်ဖြစ်ရာ ဆီထွက်နှုန်းလည်းမြင့်၊ နှစ်စဥ်လည်းပြန်လည်မစိုက်ပျိုးရသဖြင့် မျိုးကုန်သက်သာခြင်း၊ ကရိကထမများခြင်းတို့ကြောင့် ဆီအုန်းစိုက်ပျိုးမှုကို ယခုထက်ပိုမိုတိုးချဲ့ကာ စိုက်ပျိုးခြင်းဖြင့် စားသုံးဆီဖူလုံရေးကို အထောက်အကူပြုမည်ဖြစ်သည်။

၎င်းအပြင် နိုင်ငံပိုင်ဖွဲ့နူဆီစက် (၁၉)စက်နှင့်ပုဂ္ဂလိကပိုင် ဖွဲ့နူဆီစက် (၃)စက်၊ ပေါင်း (၂၂) စက်တို့မှ ဆန်စက်၏ဘေးထွက်ပစ္စည်းဖြစ်သော ဖွဲ့နုများကို စားသုံးဆီအဖြစ် ပြန်လည်ထုတ်ပေးလျက် ရှိပေသည်။

အချုပ်အားဖြင့် တင်ပြရလျှင် ဆီထွက်သီးနှံများအထူးအထွက်တိုးရေး (သို့) ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် ဧရိယာတိုးချဲ့စိုက်ပျိုးခြင်း၊ အထွက်နှုန်းမြင့်မားအောင် ဆောင်ရွက်ခြင်း၊ ဆီအုန်းတိုးချဲ့စိုက်ပျိုးမှုကို အလေးထားခြင်း၊ ဖွဲ့နုဆီတိုးချဲ့ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးပညာရှင်များက ဆီထွက်သီးနှံမျိုးသစ်များ စမ်းသပ်ရွေးချယ်ထုတ်လုပ်ခြင်း၊ နည်းစနစ်သစ်များ ရှာဖွေဖော်ထုတ်ခြင်း တို့ကို ကြိုးပမ်းလုပ်ဆောင်ကြရမည် ဖြစ်ပေသည်။

စိုက်ပျိုးရေးတက္ကသိုလ်၊ နှစ်လည်မဂ္ဂဇင်း (၁၉၈၃-၁၉၈၄)

" ဆီထွက်နေကြာ စိုက်ပျိုးပါ "

နေကြာသည် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် အရေးပါသော ဆီထွက်သီးနှံတစ်မျိုး ဖြစ်ပါသည်။ မြေပဲတစ်တင်းမှ ဆီနှစ်ပိဿာ၊ နှမ်းတစ်တင်းမှ ဆီခြောက်ပိဿာနှင့် နေကြာတစ်တင်းမှ ဆီနှစ်ပိဿာခွဲထွက်ရှိနိုင်သည်။ နိုင်ငံတော်ကရည်မှန်းထားသည့်သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း အတိုင်းထွက်ရှိပါက တစ်ဧကမှ စားသုံးဆီရရှိနိုင်မှုမှာ မြေပဲသည် ပိဿာ ၁၀၀ ခန့်၊ နှမ်းသည် ပိဿာ ၁၂၀ ခန့်နှင့် နေကြာသည် ၁၂၅ ပိဿာခန့်ဖြစ်သည်။ ထို့ကြောင့် နေကြာသည် အလားအလာအရှိဆုံး ဆီထွက်သီးနှံဖြစ်သဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး၌ တိုးချဲ့စိုက်ပျိုးရန် လိုအပ်မည်ဖြစ်ပါသည်။

နေကြာပင်သည် မျိုးကိုလိုက်၍ အပင်အမြင့် ၃ ပေမှ ၆ ပေခန့်ရှိပြီး၊ အသက်ရက် ၈၀ မှ ၁၁၀ ခန့်ရှိကာ ရာသီမရွေးစိုက်ပျိုးနိုင်သော သီးနှံတစ်မျိုးဖြစ်သည်။ နေကြာပင်တွင် ရေသောက်မြစ် ပါရှိပြီး အမြစ်အုံကောင်းခြင်း၊ ပင်စည်တွင် အမွေးများပါခြင်းတို့ကြောင့် မြေပဲ၊ နှမ်းတို့ထက် မိုးခေါင် ဒဏ်၊ ရေငတ်ဒဏ် ခံနိုင်ကြောင်း သိရပါသည်။

ဆီထွက်နေကြာသီးနှံကို သီးသန့်ဖြစ်စေ၊သီးညှပ်ဖြစ်စေ စိုက်ပျိုးနိုင်သည်

နေကြာကို မြန်မာနိုင်ငံတစ်ဝှမ်း လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်မြေနှင့် မြစ်ဝကျွန်းပေါ်ဒေသ များပါမကျန် စိုက်ပျိုးလေ့ရှိသည်။ ယာမြေများတွင် မိုးဦးသီးနှံများရိတ်သိမ်းအပြီးတွင် စိုက်နိုင်သကဲ့သို့ လယ်မြေများတွင် စပါးအပြီးစိုက်နိုင်သည်။ နေကြာတစ်မျိုးတည်းသီးသန့်စိုက်နိုင်သကဲ့သို့ ပဲမျိုးစုံ၊ မြေပဲ၊ ဂျုံတို့ နှင့်လည်း သီးညှပ်စိုက်နိုင်ပါသည်။

နေပြည်တော် ရေဆင်းမှ ရန်ကုန်သို့ ခရီးသွားစဉ်တွင် "ဘာပဲစိုက်စိုက် နေကြာညှပ်စိုက်" ဆိုင်းပုဒ်စာတမ်းများကို မြင်တွေ့ဖူးပါသည်။ ဆိုလိုရင်းမှာ မည်သည့်ပဲမျိုးစုံသီးနှံကိုစိုက်သည်ဖြစ်စေ နေကြာသီးညှပ်စိုက်ရန်ဖြစ်သည်။ ပဲမျိုးစုံသာမက မည်သည့်သီးနှံကိုစိုက်သည်ဖြစ်စေ နေကြာသီးညှပ်စိုက်ရန်ဖြစ်သည်။ ဆောင်းရာသီတွင် မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲပုပ်၊ မြေပဲ၊ နှမ်းလျှင်၊ ပြောင်းနှင့် ဂျုံသီးနှံတို့ကိုစိုက်သည့်အခါ နေကြာကို ညှပ်စိုက်ရန်နှိုးဆော်ထားခြင်းဖြစ်ပါသည်။

သီးနှံတစ်မျိုးတည်းစိုက်မည့်အစား နှစ်မျိုးစိုက်ခြင်းဖြင့် တစ်မျိုးမအောင်မြင်လျှင် အခြားတစ်မျိုးကအောင်မြင်မည်။ နှစ်မျိုးလုံးအောင်မြင်လျှင် အကျိုးအမြတ်ပိုရမည်။ နေကြာသီးနှံမှ စားသုံးဆီရရှိမည်။ စားသုံးဆီဝယ်ယူရန် မလိုအပ်သဖြင့် မီးဖိုချောင်အသုံးစရိတ်လျော့ချနိုင်မည်။ ဤနည်းဖြင့် မိသားစုဝင်ငွေ တိုးတက်စေမည်ဖြစ်ပါသည်။

တောင်သူများသည် သီးထပ်သီးညှပ်သီးနှံပုံစံချမှတ်စိုက်ပျိုးရေးကို အလေးပေးဆောင်ရွက်သည့် အတွေ့အကြုံရင့်ကျက်လာပြီဖြစ်ရာ မတ်ပဲ၊ ပဲတီစိမ်းနှင့် နေကြာသီးညှပ်စိုက်ပျိုးခြင်းကို မိုးစပါးရိတ်သိမ်းအပြီး လယ်သီးထပ်အဖြစ်တွေ့နိုင်သည်။ ကုလားပဲ၊ ဂျုံ၊ မြေပဲတို့နှင့် နေကြာသီးညှပ်စိုက်ပျိုးခြင်းကို ယာမြေတွင် ယာသီးထပ်အဖြစ်လည်းတွေ့နိုင်သည်။

သီးညှပ်စိုက်ပျိုးနည်းစနစ်များတွင် အတန်းလိုက်စိုက်စနစ်ရှိသည်။ ကြဲပက်စနစ်လည်းရှိသည်။ အတန်းလိုက်စိုက်စနစ်၌ နေကြာ နှစ်တန်း၊ ပဲ ခြောက်တန်း၊ အတန်းအကွာအဝေးမှာ တစ်တန်းနှင့် တစ်တန်း ၁၅ လက်မခြား စိုက်ကြသည်။ ကြဲပက်စနစ်၌ နေကြာမျိုးစေ့ကို ပဲမျိုးစေ့၏ လေးပုံတစ်ပုံခန့် ကြဲပက်လေ့ရှိသည်။ အတန်းလိုက်ဖြစ်စေ၊ ကြဲပက်ဖြစ်စေ စိုက်ပျိုးရာတွင် မတ်ပဲ၊ ပဲတီစိမ်းသီးနှံတို့၌ အပင်ဦးရေ ရှစ်သောင်းမှ တစ်သိန်းရှိက တစ်ဧကနှင့်ညီမျှသည်ဟု သတ်မှတ်နိုင်သည်။ နေကြာသီးနှံမှာမူ အပင်ဦးရေ တစ်သောင်းမှ တစ်သောင်းခွဲရှိက သုညဒသမငါးဧကရှိသည်ဟု သတ်မှတ်နိုင်ပါသည်။

နေကြာကို သီးသန့်စိုက်ပျိုးလျှင် မြေအမျိုးအစား၊ အစိုဓာတ်၊ မြေသြဇာနှင့် ပြုစုဂရုစိုက်မှုပေါ်မူလည်၍ တစ်ဧကလျှင် အစေ့တင်း ၅၀ ထွက်ရှိနိုင်သည်။ သီးညှပ်စိုက်ပျိုးရာ၌ မူလသီးနှံအထွက်ကို မထိခိုက်စေလိုဘဲ အတန်းအကွာအဝေးအမျိုးမျိုး၊ မျိုးစေ့နှုန်းထားအမျိုးမျိုးကိုသုံး၍ စိုက်သည့်အလေ့အထရှိကြသဖြင့် နေကြာအထွက်မှာလည်းအမျိုးမျိုးဖြစ်နိုင်သည်။ မည်သို့ဖြစ်စေနေကြာမျိုးစေ့တစ်ဆသုံးလျှင် အထွက် ၈၅ ဆ ရရှိနိုင်သည်။ နေကြာတစ်တင်းမှ စားသုံးဆီ နှစ်ပိဿာခွဲရရှိသဖြင့်

နေကြာလေးတင်းထွက်လျှင် စားသုံးဆီတစ်ပုံးရရှိမည်ဖြစ်ပါသည်။ နေကြာတင်း ၂၀ ထွက်ပါက စားသုံးဆီငါးပုံးရရှိမည်ဖြစ်ပါသည်။

နေကြာစိုက်တောင်သူများသည် မဟူရာ၊ ဒို့ခေတ်၊ဆန်ဖိုလာ၊ဆင်းရွှေကြာ-၁၊ဆင်းရွှေကြာ-၂၊ ဆင်းရွှေကြာ-၃၊ ရေဆင်းနေကြာစပ်မျိုး-၁ စသည့် နေကြာမျိုးများကို စိုက်ပျိုးသည့် အတွေ့အကြုံရှိခဲ့သော်လည်း ယခုအခါ အသက်လျင်အထွက်ကောင်းသည့် ဆင်းရွှေကြာ-၁၊ ဆင်းရွှေကြာ-၂၊ ဆင်းရွှေကြာ-၃ နှင့် ရေဆင်းနေကြာစပ်မျိုး-၁ မျိုးတို့ကို ကျယ်ပြန့်စွာစိုက်ပျိုးလျက်ရှိကြောင်းသိရသည်။ စပ်မျိုးနေကြာမျိုးများသည် ပင်တည်းဝတ်မှုန်ကူးနိုင်စွမ်းအားမြင့်မား၍ တစ်ပွင့်ပါအောင်စေ့များခြင်းကြောင့် တစ်ဧကအထွက် ပိုမိုစေပါသည်။

နေကြာတစ်ဧကအထွက်နှုန်းသည် အဓိကမိတ်ဘက်များဖြစ်သော တစ်ဧကရှိ အပင်ဦးရေ၊ တစ်ပွင့်ပါအောင်စေ့အရေအတွက်နှင့် အစေ့ ၁၀၀၀ အလေးချိန်တို့အပေါ်မူတည်သည်။ တစ်ပွင့်ပါအောင်စေ့အရေ အတွက်များစေရန် စိုက်ခင်းအတွင်း ပျားအုံများထားပေးသင့်သည်။ သီးညှပ်အဖြစ်နေကြာကိုစိုက်ပျိုးရာ၌ စိုက်ခင်းအတွင်း စိုက်ပျိုးသည့်နေကြာအပင်အရေအတွက်ပေါ်မူတည်ပြီး အထွက်ရရှိနိုင်မည်ဖြစ်ပါသည်။

နေကြာထုတ်လုပ်မှုမြင့်မားရေးကို နေကြာစတင်မစိုက်ပျိုးမီကပင် ကြိုတင်စီမံဆောင်ရွက်သင့်သည်။ နေကြာပင်သည် ၄င်းတွင်ကြီးမားသော အမြစ်အုံရှိသဖြင့် ရေနှင့်အစာအာဟာရဓာတ်ကို များစွာ စားသုံးနိုင်သောအပင်မျိုးဖြစ်သည်။ ထို့ကြောင့် နေကြာစိုက်မည့်မြေသည် မြေတွင်းအစိုဓာတ်ထိမ်းနိုင်သော မြေဖြစ်သင့်ပါသည်။

စိုက်ပျိုးရန် မြေပြုပြင်ရာတွင် မြေထဲ၌ အစိုဓာတ်ကြာရှည်စွာ ထိန်းထားနိုင်ရေးအတွက် ထယ်ရေးနက်၍ ထွန်ရေးညက်ရမည်။ စိုက်ပြီးပါက အပေါ်ယံမြေကို သိပ်နေအောင်ကြမ်းရိုက်ပေးရပါမည်။ သို့မှသာ နေကြာအပင်ပေါက်လျင်မြန်၍ အပင်ဖြစ်ထွန်းမှုကောင်းကာ အထွက်မြင့်မားမည်ဖြစ်ပါသည်။

သီးနှံတိုင်းတွင် စိုက်ချိန်မှန်စိုက်ပျိုးရန်လိုသည်။ နေကြာကို သီးညှပ်စိုက်ပျိုးရာတွင် အဓိကသီးနှံ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲလွမ်း၊ ကုလားပဲစသည့် ယာသီးနှံတစ်မျိုးမျိုး၏ စိုက်ချိန်မှန်ရန်လိုအပ်သကဲ့သို့ နေကြာကိုလည်း စိုက်ချိန်မှန်တွင်စိုက်ရမည်။ နေကြာပင်အတွက် စိုက်ပျိုးသင့်သည့် စိုက်ချိန်ကို သတ်မှတ်ရာတွင် စိုက်မည့်နေကြာမျိုး၏ ပန်းပွင့်ချိန်ကိုခန့်မှန်းပြီး ထိုအချိန်၌ မြေတွင်ရေအစိုဓာတ်ကျန်ရှိနိုင်မှုကို စဉ်းစားပြီး သတ်မှတ်သင့်သည်။ စိုက်ချိန်စောလေ မြေတွင်းအစိုဓာတ်ကို ကြာရှည်စွာ ထိန်းထားနိုင်လေဖြစ်သဖြင့် စိုက်ချိန်နောက်မကျစေရေး အလေးမူသင့်ပါသည်။

နေကြာပင်ကြီးထွားဖြစ်ထွန်းရေး၊ အပွင့်အရွယ်အစားကြီးမားရေး၊ အစေ့အဆံအောင်မြင်ရေးအတွက် အရေးကြီးသည်မှာ မြေတွင်းမှအာဟာရပြည့်စုံစွာ ရရှိရေးဖြစ်သည်။ နေကြာသည် ပြောင်းဖူးနှင့်ဝါသီးနှံများနည်းတူ မြေဩဇာကိုများစွာစားသုံးသော သီးနှံတစ်မျိုးဖြစ်သည်။ သို့ဖြစ်၍ နေကြာ စိုက်ပျိုးရာတွင် သဘာဝ မြေဩဇာ၊ ဓါတ်မြေဩဇာများကို ထည့်သွင်းရန်လိုသည်။ မြေပြုပြင်ချိန်တွင် တစ်ဧကလျှင် ယူရီးယားဓါတ်မြေ ဩဇာ ၁၁၂ ပေါင်၊ တီစူပါဓါတ်မြေဩဇာ ၅၆ ပေါင်နှင့် ပိုတက်ဓါတ်မြေဩဇာ ၁၁၂ ပေါင် သုံးစွဲသင့်ကြောင်း ထောက်ခံထားသည်။ ၄င်းပြင် နေကြာအဖူးဝင်ချိန် တွင် တစ်ဧကလျှင် ယူရီးယားဓါတ်မြေဩဇာ ၅၆ ပေါင်နှုန်း ထပ်မံထည့်သွင်းပေးသင့်ပါသည်။

နေကြာကို သီးညှပ်စိုက်ပျိုးရာတွင် စိုက်ပျိုးနည်းစနစ်ဆိုင်ရာ သတိမူသင့်သည်များရှိပါသည်။ သီးညှပ်စိုက်သည့် နေကြာပင်နှင့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲလွမ်း၊ ကုလားပဲစသည့် အဓိက သီးနှံပင်တို့သည် နီးကပ်စွာယှဥ်ပြိုင် အပင်ပေါက်မလာစေရေး၊ မျိုးစေ့ချစိုက်ပျိုးစဥ်ကပင် အပင်အတန်းအကွာအဝေး၊ မျိုးစေ့နှုန်းတို့ကို ချင့်ချိန်သင့်သည်။ နေကြာပင်သည် လောင်းရိပ်မကြိုက်ချေ။ အပင်ပေါက် အချင်းချင်းနီးကပ်ပါက လိုအပ်သောအာဟာရ၊ ရေအစိုဓါတ်၊ နေရောင်ခြည်တို့ကို ယှဥ်ပြိုင်လုယူကာ နေကြာအပင်ပေါက်ငယ်များ သေးငယ်ကြုံလှီ၍ ကြီးထွားမှုညှံ့ဖျင်းကာ အထွက်လျော့နည်းနိုင်ပါသည်။ တစ်ပင်နှင့်တစ်ပင် ထပ်ညှပ်၍ အပင်ပေါက်နေပါက စိုက်ပြီး ၁၅ ရက်အတွင်း မဖြစ်မနေသားခွဲပေးသင့်ပါသည်။

နေကြာသည် မိုးရာသီနှင့် နွေရာသီနှစ်မျိုးလုံးတွင်စိုက်နိုင်ခြင်း၊ သီးသန့်ဖြစ်စေ၊ သီးညှပ်ဖြစ်စေ စိုက်နိုင်ခြင်း လယ်မြေတွင် စပါးရိတ်သိမ်းအပြီးဖြစ်စေ၊ ယာမြေတွင် မိုးဦးသီးနှံများ ရိတ်သိမ်းအပြီးဖြစ်စေ စိုက်နိုင်ခြင်း၊ ကိုင်းကျွန်းမြေများတွင်လည်း စိုက်နိုင်ခြင်းနှင့် ရေမြေဒေသမရွေး စိုက်နိုင်ခြင်းကြောင့် အားထားရမည့် ဆီထွက်သီးနှံတစ်မျိုးအဖြစ် ရပ်တည်နေမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေနှင့် တိုးတက်လာမည့် လူဦးရေအတွက် လိုအပ်သော စားသုံးဆီဖူလုံရုံသာမက ပိုလျှံရေးအတွက် ဆီထွက်နေကြာသီးနှံကို သီးသန့်ဖြစ်စေ သီးညှပ်ဖြစ်စေ စိုက်ပျိုးရန် တိုက်တွန်းလိုပါသည်။

သီးနှံစိုက်ပုံစံအမျိုးမျိုးဖြင့် စိုက်ပျိုးရာတွင် သီးနှံအတွဲတွင်ပါဝင်သည့် သီးနှံအားလုံးအောင်မြင်ရေး၊ အထွက်စွမ်းရည်ပြည့်အဝရရှိရေး၊ ကြိုတင်တွက်ဆဆောင်ရွက်သင့်သည်။ နေကြာကိုစိုက်ပျိုး၍ သီးနှံထုတ်လုပ်မှုမြင့်မားရေး၊ သီးနှံစိုက်စွမ်းအားမြှင့်တင်ရေးနှင့် ပြည်တွင်းစားသုံး ဆီဖူလုံရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက် သင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

" ခရမ်းချဉ်နှင့်ငရုတ်စိုက်ခင်း လိုအပ်သည့် အာဟာရမြေဩဇာထည့်သွင်း "

ခရမ်းချဉ်နှင့်ငရုတ်သည်မြန်မာ့ဟင်းအမယ်များတွင်မဖြစ်မနေပါလေ့ရှိသည့် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များဖြစ်သည်။ စာရေးသူသည် ဟင်းသီးဟင်းရွက်အသီးအနှံပေါ်များ ကျေးလက်တွင်မွေးဖွားသည့် တောင်တွင်းကြီးသားပီပီ ခရမ်းချဉ်သီးကို အလွန်ကြိုက်နှစ်သက်သည်။ မိသားစုထမင်းဝိုင်းအတွက် ဟင်းချက်သည့်အခါ အသားဟင်းများတွင် ခရမ်းချဉ်သီးထည့်လေ့ရှိသည်။ အသီးအနှံ အစိမ်းကြော်တွင်လည်း ခရမ်းချဉ်သီးပါဝင်သည်။ ဟင်းချိုဟင်းသာမက အရည်သောက် ချဉ်ရည်ဟင်းချက်လျှင်လည်း ခရမ်းချဉ်သီးတစ်လုံးနှစ်လုံး မဖြစ်မနေထည့်သည်။ ခရမ်းချဉ်သီးပါဝင်သည့် ဟင်းသည်သာ ထမင်းမြိန်သည်ဟု အယူသည်းမိသည်။

ငရုတ်သီးသည်လည်း ခရမ်းချဉ်သီးကဲ့သို့ပင်။ ဟင်းအရသာလေးရေးအတွက် ငရုတ်သီးအစိမ်းတစ်တောင့်နှစ်တောင့်ကို ဟင်းချက်ရာတွင် ထည့်လေ့ရှိသည်။ ငရုတ်သီးအခြောက်ကို ဟင်းအရောင်အဆင်းလှပရေးအတွက် အရောင်တင်အမှုန့်အဖြစ်သုံးသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ လူမျိုးမရွေး၊ ဘာသာမရွေး မြို့ပြကျေးလက်နေပြည်သူအားလုံးသည် စာရေးသူကဲ့သို့ ခရမ်းချဉ်သီးနှင့် ငရုတ်သီးကို နေ့စဉ် စားသုံးကြမည်ဟု ယုံကြည်မိသည်။ သို့ဖြစ်ရာ ပွဲတိုင်းကျော် ခရမ်းချဉ်သီးနှင့် ငရုတ်သီးကို မြန်မာ့ အိမ်ရှင်မတိုင်းအတွက် ရာသီမရွေး ပြည်နယ်နှင့်တိုင်းအသီးသီး၌ ဈေးများတွင် ဝယ်ယူရရှိနိုင်စေလို ပါသည်။

ကမ္ဘာနှင့်အဝှန်းနိုင်ငံအများအပြားတွင် ခရမ်းချဉ်နှင့်ငရုတ်ကိုစိုက်ပျိုးကြရာ အိမ်နီးနားချင်းနိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် စိုက်ပျိုးထုတ်လုပ်မှုအမြင့်မားဆုံးနိုင်ငံများဖြစ်ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ၌ ခရမ်းချဉ်နှင့်ငရုတ်ကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးသကဲ့သို့ စီးပွားဖြစ်အခင်းကျယ်လည်း စိုက်ပျိုးကြသည်။ ခရမ်းချဉ်နှင့်ငရုတ်အထွက်နှုန်းနှင့် အရည်အသွေးကောင်းရေးအတွက် ပုံမှန်ပြုစုဂရုစိုက်ဆောင်ရွက်ကြသော်လည်း စိုက်ပျိုးစဉ် တွေ့ကြုံရမှုများနှင့် ဖြေရှင်းနည်းများကိုတင်ပြလို၍ ဤဆောင်းပါးကို ရေးသားရခြင်းဖြစ်ပါသည်။

စိုက်ပျိုးစဉ် တွေ့ကြုံရမှု

စိုက်ပျိုးသည့် ခရမ်းချဉ်နှင့် ငရုတ်ပင်များသည် ရွှေ့ပြောင်းစိုက်ပျိုးသည့်မှစ၍ ရှင်သန်ကြီးထွား သီးပွင့်ရင့်မှည့်လာမှသာ အထွက်နှင့်အရည်အသွေးကောင်းမည်ဖြစ်သည်။ အစောပိုင်းကာလတွင် ကြီးထွားမှုနှေးကွေးခြင်း၊ ဆက်လက်၍လည်း ပုံမှန်ကြီးထွားမှုမရှိခြင်းတို့ကို စိုက်ခင်းအချို့တွင် တွေ့မြင်ရသည်။ ပွင့်သီးချိန်တွင် အပင်များမှ အသီးထွက်နည်းခြင်း၊ အသီးများသည် ပုံသဏ္ဍာန်မမှန်ခြင်း၊ ရင့်မှည့်မှုမညီညာခြင်းနှင့် အရည်အသွေးညံ့ဖျင်းခြင်းတို့ကို စိုက်ပျိုးသူများ တွေ့ကြုံနေရကြောင်း သိရှိရပါသည်။

ဆောင်ရွက်ရန်

အပင်များအတွက် အဓိကလိုအပ်သည့် အဟာရဓါတ်များမှာ နိုက်ထရိုဂျင်၊ ဖော့စ်ဖိုးရပ်နှင့် ပိုတက်စီယံတို့ဖြစ်ရာ အဆိုပါအဟာရဓါတ်များပါဝင်သော မြေဩဇာများကို ခရမ်းချဥ်နှင့် ငရုတ်စိုက်ခင်းများတွင် ထည့်သွင်းပေးရန်လိုသည်။ စိုက်ပျိုးစဥ်ကပင် ဖော့စဖိုးရပ်ပါဝင်သော မြေဩဇာကို မြေခံအဖြစ်ထည့်ပေးသင့်သည်။ နိုက်ထရိုဂျင်နှင့် ပိုတက်စီယံပါသော မြေဩဇာများကိုမူ စိုက်ပြီးသည်မှ ၄၅ ရက်သားအတွင်း အကြိမ်ခွဲ၍ ထည့်ပေးသင့်သည်။ အသုံးပြုရမည့် ဓါတ်မြေဩဇာအမျိုးအစားကို နေရာဒေသအလိုက် အလွယ်တကူဝယ်ယူရရှိနိုင်မှုအပေါ်မူတည်၍ စဥ်းစားသင့်ပါသည်။ သုံးစွဲရန်လိုအပ်သည့် ပမာဏကိုမူ မြေနမူနာယူ၍ မြေဆီလွှာစမ်းသပ်စစ်ဆေးပြီး မြေတွင်းရှိ အာဟာရအမျိုးအစားနှင့် ပမာဏအနည်းအများပေါ်မူတည်၍ ဆုံးဖြတ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

ခရမ်းချဥ်နှင့်ငရုတ်တွင် ပိုတက်စီယံအာဟာရဓာတ် အရေးပါသည်

လိုအပ်သော အာဟာရဓာတ်များနှင့် အရေးပါသောပိုတက်စီယံ

ဖော့စ်ဖားရပ်အာဟာရဓါတ်သည် ခရမ်းချဥ်နှင့်ငရုတ်တွင် အစောပိုင်းကာလကြီးထွားမှုနှင့် အမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးလိုအပ်သည်။ နိုက်ထရိုဂျင်နှင့် ပိုတက်စီယံသည် ပုံမှန်ကြီးထွားရေးနှင့် အရည်အသွေးကောင်းအသီးထွက်ရရှိရေးအတွက် အရေးပါသော အာဟာရဓါတ်များဖြစ်သည်။ အပင်သက်တမ်းကာလတစ်လျှောက်လုံးတွင် ပိုတက်စီယံသည် နိုက်ထရိုဂျင်ထက် ပိုမိုလိုအပ်သည်။ အသီးကြီး ထွားဖွံ့ဖြိုးချိန်တွင် ပိုတက်စီယံကို ပိုမိုလိုအပ်သည်။ အသီးအလေးချိန်နှင့် တစ်ဧကအထွက်နှုန်းသည် ပိုတက်စီယံအာဟာရဓာတ်ပါဝင်မှုအပေါ်မူတည်သည်။ ပိုတက်စီယံသည် အသီးရင့်မှည့်မှု၊ အသီးပုံသဏ္ဍာန်နှင့် သိုလှောင်မှုအရည်အချင်းများအပေါ် အကျိုးသက်ရောက်သဖြင့် ပိုတက်စီယံချို့တဲ့ပါက ရင့်မှည့်မှုမညီညာခြင်း၊ အသီးပုံသဏ္ဍာန်ပျက်ယွင်းခြင်း၊ အရည်အသွေးညံ့ဖျင်းခြင်း၊ အထွက်လျှော့နည်းခြင်း တို့ကို ဖြစ်ပေါ်စေသည်။

သို့ဖြစ်၍ ခရမ်းချဉ်နှင့်ငရုတ်တွင် အရေးပါသော ပိုတက်စီယံအာဟာရဓာတ်ကို မဖြစ်မနေ ထည့်သွင်းပေးရန်လိုသည်။ မြေဆီလွှာစစ်ဆေးမှုအရ နိုက်ထရိုဂျင်နှင့် ဖော့စ်ဖားရပ်အာဟာရဓာတ်တို့ကိုလည်း ထည့်သွင်းရန်ဖြစ်သည်။ မြေသြဇာများအသုံးပြုရာတွင် ထည့်သွင်းချိန်နှင့် ထည့်သွင်းသင့်သည့် ပမာဏမှန်ကန်ရန်လိုသည်။ သီးနှံထုတ်လုပ်မှုတိုးတက်စေရန် ဓါတ်မြေသြဇာထည့်သွင်း၍ အာဟာရဓာတ်များ ဖြည့်ဆည်းရာတွင် စိုက်ပျိုးမြေ၏ မြေဆီလွှာစစ်ဆေးမှုကို အခြေခံ၍ ဆောင်ရွက်သင့်ကြောင်း ရေးသားလိုက်ရပါသည်။

" ပြုစုစောင့်ရှောက် နည်းစနစ်မှန် သရက်သီးအရည်အသွေးကောင်းစေရန် "

သရက်သီးသည် ကမ္ဘာတစ်ဝန်း အပူပိုင်းဒေသနိုင်ငံများ၌ လူအများစားသုံးသည့် သီးနှံတစ်မျိုးဖြစ်သည်။ အပူပိုင်းဒေသနိုင်ငံများ၏ ပန်းသီးဟုပင်တင်စားခေါ်ဝေါ်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် မြို့၊ ကျေးလက်ရပ်ရွာ အိမ်ဝိုင်းများ၊ ဘာသာရေးအဆောက်အဦ အဝန်းအဝိုင်းများတွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးသည်များရှိသကဲ့သို့ စီးပွားဖြစ်စိုက်ခင်းအလိုက် စိုက်ပျိုးသည်များလည်း ရှိပါသည်။ သို့ဖြစ်ရာ သရက်သီးအရေအတွက်များစွာ သီးရေး၊ သီးသမျှ အရည်အသွေးပြည့်မီရေးအတွက် ပန်းခိုင်ထွက်သည်မှ အသီးရင့်မှည့်ဆွတ်ခူးသည်ထိ ဆောင်ရွက်သင့်သည်များကို အသိပေးလိုပါသည်။

သရက်ပင်၌ ပန်းခိုင်များဖြိုင်ဖြိုင်ထွက်ချိန်တွင် ဖြုတ်ပိုးများကျရောက်ဖျက်ဆီးလေ့ရှိသည်။ ၄င်းတို့သည် နုသောအရွက်၊ ပန်းခိုင်၊ ကိုင်းနုများမှ ပင်ရည်ကိုစုပ်စားကြသည်။ အရွက်နုများ ညှိုးနွမ်းတွန့်လိမ်ပြီး ခြောက်သွေ့သွားသည်။ ပန်းခိုင်များ ညှိုးခြောက်ပြီး အသီးမတင်တော့ချေ။ ဖြုတ်ပိုးကျရောက်ပြီးနောက် နောက်ဆက်တွဲ ဆိုးကျိုးအနေဖြင့် ဖားဥမှိုရောဂါနှင့် ကြပ်ခိုးမှိုရောဂါများ ထပ်မံကျရောက်တတ်သည်။ ဆိုးရွားသည့် သရက်ပင်ဖြုတ်ပိုးမကျရောက်မီနှင့် ကျရောက်လျှင်ကျရောက်ခြင်း အင်းဆက်ပိုးသတ်ဆေးများဖြင့် ပက်ဖြန်းကာကွယ်နှိမ်နင်းရန်လိုပါသည်။

သရက်ပင်၌ အသီးများကြီးထွားချိန်တွင် ဖျက်ဆီးသည့် အင်းဆက်ပိုးမှာ သရက်သီးထိုးယင်ဖြစ်သည်။ သီးထိုးယင်၏ ပိုးတုံးလုံး၊ လောက်ကောင်သည် အသီးထဲတွင်အခေါင်းထွင်းပြီး စားသောက်လေ့ရှိသည်။ အသီးများအရောက်ပျက်ခြင်း၊ အသားပျော့ခြင်း၊ အသားချိုင့်ဝင်ခြင်း၊ အသီးပုတ်ခြင်း၊ အသီးကြွေခြင်းတို့ကို ဖြစ်စေသည်။ ဤသို့ ပုပ်ဆွေးကြွေကျရခြင်းမှာ အသီးထဲတွင် လောက်ကောင်များ စွန့်ပြစ်သော အညစ်အကြေးများကြောင့် ဘက်တီးရီးယားများပေါက်ပွားမှုကို ဖြစ်စေသောကြောင့် ဖြစ်သည်။ သီးထိုးယင်ကျရောက်မှုကိုကာကွယ်ရန် မှည့်ခါနီးသရက်သီးများကို အိတ်စွပ်ပေးရန်လို

သည်။ အင်းဆက်ပိုးထောင်ချောက်များချိပ်၍ ဖမ်းယူဖျက်ဆီးသင့်သည်။ ကြွေကျသော အသီးများကို ကောက်ယူဖျက်ဆီးပစ်ရမည်။ အင်းဆက်ပိုးသတ်ဆေးများ ပက်ဖြန်းအသုံးပြု၍ ကာကွယ်နှိမ်နင်းရန် လိုပါသည်။

သရက်ပင်များကို စိုက်ပျိုးသည့်ဒေသ၌ ရာသီဥတုပူနွေးလာသည်နှင့်အမျှ စတင်ရေသွင်းရန်လိုသည်။ သရက်ပင်တွင် ပန်းခိုင်များထွက်ပြီး အသီးစတင်ကာ အသီးကြီးထွားလာသည်နှင့်အမျှ သွင်းရေလိုအပ်နေမည်ဖြစ်သဖြင့် တစ်ပတ်၊ နှစ်ပတ်ခြား ဆက်လက်ရေသွင်းသင့်သည်။ သဲဆန်မြေဖြစ်ပါက အကြိမ်များများရေသွင်းသင့်သည်။ အသီးဆွတ်ခူးချိန်ထိ သွင်းရေလိုအပ်နေမည်ဖြစ်ပါသည်။

သရက်ပင်ကြီးထွားဖွံ့ဖြိုးရေး၊ ပန်းခိုင်သီးပွင့်ရေးအတွက် နိုင်ထရိုဂျင်မြေဩဇာကို ပုံမှန်ကျွေးရန်လိုသည်။ သံဓါတ်ကဲ့သို့ အနည်းလိုအဟာရဓါတ်များလည်း လိုနိုင်ပါသည်။ ဓါတုမြေဩဇာကျွေးပါက အပင်ကိုလောင်နိုင်သဖြင့် ဩဂဲနစ်မြေဩဇာများကို ကျွေးခြင်းသည် ပိုမိုကောင်းမွန်သည်။ အပင်ငယ်များတွင် မြေဩဇာများပိုမိုကျွေးခြင်းမပြုရန် သတိထားသင့်သည်။ နုံး၊ မြေစေးထက် သဲဆန်သောမြေတွင် စိုက်ပျိုးသောသရက်ပင်များ၌ မြေဩဇာပိုမိုကျွေးရန်လိုအပ်ပါသည်။

အသီးဆွတ်ခူးချိန်၌ အရည်အသွေးကောင်း သရက်သီးများရရှိရေးအတွက် အရေးကြီးပါသည်။ အပင်ပေါ်တွင် အသီးများကို ရင့်မှည့်စေပြီးမှ ဆွတ်ခူးပါက ပိုမို၍အရည်အသွေးအရသာကောင်းမွန်စေပါသည်။ ရောင်းချရန် အများအပြားဆွတ်ခူးလိုပါက အပင်ပေါ်ရှိ ပထမအသီးရင့်မှည့်သောအရောင် ပြောင်းပါက ထိုအသီးနှင့်အရွယ်အစားတူနှင့် ထိုအသီးထက်ကြီးသော အသီးများကို ဆွတ်ခူးသင့်သည်။ ငယ်သောအသီးများကို ဆက်လက်ကြီးထွားစေသင့်ပါသည်။

သရက်ပင်ပန်းခိုင် ထွက်သည်မှစ၍ ပြုစုစောင့်ရှောက်ရန်လိုအပ်သည့် ပိုးမွှားကာကွယ်ရေး၊ ရေသွင်းရေး၊ မြေဩဇာ ကျွေးရေး၊ ဆွတ်ခူးချိန်နည်းစနစ်မှန်ရေးတို့ကို လိုက်နာဆောင်ရွက်နိုင်ရန် အသိပေး အပ်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပထမဦးဆုံး ဗီဇပြုပြင်စပါးမျိုး

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည်၎င်း၏ပထမဦးဆုံးသောဇီဝပြုပြင်စပါးမျိုး (GM rice) တစ်မျိုးကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရန် အတည်ပြုခဲ့ကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ဇီဝလုံခြုံမှုဆိုင်ရာ ကော်မီတီ အဖွဲ့ဝင်နှစ်ဦးကထုတ်ဖော်ပြောကြားရာတွင် ၎င်းစပါးမျိုးအတွက် ဇီဝလုံခြုံမှုလက်မှတ် (Biosafety Certificate) ကို ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ လာမည့်နှစ်နှစ်၊ သုံးနှစ်အတွင်း ကျယ်ကျယ်ပြန့်ပြန့် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း ဖော်ပြသည်။ ဤစပါးမျိုးသည် ဖျက်ပိုးဒဏ်ခံနိုင်သော Bt စပါးမျိုး ဖြစ်ကြောင်း သိရှိရသည်။

ကမ္ဘာတွင် ဗီဇပြုပြင်စပါးမျိုး (GM rice) များစွာကို စီးပွားဖြစ်စိုက်ပျိုးရန် အတည်ပြုပြီးဖြစ်သော်လည်း လက်ရှိအခြေအနေ၌ မည်သည့်ဗီဇပြုပြင်စပါးမျိုးကိုမျှ စီးပွားဖြစ်စိုက်ပျိုးခြင်း မရှိသေးချေ။

အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (International Rice Research Institute - IRRI) အပါအဝင် အဖွဲ့အစည်းများစွာသည် ဗီဇပြုပြင်စပါးသုတေသန စွမ်းရည်ဖွံ့ဖြိုးရေးကိုသာ ဆောင်ရွက်လျှက်ရှိကြသည်။

အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနသည် ယခုထိ ဗီဇပြုပြင်စပါးမျိုးများကို ဖော်ထုတ်ပေးခြင်းမရှိသေးသော်လည်း စပါးစိုက်ပျိုးရာတွင် ခြောက်သွေ့ ဒဏ်ခံနိုင်ရေး၊ အပူဒဏ်ခံနိုင်ရေး၊ ဆားငန်ဒဏ်ခံနိုင်ရေး၊ စပါးပင်၏ အစာချက်လုပ်မှုစွမ်းရည် ကောင်းမွန်ရေးနှင့် အဟာရ တန်ဘိုးမြင့်မားရေးတို့အတွက် စပါးမျိုးသစ်များရရှိရန် ဗီဇပြုပြင်စပါးသုတေသနလုပ်ငန်းကို ဆောင်ရွက်လျှက်ရှိကြောင်း သိရှိရပါသည်။

ဗီဇပြုပြင်သီးနှံများအပေါ် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ လေ့လာဆန်းစစ်မှု

ကမ္ဘာတစ်ဝှမ်း၌ ဗီဇပြုပြင်သီးနှံများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ ၁၉၉၆ ခုနှစ်တွင် ဗီဇပြုပြင်သီးနှံစိုက်ဧရိယာ ၁ ဒသမ ၇ သန်းရှိခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် ၁၁ သန်း၊ ၁၉၉၈ ခုနှစ်တွင် ၂၇ ဒသမ ၈ သန်း၊ ၁၉၉၉ ခုနှစ်တွင် ၃၉ ဒသမ ၉ သန်းနှင့် ၂၀၀၀ ပြည့်နှစ်တွင် ၄၄ သန်းအထိ စိုက်ပျိုးခဲ့သည်။ ၂၀၀၈ ခုနှစ်တွင်မူ ဗီဇပြုပြင်သီးနှံများကို နိုင်ငံပေါင်း ၂၅ နိုင်ငံရှိ မြေဧရိယာ ဟက်တာ ၁၂၅ သန်းပေါ်၌ စိုက်ပျိုးနေပြီဖြစ်ကြောင်းသိရှိရသည်။ ၎င်းဧရိယာသည် ကမ္ဘာ့သီးနှံစိုက်ပျိုးနိုင်သော ဧရိယာ၏ ရှစ် ရာခိုင်နှုန်းနှင့် ညီမျှပါသည်။

ဗီဇပြုပြင်သီးနှံများကို အဓိကစိုက်ပျိုးသည့်နိုင်ငံ ရှစ် နိုင်ငံရှိပြီး၊ အမေရိကန်ပြည်ထောင်စုတွင် ဟက်တာ ၆၂ ဒသမ ၅ သန်း၊ အာဂျင်တီးနားတွင် ၂၁ သန်း၊ ဘရာဇီးတွင် ၁၅ ဒသမ ၈ သန်း၊ ကနေဒါတွင် ၇ ဒသမ ၆ သန်း၊ အိန္ဒိယတွင် ၇ ဒသမ ၆ သန်း၊ တရုပ်တွင် ၃ ဒသမ ၈ သန်း၊ ပါရာ ဂွေးတွင် ၂ ဒသမ ၇ သန်းနှင့် တောင်အာဖရိကတွင် ၁ ဒသမ ၈ သန်း စိုက်ပျိုးလျက်ရှိကြောင်း သိရှိ ရပါသည်။

ဗီဇပြုပြင်သီးနှံ လေး မျိုးကို ဗီဇပြုပြင်သီးနှံစိုက်ဧရိယာအားလုံးနီးပါးတွင် စိုက်ပျိုးလျက်ရှိပြီး ပဲပုပ် ၅၂ ဒသမ ၆ ရာခိုင်နှုန်း၊ အစေ့ထုတ်ပြောင်း ၂၉ ဒသမ ၈ ရာခိုင်နှုန်း၊ ဝါ ၁၂ ဒသမ ၄ ရာခိုင်နှုန်းနှင့် ကနိုလာဆီမုံညင်း ၄ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရသည်။ ဗီဇပြုပြင်သီးနှံမျိုးများကို အဓိကအားဖြင့် နှစ်မျိုးနှစ်စားထုတ် လုပ်လျက်ရှိပြီး တစ်မျိုးမှာ ပေါင်းသတ်ဆေးဒဏ် ခံနိုင်ရည်ရှိသီးနှံမျိုးများနှင့် ဒုတိယတစ်မျိုးမှာ အင်းဆက်ဖျက်ပိုးဒဏ် ခံနိုင်ရည်ရှိ သီးနှံမျိုးများဖြစ်ပါ သည်။

ဗီဇပြုပြင်သီးနှံ ပြောင်းဖူး

လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဇီဝနည်းပညာထွန်းကားလာမှုကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာရန် ယခုကဲ့သို့ ဗီဇပြုပြင်သီးနှံများကို ကျယ်ပြန့်စွာ အသုံးပြုလာကြခြင်းဖြစ်သည်။ သို့သော် ဗီဇပြုပြင်သီးနှံများကို စိုက်ပျိုးမှုနှင့်ပတ်သက်၍ ဝေဖန်သုံးသပ်ချက်များနှင့် လေ့လာဆန်းစစ်မှုများ ပေါ်ထွက်လာပြီဖြစ်သည်။ 'စားနပ်ရိက္ခာဖူလုံရေး

အတွက် မရှိမဖြစ်အဓိကလိုအပ်ချက်လား'၊ 'တစ်နိုင်တစ်ပိုင် လယ်သမားအများစုကို အကျိုး ရှိအောင် အထောက်အပံ့ဖြစ်စေမည်လား'၊ 'စားသောက်ကုန်ပစ္စည်းများအဖြစ် ပြုပြင်ထုတ်လုပ် စားသုံးရာတွင် လူသားများအတွက် ဘေးဥပါဒ်ကင်းစေမည်လား'။

ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ပညာရှင်များ၏ လေ့လာမှုစစ်တမ်းများ အရ ဗီဇပြုပြင်သီးနှံ များသည် မျှော်လင့်ထားသကဲ့သို့ ရေရှည်ဖြစ်နိုင်ခြေမရှိမှုများကို တွေ့ရှိရသည်။ ဥပမာ တရုတ် ပြည်သူ့သမ္မတနိုင်ငံတွင် ဗီဇပြုပြင်သီးနှံများ စတင်စိုက်ပျိုးသည့်အစောပိုင်းကာလ၌ စိုက်ပျိုးသူ များအတွက် အကျိုးအမြတ်ရှိကာ၊ ပိုးသတ်ဆေးသုံးစွဲမှုကို လျှော့ချနိုင်ခဲ့သည်။ သို့သော် နှစ်ပေါင်းများစွာကြာလာ သည့်ကာလ၌ ဗီဇပြုပြင်သီးနှံများသည် ဆိုးရွားသည့်မူလ အင်းဆက်ဖျက်ပိုးဒဏ်ကို ခံနိုင်သော်လည်း မူလကဆိုးရွားခြင်းမရှိသည့် ဒုတိယအင်းဆက်ဖျက် ပိုးအန္တရယ်နှင့် ကြုံတွေ့ရကာ ပိုမိုကုန်ကျစရိတ် မြင့်မားကြောင်း သိရှိရသည်။ ဗီဇပြုပြင် ချည်မျှင်ရှည်ဝါသီးနှံသည် သီးလုံးဖေါက်ပိုးများဒဏ်ကို ခံနိုင်သော်လည်း စုပ်စားပိုးများ၏ ဖျက်ဆီးမှုပိုမိုဆိုးရွားလာခြင်းမျိုး ဖြစ်သည်။

ဘရာဇီးနိုင်ငံ ရိုင်အိုဂရမ်ဒီဒိုဆူးဒေသ၌ ပဲပုပ်သီးနှံစိုက်ပျိုးရေးတွင် ဗီဇပြုပြင် ပဲပုပ်သီးနှံ များ စိုက်ပျိုးလာခြင်းသည် ၁၉၉၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်အတွင်း သုံညမှ ရာခိုင်နှုန်း ၅၀ ခန့် တိုးမြင့် လာခဲ့သည်။ နောက်ပိုင်းကာလများတွင် ဗီဇပြုပြင်သီးနှံများစိုက်ပျိုးခြင်းကို လျှော့ချလာကာ လုံးဝ စိုက်ပျိုးခြင်းမပြုတော့ပေ။ အကြောင်းမှာ ဗီဇပြုပြင်ပဲပုပ်သီးနှံများသည် တစ်စထက်တစ်စ ပေါင်းသတ်ဆေးဒဏ်ခံနိုင်ရည်ရှိမှု လျော့ကျသွားခြင်းကြောင့် ဖြစ်ကြောင်းသိရှိရသည်။ ဗီဇပြုပြင် မဟုတ်သော ပဲပုပ်သီးနှံမျိုးများကို တိုးချဲ့စိုက်ပျိုးကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ ရောင်းချ နေပြီဖြစ်သည်။

အစေ့ထုတ်ပြောင်းသီးနှံသည် မက္ကစီကိုနိုင်ငံ၏ ပင်မရိက္ခာသီးနှံဖြစ်သည်။ မက္ကစီကိုနိုင်ငံ တွင် ဗီဇပြုပြင်အစေ့ထုတ်ပြောင်းသီးနှံများအပေါ် အမျိုးသားဥပဒေဖြင့် ပြဌာန်းကာကွယ်လာမှု များရှိခဲ့သည်။ ထို့ကြောင့် ၂၀၀၁ ခုနှစ်တွင် ဗီဇပြုပြင် အစေ့ထုတ်ပြောင်းသီးနှံနှင့် မိရိုးဖလာ အစေ့ ထုတ်ပြောင်းမျိုးများကို မျိုးစပ်ရွေးချယ်ကာ မျိုးသစ်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများကို စတင် ဆောင်ရွက်ကြောင်း သိရှိရသည်။ ဗီဇပြုပြင်သီးနှံမျိုးများကို မက္ကစီကိုနိုင်ငံတွင် ယုံကြည်အားကိုးမှု လျှော့နည်းလာခြင်းကြောင့်ဖြစ်သည်။

ဗီဇပြုပြင်သီးနှံများကို စိုက်ပျိုးထုတ်လုပ်အသုံးပြုခြင်း၏ စီးပွားရေး၊လူမှုရေး၊ ဇီဝလုံခြုံ ရေးနှင့် အကျိုးဆက်များအပေါ် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ လေ့လာဆန်းစစ်မှုများရှိနေပြီ ဖြစ်ပါကြောင်း အသိ ပေးရေးသားလိုက်ရပါသည်။

ဒို့ကျေးရွာဂျာနယ်၊အတွဲ(ရ)၊ အမှတ်(၃)၊ ၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁) ရက်၊ တနင်္လာနေ့၊

ကြုံတွေ့ခဲ့ရသမျှ စိုက်ပျိုးရေးဘဝ

စိုက်ပျိုးရေးကို ဘယ်တုံးက ကျွန်တော်စတင်ရင်းနှီးတယ်ဆိုတာ ပြောရရင် တန်းမြင့်ကျောင်းထွက်လက်မှတ်ရစာမေးပွဲဖြေအပြီး အောင်မှန်းရှုံးမှန်းမသိရပေမယ့် လယ်သမားအဖြစ်စတင်ခဲ့ရတဲ့ ၁၉၆၅ ခုနှစ်ကို ပြောရမှာဖြစ်ပါတယ်။ ကျွန်တော်က လယ်သမားသားဆိုတော့ မိဘက ကျောင်းမထားနိုင်လို့ ကျောင်းကထွက်ရတာနဲ့ လယ်သမား ဒါမှမဟုတ် စိုက်ပျိုးရေးသမားလုပ်ခဲ့ရတာပါ။ လများမကြာမီ အထက်တန်းကျောင်းက ကျွန်တော့်ဆရာမတစ်ဦးရဲ့ ကျေးဇူးကြောင့် ယာယီဂိုဒေါင်စောင့် ဖြစ်ခဲ့ရပါတယ်။

ယာယီဂိုဒေါင်စောင့်ဆိုပေမယ့် ညဆိုရုံးပေါ်အိပ်ပြီး၊ နေ့မှာ တောင်တွင်းကြီးမြို့ ကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်း၊ စိုက်ပျိုးရေး ၁ ဂါရုံးမှာ ရုံးအကူဘဝနဲ့ ရုံးလုပ်ငန်းများ စတင်လုပ်ရပါတယ်။ အဲဒီ မြေ-ကျေး-ရှင်း စိုက်ပျိုးရေး ၁ ဂါရဲ့ အငယ်တန်းအမှုဆောင်အရာရှိက ကျွန်တော့်စိုက်ပျိုးရေးဘဝ လက်ဦးဆရာပါ။ ဆရာ့ကျေးဇူးကြောင့် ယာယီဂိုဒေါင်စောင့်အဖြစ် တစ်နှစ်ခန့်အလုပ်လုပ်ပြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင်၊ နမ့်စန်မြို့သို့သွားကာ ကျေးလက်ကြီးပွားရေးမှူး ၁၀ လ သင်တန်းကို တက်ရောက်ခဲ့ပါတယ်။

စိုက်ပျိုးရေးဝန်ထမ်းဘဝ တကယ်စတင်ခဲ့ရတာကတော့ ၁၉၆၇ ခုနှစ်ပါ။ မကွေးတိုင်း၊ ကံမမြို့နယ်မှာ လယ်ယာစိုက်ပျိုးရေးဌာနခွဲရဲ့ ကျေးလက်ကြီးပွားရေးမှူးအဖြစ် အမှုထမ်းရပါတယ်။ ကံမမြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၁ စုရှိတဲ့အနက် သုံးအုပ်စုကလွဲလို့ စိုက်ပျိုးရေးပညာပေးဟောပြောရန် ရောက်ဖူးခဲ့ပါတယ်။ ကျေးလက်ကြီးပွားရေးမှူးဆိုတာ စိုက်ပျိုးရေးသာမက လယ်သမားတွေအတွက် လိုအပ်တဲ့ အကူအညီပေးရပါတယ်။

မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး အထွက်ကောင်းစပါးမျိုးဖြစ်တဲ့ ရာကျော် ၁ စပါးကို ကံမမြို့နယ်မှာ ၁၉၆၈ ခုနှစ်တွင် စတင်စိုက်ပျိုးစေခဲ့ရာမှာ ကျွန်တော်ပါဝင်ခဲ့ရပါတယ်။ အစကတော့ တစ်ဧကတင်း ၁၀၀ ကျော်မယ်ဆိုတာ လယ်သမားတွေ မယုံကြပါဘူး။ အမြင့်ဆုံး၁၆၄ တင်း တကယ်ထွက်လာတော့ သူတို့ ပြုံးပျော်ကြရပါတယ်။ ရာကျော် ၁ စပါးနဲ့အတူ ခေတ်သစ်ပျိုးထောင်နည်းစနစ်ဖြစ်တဲ့ အစိုတမန်းပေါင်ပျိုးစနစ်၊ အတန်းလိုက်ကောက်စိုက်စနစ်၊ ဓာတ်မြေဩဇာသုံးမျိုး (ယူရီးယား၊ တီစူပါဖော့စဖိတ်၊ မြူရီရိတ်အော့ပိုတက်ရှ်) အချိုးကျသုံးစွဲနည်းစနစ်၊ မောင်းညိုချိန်ရိတ်သိမ်းပြီး ချက်ချင်းခြွေလှေ့သည့်နည်းစနစ်များ ပညာပေးဆောင်ရွက်ခဲ့ခြင်းကြောင့် တစ်ဧကတင်း ၁၀၀ ကျော်ခဲ့ရတာဖြစ်ကြောင်း သူတို့ သုံးသပ်မိကြပါတယ်။

ကျွန်တော် ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံကို သုံးနှစ်ကြာတက်အပြီး ကံမမြို့နယ်ကို ၁၉၇၅ ခုနှစ်မှာ ဒီပလိုမာကျေးရွာမန်နေဂျာအဖြစ် ဒုတိယအကြိမ်ပြန်ရောက်တော့ လယ်ယာစိုက်ပျိုးရေးဌာနခွဲနဲ့ မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းတို့ (၁-၁၀-၉၂)မှာ ပေါင်းလိုက်လို့ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း၊ မြို့နယ်မန်နေဂျာရုံးမှာ တာဝန်ထမ်းဆောင်ရပါတယ်။ ရာထူးမတိုးဘဲနဲ့ ကျေးလက်ကြီးပွားရေးမှူးကနေ ကျေးရွာမန်နေဂျာလို့ အခေါ်အဝေါ်ပြောင်းရပါ

၁၂၂

တယ်။ မြို့မကျေးရွာ မန်နေဂျာဖြစ်သော်လည်း ကျွန်တော်ကတစ်ဦးတည်းသော ဒီပလိုမာမန်နေဂျာ ဖြစ်လို့ တစ်မြို့နယ်လုံးရဲ့ စိုက်ပျိုးရေးလုပ်ငန်းအားလုံး၊ ရုံးလုပ်ငန်းအားလုံး၊ မြို့နယ်အဖွဲ့အစည်း အဆင့်ဆင့်နဲ့ ဆက်ဆံရေးအားလုံး ဆောင်ရွက်ရတော့ တာဝန်ခံစိတ်ဓာတ်တွေ ရရှိခဲ့ပါတယ်။

ကျေးရွာအုပ်စုမန်နေဂျာ ရာထူးတိုးမြှင့်ပြီး၊ မကွေးမြို့လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း မှာ ဝယ်/ဖြန့် ကိုင်ရတော့ ဂိုဒေါင်ပစ္စည်း အဝင်အထွက်စာရင်း ဇယားတွေနဲ့ အချိန်တွေ ကုန်ခဲ့ရပါ တယ်။ အုပ်စုမန်နေဂျာအဖြစ်နဲ့ပဲ အောင်လံမြို့ကိုရောက်တော့ တစ်မျိုးတစ်ဘာသာခြားပြီး စိုက် ရေးပျိုးရေးစည်းရုံးရေးလုပ်ငန်းတွေ လုပ်ရပြန်ပါတယ်။ ကျွန်တော်က အုပ်စုမန်နေဂျာ (တိုးချဲ့) ပါ။ မြို့နယ်ဒုမန်နေဂျာ (တိုးချဲ့)မရှိတော့ မြို့နယ်အာဏာပိုင်၊ အခြားဌာနဆိုင်ရာ အကြီးအကဲတွေနဲ့ တစ်ရွာဝင်တစ်ရွာထွက် ပျော်ခဲ့ရပါတယ်။ အဲဒီကာလက ၁၉၇၉ ခုနှစ်ဖြစ်ပြီး၊ အောင်လံမြို့နယ်မှာ တစ်မြို့နယ်လုံး ဂါကြီးအထူးထွက်တိုးစီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအချိန်က မြန်မာ နိုင်ငံမှာ မစိုက်ဖူးသေးတဲ့ နိုင်ငံခြားနေကြာမျိုးတွေ စမ်းသပ်စိုက်ပျိုးတော့ အတွေ့အကြုံတွေ တော် တော်ရခဲ့ပါတယ်။ မျိုးနာမည်ကတော့ ပယ်ရီဒိုဗစ်လား၊ ချာနီယင်ကာလား၊ မဟူရာလား မမှတ်မိ တော့ပါ။

ရေဆင်းစိုက်ပျိုးရေးသုတေသနဌာန၊ သီးနှံစိုက်ပျိုးရေးဌာနစိတ်မှာ စတင်တာဝန်ထမ်း ဆောင်ရတာကတော့ ၁၉၈၃ ခုနှစ်မှာပါ။ ကျေးရွာအုပ်စုမန်နေဂျာကနေ၁၉၈၁ ခုနှစ်မှာ ရာထူးတိုး မြှင့်လို့ ရာထူးအခေါ်အဝေါ်က (၁-၄-၈၉) မှာ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းကနေ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းလို့ အသွင်ပြောင်းပြီး ဒုကြီးကြပ်ရေးမှူးလို့ အခေါ်အဝေါ်မပြောင်းမီအထိ တော့ အဖွဲ့ခွဲမှူးပါ။ အထွက်ကောင်းစပါးမျိုးတွေ ဆက်တိုက်ဆက်တိုက်ထုတ်ပြီး၊ ဒေသစပါးမျိုး များနေရာမှာ အစားထိုးပြီး စပါးထုတ်လုပ်မှုတွေ တိုးတိုးလာတာ မြင်တွေ့ရကတည်းက သီးနှံမျိုး ကောင်းမျိုးသန့်တွေ၊ နည်းပညာတွေ ထုတ်ပေးနေတဲ့ စိုက်ပျိုးရေးသုတေသနကို အထင်ကြီးခဲ့ရ တာ၊ အခုတော့ ကိုယ်တိုင်သုတေသနလုပ်ရမှာဆိုတော့ ပိုကျေနပ်မိတာပေါ့။

မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးသုတေသနကို ၁၉၀၆ ခုနှစ်လောက်က စခဲ့တယ်လို့ သိရပါ တယ်။ ဒါပေမဲ့ စိုက်ပျိုးသုတေသနဗိမာန်ကို ၁၉၅၄ ခုနှစ်က အင်းစိန်မြို့နယ်၊ ကြို့ကုန်းမှာ ဌာနစိတ် ငါးခု (သီးနှံစိုက်ပျိုးရေး၊ ပိုးမွှား၊ အပင်ရောဂါ၊ မြေဆီလွှာဓာတုဗေဒ၊ ရုက္ခဗေဒ) နဲ့ စတင်တည် ထောင်ခဲ့တာ ရေဆင်းမှာ အခုတော့ ဌာန ၁၆ ခုနဲ့ ဖွဲ့စည်းပြီးပြီ။ ကြို့ကုန်းမှာတုန်းက စပါးသီးနှံ တစ်ခုတည်းသာ သုတေသနပြုနိုင်ပေမယ့် အခုတော့ ဆန်စပါး၊ အခြားနှံစားသီးနှံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ အမျှင်ထွက်ပင်၊ သကြားထွက်ပင်နဲ့ ဟင်းသီးဟင်းရွက်သစ်သီးဝလံတို့ကိုပါ သုတေသနပြု နိုင်ပြီး အထောက်အကူပြုဌာနတွေကတော့ သီးနှံစိုက်ပျိုးရေး၊ အပင်ဇီဝကမ္မဗေဒ၊ စိုက်ပျိုးရေး ဓာတုဗေဒ၊ ပိုးမွှား၊ အပင်ရောဂါ၊ လယ်ယာသုံးကိရိယာ၊ စိုက်ပျိုးရေးဘောဂဗေဒနဲ့ စာရင်းအင်း၊ ဒေသသုတေသနဌာနဆိုပြီး စီမံခန့်ခွဲရေးနှင့် ငွေစာရင်းပေါင်းလိုက်ရင် ဌာနကြီး ၁၆ ခု ဖြစ်ခဲ့ရတာ ပါ။ နယ်ဒေသသုတေသနခြံ ၁၉ ခြံအပါဝင် ဖွဲ့စည်းပုံအင်အားက ၁၀၅၀ ဦးရှိပါတယ်။ ဒါပေမဲ့

လက်ရှိဝန်ထမ်း ၆ဝဝ ကျော်နဲ့ပဲ စိုက်ပျိုးရေးသုတေသနလုပ်ငန်းတွေ မလစ်ဟင်းရအောင် ဆောင်ရွက်နေကြပါတယ်။

ကျွန်တော်တာဝန်ထမ်းဆောင်တဲ့ သီးနှံစိုက်ပျိုးရေးဌာနက ၁၉၅၄ ခုနှစ် စိုက်ပျိုးရေးသုတေသန စတင်တည်ထောင်စဉ်ကတည်းက ဖွဲ့စည်းခဲ့တာ။ ၁၉၇၄ ခုနှစ်မတိုင်မီ ရေဆင်းကို မရောက်မီအထိတော့ ဆန်စပါးမျိုး မွေးမြူရွေးချယ်ရေးကိုပဲ အဓိကလုပ်တယ်လို့ သိရပါတယ်။ ကျွန်တော်ကတော့ ၁၉၈၃ ခုနှစ်ရောက်ရောက်ချင်း စပါးအခြေခံသီးထပ်သီးနှံပုံစံ သုတေသနလုပ်ငန်းနဲ့ ကြုံရတော့တာပဲ။ အဲဒါကလည်း ဖိလစ်ပိုင်နိုင်ငံမှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနနဲ့ မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်တဲ့ စီမံကိန်းဖြစ်ပါတယ်။ အဲဒီမှာ ဒေါက်တာပဲလေ့စ် ခေါ်တဲ့ သီးနှံစိုက်ပျိုးနည်းစနစ် ပါရဂူနဲ့ ကျွန်တော်တွေ့ခဲ့ရပါတယ်။ သီးထပ်သီးနှံပုံစံသုတေသန၊ စပါးမတိုင်မီနဲ့ စပါးအပြီး ယာသီးနှံမျိုးများ မျိုးယှဉ်ပြိုင်သုတေသန၊ ရေရှည်မြေဆီဩဇာထိန်းသိမ်းနိုင်မည့် သီးနှံပုံစံစိုက်စနစ်သုတေသန၊ ရိက္ခါပဒေသာခေါ် ကုန်းမြေချိုင့် မြေသီးနှံစိုက်စနစ် သုတေသနတွေ ဆောင်ရွက်ခဲ့ရပါတယ်။ အဲဒီမှာ စပါးအခြောက်ထွန်ရေး တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနည်းစနစ်ကို ပျဉ်းမနား၊ လယ်ဝေးမြို့နယ်ရှိ တောင်သူ့မြေတွေပေါ် သွားရောက်ပြီး စံပြစိုက်ပြတော့ ပါရဂူနဲ့ကျွန်တော် ပူးပေါင်းဆောင်ရွက်ခဲ့ကြရပါတယ်။

သီးနှံပုံစံစခန်းတွေကို ပြည်နယ်တိုင်းအနှံ့အပြား ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဌာနစုတာဝန်ခံအပါအဝင် ကျွန်တော်တို့တစ်တွေ စိုက်ချိန်၊ အပင်ဖြစ်ထွန်းချိန် မှတ်တမ်းယူရိတ်သိမ်းချိန်တွေမှာ ဒေသအသီးသီး သွားရောက်တာဝန်ယူ ထမ်းဆောင်ရပါတယ်။

ခရီးသွားတာ ပြန်မလာတာ အတော်ကြာတော့ ရေဆင်းက စိတ်ပူကြရတယ်။ ကျွန်တော့်ဌာနစုတာဝန်ခံဆိုရင် အလောင်းစည်သူမင်းတရားလို့တောင် အမည်ပေးခံခဲ့ရပါတယ်။

ကျွန်တော်တို့ သီးနှံပုံစံအနေနဲ့တော့ စပါးအပြီး စပါးသီးနှံပုံစံ၊ ပထမစပါးက အထွက်ကောင်းမျိုးတိုက်ရိုက်မျိုးစေ့ချစနစ်၊ ဒုတိယစပါးက ဒေသခံစပါး မျိုးထောင်စိုက်၊ စတာက ပြည်သီးနှံပုံစံစခန်း။ အဲဒါအောင်မြင်သွားတော့ အခြားဒေသတွေပါ ပြန့်သွားတဲ့အခါ မိုးရာသီတစ်ခုအတွင်း စပါ-စပါးသီးနှံပုံစံကနေ တစ်မိုးစပါးနှစ်သီးလို့ နာမည်ကျော်ခဲ့ရပါတယ်။ ပုံမှန်အားဖြင့်တော့ စပါးကို ပျိုးထောင် ကောက်စိုက်ကြတာပါ။ တိုက်ရိုက်မျိုးစေ့ချစနစ်ကတော့ စိုက်ပျိုးရေးကုန်ကျစရိတ်သက်သာလို့ စပါးအခြောက်ထွန်ရေး တိုက်ရိုက်မျိုးစေ့ချစနစ်၊ အစိုတမန်းပြင် အတန်းလိုက်မျိုးစေ့ချစနစ်၊ အစိုတမန်းပြင်ကြဲပက်စနစ်၊ အတန်းလိုက်မျိုးစေ့ချရာမှာ မျိုးစေ့ချကိရိယာသုံးခြင်း၊ ကြိုးတန်းလက်ဖြူးချခြင်း၊ ကောက်စိုက်သလို လက်စုချခြင်းဆိုတဲ့ နည်းစနစ်အမျိုးမျိုးတွေ သုတေသနပြုပြီး ဖော်ထုတ်ပေးရပါတယ်။

စပါးကို ပျိုးထောင်စိုက်၊ အတန်းလိုက်မျိုးစေ့ချ၊ ကြဲပက်စတဲ့ စပါးစိုက်စနစ်တွေ ကွဲပြားသော်လည်း သူ့စနစ်နဲ့သူပြုစုဂရုစိုက်ရင် စပါးအထွက်မကွာပါဘူး။ အခြေအနေပေးတဲ့ဒေသရေမြေအထွက် အခြေအနေပေးတာကို စိုက်ဖို့ပါပဲ။ တိုက်ရိုက်မျိုးစေ့ချစနစ်မှာတော့ ပေါင်းမြက်

ပြဿနာက အရေးကြီးပါတယ်။ စပါးစေ့နဲ့ပေါင်းမျိုးစေ့တစ်ပြိုင်တည်း ပေါက်ရောက်ကြီးထွား ယှဉ်ပြိုင်ရတာကိုး။ ဒါကြောင့် ပေါင်းမြက်နှိမ်နင်းရေးသုတေသနကိုလည်း ဖော်ထုတ်ရပါတယ်။ ပေါင်းသတ်ဆေးအမျိုးမျိုးနဲ့ ကာကွယ်နိုင်စွမ်းရည်ကို အကဲဖြတ်ရပါတယ်။

သီးနှံတစ်မျိုးစိုက်ရာမှာ မျိုးတစ်ခုတည်းကောင်းရုံနဲ့ အထွက်မကောင်းနိုင်ပါဘူး။ မျိုးနဲ့ လိုက်လျောညီထွေမယ့် စိုက်ပျိုးနည်းစနစ်၊ မျိုးအတွက် သင့်တော်မယ့် ဒေသရေမြေပတ်ဝန်းကျင် တွေဟာ အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သီးနှံစိုက်ပျိုးနည်းစနစ် သုတေသနတွေမပါ ရင်၊ သီးနှံအထွက်တိုးဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ကိုယ့်ဟာကိုယ် ဒီလိုပဲ ဂုဏ်ယူရပါတယ်။ ဒါကြောင့် လက်ရှိစပါးမျိုးတွေအတွက် သင့်တော်မယ့်ကောက်ကွက်၊ အပင်အတန်းအကွာအဝေး၊ စိုက်ချိန်၊ ကြားတိုက်ပြုစုနည်း၊ ပေါင်းမြက်ကာကွယ်နှိမ်နင်းနည်း၊ ရိတ်သိမ်းချိန်၊ ရိတ်သိမ်းနည်းစနစ် စတဲ့ အပေါင်းပါနည်းပညာတွေကို စမ်းသပ်ရသလို အလားအလာကောင်းထွက်ပေါ်လာတဲ့ မျိုးသစ်တွေ အတွက်လည်း စဉ်ဆက်မပြတ် ကျွန်တော်တို့ စမ်းသပ်ရပါတယ်။ ရလာဒ်တွေကို ထူးခြားသော သု တေသနတွေ့ရှိချက်အဖြစ်၊ လယ်သမားတွေ ကျင့်သုံးဆောင်ရွက်လာအောင် စိုက်ပျိုးပညာပေးရေး ဝန်ထမ်းတွေကတဆင့် ဖြန့်ဖြူးရမှာ ဖြစ်ပါတယ်။

အခု ၂၀၀၄ ခုနှစ်၊ ဇွန်လ ၂၂ ရက်မှာတော့ စိုက်ပျိုးရေးသုတေသနဌာန တည်ထောင်ခဲ့တာ နှစ် ၅၀ ပြည့်ပါပြီ။ ရွှေရတုနှစ်မှာ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်တို့ဌာနကလည်း အရင်က မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းရဲ့ ဌာနခွဲတစ်ခုကနေ အခု (၂၇-၁-၂၀၀၄) ကစပြီး၊ သီးခြားစိုက်ပျိုးရေးသုတေ သနဦးစီးဌာန အဖြစ် ဖွဲ့စည်းခွင့် ရရှိခဲ့ပါတယ်။ ယခုလို ရွှေရတု အခါသမယမှာ လုပ်စရာအများ ကြီးပါ။ စမ်းသပ်တွေ့ရှိခဲ့တဲ့ ရလာဒ်တွေဟာ သူ့ခေတ်သူ့အခါအလိုက် အကျိုးရှိခဲ့ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့နိုင်ငံရှိ လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံပြီး၊ သီးနှံစိုက်ပျိုး ပိုလျှံ ထွက်ရှိမှုကို ပို့ကုန်အဖြစ်တင်ပို့နိုင်လို့၊ လယ်ယာကဏ္ဍက နိုင်ငံအတွက် အရေးပါလျက်ပါပဲ။ ကျွန် တော်တို့နိုင်ငံမှာ ဒေသရေမြေအခြေအနေ ကွဲပြားမှုတွေရှိပါတယ်။ သီးနှံအလိုက် စိုက်ပျိုးဖြစ်ထွန်း နိုင်တဲ့ ပတ်ဝန်းကျင်အခြေအနေတွေ မတူဘူး။ သဘာဝအရင်းအမြစ်ဖြစ်တည်မှုတွေ ခြားနားပါ တယ်။ အဲဒီလိုအခြေအနေအမျိုးမျိုးအတွက် သင့်တော်မယ့်စိုက်ပျိုးနည်းစနစ်တွေ၊ သီးနှံပုံစံတွေ၊ လယ်သမားတွေအတွက် အကျိုးအမြတ်များပြီး၊ နိုင်ငံအတွက် ပြည်ပပို့ကုန်အသုံးချနိုင်မယ့် သီးနှံ တွေအတွက် စိုက်ပျိုးနည်းစနစ်တွေ ဆက်တိုက်ဆက်တိုက် စမ်းသပ်ဖော်ထုတ် နေကြရဦးမှာပါပဲ။

စိုက်ပျိုးရေးသုတေသန (၁၉၅၄-၂၀၀၄)ရွှေရတုမဂ္ဂဇင်း၂၀၀၄ ခုနှစ်။

ကျမ်းကိုးစာရင်း

(1) De Data, S.K. 1981. Principles and practices of rice production. John Wiley and Sons, New York. 618 p.

(2) Gomez, K.A. and Gomez A.A.1983. Multiple Cropping in the humid tropics of Asia. Ottawa, Ont., IDRC.248 P : i ll.

(3) IRRI-International Rice Research Institute 1975. Rice Production Research Course, Trainess' Manual, Los Banos, Philippines.

(4) Naing Myo Aung, Khin Soe, Than Than Soe & Soe Myint (2010) Old Seedling Age for Sinthwelatt under Unfavorable Rice Environments, presented at Friday Seminar held at Development of Agricultural Research, Yezin.

(5) Palis, P. K., Soe Myint, Aye Swe and Kyaw Shinn (1983) Rainfed rice establishment by direct seeding. Discussion paper presented to a workshop on crop establishment for rainfed marginal areas. November 1983, Agr. Res. Institute, Yezin, Pyinmana, Myanmar.

(6) Rice Today, January-March 2010 International Rice Research Institute. Los Banos, Laguna, Philippines.

(7) Rural 21 (2009) Journal For Rural Development, Vol 43, 4/2009.

(8) Shwe Tun, Aung Tun Myint and Soe Myint (2006) Yield response of Medium Duration Rice Varieties to Appilied Fertilizers. Presented at Annual Research Conference of Myanmar Academy of Agricultural, Forestry, Livestock and Fishery Sciences held in Nay Pyi Taw on November 24-26, 2006.

(9) Soe Myint and Than Than Soe (1997) Effect of plant population on grain yield of some rice varieties. Proc. *of the First Agricultural Research Conference in Commemoration of the Diamond Jubilee of Yezin Agricultural University*, 20 & 21 December 1999 P 24-49.

(10) Soe Myint and Than Than Soe (2001) Effect of Seeding rate on grain Yield of direct wet-seeded rice. *Proc. of the 2nd Agricultural Research Conference. 13 & 14 January 2001, Yezin Agricultural University, Yezin, Pyinmana*. P. 49-54.

(11) Soe Myint and Than Than Soe (2002) Influence of sowing time on the yield of Three rice varieties for summer months. *Proc. of the Annual Research Conference held in Yangon on June 28-30, 2002. Myanmar Academy of Agricultural, Forestry, Livestock and Fishery Sciences*. P. 70-83

(12) Soe Myint and Sein Ni (2002) Study on the response of different rice cultivars to late seeding in September. *Yezin Agriculture Research Journal.* 1 (1) : 37-40

(13) Soe Myint and Win Win Than (2003) Weed control study with herbicides in rice. *Yezin Agriculture Research Journal.* 1 (2) : 85-95

(14) Soe Myint and Shwe Tun (2003) Study on the effect of seed rate and nitrogen fertilizer rate on the yield of rice. *In : Journal of Agricultural, Forestry, Livestock and Fishery Sciences (Special Issue for Agricultural Sciences No. 2)* P. 78-84

(15) Soe Myint, Shwe Tun and Yi Yi Win (2003) Production technology package for Manawthukha Mutant(M_4-5), (M_4-10) and Lonethwehmway Mutant(M_4-14) rice varieties. Proc. of the annual Research Conference held in Yangon on December 10-12, 2003. Myanmar Academy of Agricultural, Forestry, Livestock and Fishery Sciences. P. 170-186

(16) Soe Myint, Yi Yi Win and Than Than Soe (2003) Study on the effect of rice seed selection method on rice yield. (in Myanmar) Friday Seminar, Central Agricultural Research Institute, Yezin, held on 13th June, 2003.

(17) Soe Myint, Than Than Soe, Hmwe Kyi and Thura Nyi Nyi (2004) Effect of seedling age and seedling number in hill on the yield of high yielding and local rice varieties. (in Myanmar) Friday Seminar, Department of Agricultural Research, Yezin, held on 6th February, 2004.

(18) Soe Myint and Win Win Than (2004) Grain yield of wet-seeded rice (Manawthukha) as Influenced by rice-weed competition periods. Firday Seminar, Department of Agricultural Research, Yezin, held on 4th February, 2004.

(19) Soe Myint, Thida Win & Naing Myo Aung & Than Than Soe of (2006) Effect of Time of Sowing on the Grain Yield and Yield Components of Shewmyanmar Rice Variety, presented at Friday Seminar held at Development of Agricultural Research, Yezin.

(20) Soe Myint, Than Than Soe, Hmwe Kyi & Thura Nyi Nyi (2006) Effect of Seedling age on the Yield and Yield components of high yielding and local rice varieties under late planted conditions, presented at Research Conference of Myanmar Academy of Agricultural, Forestry, Livestock and Fishery Sciences held in Yangon on May 26-28, 2006.

(21) Than Than Soe and Soe Myint (2000) Study on the effect of different sowing dates on the yield of local rice varieties. *Proc. of the Annual Research Conference held in Yangon on April 3-5, 2000. Myanmar Academy of Agricultural, Forestry, Livestock and Fishery Sciences*. P. 127-137

(22) Than Than Soe, Soe Myint and Mar Mar Kyu (2005) Weed-Nitrogen Fertilizer interaction on two cultivars in wet-seeded rice. In Journal of Agricultural Forestry Livestock and Fishery Sciences, Dec 2005, P 48-68.

(23) Than Than Soe, Hla Myo Thu, Thidawin, Shwe Tun & Soe Myint (2007) Effect of sowing time, plant population and seeding method on the grain yield and yield components of Sinthwelatt rice variety, presented at Friday Seminar held at Development of Agricultural Research, Yezin.

(24) Tin Tin Win, Naing Myo Aung, Aye Mya MYa Mon, Win Win Than, Than Than Soe & Soe Myint (2008) Weed Competitive Ability of Sinthwelatt and Some Released Rice Varieties, presented at Friday Seminar held at Development of Agricultural Research, Yezin.

(25) Than Than Soe, Win Win Than, Hla Myo Thu, Thida Win, Myint Aung of Soe Myint (2008) Grain Yield and Yield Components of Sinthwelatt Rice Variety as effected by Sowing Time, Plant Population Seeding Method and Its Competitive Ability with Weeds. Present at Research Congress, held at Nay Pyi Taw Myanmar Academy of Agricultural, Forestry, Livestock and Fishery Sciences.

(26) Than Than Soe, Swe Swe Min, Nann Soe & Soe Myint (2010) Effect of Time of Sowing, Seeding Methods and Plant Population on the Grain Yield and Yield Components of Yezinolonethwe Rice Variety, presented at Research Conference of Myanmar Academy of Agricultural, Forestry, Livestock and Fishery Sciences held in Nay Pyi Taw on July 28-29, 2010.

(27) Zandstra, H.G., Price, E.C., Listsinger, J.A. and Morris, R.A. 1981. A methodology for on-farm cropping systems research. The International Rice Research Institute, Los Banos, Laguna, Philippines. 147 P.

(28) စိုက်ပျိုးရေးသုတေသနဦးစီးဌာန (၂၀၀၄-၂၀၀၅ မှ ၂၀၀၉-၂၀၁၀)ထိ ထူးခြားသောသုတေသန တွေ့ရှိချက်များ

(29) စိုက်ပျိုးရေးသုတေသနဦးစီးဌာန (၂၀၀၄) စိုက်ပျိုးရေးသုတေသန ရွှေရတုခရီး၏ သုတေသနရလဒ်များ

(30) သီးနှံစိုက်ပျိုးရေးစနစ်ဌာနစု စိုက်ပျိုးရေးသုတေသနဦးစီးဌာန (၂၀၀၄-၂၀၀၅ မှ ၂၀၀၉-၂၀၁၀) ထိ နှစ်ချုပ်အစီရင်ခံစားများ

စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အမည်ရင်း ဦးစိုးမြင့်ဖြစ်သည်။ စာရေးသူကို အဖ ဦးကဲရောင်၊ အမိ ဒေါ်မြသစ် တို့မှ ၁၉၄၈ ခုနှစ်၊ နိုဝင်ဘာလ (၂၃)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ လယ်သာ(၂)အုပ်စု၊ ထန်းပင်ကုန်းကျေးရွာ၌ မွေးဖွားခဲ့သည်။

၁၉၅၃ ခုနှစ်မှ ၁၉၆၅ ခုနှစ်ထိ တောင်တွင်းကြီးမြို့နယ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာသင်ကြားခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် စိုက်ပျိုးရေးဝန်ထမ်းအဖြစ် စတင်အမှုထမ်းခဲ့ပြီး မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၊ မကွေးမြို့နယ်နှင့် အောင်လံမြို့နယ်တို့တွင် စိုက်ပျိုးပညာပေးရေးလုပ်ငန်းနှင့် ဝယ်ယူ ဖြန့်ဖြူးရေးလုပ်ငန်းများကို တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၅ ခုနှစ်တွင် ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံမှ စိုက်ပျိုးရေးဒီပလိုမာလက်မှတ်ရရှိခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ရန်ကုန် မှ ပြင်ပဝိဇ္ဇာ(သမိုင်း) ဘွဲ့ရရှိခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ စိုက်ပျိုးရေး ပညာဘွဲ့ရရှိခဲ့သည်။

၁၉၈၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်ထိ နေပြည်တော်၊ ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရုံးချုပ်)၌ တာဝန်ထမ်းဆောင်ခဲ့ပြီး စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ညွှန်ကြားရေးမှူးရာထူးဖြင့် အငြိမ်းစားယူခဲ့သော်လည်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ အကြံပေးအရာရှိ (ညွှန်ကြားရေးမှူး-တာဝန်)ဖြင့် တစ်နှစ်၊ ကျွမ်းကျင်သူ (သီးနှံစိုက်ပျိုးရေးစနစ်) ဖြင့် တစ်နှစ်ဆက်လက်၍ တာဝန်ထမ်းဆောင်ခဲ့သည်။

စာရေးသူသည် နိုင်ငံတော်မှ ချီးမြှင့်သည့် ၁၉၈၄ ခုနှစ်တွင် ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးတံဆိပ်နှင့်ပြည်သူ့ဝန်ထမ်းတံဆိပ်တို့ကိုလည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးတံဆိပ်ကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ကိုလည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် လယ်ယာစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)ကိုလည်းကောင်း ရရှိခဲ့သည်။

စာရေးသူသည် သုတေသနလုပ်ငန်းများကို ၁၉၈၃ ခုနှစ်မှစတင်၍ (၂၇) နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအချိန်အထိ သုတေသနစာတမ်းပေါင်း (၂၈)စောင် ရေးသားပြုစုပြီးဖြစ်သည်။ စာရေးသူသည် စာပေဝါသနာပါသည်နှင့်အညီ စိုက်ပျိုးရေးတက္ကသိုလ်နှစ်လည်မဂ္ဂဇင်း၊ စိုက်ပျိုးရေးသုတေသန ရွှေရတုမဂ္ဂဇင်း၊ မြန်မာ့အလင်းသတင်းစာနှင့် လယ်ယာစီးပွားသတင်းတို့တွင် မောင်ဖူးဝေ(တောင်တွင်းကြီး)နှင့် ဆင်းသီဟအမည်များဖြင့် ကဗျာနှင့် ဆောင်းပါးများရေးသားခဲ့ပြီး၊ ယခုအခါ ဒို့ကျေးရွာဂျာနယ်တွင် စိုက်ပျိုးရေးဆောင်းပါးများ ရေးသားလျက်ရှိသည်။

စာရေးသူသည် ဇနီး၊ သားသမီး၊ မြေးများနှင့်အတူ နေပြည်တော်၊ ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနဝန်းအတွင်း၌ နေထိုင်လျက်ရှိသည်။